www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်မှန် မဂ္ဂဇင်း

NO.144 NOVEMBER 2014



တာဝန်ခံအယ်ဒီတာ

[illegible]

အယ်ဒီတာ

[illegible]

[illegible]

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်

[illegible]

[illegible]

**စုံထောက်ကဗျာ**

နန္ဒာမိုးကြယ်၊ မောင်တည်အေး၊ ဝေးနေ၊ မိုးဟိန်းထက်

**စုံထောက်ရင်ခုန်သံ**

အဖျောက်မြေမောင်ခွေမွှန်၊ နှင်းစက်ကြည်စင်ငြိမ်း၊

စန္ဒကူးနီ၊ အရင်လူ (တွံတေး)

**စုံထောက်ပွင့်သစ်**

သုတလင်း (ဆင်ပေါင်ဝဲ)၊

ညီပုံနေး (မဆလ်ဆိပ်)

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊

မောင်မောင်ညွှက်၊ ကိုငယ်၊ ကျေးတောသား၊ ရွှေကိုဦး၊

M အောင်ရှိန်၊ သူရမိုး

**အတိုသုံးစုံထောက်ဝတ္ထု**

၉၁။ သီသီဟန် (ကျိုက်ထို)၊ မိုးထက်ကို (အမရပူရ)၊

အေးချမ်းမောင် (မြန်မာစာ)၊ ရှင်သန် (ဒါန်းပင်တဲ)

**စုံထောက်သုတ**

၆၂။ လှမိုး(ပညာရေး) နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

၆ဂ။ ဦးအာကာ(ထရားလွှတ်တော်ရှေ့နေ) ဥပဒေစုံထောက်

၇၂။ မောင်ညွှက်စိန် လက်ဝယ်တွေ့ရှိသည်ဟု ဆိုသော်လည်း

**နိုင်ငံတကာစုံထောက်**

၂၇။ မောင်ကောင်းယဉ် နိုင်ငံတကာစုံထောက်

**စုံထောက်အလှအပ**

၂၁။ [redacted]

www.burmeseclassic.com

www.burmeseclassic.com



## Cover Story

၂၉။ ရုံထောက်မောင်ရေခဲ
အိုင်အိုအောင်မြင့်သူနှင့်
စကားပြောသောသဲလွန်စများ

## ဘာသာပြန်

၄၈။ နွေးလုံလုံမြူ (မြစ်ကြီးနား)
ကိုယ်ပျောက်ပုန္နာ
၁၇၂။ ဘနင်း
ရာဇဝင်တွင်စေသောမှုခင်းများ

## ရုံထောက်ဗေဒင်

၁၇၈။ ဇင်ယော်နီ
ရုံထောက်ကံကြမ္မာ

## ရုံထောက်ဂမ္ဘီရ

၁၃၇။ ခွန်လှိုင်း
Facebook သုံးနိုင်တဲ့ ခေတ်မီတဲ့
သရဲရှိသလား


## ရုံထောက်ဟာသ

၇၉။ ခင်မြညို
သက်ရှည်ကျန်းမာ ရယ်စရာ

## ရသဝတ္ထု

၄၂။ မောင်မြင့်မား (ဗိုလ်ကလေး)
လျှပ်တစ်ပြက်အကောင်
၇၄။ မင်းမဟာကျော်ခေါင်
သံသယတော
၈၄။ ရှင်လွန်းမယ်
နောင်တရဲ့ အခြောက်တားစ်ဖက်
၁၀၁။ လှရှိန်အောင်
ချစ်သော ချစ်ဒဏ်
၁၀၇။ လေးမောင်
လှလေးစိန်နှင့် တွေ့ဆုံခြင်း
၁၂၅။ လွမ်းသျှင်နောင် (မဟာသာရွာ)
မောဟာအငိုက်
၁၃၁။ အုန်းကျော်သန်း (ခင်ဦး)
သံယောဇဉ်ကြိုး နှစ်ပင်
၁၄၁။ မြမြလှိုင်
စံမမီတော့သည့် အချစ်
၁၅၀။ မိုးသဲအောင် (ပန်းမြေ)
ချစ်သော စာရေးဆရာ
၁၆၀။ ကွန် (ဝတီ)
အလင်းတစ်စက် အမှောင်တစ်ဝက်
၁၆၇။ စလောင်သောင်း (သုံးဆယ်)
ထူးဆန်းအံ့ဖွယ်
၁၇၈။ ဇင်ယော်နီ
ရသေ့ကြီးဦးရွှေတောင်နှင့် ရွှေစံပယ်ဓားပြမှု



www.burmeseclassic.com

www.burmeseclassic.com

# 2014 NOVEMBER

မျက်နှာဖုံးဒီဇိုင်း မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်




ဖြန့်ချိရေး
မြူးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျင်ရင်(မြ-၀၅၄၁၇)၊
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း - ၂၂၉၅၆၁





ထုတ်ဝေသူ
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေး(မြူးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com


www.burmeseclassic.com



## သဒ္ဒမာယာ


□ တန်ဖိုးများသည့်
အသားအသွေး ဖွဲလွှေးစဉ်ခါ
ဘာအသံမျှ မကြားရလည်း…
□ အဖိုးမထိုက်
အရိုးကိုက်မှ
သောင်းတိုက်ဘဝင် လျှံလေသတည်း…∎

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းခံတပ်

- ငါတို့ မိခင်မြစ်ကြီး အနောက်ဘက်ကမ်း
"မင်းလှ" ဆိုတဲ့ အရပ်
ခြေမြန်တော်မလို ကြေးနန်းနဲ့
နယ်ချဲ့မျက်နှာဖြူ အသက်ရှူမရအောင်
အမြောက်ကြီးတွေ အမြောက်ကြီးတွေ
(သုံးဆယ့်ငါးလက် တိတိ)
တရစပ် ပစ်ခတ် ခုခံ
သမိုင်းစာမျက်နှာတွင်လို့
"မင်းလှ" ခံတပ်ကြီး။

- ငါတို့မိခင်မြစ်ကြီး အရှေ့ဘက်ကမ်း
"ဘုရားကုန်း" ဆိုတဲ့ အရပ်
တောင်ကုန်းကြီးတစ်ခုလုံး
မြေကြွက်လို တွင်းတွေတည်ဖွဲ့
နိုင်နိုင်ထူထူ ကြံ့ကြံ့ခံခံ
ရာဇဝင်ပြောင်အောင် တွန်းလှန်လို့
"ကွေ့ချောင်း" ခံတပ်ကြီး။

- အဲဒီခံတပ်ကြီးနှစ်ခု
ပြင်သစ်အင်ဂျင်နီယာ "ကိုမိုတို"
အီတလီအင်ဂျင်နီယာ "မိုလီနာရီ"
အကူအညီနဲ့
"ကနောင်မင်းသား" ကြီး
ဟုန်းဟုန်းထ အစွမ်းအစပဲ။

- ရောဝတီမြစ်ကမ်းနှစ်ဖက်
ခေတ်တွေကိုဖြတ်ရင်း
နှစ်တွေကိုဖြတ်ရင်း
လူတွေကိုဖြတ်ရင်း
မှုတွေကိုဖြတ်ရင်း
ကွေ့ချောင်းမင်းလှခံတပ်မှတ်တမ်း
ကနောင်မင်းသားကြီး အစွမ်းကို
တမ်းတမျှော်တွေး
အလွမ်းတွေ နွေးတယ်။
(ကွေ့ချောင်း/မင်းလှခံတပ် ခရီးသို့ အမှတ်တရ)

မောင်တည်အေး


www.burmeseclassic.com

www.burmeseclassic.com


# ရှုဝံကြယ်သမီးလေး

◆ အလုပ်သွားခါနီးတိုင်း သူ့နဖူးကို နမ်းခိုင်းပြီး
ကျွန်တော့်နဖူးကိုလည်း ပြန်နမ်းလို့ . . ။


တာတာ . . တာ့တာ မပီကလာနဲ့
ထိုင်းကစ်လုပ်တတ်တဲ့ သမီးလေး
တစ်ခါတစ်ခါ ဖေကြီး . . ဖေကြီး တစ်ခါတစ်ခါ ပါးပါး . . ပါးပါး . . .
အသံစာစာလေးနဲ့ခေါ်တတ်တဲ့ သမီးလေး
အမြဲနှိုးချိန် ဘယ်လောက်နောက်ကျကျ
ကျွန်တော့်အသံကြားရင် အမြဲနိုးကြားနေတဲ့သမီးလေး
အသက်နှစ်နှစ်၊ စကား တစ်ခွန်းစ နှစ်ခွန်းစ
ကိုယ်လုံးသေးသေးလေးနဲ့ အကင်းပါးလွန်းတဲ့ သမီးလေး
သူ့အမေရိုက်ရင် ပါးပါး . . ပါးပါးလို့ အော်ငို
ကျွန်တော့်ရင်ခွင်ထဲပြေးဝင်တတ်တဲ့ သမီးလေး
ကျွန်တော် ရေချိုးပြီးရင် ရေလဲပုဆိုးယူပေးတတ်သလို
ကျွန်တော် ခေါင်းမူးတယ်ပြောတိုင်း နှိပ်ပေးတတ်တဲ့ သမီးလေး
သာစာအုပ်ထဲ ဝလုံးမညီမညာလေးတွေ ရေးတတ်သလို
စာအုပ်တွေနဲ့ အလုပ်ရှုပ်နေတတ်တဲ့ သမီးလေး
ကျွန်တော် ကဗျာရွတ်တဲ့အခါ၊ သီချင်းဆိုတဲ့အခါ
မျက်လုံးအဝိုင်းအသားနဲ့ အာရုံစိုက်နားထောင်တတ်တဲ့ သမီးလေး
အတ်ပုံရိုက်မယ်လို့ ပြောတိုင်း ဒိုက်တင်အမျိုးမျိုးလုပ်တတ်သလို
နံနက်စတိုင် သီချင်းနဲ့ အလိုက်သင့် ကတတ်တဲ့ သမီးလေး
နေ့သမီးဆိုပေမဲ့ စမ်းချောင်းလေးလို အေးမြလို့
ကျွန်တော့်ရင်ဘတ်ပေါ် ဆေးမင်ကြောင်ထိုးထားတဲ့ ရှုဝံကြယ်သမီးလေး
သားတွေချည်းလိုချင်တဲ့ ကျွန်တော်က
သမီးလေးရောက်လာစမှာ လက်မခံချင်သလို
အခုတော့
သမီးလေးက ကျွန်တော့်ဘဝ၊ ကျွန်တော့်ဘဝက သမီးလေး
သမီးလေး ကျွန်တော့်အနားမရှိတဲ့အခါ
သတိရခြင်းတွေက နွေအပူနဲ့အပြိုင် ရင်ထဲမှာလောင်လို့ . . . ။
ဟိုး . . အဝေးက တောရွာကလေးမှာ
ကျွန်တော် သီချင်းမဆိုပြတဲ့ သမီးလေး အိပ်လို့မှ ပျော်ရဲ့လား
အမေရိုက်တဲ့အခါ ပါးပါး . . ပါးပါးလို့ အော်ငိုပြီး ကျွန်တော့်ကို ရှာနေမလား
ရွာနေပူပူမှာ သမီးလေး အသားတွေ မည်းသွားပြီလား
ကျွန်တော့်ကို သတိရစိတ်တွေကြောင့် သမီးလေး ဖျားနေသေးလား
. . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . .
အဲဒီစိတ်တွေနဲ့ ညညအိပ်လို့မရ
ကျွန်တော့်ပါးပြင်ပေါ် ရေနွေးစီးကြောင်းလေး နှစ်ခု စီးဆင်းနေတယ်။
(ချစ်သမီးလေး ယွန်းပောသီလင်းနဲ့ ခဏတာ ခွဲနေတုန်းက ဒီကဗျာကို ရေးပါတယ်) မိုးဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com

# ကန့်လန့်ဖြတ်ပုံရိပ်များ



အစက်အပြောက်တွေနဲ့ ဝေဝေဝါးဝါး
မြူနှင်းလား မိုးနှင်းလား
ဘာဆိုဘာမှ မသဲကွဲသေး
နံနက်ခင်းလေး အိမ်ကပ်နေဆဲ···

မနေ့က ကမ္ဘာလောကကြီးရဲ့အသံ
အဖြစ်အပျက်များ
ဒီနေ့သတင်းစာ တစ်စောင်နဲ့ ပြည့်စုံလုံလောက်မလား
ပြောသူပြော နားထောင်သူတွေ နားထောင်
ကျွန်တော်တို့ရဲ့ လူ့ဘောင်ကြီး··

ဒီမှာ··· တုံ့ဆိုဘာဝေ
ဘဝတွေ အရေထူနေကြပုံ ကိုယ်ကိုင်းကိုင်း ခါးကိုင်းကိုင်း
အိပ်မက်တွေ ခုတ်ပိုင်းထည့်သိပ်ထားတဲ့
စဘူးတောင်း အသိုက်များလို
တလှုပ်လှုပ် တရမ်းရမ်း ဦးခေါင်းတွေ
အကွေ့အကောက် လမ်းလေးတွေထဲ မှုန်မှုန်ဝါးဝါး
ရှင်သန်ခြင်းအတွက် တစ်ဝမ်းတစ်ခါး ပုံရိပ်တွေ
ခြစ်ရာ အစင်းစင်း
နံနက်ခင်းလေး တပြည်းပြည်း အရောင်တောက်
တပြောက်ပြောက် တပြောက်ပြောက်နဲ့
ချွေးပေါက်လေးတွေ အသံကျယ်လာ·· ■ ■

ဝေးငနု

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


စုံထောက်ကြီး ဦးရှုံးတား
ဆရာဆိုတာ...... တပည့်ကို နားလည် အောင် ရှင်းပြတတ် ရတယ်...
ဒီတော့...ဟိုကိစ္စက...ဟိုလို... ဒီကိစ္စက...ဒီလို... ဟို... အဲ... ဟုတ်လား...
ကိုင်း... ကျုပ် ရှင်း ပြတာ...နားလည် ရဲ့လား...
ဟင့်အင်း... တစ်ခုမှ နား မလည်ဘူး...
မှားတဲ့ အခါလဲ မှားပေမပေါ့...
M. Aung Shein






www.burmeseclassic.com

www.burmeseclassic.com

# မတူညီတဲ့ တူညီခြင်း

ပေါ့ပေါ့လေး မတွေးနဲ့ ❖
အလေးအနက်ထား
စဉ်းစားတွေးခေါ်
ကမ္ဘာပေါ်မှာလေ
လူတွေ အမြောက်အမြားရှိ…။

"အဖြူ·အမည်း" ရှိသလို ❖
"နီညို ကြောင်ကြား"
အသားအရောင် ကွဲပြားလို့
မြစ်ခြား ချောင်းခြား
ပင်လယ် သမုဒ္ဒရာခြား
တိုက်ခြား ကျွန်းခြား
ရေခြား မြေခြား
ဘာသာခြား လူမျိုးခြား
အလျားလိုက် ဒေါင်လိုက်သွားလို့
ကွဲပြားနေကြ အယူဝါဒတွေ…။

❖ ဘယ်လိုပဲ ခြားခြား
ပခုံးနှစ်ဖက်ကြားမှာ…
ခေါင်းပေါက်တာချင်းအတူတူ
အသက်ရှူချင်းတော့ ကွဲလိမ့်မယ်။

❖ ဒါပေမဲ့… သေသေချာချာတွေးတော့
"လရေး နှစ်ချောင်းငင်လူ"
အဲဒီလူဟာ
"အနိစ္စာဝရ သင်္ခါရ"
သေကြေပျက်ကြ လူ့ဘဝ
သုခ ဒုက္ခရောက်နေကြ
"အလှအပဆိုတာ ဘယ်မှာလဲ"
သေရင်မြှုပ်နှံရမှာပဲ…
အဲဒါ မလွဲတဲ့ဖြစ်ရပ်ချင်း
"မတူညီတဲ့ တူညီခြင်း" ပါပဲ…။

အဖျောက်မြေ မောင်ဆွေမွန်





www.burmeseclassic.com

www.burmeseclassic.com



# သံမဏိနှလုံးသား



ဖားဖိုလို အသံထွက်နေတဲ့ ရင်ဘတ်ကို
နာကျင်တုန်ချိုနေတဲ့ လက်အစုံနဲ့
ဖွင့်ကြည့်မိတော့
အစီအစဉ်မကျ ထွက်လာတဲ့ဝေဒနာတွေ
ဖရိုဖရဲ ပြန့်ကြဲနေလိုက်တာ
တောင်လိုပုံလို့ မြေမဆန့်ချင်။
အဦးဆုံးမဟုတ်တဲ့ လူတွေထဲမှာ
ငါလည်းပါတယ်ဆိုတာ ပြောစရာမလိုဘူး
နာကျည်းမှုတွေက သူ့နေရာနဲ့သူ
ဘယ်သူမှ မျှဝေခံစားဖို့ စာရင်းမတို့ကြဘူး။
သောကတွေနဲ့ငါ. . .
သူမတူအောင် ခံစားနေရတဲ့အဖြစ်
အလင်းရောင်မဲ့ ကမ္ဘာတစ်ခြမ်းမှာ
ဇွဲလုံ့လတွေ ပုံအောခဲ့ပေမဲ့
မျှော်လင့်ချက်တွေက သုညက တက်မလာဘူး
အကြိမ်ကြိမ်သေဆုံးခဲ့ဖူးသော်လည်း
ပျဉ်ဖိုး နားမလည်နိုင်တဲ့ဘဝမှာ
ခေါင်းပါးဆိတ်သုဉ်းလွန်းတဲ့ အကြင်နာတရားတွေသာ
သေတပန် သက်တဆုံး ငါ့ပခုံးပေါ်ကျရောက်ဆဲ
ဖြစ်တည်နေကျ လောကသဘာဝမှာ
လောဘတွေကို ဇက်ခွဲ့ ပြီး
ငါလျှောက်လှမ်းခဲ့တဲ့ မိုင်တွေထဲက
နောက်ဆုံးတပ်မက်မှုအနေနဲ့
မရှိမဖြစ် လိုအပ်နေသည့်အရာ
သံမဏိနှလုံးသား မွေးထားနိုင်ဖို့ပဲ. . .။

စန္ဒကူးနီ



www.burmeseclassic.com

www.burmeseclassic.com



# သေနေ့အကြို ရှုမြင်ခြင်း

သည်နေ့က ပြန်တွက်ရင် နှစ်ငါးဆယ်ကျော်
တစ်ခုခုတော့ ဖြစ်ခဲ့ဖို့ ကောင်းတာပေါ့
တစ်ခုခုဖြစ်ခဲ့သလား မဖြစ်ခဲ့ဘူးလား
တစ်ခုမှ မဖြစ်ခဲ့တာတော့ မဖြစ်နိုင်
တစ်ခုထက်တော့ မကနိုင်။

ဖြစ်ခဲ့ပါတယ်…
"သုခ"ယောင် ဆောင်ထားတဲ့ "ဒုက္ခ" တွေ
ပင်လယ်ဝေ ဆိုတဲ့ စကားလုံး သုံးရမလား
လွင်ပြင်ဆိုရင် ကောင်းမလား
တော ဆိုတာနဲ့ ပိုလိုက်မလား။

တစ်ခါတစ်ခါ
သိပ်နားလည်ရ ခက်တယ်
ကိုယ့်အတွက်က ဒုက္ခလို့ မြင်ပေမဲ့
တစ်ဖက် အမြင်ကျ သုခလို့ ထင်နေတာမျိုး
သူ့ဘက်က ကြည့်တော့ သူ့ရဲ့ကောင်း
ကိုယ့်ဘက်က ကြည့်တော့ သစ္စာဖောက်
အဖြစ်က အဲဒီလိုမျိုး။

ကံကောင်းသွားတာ
သည်လမ်းကို မဖြစ်မနေ ဖြတ်ကို ဖြတ်ရမှာဆိုတော့
ရေလွှမ်းနေတဲ့ အောက်မှာ ကတ္တရာ ခင်းထားတာလား
ကွန်ကရစ်ခင်းလမ်းလား
မြေသားလမ်းလား ဆူးလမ်းလား
မာသလား ပျော့သလား ဗွက်ပေါက်နေသလား
စဉ်းစားချိန်မရဘူး
ဖြတ်ပြီးသွားမှ ပြန်စဉ်းစား
ရေပြင်ပေါ် စွမ်းအားတစ်ခုနဲ့ နင်ခဲ့တာတော့
မဟုတ်တာ အသေအချာ။

တွေးမိတယ်
ဂုဏ်ပြုပွဲခံ အမှတ်တရစကား ပြောပေးတဲ့အခါ
ရေနစ်တဲ့ ကလေး ကယ်ခဲ့သူ ပြောစကား
စကားမဟုတ် မေးခွန်းအဖြစ် တွန်းကန်ထွက်လာ
"ကျွန်တော်သိချင်တာ အဲဒီအချိန်တုန်းက
နောက်ကနေ တွန်းချလိုက်တာ ဘယ်သူလဲ"။

ကြုံဖူးလား
စဉ်းစားချိန်မရတဲ့ အဖြစ်အပျက်က
စဉ်းစားချိန် ရတဲ့ အဖြစ်တွေထက်
အကျိုးဖြစ်ထွန်းမှု ပိုစေတာ
သိုင်းစာအုပ်ထဲက လိုပေါ့
မည်သို့လုပ်လိုက်သည် မသိ။

(ရှိပါစေ)
လာမယ့် သုံးရာခြောက်ဆယ့်ငါးရက်မှာ
တစ်ခါထပ်ကာ ကြုံဦးမှာလား
မကြုံတော့မှာလား
ကြုံရင် ဘယ်ပုံ ကြုံမှာလဲ
မကြုံတော့ဘူးဆို
ဘယ်တော့လောက် ပွဲသိမ်းမှာလဲ
ကြိုသိချင်၍ မရနိုင်။

နင်းဆက်ကြည်စင်ငြိမ်း





www.burmeseclassic.com

www.burmeseclassic.com



# မြို့ရဲ့ည



❖ ညက မြို့ထဲ တိုးဝင်ဖို့
ကြယ်စင်ငယ်တွေ ဖေးမလမ်းပြ
ရထားလာနေသည်
ကားလမ်းကို ခဏပိတ်
အရိပ်တွေ ခြေရာထပ်ဖို့ မီးတွေက ဖြာ
ကျေးလက်ဒေသနဲ့ မတူတဲ့ မြို့ရဲ့ည။

❖ ကကြခန်ကြန်း ဆူညံ
မြူးဇစ်တွေကလည်း အသစ်တကာ့အသစ်
ညဥ့်နက်နက်ထဲကို မရောက်ခင်
အလျှင်လိုနေတဲ့ ခြေလှမ်းတွေ
အလင်းဖျော့ဖျော့ ညနေခင်းရဲ့ အိမ်ပြန်ချိန်မြင်ကွင်း
စက်ရုံ၊ အလုပ်ရုံက လုံမပျိုတွေရဲ့ သဏ္ဌာန်
အပြုံးချိုချိုလေးတွေနဲ့ အိမ်ကိုပြန်။

❖ လရောင်တွေ နေရာယူတဲ့ညမှာ
ခုနစ်စဥ်ကြယ်တွေ အမြီးထောင်
ညဥ့်သန်းခေါင်ကို ကျော်လာတဲ့ည
နှုတ်ဆက်သူရဲ့ တောင်ပံခတ်သံ
သူက ညဥ့်ငှက်။

❖ ညကတော့ အပြုံးမပျက်
ဆက်လက်ရွေ့လျားခရီးထွက်
ဘယ်သူက ဘယ်သူ့အတွက်
ဘာအတွက်
ဝီဝီပြင်ပြင် စကားတွေပြော
လောဘတွေနဲ့ ဇောကပ်နေတဲ့ည။

❖ မြို့ပြရဲ့ညကို အကျဉ်းချုံ
မှန်ကန်ခြင်းတွေလည်း တကယ်ရှိတယ်
ညမှာ တာဝန်ကျတဲ့ အလုပ်ရုံတချို့က မီးခိုးမထွက်
ကျွဲခြေရာခွက်ထဲမှာတော့ ရေအပြည့်
ညဘက် ကူးခပ်နေသူတွေက ပင်လယ်ထင်
လူမြင်ကွင်းမဟုတ်တဲ့နေရာတွေမှာ ခြစား။


❖ မနက်ဖြန့် မကူးခင် မြို့ပြရဲ့ ညမှာ
ခြင်တွေကလည်း ရိုင်းစိုင်း
လေပြည်တွေကလည်း နားထိုင်းလို့
မှော်ရုံထဲတိုးဝင်သူ လူတချို့နဲ့
လမင်းကို ချောင်ထိုး
အရုပ်ဆိုးသူတွေ မျက်နှာဖုံးစွပ်
ဝင့်လည်ခြင်းဆိုတာကို ဥပေက္ခာပြုခဲ့ကြတယ်။

အရင်လှ (တွံတေး)



www.burmeseclassic.com

www.burmeseclassic.com



ဘောဘီမောင်ကတော့
မော်ဒယ်လောကက
သရုပ်ဆောင်လောကကို
ကူးပြောင်းလာသူလေးပါ။
ဗီဒီယိုဇာတ်ကားများမှာ
အပြိုင်ဇာတ်တွေ သရုပ်ဆောင်ရင်း
အခု
ခေါင်းဆောင်မင်းသမီးဇာတ်ကောင်ကို
ဖြစ်လိုလာပြီ။
ဘောဘီမောင်ရဲ့ ရှေ့လာမယ့်
[illegible] အနုပညာ [illegible]
[illegible]ချက်
ပရိသတ်များအတွက်
ဘယ်လိုကြိုးစားသွားမလဲဆိုတာကို
ဘောဘီမောင်က
ပြောပြတဲ့အခါ...

ပရိသတ်များကို


# ထူးခြားတဲ့ အိုက်တင်တွေ ပြဦးမယ့်

# ဘောဘီမောင်



www.burmeseclassic.com

www.burmeseclassic.com

**ဘောဘီမောင် အခု ဘာတွေ ဆောင်ရွက်ဖြစ်နေသလဲ။**

ဘောဘီမောင်လား။ အခု အနုပညာနဲ့ပတ်သက်လို့ကတော့ Fashion Show တွေ လျှောက်ဖြစ်တယ်။ ပြက္ခဒိန်တွေ ရိုက်တယ်၊ ဂျာနယ်၊ မဂ္ဂဇင်း Cover တွေလည်း ရိုက်ကူးနေရတယ်။ ကားရိုက်ကတော့ အခု ဇမ္ဗူနန်းထုတ်လုပ်ရေးက ဘောဘီမောင်ကို ခေါင်းဆောင် မင်းသမီးအသစ်အနေနဲ့ တင်တော့ ထုတ်လုပ်ရေးနဲ့ ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးဖြစ်နေပါတယ်။

**ကာရိုက်တာတွေ ပီပြင်ဖို့အတွက် ဘောဘီမောင် ဘယ်လိုကြိုးစားတတ်သလဲ။**

အဓိက ကတော့ သရုပ်ဆောင်အလုပ်ကို ဘောဘီမောင်ကိုယ်တိုင်ကလည်း ဝါသနာပါတယ်လေ။ အကောင်းဆုံး ဖြစ်အောင်တော့ ဘောဘီမောင်ကိုယ့်ဆီကိုရောက်လာတဲ့ ဇာတ်တွေကို ကြည့်တာပေါ့။ ကိုယ်က ဘယ်ကာရိုက်တာကို ရထားသလဲ၊ လူဆိုးလား။ လူမိုက်လား စသဖြင့် ဇာတ်ကို သေချာဖတ်တယ်။ အဲဒီအထဲကမှ ဘောဘီမောင် လုပ်ရမယ့် အိုင်တင်တွေက ဗီလိန်ဆိုရင်လည်း ကာရိုက်တာနဲ့ညီအောင် ကျင့်ရတာပေါ့။ ကြိုတင်ပြင်ဆင်မှုတွေကတော့ ပြုလုပ်ရတယ်။

**ဘောဘီမောင်အတွက်ရော ဒီနှစ်မှာ ထူးခြားမှုတွေ ရှိမလား။**

ထူးခြားမှုတွေကတော့ မရှိသေးပါဘူး။ တစ်ခုရှိတာကတော့ အခု ဘာ


www.burmeseclassic.com

www.burmeseclassic.com



ဘီမောင် ခေါင်းဆောင်မင်းသမီး တစ်ယောက်အနေနဲ့ ရိုက်ကူးနေရတာက ထူးခြားတာပေါ့။ ကိုယ်ကလည်း ရလာတဲ့အခွင့်အရေးကို ရအောင် ထူးခြားတဲ့ ဒိုက်တင်တွေနဲ့ ထူးခြားမယ့်အရာတွေကို ပရိသတ်တွေကို ချပြသွားချင်တယ်။

**ခေါင်းဆောင်မင်းသမီးအနေနဲ့ စရိုက်ပြီဆိုတော့ ဘောဘီမောင်ရဲ့ ကြိုးစားမှုတွေကရော…။**

အစိက ကတော့ အပင်ပန်းခံရတာပေါ့။ မော်ဒယ်လ်တစ်ယောက်ကနေ သရုပ်ဆောင်တစ်ယောက်ဖြစ်လာဖို့ကတော့ အရမ်းကို ရုန်းကန်ခဲ့ရတယ်။ အဆက်အသွယ်ရော၊ အနုပညာမျိုးရိုးရော မရှိဘူး။ ကိုယ်တစ်ယောက်တည်း လျှောက်ရတော့ အရမ်းလည်း ပင်ပန်းတယ်။ ဒီလိုကြိုးစားခဲ့လို့လည်း ဒီအခြေအနေအထိ ရောက်လာခဲ့တာပေါ့နော်။

**ကိုယ်သရုပ်ဆောင်ထားတာတွေ ကြည့်ရင်ရော ကျေနပ်မှုတွေ ရှိပြီလား။**

လိုတာလေးတွေ ရှိပါသေးတယ်။ ရိုက်ထားတဲ့ကားတွေ ပြန်ကြည့်ရင်လည်း ကိုယ့်ကိုယ်ကိုယ် အားမရသေးပါဘူး။ အနုပညာဝမ်းစာဆိုတာက စားလေလေ မဝလေပါပဲ။ အများကြီး၊ အများကြီးလည်း ကြိုးစားဖို့အတွက် လိုပါသေးတယ်။ အားမရသေးပါဘူး။

**ဘယ်လိုကာရိုက်တာ၊ ဘယ်လိုဇာတ်ရုပ်မျိုးကို လက်ခံရိုက်ကူးချင်သလဲ။**

အစိက ကတော့ ထုတ်လုပ်ရေး





www.burmeseclassic.com

www.burmeseclassic.com



က ဘောဘီမောင်အတွက် လိုက်ဖက်မယ့်ဇာတ်တွေကို ဒါရိုက်တာနဲ့အတူ ရွေးပေးကြတာပဲ။ ထူးထူးခြားခြားဇာတ်ရုပ်မျိုးတော့ မရှိပါဘူး။ သူတို့ပေးတဲ့ ဇာတ်ကိုပဲ ဘောဘီမောင်သရုပ်ဆောင်တယ်။ တစ်ခုရှိတာက ဘောဘီမောင်ရုပ်က အရမ်းတောဆန်ရင် မလိုက်ဘူးလေ။ ဒါကြောင့် တောကားတွေ သိပ်မရိုက်ဖြစ်ဘူး။ ကိုယ်နဲ့လည်း မလိုက်တော့လေ။ ကျန်တဲ့ ကားရိုက်တာတော့ လုပ်ဖြစ်တယ်။

**ခေါင်းဆောင်အနေနဲ့ရော ဘယ်နှကား ရှိသွားပြီလဲ။**

အခုဆို သုံးကားလောက်တော့ ရှိသွားပြီ။ Second နေရာနဲ့ကတော့ အရင်ကတည်းကလည်း ရိုက်ထားတာတွေ များပါတယ်။ အောင်ရဲလင်း၊ ဝတ်မှုံရွှေရည် စတဲ့ သရုပ်ဆောင်တွေနဲ့ပါ ခေါင်းဆောင်အနေနဲ့ကတော့ ကျားနှစ်မနှစ် သိန်း (၉၀၀၀) ဇာတ်ကားပါ။ ငွေလိမ်တဲ့အက်ရှင်ဇာတ်ကားလေးပါ။

**ဘောဘီမောင်ကရော လူတွေရဲ့ ဝေဖန်မှုတွေ ခံရသေးလား။**

အနုပညာသမားမှန်ရင်တော့ ဝေဖန်ခံရတာပဲလေ။ ဝတ်စားဆင်ယင်မှု Fashion တွေက အစပေါ့နော်။ ပရိသတ်တွေကလည်း ကြိုက်တာရှိသလို မကြိုက်တာလည်း ရှိတယ်လေ။ ဘောဘီမောင်က အဓိက ကတော့ Sexy Post ကို သွားတာကိုး။ သွားတယ်ဆိုတာက ခေတ်ရေစီးကြောင်းအရ ဘောဘီမောင်တို့ ဝတ်ရတာပါ။ ဒါကြီးကို

> ❝ ရိုက်ထားတဲ့ကားတွေ ပြန်ကြည့်ရင်လည်း ကိုယ့်ကိုယ်ကိုယ် အားမရသေးပါဘူး။ အနုပညာဝမ်းစာဆိုတာက စားလေလေ မဝလေပါပဲ။ ❞

လုပ်ပြချင်လို့ အဓမ္မလုပ်ယူထားတာ မဟုတ်ဘူး။ ခေတ်ရေစီးကြောင်းအရ ဆောင်ရွက်ရတာပါ။

**ဘောဘီမောင်ရဲ့ပရိသတ်တွေကိုရော ဘာများ ပြောချင်သေးလဲ။**

ဘောဘီမောင် အခု ကြိုးစားနေပါတယ်။ ဆက်ပြီး အားပေးကြပါ။ အများကြီးလည်း ကြိုးစားသွားဖို့ ရှိပါတယ်။

ငြိမ်းချမ်းအောင်



www.burmeseclassic.com

www.burmeseclassic.com









ဓမ္မဒူတ စာပေဆုရ

## ဓမ္မယောသက - အရှင်ဩဘာသ

### ဗုဒ္ဓအလိုကျ သမ္မာအာဇီဝ

ဓမ္မယောသက အရှင်ဩဘာသ ရေးသားသည့် ဗုဒ္ဓအလိုကျ သမ္မာအာဇီဝ စာအုပ်သည် ဓမ္မဒူတ စာပေပြိုင်ပွဲမှာ ဖိတ်ခေါ်ဆောင်းပါး စာပေဆုရရှိခဲ့သော စာမူအား စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဓမ္မယောသက အရှင်ဩဘာသက် သူ့စာအုပ်တွင် လောကထဲမှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အတတ်ပညာက ထောက်ပံ့နိုင်ပေမယ့် အသိပညာလောက် မထိရောက်ဘူး။ အသိပညာကသာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်တယ်ဟု ဆိုထားပါသည်။

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်တိုက်မှ ဖြန့်ချိသည်။

## ငြိမ်းငြိမ်း (ကျိုင်းတုံ)

### ထူးဆန်းထူးခြား အိပ်မက်များ

ဆရာငြိမ်းချမ်း (ကျိုင်းတုံ) ၏ အံ့ဖွယ်ထူးခြား အိပ်မက်များ စာအုပ်ထဲတွင် ဇာတ်နိပါတ်တော်လာ အိပ်မက်၊ ထူးထွေဆန်းပြား ဆောင့်ဆန်သော အိပ်မက်များ၊ မကောင်းသော နိမိတ်ပြသည့် အိပ်မက်ဆိုးများ၊ မကျန်းမမာ နာဖျားစေသော အိပ်မက်များ၊ မင်္ဂလာနှင့် ပြည့်စုံ၍ နိမိတ်ကောင်းသော အိပ်မက်များ စသည်တို့နှင့် ပတ်သက်သည့် ဆောင်းပါး ၁၄ ပုဒ် ပါရှိသည်။ ဤစာအုပ်ကို ဖတ်ခြင်းဖြင့် မိမိမက်သောအိပ်မက်နှင့်ပတ်သက်၍ တိကျစွာ အဓိပ္ပာယ်ကောက်နိုင်မည် ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။






www.burmeseclassic.com

www.burmeseclassic.com

## အဏ္ဏဝါလှိုင်း (ရေးသားပြုစုသည်)

## ပုပ္ပါးအဘ အောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိနှင့် ဝိဇ္ဇာဂန္ဓာရီခရီးစဉ်




ဆရာအဏ္ဏဝါလှိုင်း ရေးသားပြုစုသည့် ပုပ္ပါးအဘ အောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိနှင့် ဝိဇ္ဇာဂန္ဓာရီ ခရီးစဉ် စာအုပ်တွင် အဘ၏ ကလေးဘဝ ဖြစ်စဉ်မှစ၍ အဘ၏ ကျင့်စဉ်အစ တောင်လုံးလှကအထိ၊ အခန်းပေါင်း ၂၁ ခန်း ပါရှိသည်။

အဘပုပ္ပါးအောင်မင်းခေါင်ကို ယုံကြည်ကိုးကွယ်ကြသော သူများနှင့် အဘအောင်မင်းခေါင်၏ ဘဝဖြစ်စဉ်ကို လေ့လာလိုသူတို့အတွက် ပြည့်စုံစွာ ပါဝင်သည်။ မြစုရတနာစာပေမှ ထုတ်ဝေ၍ တစ်ပြည်လုံးဖြန့်ချိသည်။

---

## ကြည်မိုးငြိမ်း

## မိတ္ထီလာကန်တော်နောက်က အချစ်ကောက်ရသည်




ဆရာကြည်မိုးငြိမ်း၏ မိတ္ထီလာကန်တော်နောက်က အချစ်ကောက်ရသည် စာအုပ်သည် ရှားရှားပါးပါး ထွက်ရှိလာသည့် အချစ်ဖွဲ့ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ လူငယ်များ စာဖတ်အားနည်းနေချိန်တွင် အချစ်ဝတ္ထုသန့်သန့်ကလေးဖြင့် ဖြူစင်သည့်မေတ္တာအကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဆရာ၏ အရေးကျွမ်းကျင်မှု၊ ဇာတ်လမ်းဖွဲ့စည်းမှုတို့မှာ စာဖတ်သူကို လက်က မချနိုင်လောက်အောင် ဆွဲဆောင်နိုင်သည့် ဝတ္ထု၊ ဇာတ်လမ်းဖြစ်သည်။ မြစုရတနာစာပေမှ ထုတ်ဝေ ဖြန့်ချိသည်။

www.burmeseclassic.com


# နိုင်ငံတကာစုံထောက်

မောင်ကောင်းယဉ်

## နေတိုးစစ်ဆေး သရုပ်ပြခွန်အား



မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (NATO) ၏ နှစ်စဉ်ကျင်းပနေကျ စစ်ရေးဗျူဟာ သရုပ်ပြပွဲကို မကြာမီက လစ်သွေးနီးယားနိုင်ငံ၊ ရူကလာမြို့တွင် ကျင်းပရာ စစ်သုံးယာဉ်များနှင့် လက်နက်များဖြင့် သရုပ်ပြကြသည်။

အဆိုပါ သရုပ်ပြပွဲတွင် နိုင်ငံ (၁၀) နိုင်ငံမှ အင်အား ၄၇၀၀ ပါဝင်ကြသည်။

Bejing Review 26-6-14

## ဘရူးနိုင်းနိုင်ငံက လေယာဉ်မှုတော်တဆ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ဘရူးနိုင်းနိုင်ငံ၊ ဘန်ဒါဆရီဘာဂဝမ်မြို့လေဆိပ်သို့ ဆင်းသက်သည့် အေ ၃၂၀ ...ည်တင်ယာဉ် လမ်းချော်မှု မတော်တဆဖြစ်ပွားခဲ့သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၀၂ ဦးနှင့် လေယာဉ် ...မ်း ခုနစ်ဦး လိုက်ပါလာသည်။

လေယာဉ်အနည်းငယ် ပျက်စီး သွားကြောင်းသိရပြီး ဖြစ်ပွားမှု မှုခင်း ကို သက်ဆိုင်ရာက စစ်ဆေးလျက်ရှိသည်။

T.ST. 2-7-14




www.burmeseclassic.com

www.burmeseclassic.com





# ကမ္ဘောဒီးယားရဲတပ်ဖွဲ့က အကူအညီပေးလိုက်ရသည့် စင်ကာပူနိုင်ငံသား

စင်ကာပူနိုင်ငံသား အသက် (၂၆) နှ အရွယ် ကျောင်းဆရာပေါက်စ ဆန်ဂျေးဆို သည် ကမ္ဘောဒီးယားနိုင်ငံ၏ အမြင့်ဆုံး တော ထိပ်ဖြစ်သော ၁၈၁၃ မီတာအမြင့်ရှိ ဖနွ အူရယ်လ်တောင်တက်ခဲ့စဉ် ပျောက်ဆုံးလျက် သည်။ သို့ဖြင့် ကမ္ဘောဒီးယားရဲတပ်ဖွဲ့သည် မီဒီယ များကတစ်ဆင့် လှုံ့ဆော်အသိပေး ရှာဖွေ သည်။ ရက်အနည်းငယ်အတွင်း သူ့ကို ကော မွန်စွာ ပြန်တွေ့သဖြင့် စင်ကာပူနိုင်ငံသို့ ပြန်ပို့ စီစဉ်လျက်ရှိသည်။

သူသည် တောင်တက်အတွေ့ အကြုံရှိ ဝေရတ်တောင်၊ အင်ဒိုနီးရှားနိုင်ငံရှိတောင်မျာ ကို တက်ဖူးသည်။ ယခုဖြစ်ရပ်တွင် ရဲတပ်ဖွဲ့အကူအညီဖြင့် တောင်ခြေ၌ တွေ့ရှိရကြောင်း သိရသည်။ ယင်း တွေ့နိုင်ရန် အဖွဲ့တစ်ခုက ငွေကြေးအကုန်အကျခံကာ စီစဉ်ခဲ့သေးသည်။

T.S.T. 8-7-1

---

# ကရာချိ လေဆိပ် လုံခြုံရေးနှင့် စစ်ဆေးမှု

ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လေဆိပ်တွင် နစ်ကြိမ်ထိခိုက်ခဲ့ပြီး ဒါဇင်နှင့်ချီကာ သေကြေခဲ့ရသည်။ သို့ဖြင့် နိုင်ငံတော်ပိုင်း ကရာချိမြို့ ဂျီဒတ် နိုင်ငံတကာလေဆိပ်တွင် တပ်ဖွဲ့ဝင်များက ခန္ဓာကိုယ်များကို အသေအချာ စစ်ဆေးလျက်ရှိစဉ် ဖြစ်သည်။ လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် သတိကြီးစွာ စောင့်ရှောက်ကြရပေသည်။




Bejing Review 26-6-14



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



■

## အခန်း (၁)

"မြလေး‥အစ်ကို အလုပ်ကိစ္စနဲ့ အပြင်ခဏသွားဦးမယ်ကွာ၊ နည်းနည်း မိုးချုပ်ရင်လည်း စိတ်မပူနဲ့နော်"

"ညဥ့်နက် သန်းခေါင်ထိတော့ မနေပါနဲ့ အစ်ကိုရယ်၊ အလုပ်စောစောပြီးရင် စောစောပြန်လာခဲ့ပါ"

တစ်နေ့ နေမွန်းတည့်ချိန်ခန့်တွင် ဖြစ်သည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် ကိုလှအေးနှင့် ဇနီး မမြလေးတို့ နေထိုင်ကြသည်။ အကြင်လင်မယားအဖြစ် အိမ်ထောင်ပြုခဲ့သည်မှာ (၂)နှစ် ခန့်သာ ရှိသေးသည်။ ကိုလှအေးကလည်း အရွယ်ကောင်း။ မမြလေးကလည်း မယ်သောင်းဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင် မခွာရက်သော အကြင်တို့လင်မယား ဖြစ်သည်။ ဤသည်မှာ အိမ်ထောင်ကျခါစ အမျိုးသားနှင့် အမျိုးသမီးတို့၏ ခံစားမှုသာ။

ကိုလှအေး၏အလုပ်က ခေတ်နှင့်လျော်ညီသော ဝတ်စားဆင်ယင်မှုကို ဖန်တီးပေးရသူ ဖက်ရှင်ဒီဇိုင်နာ (Fashion Designer) တစ်ယောက်။ ဇနီး မမြလေးကမူ လျှော်ဖွတ်၊ ချက်ပြုတ် အိမ်ရှင်မအလုပ်။ ဖက်ရှင်ဒီဇိုင်နာထံ အလုပ်အပ်သူ (၉၈) ရာခိုင်နှုန်းမှာ မိန်းမသားများပင် ဖြစ်ကြပါသည်။ ထိုမိန်းမသားများမှာလည်း ဝတ်နိုင်၊ စားနိုင် အခြေအနေရှိသော လူလတ်တန်းစားနှင့် အထက်တန်းလွှာများသာ ဖြစ်ကြပါသည်။ မိမိထံရောက်လာသော ဖက်ရှင် (Fashion) ချစ်သူများကို ဒီဇိုင်နာ (Designer) က ပုံစံရေးဆွဲပေးရပါသည်။ ထိုသို့ ဒီဇိုင်းရေးဆွဲပေးရာတွင် ဖက်ရှင်ချစ်သူ မိန်းကလေး၏ အသက်အရွယ်၊ အလုံးအထည်နှင့် အသားအရေကိုလိုက်၍ ရွေးချယ်ဖန်တီးပေးရပါသည်။ ဒါကြောင့် ကိုလှအေးသည် ဖက်ရှင်ချစ်သူ မိန်းမသားများအတွက် ဝတ်စုံအလှဖန်တီးရှင်တစ်ဦးပင် ဖြစ်ပါသည်။

ထိုနေ့က ကိုလှအေးသည် ဇနီးမယား မမြလေးကို နှုတ်ဆက်ပြီး ကိုယ်ပိုင်ဆိုင်ကယ်ဖြင့် နေအိမ်မှ ထွက်သွားခဲ့ပါသည်။ လုပ်ငန်းက အဆင်ပြေ၏ မပြေ၏ မဆိုတတ်။ နေလုံးပျောက်၍ မှောင်ရီပျိုးသည်အထိ ကိုလှအေး အိမ်ပြန်မရောက်သေးပါ။ ထိုနေ့ည (၈) နာရီခန့်တွင် ဖြစ်သည်။

"မြလေး‥အစ်ကိုပါ၊ အလုပ်ကိစ္စ မပြတ်သေးလို့ ကိုးနာရီခွဲလောက် အစ်ကို ပြန်လာခဲ့မယ်"

ကိုလှအေးက ဇနီးသည် မမြလေး၏ လက်ကိုင်ဖုန်းသို့ အထက်ပါစကားဖြင့် အမှာပါးခဲ့ပါသည်။ ဒီတော့ မမြလေးက -

"သိပ်လည်း ညဥ့်နက်အောင်
မနေပါနဲ့ အစ်ကိုရယ်၊ ဒီနေ့ မပြတ်သေ
ရင် နောက်နေ့ထပ်ချိန်းလိုက်ပေါ့ အစ်
ကိုရယ်"

မမြလေးကလည်း ကိုလှအေး
အကြောင်းကို သိသည်၊ စီးပွားရေးလည်
လုပ်သလို၊ အပေါင်းအသင်းနှင့်ဆုံလျှ
အသောက်အစားလည်း ကြဲတတ်သည်
ဒါကြောင့် ခင်ပွန်းသည် လင်ယောက်
ကို အမှာပွားခြင်းပင် ဖြစ်သည်။

နာရီလက်တံများက သူ့တာဝန်
သူ လည်ပတ်ထမ်းရွက်နေကြ၏။ စ
မှ မိနစ်၊ မိနစ်မှ နာရီ ရွေ့လျားခဲ့
ည၌ (၁၁) နာရီခွဲသည်အထိ ကို
အေး အိမ်ပြန်မရောက်သေးပါ။
ကြောင့် မမြလေးက ခင်ပွန်းသ
ကိုလှအေး၏ လက်ကိုင်ဖုန်းသို့ ဖု
ဆက်လိုက်သည်။ လက်ကိုင်ဖုန်း
သံကြောင့် ကိုလှအေးက ဖုန်းကို
ပြ၍ ဖွင့်သည်။ ဒယီးဒယိုင်ဖြင့် လျှေ
လှမ်းလာရာမှ ဖုန်းကို နားတွင်ကပ်
ဖုန်းဆက်သူကို အသံပြုနေသည်။

"အစ်ကို‥အစ်ကိုလား‥၊
ကို‥"

မမြလေး၏အသံက ကြည်
ဝီသသော်လည်း ကိုလှအေး၏ ဖု
ပြန်ကြားသံက ဗြောင်းဆန်သော ကြ
ရသည်။ စိုးရိမ်မှုပန်စွာဖြင့် မမြလေး
ကိုလှအေးကို အသံပြုခေါ်ဆိုနေ
ကိုလှအေး၏လက်ကိုင်ဖုန်းမှ -

"ဟဲလို‥အခုဖုန်းဆက်တာ
သူပါလဲ ခင်ဗျာ‥"

ကြည်လင်ပြတ်သား၍
သော မေးခွန်းကြောင့် မမြလေး



www.burmeseclassic.com

www.burmeseclassic.com


ရှိမ်ပုပန်မှုက အစတွင့်အထိပ်သို့ ရောက်ရှိသွားသည်။ သို့ကြောင့် မမြလေးက-

"ဟုတ်ကဲ့··ကျွန်မ အဲဒီဖုန်း ပိုင်ရှင် ကိုလှအေးရဲ့ ဇနီး မမြလေးပါ။ ကျွန်မယောက်ျား ဘာဖြစ်လို့ပါလဲရှင်"

"ကျွန်တော်က ၇၂ လမ်းအနောက်ဘက် တဲတန်းက ဇော်နိုင်ဦးပါ၊ ခင်ဗျားယောက်ျားမှာ ဒဏ်ရာတွေနဲ့ လဲကျနေလို့ ဖုန်းမပြောနိုင်တာနဲ့ ကျွန်တော်ပြောပေးတာပါ"

"ရှင်··ကျွန်မယောက်ျား ဘယ်နားမှာ လဲကျနေလို့လဲ··"

"သိပ္ပံလမ်းနဲ့ ၇၂ လမ်းဆုံကို အမြန်လာခဲ့ပေးပါ"

လင်ယောက်ျားအတွက် ကြားသိရသော သတင်းစကားက မမြလေးအတွက် ရတက်မအေးစရာပါ။ ပူပင်သောကအပြည့်ဖြင့် မမြလေးက အစ်ကိုဝမ်းကွဲတော်သူနှစ်ဦးနှင့် ကိုလှအေးလဲကျနေရာသို့ အလျင်အမြန် ထွက်လာခဲ့ကြပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သိပ္ပံလမ်းနှင့် ကိုက် ၅၀ ခန့်အကွာ၊ ၇၂ လမ်းအရှေ့ဘက် လမ်းဘေးတွင် ကိုလှအေးမှာ ယာဘက်ရင်အုံနှင့် ဝမ်းဗိုက်တို့၌ ထိုးသွင်းဒဏ်ရာ တစ်ချက်စီဖြင့် လဲကျကာ သတိလစ်နေသည်ကို တွေ့ရှိရသည်။ ကိုလှအေး၏အနီးတွင်လည်း တယ်လီဖုန်း ပြောဆိုပေးသူ ကိုဇော်နိုင်ဦးကိုလည်း တွေ့မြင်ရသည်။

"အစ်ကို··အစ်ကို··"

ကိုလှအေးကို ပွေ့ဖက်၍ မမြလေးက တုန်ရီသောလေသံဖြင့် ခေါ်ဆိုနေသော်လည်း ကိုလှအေးထံမှ ဘာသံမှ ထွက်မလာ။ ထို့ကြောင့် ဒဏ်ရာဖြင့် လဲကျသတိလစ်နေသော ကိုလှအေးကို ဆေးရုံသို့ အရောက်ပို့ဖို့ စီစဉ်ကြသည်။ ဆေးရုံသို့ သယ်ယူလာစဉ်၊ ကိုလှအေးမှာ လမ်းခရီးတွင် သယ်ယူလာသော ကားပေါ်၌ သေဆုံးသွားခဲ့ပါတော့သည်။

အခန်း (၂)

"ကျွန်တော်က အဲဒီလူ အရက်မူးလာတယ်လို့ ထင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ လမ်းပေါ်မှာ ခေါင်းငိုက်စိုက်နဲ့ ဒယီးဒယိုင် လျှောက်နေလို့ပါ၊ ဒါနဲ့ လဲကျသွားရင် ဒုက္ခဆိုပြီး သူ့ကို ဖေးမဖို့ အနားကိုကပ်သွားတော့ သူ့ရင်ဘတ်နဲ့ ဝမ်းဗိုက်မှာ သွေးထွက်နေတဲ့ ဒဏ်ရာကို တွေ့ပါတယ်"

"သူ့လက်ထဲမှာလည်း ဟမ်းဖုန်းကို ကိုင်ပြီး ခေါင်းငိုက်စိုက်နဲ့ ဖုန်းပြောနေပါတယ်၊ ဒါပေမယ့် သူ့စကားသံဟာ ဘာမှ အသံထွက်မလာခဲ့ဘူး။ ဒါကြောင့် သူ့ကို အဲဒီအနားမှာ ဖေးကူအထိုင်ခိုင်းပြီး သူ့လက်ထဲကဖုန်းကို ကျွန်တော်ယူပြောကြည့်တော့ သူ့ဇနီးနဲ့တွေ့လို့ အကျိုးအကြောင်း ပြောပြလိုက်ပါတယ်"

သေဆုံးသူ ကိုလှအေး၏ဇနီး မမြလေးက တရားလိုပြုလုပ်၍ အပိုင်နယ်မြေရဲစခန်းတွင် လူသတ်မှုဖြင့် အမှုဖွင့်တိုင်ကြားပါသည်။ သူမ၏တိုင်ကြားမှုတွင် သေဆုံးသူ လင်ယောက်ျား ပိုင်ကင်ဗိုအမျိုးအစား (125) အဖြူအနက်






www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်သူ
ခင်မောင်တင့် (ခ) မလေးကွမ်း

ဆိုင်ကယ်အမှတ် ၃ဂယ/---- လည်း ပျောက်ဆုံးနေကြောင်း ဖော်ပြထားသည်။

ကိုလှအေးသေဆုံးမှုကို နယ်မြေရဲစခန်းမှ အိုင်အိုအောင်မြင်သူ အမှုစစ်အရာရှိအဖြစ် တာဝန်ယူခဲ့ပါသည်။ ထိုအမှုကို ကြားသိလျှင်သိချင်း အိုင်အိုအောင်မြင်သူနှင့်အဖွဲ့ မန္တလေးဆေးရုံကြီးသို့ အပြေးတက်ကြသည်။ ဆေးရုံကြီးတွင် ကိုလှအေး၏ရုပ်အလောင်းအား စစ်ဆေးကြည့်ရှု၏။ သေဆုံးသူ ကိုလှအေး၏ ယာဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာ (၁) ချက်နှင့် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ (၁) ချက်တို့ကြောင့် ကိုလှအေး၏ အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်အရပ်သို့ ရောက်သည်။ ကိုလှအေး မသေဆုံးမီ ဒဏ်ရာဖြင့် ဦးစွာတွေ့ရှိသူမှာ ကိုဇော်နိုင်ဦးဖြစ်သည်။ သက်သေကိုဇော်နိုင်ဦးအား မေးစမ်းကြည့်ရာ သူကိုယ်တိုင် တွေ့မြင်သိရှိပုံကို အထက်ပါအတိုင်း ထွက်ဆိုပြသည်။ ဇော်နိုင်ဦး၏ပြောဆိုမှုအရဆိုလျှင် အခင်းဖြစ်အရပ်မှာ သိပ္ပံလမ်းနှင့် ၇၂ လမ်းဆုံတွင် မဖြစ်နိုင်။ အဆိုပါနေရာနှင့် မလှမ်းမကမ်းတွင် ဖြစ်နိုင်ခြေရှိသည်။ သေဆုံးသူသည် ဆိုင်ကယ်မပါဘဲ ခြေလျင် လျှောက်လာသည်ဆိုကတည်းက အနီးအနားတွင် ဆိုင်ကယ် လုယူလေရော့သလား။ ထိုသို့ လုယူမည်ဆိုပါလျှင်လည်း သေဆုံးသူနှင့် ပြစ်မှုကျူးလွန်သူတို့ လုံးထွေးသတ်ပုတ်သည့်အနေအထား သဲလွန်စများ ကျန်ရစ်ဖွယ် ရှိသည်။

ထို့ကြောင့် အိုင်အို အောင်မြင်သူနှင့် အဖွဲ့သည် ဦးစွာမြင်တွေ့ခဲ့သူ ဇော်နိုင်ဦး၏အမြင်ကို အခြေခံ၍ သေဆုံးသူ ကိုလှအေး၏ လာရာလမ်းကြောင်းကို နောက်ကြောင်းပြန် ကောက်ကြည့်ခဲ့သည်။ ထိုစဉ် ပိတောက်ဝါလမ်းဘေးတွင် အညိုရောင် ကွင်းထိုးဖိနပ်တစ်ရံနှင့် ၇၂ x ၇၃ လမ်းကြား၊ လမ်းသွယ် အနောက်ဘက် ရေမရှိသော မြောင်း၏ အုတ်ခုံဘေး ချုံပုတ်ထဲတွင် သေဆုံးသူ ကိုလှအေးပိုင် Kenbo CZ 1 - 125 အဖြူ၊ အနက် ဆိုင်ကယ် အမှတ်

" နတ်ကဖို့လည်း မဟုတ်ဘူး။ ဝိတ်ကပ်လိမ်းဖို့လဲ မဟုတ်ဘူး။ ငါက ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့က အမှုစစ်အရာရှိ အိုင်အိုအောင်မြင်သူပါ။ မင်းကို လူသတ်မှုတစ်ခုနဲ့ စစ်ဆေးစရာရှိလို့ လာခဲ့တာ... "



www.burmeseclassic.com

www.burmeseclassic.com




ဘယ/— ကို တွေ့ရှိရသည်။ ထိုအခုတ် အနီးတွင် ခိုက်ရန် ဖြစ်ပွားခဲ့သော အသွင်သဏ္ဍာန်နှင့် ဆိုင်ကယ်ကိုလည်း ရိုက် ဖျက်ဆီးထားသည်ကို တွေ့ရသည်။ ဒါကိုကြည့်လျှင် ဆိုင်ကယ်ကို ပိုင်ချင်၍ လုယက် ရန်ဖက်ပြုခြင်း ဖြစ်နိုင်၊ အချင်းချင်း စကားများရာမှ ပြုခြင်း ဖြစ်နိုင်ချေရှိသည်။

ဆိုင်ကယ်တွေ့ရှိရာ ပတ်ဝန်းကျင် တွင် ဆက်လက်ရှာဖွေကြည့်ရှုကြသည်။ မြောင်းအုတ်ခုံပေါ်တွင် ရွှေဟု ထင် သော ဟန်းချိန်းတစ်ခု၊ အသုံးအဆောင် တစ်ခုမှ ပြုတ်ထွက်ဟန်ရှိသော စိန် ပုံ ဘော်ကြယ်သီး (၈) လုံး၊ အုတ် အရှေ့ဘက် မြက်ခင်းပေါ်တွင် အညို ရောင် နေကာမျက်မှန်တစ်လက်နှင့် တ်ခုံအနောက်ဘက် ခြုံဝင်းအတွင်း ဆိုင်ကယ်ဖင်ထိုင်ခုံတို့အား ထပ်မံ ရှိခဲ့သည်။

အခင်းဖြစ်ပွားချိန်ကို တွက်ဆ ကြည့်လျှင် ညဉ့် ၁၁ နာရီနှင့် ၁၁ နာရီခွဲကြားအချိန့်တွင် ဖြစ်နိုင်သည်။

ထိုအချိန်သည် စားတတ်၊ သောက်တတ် သူများအဖို့ သောက်စားပြီး၍ နေအိမ် သို့ အပြန်ဖြစ်နိုင်သည်။ သေဆုံးသူ ကိုလှအေးကလည်း မိတ်ဆွေအပေါင်း အသင်းနှင့်ဆုံလျှင် သောက်တတ်စား တတ်သူဖြစ်ကြောင်း သိရသည်။ ဒါကို ကြည့်လျှင် ခင်မင်ရင်းနှီးသူနှစ်ဦး (သို့ မဟုတ်) သုံးဦး စားသောက်ပြီး ဆိုင် ကယ်တစ်စီးတည်း အတူပြန်လာရာက တစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်ကြ မည်ဟု အိုင်အိုအောင်မြင်သူမှ ကြိုတင် တွေးတောယူဆချက် (Preconceive Theory) ပြုကြည့်သည်။ အမှုအတွက် ကြိုတင်တွေးတော မှန်းဆမှုသည် လမ်း ကြောင်းလွဲစေတတ်သည်။

သဲလွန်စတစ်စုံတစ်ခု ရရှိရေး အတွက် အိုင်အိုအောင်မြင်သူက သေ ဆုံးသူထံမှ ခေတ္တသိမ်းယူထားသော ဟာဝေး (Huawei) လက်ကိုင်ဖုန်းကို ဖွင့်သည်။ သေဆုံးသူ ကိုလှအေး၏ လက်ကိုင်ဖုန်းသို့ ဖုန်းအဝင်မှတ်တမ်း၊ အထွက်မှတ်တမ်းနှင့် မက်ဆေ့ချ် ရီကောတင်း၊ ကင်မရာစသည့် ထင်ဟတ် ကျန်ရှိနေနိုင်သည့် အထောက်အထား များကို တစ်ခုချင်းစီ အသေးစိတ် ရှာ ဖွေကြည့်ရှုခဲ့သည်။

အခင်းမဖြစ်မီ တစ်ရက်အလို နေ့လယ်ပိုင်းတွင် ဖြစ်သည်။ သေဆုံး သူ ကိုလှအေး လက်ကိုင်ဖုန်းသို့ ဖုန်း နံပါတ် ၀၉၄၃၁ ----- မှ သတင်း စကား (Message) တစ်ခု ဝင်ထားသည် ကို တွေ့သည်။ ထိုသတင်းစကားမှာ “တည်းခိုခန်းသွားဖို့ ချိန်းထားပြီး ဘာ လို့မလာတာလဲ၊ သူတောင်းစား၊ ဖွတ် ဖြစ်မယ့်ကောင်၊ မင်းနဲ့ မင်းမိန်းမယူတဲ့ အချိန်က မင်းအမေက သဘောမတူ ဘူး၊ မင်းတို့နှစ်ယောက်ကွဲအောင် ငါ အောက်လမ်းနည်းသုံးပြီး လုပ်ပစ်မယ်” ဟု ထင်ဟတ်ပါရှိနေသည်။

ထို့အတူ သေဆုံးသူ ကိုလှအေး၏ လက်ကိုင်ဖုန်းအသံဖိုင်ရှိ အသံဖမ်းစက် (Recording) ကို ဖွင့်ကြည့်သည်။ အသံဖမ်းစက်မှထွက်လာသောအသံစဉ် က “ဟေ့ကောင် လှအေး · ·၊ မင်း ဘယ်မှာလဲ၊ အခုမှ ရှုချင်ယောင်ဆောင် မနေနဲ့၊ မင်းလိုကောင်မျိုးတော့ သနား တယ်၊ ရတယ်၊ ကိစ္စမရှိဘူး၊ နင့်ဆိုင် ကယ် တစ်စီးဖြစ်နေပြီ၊ မယုံရင်လာ ကြည့်၊ ဘာမှ ငါ့ကို ပုဒ်မတွဲလို့မရဘူး။ သတ္တိရှိရင် လာကြည့်၊ မင်းလောက်က တော့ သောက်ရေးကို မလုပ်ဘူး” ဟု ကြားသိနေရပါသည်။ အသံဖိုင်တွင် ရီကော့တင်းလုပ်ထားသောအချိန်မှာ အခင်းဖြစ်သည့်နေ့ ည ၁၁ နာရီ ၂၀ မိနစ်တွင် ဖြစ်သည်။

ဤသည်မှာ အိုင်အိုအောင်မြင်သူ


www.burmeseclassic.com

www.burmeseclassic.com



ပညာရှိရှိ၊ မရှိရှိ သတိမရှိလျှင် မကောင်းမှုကို ပြုလွယ်သည်၊ လုပ်ဖြစ်သည်၊ လုပ်နေကြသည်။ ကောင်းမှုက "စေတနာ" ဖြစ်စေ၊ မကောင်းမှုက "စေတနာ" ဖြစ်စေ၊ မိမိဘယ်ဘက်က များများလုပ်ဖြစ်သည်ကို အသိကြီးစွာဖြင့် ဆင်ခြင်ကြည့်သင့်သည်။ ကံကိုဖန်ဆင်းသူ၊ ကံကို ပြုလုပ်သူမှာ တန်ခိုးရှင်မဟုတ်၊ အခြားတစ်ပါးသော သူလည်း မဟုတ်၊ မိမိကိုယ်တိုင် စေတနာဖြင့်ပြုလုပ်သော ဒဿမှုက ဖန်ဆင်းနေခြင်းပင် ဖြစ်သည်။



အမှတ် (၂) ဂိုထောင်အား သော့ခတ်ပိတ်ထားစဉ်

အတွက် သေဆုံးသူ၏ လက်ကိုင်ဖုန်းအတွင်းမှ ကောက်ယူရရှိခဲ့သော သဲလွန်စများ (Clues) ပင် ဖြစ်ပါတော့သည်။

အခန်း (၃)

"ကျွန်မ ကိုလှအေး လဲကျနေတဲ့ နေရာကိုရောက်တော့ သူ့ရဲ့ လက်ကိုင်ဖုန်းမြည်သံကို ကြားရပါတယ်၊ အဲဒါနဲ့ ကျွန်မလည်း သူ့ဖုန်းကို ကောက်ကိုင်ပြီး နားထောင်လိုက်ပါတယ်"

တစ်ဖက်ဖုန်းဆက်သူမှ မေးသည်။ မမြလေးက ကိုလှအေး၏ဇနီး ဖြစ်ကြောင်း ဖြေသည်။ ဖုန်းဆက်သူက ကိုလှအေး အိမ်ပြန်ရောက်မရောက် မေးသည်။ မမြလေးက ကိုလှအေး၏ အခြေအနေကို ပြောပြသည်။ ဖုန်းဆက်သွယ်သူက သူလာခဲ့မည်ဟု ပြောဆိုပြီး ဖုန်းပိတ်သွားသည်။

"အဲဒီဖုန်းနံပါတ်ဟာ ကိုလှအေးရဲ့ ဖုန်းထဲကို နောက်ဆုံးဝင်ခဲ့တဲ့ ဖုန်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ရှင့်၊ အဲဒီနောက်မှာတော့ ကိုလှအေးရဲ့ ဖုန်းကို ဆရာတို့ကို အပ်လိုက်တာပါပဲ"

မမြလေး၏ စကားအဆုံးတွင် အိုင်အိုအောင်မြင်သူက သေဆုံးသူ ကိုလှအေး၏ ဖုန်းတွင် နောက်ဆုံး အဝင်ခေါ်ဆိုမှုကို ဖွင့်ကြည့်သည်။ ထိုဖုန်းနံပါတ်မှာလည်း ကိုလှအေးထံသို့ Message (မက်ဆေ့ချ်) ပို့ခြင်း၊ ကိုလှအေးမှ အသံကို (Re-cording) ရီကောတင်း လုပ်ထားသော ဖုန်းနံပါတ် ၀၉၄၃၁ ---- ပင် ဖြစ်ကြောင်း တွေ့မြင်ရသည်။

"အဲဒီနေ့က ကိုလှအေးဆီ ဖုန်းဆက်တဲ့သူရော မမြလေးတို့ ရှိတဲ့နေရာကို ရောက်လာသလား"

"ဟုတ်ကဲ့ ရောက်လာပါတယ်"

ဖုန်းဆက်ပြီး ၁၀ မိနစ်အကြာတွင် ကိုလှအေး လဲကျနေရာသို့ မိန်းမလျာဟု ထင်ရသူ လူရွယ်အမျိုးသားတစ်ဦး ဆိုက်ကားလုံး အနက်ရောင်ခပ်ဝင်ကာ အမှတ် ၃၃ယ/၁၉၉--- ဖြင့် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထိုသူသည် သတိလစ်လဲကျနေသော ကိုလှအေးဘေး ဖက်၍ ငိုကြွေးနေပါသည်။ ခဏအကြာတွင် ထိုသူက -

“ကျွန်တော့်မှာ အရေးတကြီး သွားစရာရှိလို့ သွားခွင့်ပြုပါ၊ ပြီးတော့ အခု ဒီကိုလာရင်း ကျွန်တော့်ဟမ်းဖုန်းလည်း ဘယ်နားပြုတ်ကျတယ်မသိဘူး။ အဲဒါလည်း ပြန်ရှာရဦးမယ်၊ အရေးကြီးတာက ကိုလှအေးကို ဆေးရုံ အမြန်ပို့ကြပါ ကျွန်တော် နောက်မှ လိုက်ခဲ့ပါမယ်” ဟု မမြလေးထံ ခွင့်ပန်ခဲ့သည်။ ထိုစဉ် မမြလေးနှင့်အတူပါလာသူ အစ်ကိုဝမ်းကွဲတစ်ဦးမှ ထိုသူ၏ အလုပ်အကိုင်နှင့် နေရပ်ကိုမေးသည်။ ထိုသူက မိမိသည် ဓာတ်ကတော်လုပ်ကြောင်းနှင့် စက်မှုရပ်ကွက်သစ်တွင် နေထိုင်ကြောင်း ပြောဆိုကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်သွားခဲ့ပါသည်။

သေဆုံးသူ ကိုလှအေး သင်္ဂြိုဟ်ပြီးနေ့တွင် မမြလေးက ထိုသူအား အသုဘသို့ပို့ဆောင်ရန် သူပေးထားသော လက်ကိုင်ဖုန်းသို့ ဆက်သွယ်ခဲ့သည်။ ထိုသူက မအားလပ်၍ မလာဖြစ်ကြောင်း၊ နောက်မှ လာမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကို မမြလေးမှ အိုင်အို အောင်မြင်သူသို့ ပြောပြသည်။

“အဲဒီလူကိုင်တဲ့ ဖုန်းနံပါတ်က ဘယ်လောက်လဲ”

အိုင်အိုအောင်မြင်သူက မေးသည်။ မှတ်သားထားသော လက်ကိုင်ဖုန်းကို ဖွင့်၍ မမြလေးက -

“၀၉၄၃၁ —— ပါ”

“သူ့နာမည်နဲ့ လိပ်စာက…”

အခန်း (၄)

“ခင်မောင်တင့်၊ နိုင်ငံသားမှတ်ပုံတင်အမှတ် ၈/ရနခ (နိုင်) ၀၇၈၃၄၂ နေတာက အမှတ် ဆ ၁၀/၅၈ မြို့သစ် (၂) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်လို့ သိရပါတယ်”

သေဆုံးသူ ကိုလှအေး၏ ဇနီး မမြလေး၏ အဖြေစကား မဟုတ်ပါ။ မမြလေးသည် ထိုသူ၏ လက်ကိုင်ဖုန်းနံပါတ်မှလွဲ၍ အမည်နေရပ်ကို အတိအကျ မသိပါ။ သို့သော် သဲလွန်စရထားသော လက်ကိုင်ဖုန်း ၀၉၄၃၁ ---- မှ Message၊ Recording နှင့် ဆိုင်ကယ်နံပါတ် ၁၃ယ/၁၉၉— တို့၏ နောက်ဆုံးအဖြေစကားက အထက်ပါအတိုင်း ကြားသိခဲ့ရပါသည်။

အိုင်အိုအောင်မြင်သူတစ်ယောက် ခင်မောင်တင့်နေထိုင်ရာအရပ်သို့ လျှို့ဝှက်စွာ ချဉ်းကပ်ခဲ့သည်။ ခင်မောင်တင့်က နေအိမ်တွင်မရှိ၊ ထို့ကြောင့် သူ့အကြောင်းကို လေ့လာစုံစမ်းကြည့်သည်။ ခင်မောင်တင့်သည် မိန်းမလျာစိတ်ရှိသူဖြစ်ပြီး၊ မိန်းကလေးအမည်မှာ မလေးကွမ်းဖြစ်သည်။ ခင်မောင်တင့် (ခ) မလေးကွမ်းသည် နတ်ကခြင်း၊ အလှပြင်ဆင်ခြင်း (Beauty Parlour) အလုပ်ကို လုပ်ကိုင်သည်။ ယခု နေရာလိပ်စာတွင် သူ၏ မွေးစားမိခင် မာမီစိုး (နတ်ကတော်) နှင့် အတူနေသည်။ ယခုလောလောဆယ်တွင် သားအမိနှစ်ဦးစလုံး နေအိမ်တွင် မရှိ၊ တောင်ပြုံးသို့ နတ်ကရန် ထွက်သွားကြောင်း သိရသည်။

အိုင်အိုအောင်မြင်သူနှင့်အဖွဲ့ မာမီစိုး၏ နေအိမ်ပတ်ဝန်းကျင်တွင် ခင်မောင်တင့် (ခ) မလေးကွမ်း ပြန်အလာကို စောင့်ကြိုလျက်…။

* * * * *

“မင်းနာမည်က ခင်မောင်တင့် (ခ) မလေးကွမ်းလား”

ထိုနေ့ ညနေပိုင်းတွင် ဖြစ်သည်။ မာမီစိုးနှင့် ခင်မောင်တင့် (ခ) မလေးကွမ်းတို့ သားအမိ နေထိုင်ရာအိမ်သို့ ဝင်လာသည်။ အိုင်အိုအောင်မြင်သူနှင့်





www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က နောက်မှ ထပ်ကြပ်မကွာ ဝင်ရောက်ခဲ့သည်။ နေအိမ်တွင် အသက် ၄၀ ခန့် မာမီးစိုးနှင့်အတူ ဝင်ရောက်လာသူ မိန်းမလျာအား အိုင်အိုအောင်မြင်သူက အထက်ပါစကားဖြင့် မေးသည်။ ဒီတော့ ခင်မောင်တင့် (ခ) မလေးကွမ်းက -

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ၊ နတ်ပွဲ ကဖို့လား။ မိတ်ကပ်လိမ်းဖို့လား"

"နတ်ကဖို့လည်း မဟုတ်ဘူး၊ မိတ်ကပ်လိမ်းဖို့လဲ မဟုတ်ဘူး။ ငါက ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့က အမှုစစ် အရာရှိ အိုင်အိုအောင်မြင်သူပါ။ မင်းကို လူသတ်မှုတစ်ခုနဲ့ စစ်ဆေးစရာရှိလို့ လာခေါ်တာ"

ဤသို့ဖြင့် . . . နတ်ကတော်၊ မိတ်ကပ်အလှဖန်တီးရှင်၊ လူသတ်မှုဖြင့် သင်္ကာမကင်းသူ ခင်မောင်တင့် (ခ) မလေးကွမ်းသည် အိုင်အိုအောင်မြင်သူနှင့်အဖွဲ့ ခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါသွားခဲ့ပါတော့သည်။

* * * * *

"ငါမေးတာနဲ့ပတ်သက်လို့ မင်းအနေနဲ့ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး။ Yes or No ဒါပဲ ဖြေပါ"

နယ်မြေရဲစခန်း၏ စစ်ကြောရေးအခန်းတွင် ဖြစ်သည်။ အိုင်အိုအောင်မြင်သူ၏ စစ်ကြောရေးစားပွဲရှေ့တွင် ရှိနေသူမှာ ခင်မောင်တင့် (ခ) မလေးကွမ်း ဖြစ်သည်။ ခင်မောင်တင့် (ခ) မလေးကွမ်းကို စူးစူးစိုက်စိုက်ကြည့်ကာ အိုင်အိုအောင်မြင်သူက အထက်ပါ စကားဖြင့် စတင်ဖွင့်ဆိုပါသည်။ ဦးစွာ ပထမအခင်းဖြစ်အရပ်မှ ကောက်ယူရရှိခဲ့သော (၂) ကျပ်သားခန့်ရှိ အုန်းဆံကြိုးပုံ ရွှေဟမ်းချိန်းကို ထုတ်၍ စားပွဲပေါ်သို့ တင်လိုက်သည်။

"ဟောဒီ ရွှေဟမ်းချိန်းဟာ မင်းပစ္စည်းပါလို့ ငါကပြောရင် မင်းက ဘာပြောမလဲ"

ဟု အိုင်အိုအောင်မြင်သူက စတင်၍ စကားစစ်ထိုးပါသည်။ စားပွဲပေါ်ရှိ ဟမ်းချိန်းကို မျက်တောင်မခတ် ကြည့်ရှုကာ ခင်မောင်တင့် (ခ) မလေးကွမ်းက -

"ဟုတ် . . ဟုတ်ပါတယ်"

"မင်းရဲ့ လက်ကိုင်ဖုန်းနံပါတ် ၀၉၄၃၁ — ဆိုတာရော အမှန်ပဲလား"

"ဟုတ်ပါတယ် . ."

အိုင်အိုအောင်မြင်သူက စာရေးစားပွဲအတွင်းမှ သေဆုံးသူ ကိုလှအေး၏ လက်ကိုင်ဖုန်းကို ထုတ်ယူပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ ထို့နောက် အခင်းမဖြစ်မီတစ်ရက်အလိုက ခင်မောင်တင့်




www.burmeseclassic.com

www.burmeseclassic.com





ခ) မလေးကွမ်း ဖုန်းမှ ကိုလှအေး သို့ ပေးပို့ထားသော Message ကို သည်။ ထို့နောက် ထိုဟမ်းဖုန်းကို ခင်မောင်တင့် (ခ) မလေးကွမ်းသို့ ပေးပြီး အိုင်အိုအောင်မြင်သူက -

"အဲဒီ Message ကရော မင်း ထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်.."

ထို့နောက် ဟမ်းဖုန်းကို ပြန်ယူ အခင်းဖြစ်ပွားပြီးနောက်၊ ဒဏ်ရာရရှိ ကိုလှအေးမှ ခင်မောင်တင့် (ခ) လေးကွမ်း ဆက်သွယ်ပြောဆိုခဲ့သော အသံကို အသံဖမ်းယူထားသည့် သံဖိုင်ကို ရှာသည်။ တွေ့ရှိခဲ့သော သံဖိုင်ကို အိုင်အိုအောင်မြင်သူက ခင်မောင်တင့် (ခ) မလေးကွမ်းကို ဖွင့် သည်။ ဖမ်းယူထားသော အသံအဆုံး ခင်မောင်တင့် (ခ) မလေးကွမ်းက

"ဟုတ်ပါတယ်၊ အချစ်ကြီးတော့ ချစ်ကြီးဆိုတာလို ကိုလှအေးအပေါ် အချစ်ကြီးခဲ့မိလို့ ကျွန်တော် လက် ခြေလွန် ဖြစ်ခဲ့မိပါတယ်"

အခန်း (၅)

သေဆုံးသူ ကိုလှအေးမှာ ဝတ်စုံနှင့်ပတ်သက်သည့် အလှ ဖန်တီးရှင် တစ်ယောက်ဖြစ်သည်။ ထို့အတူ ခင်မောင်တင့် (ခ) မလေးကွမ်းကလည်း ဆံပင်နှင့်မိတ်ကပ် အလှဖန်တီးရှင်တစ်ဦးဖြစ်သည်။ လုပ်ငန်းသဘော သဘာဝအရ ကိုလှအေးနှင့် ခင်မောင်တင့် (ခ) မလေးကွမ်းတို့မှာ ရင်းနှီးခင်မင်ခဲ့ကြသည်။ ကိုလှအေးက ပုရိသ (ယောက်ျား) စစ်စစ်ဖြစ်သော်လည်း၊ ခင်မောင်တင့် (ခ) မလေးကွမ်းမှာ နပုံသက (မိန်းမလျှာ) တစ်ယောက်ဖြစ်သည်။ အိမ်ထောင်မကျခင်ကတည်းက ကိုလှအေးသည် ခင်မောင်တင့် (ခ) မလေးကွမ်းနှင့် လိင်တူချင်း ဆက်ဆံနေထိုင်ခဲ့သည်။ ဒါကြောင့် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း သိကြသည်။ တစ်နေ့ ကိုလှအေးက -

"မလေး.. ငါမိန်းမ ယူတော့မယ်"

"ယူပေါ့တာ..တရားဝင် မိန်းမယူတာကို ငါမတားမြစ်ပါဘူး၊ အေး.. မင်း မိန်းမကလွဲရင် တခြားမိန်းကလေးတွေနဲ့ ဖောက်လွဲဖောက်ပြန် မလုပ်ပါနဲ့၊ ပြီးတော့ ငါချိန်းတဲ့အချိန်တိုင်း လာပေးရမယ်၊ အဲဒါ သဘောတူလား"

"အိုကေ..သဘောတူတယ်"

ဟု ကတိကဝတ်ပြုခဲ့ကြပါသည်။ ထို့နောက် ကိုလှအေးလည်း မမြလေးနှင့် တရားဝင် အိမ်ထောင်ပြုခဲ့ပါသည်။ ကိုလှအေးအကြောင်းကို ဂဃနဏ သိထားသူ မလေးကွမ်းကလည်း ခေသူမဟုတ်။ မိန်းမယူပြီးနောက်ပိုင်းတွင်လည်း ကိုလှအေးသည် မိန်းကလေးများနှင့် အကြောင်းမရှိဘဲ ဆက်သွယ်ခြင်း၊ ချိန်းတွေ့ခြင်းများ ရှိနေသည်ကို ခင်မောင်တင့် (ခ) မလေးကွမ်းက ကောင်းကောင်းသိထားသည်။

အခင်းမဖြစ်မီ တစ်ရက်အလိုတွင်ဖြစ်သည်။ ထိုနေ့ နေ့လယ် (၁) နာရီခန့်တွင် ကိုလှအေးနှင့် မလေးကွမ်းတို့သည် (၃၁) လမ်းရှိ ဘာဘီကျူး အသားကင်ဆိုင်တွင် ဘီယာသောက်နေကြသည်။ ထိုစဉ် ကိုလှအေး၏ဖုန်းသို့ ဖုန်းဝင်လာသည်။ ဆက်သွယ်လာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဒါကို မလေးကွမ်းက မကျေမနပ်ဖြစ်ခဲ့သည်။ ဒီတော့ မလေးကွမ်းက ကိုလှအေးကို ကတိမတည်ဟု အပြစ်ဆိုကာ စကားများခဲ့ကြသည်။

ထို့နောက် ကိုလှအေးက မလေးကွမ်းကို ဆိုင်ကယ်ဖြင့် တင်ဆောင်ကာ စားသောက်ဆိုင်မှ ပြန်ထွက်ခဲ့ကြသည်။ (၆၉) လမ်း၊ မန္တလေးတက္ကသိုလ်ရှေ့ အရောက်တွင် ကိုလှအေးက ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရပ်သည်။ ထို့နောက် ဆိုင်ကယ်နှင့် မလေးကွမ်းရှိရာမှ ခပ်လှမ်းလှမ်းသို့ လျှောက်သွားပြီး ဖုန်းဆက်နေသည်။ အကြောင်းအပေါင်းသိနေသူ မလေးကွမ်းကလည်း နောက်မှ လိုက်သွားသည်။ ကိုလှအေးကလည်း မိန်းကလေးတစ်ယောက်နှင့် စကားပြော၍ ချိန်းဆိုနေသည်။ အနီးတွင် ကြားသိနေရသူ မလေးကွမ်းမှာ ကိုလှအေးအပေါ် ဒေါသအရိပ်အရောင် သမ်းလာခဲ့သည်။ ဒါကို ရိပ်စားမိသူ ကိုလှအေးက မလေးကွမ်းကို ထိုနေရာ၌ထားခဲ့ပြီး၊ ၎င်းတစ်ဦးတည်း ဆိုင်ကယ်ဖြင့် နေအိမ်သို့ ပြန်လာခဲ့သည်။

ခင်မောင်တင့် (ခ) မလေးကွမ်းလည်း စိတ်ဆိုးမာန်ဆိုးဖြင့် မိမိတစ်ဦးတည်း နေအိမ်သို့ ပြန်လာခဲ့သည်။ နေအိမ်ရောက်သည်အထိ မလေးကွမ်း၏ ဒေါသအရှိန်က မပြေသေး။ ထို့ကြောင့် မလေးကွမ်းက သူ၏ဟမ်းဖုန်းမှ ကိုလှအေး၏ ဟမ်းဖုန်းသို့ Message ပေးပို့ခဲ့သည်။ (ထို Message ကို အိုင်အိုအောင်မြင်သူ၏ စုံစမ်းဖော်ထုတ်မှုတွင် ဖော်ပြထားပြီးဖြစ်သည်) ထိုနေ့က မလေးကွမ်းပေးပို့သော Message နှင့် ပတ်သက်၍ ကိုလှအေးက အကြောင်းပြန်ကြားခဲ့ခြင်း မရှိခဲ့ပါ။

နောက်တစ်နေ့ (အခင်းဖြစ်သည့်နေ့) မနက် (၉) နာရီခွဲခန့်တွင် ဖြစ်သည်။

"မလေး‥ မနေ့ကဖြစ်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ ငါတောင်းပန်ပါတယ်ဟာ၊ နင့်ဆီကယူထားတဲ့ ပိုက်ဆံအကြွေးတွေကို ငါပြန်ဆပ်ရမှာလား‥"

ဟု ကိုလှအေးက ဖုန်းဖြင့် ဆက်သွယ် ပြောဆိုခဲ့သည်။ ဒီတော့ ခင်မောင်တင့် (ခ) မလေးကွမ်းက -

"ငါ ပိုက်ဆံပြန်လိုချင်လို့ ပြောနေတာ မဟုတ်ဘူး။ မင်းလုပ်ပုံတွေက မဟုတ်ဘူး။ အေး‥ ကိုယ့်အမှားကိုယ်သိရင် ငါကျေနပ်ပါတယ်၊ ဒီနေ့ မနက် (၁၀) နာရီ ၇၂ လမ်းနဲ့ ၂၆ လမ်းထောင့် ဘဏ် (၁) ရှေ့က ငါစောင့်နေမယ်၊ နင် အဲဒီကိုလာခဲ့"

အခန်း (၆)

ထိုနေ့ နေ့လယ် ၁၂ နာရီခန့်တွ[င်] ကိုလှအေးသည် ကိုယ်ပိုင်ဆိုင်ကယ်ဖြ[င့်] မလေးကွမ်း ချိန်းဆိုရာ ဘဏ် (၁) ရှေ့သို့ ရောက်ရှိခဲ့သည်။ နေ့လယ်စ[ာ] မစားရသေးသဖြင့် ကိုလှအေးနှင့် မလေ[း] ကွမ်းတို့ ဘဏ် (၁) အနီးရှိ လမ်းဘေ[း] ဆိုင်တွင် နေ့လယ်စာထမင်း အတူစာ[း] ခဲ့ကြသည်။ နေ့လယ်စာ စားပြီးချိန်တွင်

"ဘယ်သွားစရာရှိသေးလဲမလေး"

"သွားစရာတော့ အထူးအထ[ွေ] မရှိပါဘူး။ နင်အချိန်ရရင် ဘီယာဆိုင် သွားထိုင်တာပေါ့‥"

ကိုလှအေးက ဆိုင်ကယ်မောင်း[၍] မလေးကွမ်းက နောက်မှထိုင်ကာ ဘဏ် (၁) အနီးမှ သီရိမန္တလာကားကွင်းဘက်

---

မိန်းမစိတ်ပေါက်နေသော မလေးကွမ်း၊ ယောက်ျားခန္ဓာကိုယ်ဖြင့် ဖွဲ့စည်းထားသော ခင်မောင်တင့်သည် ခန္ဓာကိုယ်တွင်လွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဆံပင်ညှပ်ရာတွင် အသုံးပြုသော အရှည် (၇) လက်မခန့်ရှိ စတီးကတ်ကြေးကို ထုတ်ယူလိုက်သည်။


www.burmeseclassic.com

လာခဲ့ကြသည်။ သီရိမင်္ဂလာကား အနီးရှိ ဘီယာဆိုင်တစ်ဆိုင်တွင် ယာက်အတူ ဘီယာသောက်ကြ ။ နေ့လယ်စာစားပြီးကတည်းက နေဝင်၍ မှောင်စပျိုးသည်အထိ သောက်ခဲ့ကြသည်။ ထိုနေ့ည နာရီခန့်တွင် ဘီယာဆိုင်မှ ပြန် ခဲ့ကြသည်။ တစ်နေကုန်သောက် သော ဘီယာအရှိန်က ကိုလှအေး မလေးကွမ်းအတွက် အကုသိုလ် သို့ တွန်းပို့နေသလို ရှိနေပါသည်။

ဘီယာဆိုင်မှ ထွက်လာပြီးသော် ကိုလှအေးနှင့် မလေးကွမ်းတို့ အိမ်မပြန်ကြသေးပါ။ သိပ္ပံလမ်းနှင့် ) လမ်းထောင့်ရှိ နိဘယ်လ် စား ကဲဆိုင်သို့ ဝင်ရောက်ခဲ့ကြပြန် ထိုဆိုင်တွင် ဘီယာဆက်သောက် သည်။ ည (၁၁) နာရီခန့်တွင် ကွမ်းက အိမ်ပြန်တော့မည်ဖြစ် ကြောင်း ပြော၍ ကိုလှအေးက ဆိုင် ဖြင့် လိုက်ပို့သည်။ သဇင်လမ်းပေါ် x ၇၃) လမ်းကြားအရောက် အေးက ဆိုင်ကယ်ကိုရပ်၍ ဖုန်း ပြောနေသည်။ မလေးကွမ်းက မိန်းက လေးများနှင့် ကင်းကင်းရှင်းရှင်းနေရန် ထပ်ပြောသည်။ ကိုလှအေးက မလေး ကွမ်းကို ဂရုမစိုက်သည့်သဘောဖြင့် ဖုန်းကိုပင် အာရုံစိုက်ကာ ပြောဆိုနေ သည်။ မူးကလည်းမူး၊ သဝန်ကလည်း တို ဖြစ်နေသူ မလေးကွမ်းမှ-

"မင်း အရင်လို ယောက်ျား ဖာ သည် ဖြစ်ချင်လို့လား..."

ဟု မာမာထန်ထန် ဆက်ဆံပြော ဆိုပါသည်။ အနာပေါ်တုတ်ကျဖြစ်သွား ခဲ့သူ ကိုလှအေးက မလေးကွမ်း၏ ညာ ဘက်ပါးနှင့် နဖူးတို့ကို လက်သီးဖြင့် ထိုးလိုက်သည်။ ဟန်ချက်ပျက်၍ ယိမ်း ယိုင်သွားသော ခင်မောင်တင့် (ခ) မလေးကွမ်း၏ ဒေါသမီးမှာလည်း ကြီး ထွားလာခဲ့ပါသည်။ မိန်းမစိတ်ပေါက်နေ သော မလေးကွမ်း၊ ယောက်ျားခန္ဓာ ကိုယ်ဖြင့် ဖွဲ့စည်းထားသော ခင်မောင် တင့်သည် ခန္ဓာကိုယ်တွင် လွယ်ထား သော ဘေးလွယ်အိတ်အတွင်းမှ ဆံပင် ညှပ်ရာတွင် အသုံးပြုသော အရှည် (၇) လက်မခန့်ရှိ စတီးကတ်ကြေးကို ထုတ်ယူလိုက်သည်။ လက်ထဲတွင် ပါ လာသော စတီးကတ်ကြေးဖြင့် ကိုလှ အေး၏ ညာဘက်ရင်အုံကို တစ်ချက်၊ ဝမ်းဗိုက်သို့ တစ်ချက် ထိုးနှက်လိုက် သည်။

ကိုလှအေးလည်း ရရှိသောဒဏ်ရာ ကို လက်နှင့်ဖိပိတ်ကာ ဆိုင်ကယ်ကို ပင် မယူနိုင်ဘဲ၊ ထိုနေရာမှ ဒယီးဒယိုင် ဖြင့် ရွှေနှင်းဆီလမ်းထဲသို့ ထွက်ပြေး သွားခဲ့သည်။ မလေးကွမ်းလည်း စတီး ကတ်ကြေးကို ဘေးလွယ်အိတ်တွင် ပြန်ထည့်ထားခဲ့သည်။ ထို့နောက် ခင် မောင်တင့် (ခ) မလေးကွမ်းသည် ကိုလှအေးကျန်ရစ်ခဲ့သော ဆိုင်ကယ် အား လမ်းဘေးတွင် အသင့်တွေ့ရှိသော ကျောက်ခဲဖြင့် ထုရိုက်ဖျက်ဆီးခဲ့သည်။ ဆိုင်ကယ်ဖင်ထိုင်ခုံအား ဆွဲဖြုတ်၍ တစ်ဖက်ခြံထဲသို့ လွှင့်ပစ်လိုက်သည်။ ပျက်စီးသွားသော ကိုလှအေး၏ဆိုင် ကယ်ကိုလည်း အနီးရှိ ရေမရှိသော ရေမြောင်းအုတ်ခုံဘေး ချုံပုတ်ထဲသို့ တွန်းချ အစဖျောက်ခဲ့ကြောင်း ဖြစ်မှု ကျူးလွန်သူ ခင်မောင်တင့် (ခ) မလေး ကွမ်းက ထွက်ဆိုပြခဲ့ပါသည်။

"ကိုလှအေး ထွက်ပြေးသွားတဲ့ နောက်ကို မင်းလိုက်မရှာဘူးလား"

အိုင်ဒီအိုအောင်မြင်သူ၏အမေးကို ခင်မောင်တင့် (ခ) မလေးကွမ်းက -

"လိုက်ရှာပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ ရှာမတွေ့ဘူး၊ အဲဒါနဲ့ ကျွန် တော် သူ့လက်ကိုင်ဖုန်းကို ခေါ်ပါတယ်၊ သူ့ဘက်က ဖုန်းပွင့်ပါတယ်၊ ဒါပေမယ့် ဘာမှ ပြန်မပြောဘူး"

"အဲဒီတော့..မင်းက ကိုလှအေး





www.burmeseclassic.com

www.burmeseclassic.com



ကို ဘာတွေ ပြောလိုက်လဲ"

"ခုနက ဆရာဖွင့်ပြတဲ့ အသံဖိုင်ထဲက စကားတွေပါ"

ထို့နောက် ခင်မောင်တင့် (ခ) မလေးကွမ်းသည် အခင်းဖြစ်နေရာမှ နေအိမ်သို့ ပြန်လာခဲ့သည်။ နေအိမ်အရောက်တွင် ကိုလှအေးထံသို့ ဖုန်းဆက်ရာ သူ့ဇနီး မမြလေးနှင့် တွေ့သည်။ မမြလေးပြောပြသဖြင့် ကိုလှအေး လဲကျနေသည့်နေရာသို့ လိုက်သွားသည်။ အပြန်တွင် အခင်းဖြစ်နေရာ အနီးပတ်ဝန်းကျင်၌ ကျပျောက်ခဲ့သော ဟမ်းချိန်းကို ရှာဖွေကြည့်သည်။ ညဥ့်အမှောင်ကြောင့် ပျောက်ဆုံးခဲ့သော ဟမ်းချိန်းကို ရှာဖွေမတွေ့ ဖြစ်ခဲ့ရသည်။

"မင်းက ဟမ်းချိန်းကို ရှာမတွေ့ပေမယ့် တို့က မင်းဟမ်းချိန်းကို ရှာတွေ့ခဲ့တယ်။ ပြီးတော့ သေဆုံးသွားတဲ့ မင်းရဲ့ အချစ်တော် ကိုလှအေးရဲ့ ဟမ်းဖုန်းထဲက Message နဲ့ အသံဖိုင်တွေဟာ မင်းရဲ့ ဟမ်းဖုန်းက ဖြစ်တဲ့အကြောင်း အဲဒီဟမ်းဖုန်းနှစ်လုံးမှာ ရှိတဲ့ မှတ်တမ်းဖိုင်တွေက နေ့ရက်နဲ့အချိန်ကို အတိအကျ ဖော်ပြနေတယ်၊ အခင်းအဖြစ်အရပ်မှာ တွေ့ရှိသိမ်းဆည်းခဲ့တဲ့ သေဆုံးသူရဲ့ ဆိုင်ကယ်ဟာလည်း မင်းပြောတဲ့ အသံဖိုင်ထဲကအတိုင်း ကွက်တိပဲ"

အခန်း (၇)

"ဟုတ်ပါတယ်၊ ဒီကတ်ကြေးဟာ အခင်းဖြစ်စဉ်က ကိုလှအေးကို ထိုးနှက်ခဲ့တဲ့ ကတ်ကြေးပါ"

ပြစ်မှုကျူးလွန်သူ ခင်မောင်တင့် (ခ) မလေးကွမ်းမှ ဝန်ခံထွက်ဆိုပြီးနောက် ကျန်ရှိသော သက်သေခံပစ္စည်းကို ကောက်သင်းကောက်ဖို့ လိုပါသည်။ ထို့ကြောင့် အိုင်အိုအောင်မြင်သူက ခင်မောင်တင့် (ခ) မလေးကွမ်းကို ခေါ်ယူ၍ သူနေထိုင်ရာ နေအိမ်သို့ ရောက်ရှိခဲ့သည်။ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော သက်သေခံကတ်ကြေးကိုမေးရာ နေအိမ်အလှပြင် မှန်ဗီရိုအတွင်း ဘေးလွယ်အိတ်တွင်ထည့်ထားသော ဆံပင်ညှပ်ကတ်ကြေးကို ထုတ်ယူ၍ အထက်ပါစကားဖြင့် ပြောဆိုအပ်ပေးပါသည်။

အဆိုပါ အရိုးအသွား (၆) လက်မခွဲခန့်ရှိ ကတ်ကြေးနှင့်အတူ အခင်းဖြစ်စဉ်က ပြစ်မှုကျူးလွန်သူ အသုံးပြုခဲ့သော ဘေးလွယ်အိတ် အနက်ရော[...] တစ်လုံး၊ ဟမ်းဖုန်းနံပါတ် ၀၉၄၃၁[...] တစ်လုံး၊ ဆိုက်ကားလုံး အနက်ရောင်[...] ကယ်အမှတ် ၁၃ယ/၁၉၉ — တ[...] အချင်းဖြစ်စဉ်က ဝတ်ဆင်ခဲ့သော [...] ရှပ် အဖြူရောင် လက်တိုတစ်ထည်[...] အနီ၊ အဖြူကွက် ကွာတားဘောင်း[...] တစ်ထည်တို့အား ခင်မောင်တင့် ([...] မလေးကွမ်းမှ အပ်ပေး၍ အိုင်အိုအော[...] မြင်သူက ဥပဒေနှင့်အညီ သိမ်းယူခဲ့[...] သည်။

ပြစ်မှုကျူးလွန်သူအနေဖြင့် သ[...] ဆိုင်ရာ တရားရုံးမှ ပေးအပ်သော [...] ဒဏ်ကို ခံစားဖို့ပင် ဖြစ်ပါသည်။ အ[...] စစ် အရာရှိ အိုင်အိုအောင်မြင်သူအ[...] ဖြင့် ပြစ်မှုကျူးလွန်သူအပေါ် ထိရော[...] သော ပြစ်ဒဏ်ရရှိရေးအတွက် ခိုင်[...] သော သက်သေခံအထောက်အထား[...] နှင့် တရားစွဲတင်ပို့ရန်သာ ဖြစ်ပါတေ[...] သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်[...] ခင်မောင်တင့် (ခ) မလေးကွမ်း အသ[...] (၄၀) နှစ်အတွက် ဘယ်သူမပြု [...] မှု ဟူ၍သာ ဖြစ်ပါတော့သည်။

သေဆုံးသူနှင့် ပြစ်မှုကျူးလွန်[...] တို့မှာ မိတ်ဆွေအပေါင်းအသင်းအဆေ[...] မှ ကျော်လွန်ကာ လိင်တူချင်း ချစ်[...] ပေါင်းသင်း ဆက်ဆံနေကြသူများ [...] သည်။ လိင်တူချင်းဖြစ်စေ၊ ဆန့်ကျ[...] ဘက်လိင်ချင်းဖြစ်စေ၊ တစ်ဦးနှင့်တစ်[...] ချစ်ကြ၊ ခင်ကြ၊ ကြင်နာကြသည့် [...] ယောဇဉ်နှောင်ကြိုးသည် ထိုသူနှစ်ဦး[...] တွယ်တာမှုအပေါ်တွင် အတိုင်းအ[...] တစ်ခုအထိ ရှိကြပါသည်။ ထိုတွယ်တ[...] မှု သံယောဇဉ်အပေါ်တွင် လော[...]



www.burmeseclassic.com



မောဟ စသည့် အကုသိုလ် ... လောင်ကျွမ်းခဲ့ပါက သားအဖ ... ညီအစ်ကိုမောင်နှမချင်း၊ လင် ...ချင်း၊ ဆွေမျိုးသားချင်း၊ ချစ်ခင် ...က်သူချင်းဟူ၍ပင် မသိမမြင်ကြ ...တဲ တစ်ဦးနှင့်တစ်ဦး ကိုယ်ထိ ...ရောက် ပြုကျင့်ခဲ့၍ အတိဒုက္ခ ...က်ခြင်း၊ အသက်ဆုံးရှုံးခြင်းအထိ ...ခဲ့ကြရပါသည်။ ထို့ကြောင့် အကု ...အမှုများကို ကံသုံးပါးဖြင့် မပြုမိ ...ရေးအတွက် အသိတရားဖြင့် သတိ ...နိုင်စေရန် အရှင်သူမြတ်များ၊ မိဘ ...ရာသမားများ၏ ဆုံးမဩဝါဒကို မှျ ...ပေးချင်ပါသည်။ ဤသည်မှာ -

ပညာရှိရှိ၊ မရှိရှိ သတိမရှိလျှင် ...ကောင်းမှုကို ပြုလွယ်သည်၊ လုပ်ဖြစ် ...သည်၊ လုပ်နေကြသည်။

ကောင်းမှုက "စေတနာ" ဖြစ်စေ၊ ...ကောင်းမှုက "စေတနာ" ဖြစ်စေ၊ ...တယ်ဘက်က များများလုပ်ဖြစ်သည် ...ကို အသိကြီးစွာဖြင့် ဆင်ခြင်ကြည့်သင့် ...သည်။ ကံကိုဖန်ဆင်းသူ၊ ကံကိုပြုလုပ် ...သူမှာ တန်ခိုးရှင်မဟုတ်၊ အခြားတစ်ပါး ...သော သူလည်း မဟုတ်၊ မိမိကိုယ်တိုင် ...စေတနာဖြင့်ပြုလုပ်သော အမှုက ဖန် ...ဆင်းနေခြင်းပင် ဖြစ်သည်။ မွေ့သဘော ...ဖြင့် ပြောရလျှင် စိတ်တစ်ခုဖြစ်တိုင်း ...စေတနာတစ်ခုပါသည်။

ပဋိစ္စသမုပ္ပါဒ်သဘောအရ သမု ...ဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရခြင်း ...ပင်တည်း။

"ပါဏာတိပါတ" ကံမြောက်မှု၊ ...မမြောက်မှုတွင် အပါယ်ကျစေနိုင်သော ...အင်္ဂါ (၅) မျိုးရှိသည်။ ပထမ-သတ္တဝါ ဖြစ်ခြင်း၊ ဒုတိယ သတ်လိုသော စေတနာရှိခြင်း၊ တတိယ-သတ္တဝါဟု အမှတ်ရှိခြင်း၊ စတုတ္ထ-လုံ့လ ပယောဂပြုပြီး သတ်ခြင်း၊ ပဉ္စမ-သတ်လိုက်သဖြင့် သေခြင်းဟူသော အင်္ဂါ (၅) ရပ်နှင့် ပြည့်စုံခဲ့လျှင် ကံမြောက်ပြီး အပါယ်ကျစေနိုင်ပါသည်။

မိမိသတ်လိုက်သော သတ္တဝါသည် အကောင်အထည် ကြီးလျှင် ဇီဝိတကလာပ်များစွာကို ဖျက်ဆီးရာရောက်သော ကြောင့် ပို၍ အပြစ်ကြီးပါသည်။ သီလရှိသော ပုဂ္ဂိုလ်တို့မှာ သီလဂုဏ်ကြောင့်လည်းကောင်း၊ အမိအဘ ရဟန္တာစသော ပုဂ္ဂိုလ်တို့မှာ အနန္တဂုဏ်တို့ကြောင့် အပြစ်ပိုကြီးပါသည်။

အကောင်အထည်သေးငယ်သော ခြင်၊ ကြမ်းပိုး၊ ပုရွက်ဆိတ် စသော သတ္တဝါများကိုသတ်လျှင် အကောင်အထည်သေးသောကြောင့် လုံ့လစိုက်မှုအားထုတ်မှုနည်းသဖြင့် အပြစ်သေးပါသည်။

ထို့ကြောင့် လူသည် တရား ကင်းကွာသွားပြီဆိုလျှင် ဒေါသအမှုအခိုအငွေ့ ကိန်းအောင်းသွားပြီဖြစ်၍ တိရစ္ဆာန်ထက်ပင် ကြောက်စရာအဖြစ်သို့ ရောက်ရှိသွားတတ်ပါသည်။

ယခုအမှုအတွင်လည်း အကုသိုလ်အမှုကို အသိတရားဖြင့် သတိမထားခဲ့မှုကြောင့် တစ်ဦးကဆုံး၍ တစ်ဦးက ရှုံးသွားခဲ့ပါပြီ။ ကာယနှင့် ဉာဏ တရားသဖြင့် ယှဉ်ပြိုင်ပွဲတွင် ရှုံးနိမ့်သွားခြင်းက နောက်တစ်ဖန်ကြိုးစားလျှင် အောင်မြင်နိုင်ပါသည်။ ယခု မတရားသည့် အကုသိုလ်အမှုက ရှုံးနိမ့်သွားပြီဖြစ်၍ အပယ်၊ ငရဲသို့သာ။

ပစ္စုပ္ပန်၊ အနာဂတ်နှင့် သံသရာတွင် ကြုံဆုံခံစားရမည့် အပါယ်ဘုံနှင့် ဝဋ်ကြွေးကို မတွေ့ကြသူများ၊ မကြောက်ကြသူများက အကုသိုလ်နှင့် ဒုစရိုက်မှုများကို ကြံစည်ဆဲ၊ ပြောဆိုဆဲ၊ ပြုကျင့်ဆဲပင် ရှိနေကြပါသည်။ မည်သို့ရှိစေ၊ ရာဇဝတ်ပြစ်မှုများကို မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ဖြစ်ပွားခဲ့ပြီးသော ရာဇဝတ်ပြစ်မှုများကိုလည်း မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်တစ်ရပ်ပင် ဖြစ်ပါပေသည်။

ယခုအမှုတွင် ပြစ်မှုကျူးလွန်ပြီး၍ နာရီပိုင်းမျှအကြာ ပြစ်မှုကျူးလွန်သူနှင့် သက်သေခံအထောက်အထားများ၊ သဲလွန်စများကို စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါသည်။ ထို့ကြောင့် ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့ကြသော မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိများ၊ အမှုစစ်များနှင့် သက်ဆိုင်သူများကို ဂုဏ်ပြုသောအားဖြင့် "အိုင်အိုအောင်မြင်သူနှင့် စကားပြောသော သဲလွန်စများ" ဟု မှတ်တမ်းတင်အပ်ပါသည်။

စုံထောက်မောင်ရေခဲ

မှတ်ချက် - ဤအမှုကို ရေးသီနိုင်အောင် ကူညီပံ့ပိုးပေးပါသော မှခင်းသတင်းဂျာနယ်မှ သတင်းထောက် ငြိမ်းချမ်း (ပြည်) အား ကျေးဇူးတင်ရှိပါသည်။ အမှုမှ သေဆုံးသူနှင့် ဇနီးတို့၏ အမည်မှန်များကို ဂုဏ်သိက္ခာအရ ဖုံးကွယ်ပြောင်းလွဲထားပါသည်။

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



■

ကျော်မိုးနှင့်စောဂျိမ်း မော်တင်စွန်း
...တို ရောက်သည့်အချိန်က ဘုရား
... ရက်မဟုတ်။ သွားရောက်သည့်
... မော်တင်စွန်းဘုရားကနေ
...ာင်၊ မြွေတောင်မှ နှစ်မိုင်ခန့်ဝေး
... ပင်လယ်ကမ်းခြေမှ ရခိုင်ရွာက
... တစ်ရွာကို ဖြစ်သည်။

ထိုရွာတွင် ကိုဘမောင်နှင့် ကို
...ဆိုသော ညီအစ်ကိုနှစ်ယောက်
...။ ထိုညီအစ်ကိုနှင့် လွန်ခဲ့သော
...ခန့်က မော်တင်စွန်းဘုရားပွဲတွင်
...ရင်း ခင်မင်ရင်းနှီး သွားကြခြင်းဖြစ်
...

ကျော်စိုးနှင့် စောဂျိမ်းက အမဲပစ်
...ပါသောကြောင့် သူတို့ရွာကို
...ည်လာပါရန်နှင့် ရွာပတ်ဝန်းကျင်
...များအတွင်း အမဲပစ်ရန် ခေါ်သော
ကြောင့် ရောက်ခဲ့ကြခြင်းဖြစ်သည်။

သိပ်မရှာလိုက်ရ၊ အထည်ရောင်းသော ကိုဘမောင်နှင့်ကိုဘသိန်းတို့ ညစ်အစ်ကိုအိမ်ကို ရောက်လာကြသည်။ မထင်မှတ်ဘဲ ရောက်လာသောကြောင့် ညီအစ်ကိုနှစ်ယောက်က ဝမ်းသာနေကြသည်။ ကိုဘမောင်က ရခိုင်သံဝဲဝဲဖြင့်-

"ဝမ်းသာပါတယ်ဗျာ။ ခင်ဗျားတို့ လာမယ်တောင် မထင်ဘူး။ ကျွန်တော်တို့ နေရာက ဝေးတာကိုးဗျ။ ဘုရားပွဲရက်လောက်ပဲ လူကအသွားအလာရှိတာ အခုလို တကူးတကလာတာ သိပ်ဝမ်းသာတယ်"

ကျော်စိုးက-

"ခင်ဗျားတို့ ရွာနားမှာ တောကောင်တွေပေါတယ် ကြားလို့ လာချင်နေတာကြာပြီ။ လာဖို့ကို စောဂျိမ်းနဲ့ ချိန်းနေတာလည်း ကြာပြီ။ အခုမှ နှစ်ယောက်စလုံးအားလို့ ထွက်လာကြတာ။ ဟိုဇ်းကြီးကနေ မော်တော်ငှားပြီး လာခဲ့ရတယ်ဗျ။ ဒါတောင် မော်တော်ဆရာတွေက သိပ်မလိုက်ချင်ဘူး။"

"ဟုတ်တယ်လေ ဆရာရဲ့၊ အပြန်ကို လူမှမရတာကိုး။ လိုက်ပို့တာပဲ တော်လှပြီ။"

ကိုဘသိန်းက-

"ကဲ…ကဲ…ဆရာတို့ ကျွန်တော့်အစ်ကိုကြီးနဲ့ စကားပြောကြဦး။ ဆရာတို့ စားဖို့သောက်ဖို့အတွက် စီမံလိုက်ဦးမယ်။ ဒီမှာကတော့ ပင်လယ်နဲ့နီးလို့ ပင်လယ်စာတွေပဲ စားရမယ်ဗျာ"

စောဂျိမ်းက -

"သိပ်ကောင်းပေါ့ ကိုဘသိန်းရယ်။ ကျွန်တော်တို့ကလည်း ပင်လယ်စာတွေ မစားဖူးလို့ သိပ်စားချင်နေတာ"

"ဟုတ်လား။ ဒါဆို စိတ်ချ ဆရာတို့ မစားဖူးတာတွေ ကျွေးမယ်"

စောဂျိမ်းနှင့်ကျော်စိုးက ကိုဘမောင်နှင့် စကားကောင်းနေချိန်တွင် ကိုဘသိန်းက (၁) နာရီအတွင်း ထမင်းပွဲကို ဖွယ်ဖွယ်ရာရာ စီစဉ်ပြီးဖြစ်သည်။

"လာ ဆရာတို့၊ ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီ"

"ခင်ဗျားတို့ နှစ်ယောက်လည်း လာလေဗျာ။ အတူစားရအောင်"

"ဆရာတို့ အရင်စားကြပါ။ ကျွန်တော်တို့ နောက်မှစားမယ်"

"ခင်ဗျားတို့ဟင်းတွေက ဘာတွေတုန်းဗျ။ လုပ်စမ်းပါဦး"

"ဒါကို ကျောက်ပုစွန်သုပ်၊ ဒါက ပင်လယ်မျှော့ဟင်း။ ဒါက ငါးဆင်ခြောက်ဖုတ်။ ဒါက ခရုဟင်းချို၊ ပြီးတော့ ဒါက ငရုတ်သီးထောင်း"

"ကောင်းတယ်ဗျာ။ မစားဖူးတာတွေကြီးပဲ"

စောဂျိမ်းနှင့်ကျော်စိုးတို့ နှစ်ယောက် ခွျေးတလုံးလုံးဖြင့် ခေါင်းမဖော်အောင် စားကြပြီးနောက် စောဂျိမ်းက -

"ကိုဘသိန်း ခင်ဗျား ငါးဆင်ခြောက် အုန်းဆံကြိုးကြီး ဝါးရသလိုပါလား။ ဘာမှလည်း အရသာ မရှိဘူး"

ကိုဘသိန်းက ရယ်သည်။

"ငါးဆင်ခြောက်ဆိုတာ ကြာကြာဝါးမှ အရသာပေါ်တာ ဆရာရဲ့။ ဆရာပြောတဲ့ အုန်းဆံကြိုးကို ညက်နေအောင် ဝါးလိုက်ဆရာ။ အရသာတွေလာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com


ဇော်ဂျိမ်းက ငါးဆင်ခြောက်ကို ဝါးရင်းသဘောပေါက်သွားသည်။

"အေးဗျ။ ဟုတ်တယ်။ ကြာကြာ ဝါးမှ အရသာပေါ်တာကိုးဗျ။ ဒီတစ်ခါပဲ စားဖူးတယ်။ ကောင်းတယ်ဗျာ"

ကျော်စိုးက ခရုဟင်းချို ခပ်သောက်ရင်း-

"တောပစ်က ဘယ်တော့ ထွက်ကြမှာတုန်း"

"ဆရာတို့ရယ် ဒီနေ့တော့ ခရီးပန်းလာတာ နားကြပါဦး။ နောက်နေ့ မနက်စောစော ထွက်ကြတာပေါ့။ ကျွန်တော်တို့ရွာက တောနဲ့နီးတော့ တောကောင်တွေအသံ အမြဲကြားရတယ်။ ပင်လယ်နဲ့နီးတော့ ပင်လယ်စာလည်း စားရတယ်။ လှိုင်းပုတ်သံလည်း ကြားရတယ်"

ဇော်ဂျိမ်းက -

"ဒီနေ့တော့ စောစော အေးအေး ဆေးဆေး အနားယူပြီး မနက်စောစော ထွက်ကြရအောင်။ တောနဲ့လည်းနီးတော့ အဆင်ပြေပါတယ်"

* * * * *

ရွာထဲမှ ထွက်လာ၍ ၁၅ မိနစ်လောက် ကြာသည်နှင့် ကမ်းစပ် သဲသောင်ပြင်ကြီးပေါ်ကို ရောက်သည်။ လှိုင်းသံက တဝုန်းဝုန်း။ ပင်လယ်လေက တဖြူးဖြူးနှင့် သဲသောင်ပေါ်တွင် လမ်းလျှောက်ရသည်ကို ဇော်ဂျိမ်းနှင့် ကျော်စိုးက သဘောကျနေသည်။

သဲသောင်ပြင်ပေါ်တွင် လျှောက်လာကြရင်း နာရီဝက်လောက်အကြာတွင် ပေ ၁၀၀ ကျော်လောက်မြင့်သော ကျောက်တောင်ကြီးတစ်ခုကို ခပ်လှမ်း



လှမ်းတွင် မြင်လိုက်ကြရသည်။ အ
လိုက်လာသော ကိုဘသိန်းက -

"အဲဒီ ကျောက်တောင်
အနောက်ဘက်မှာ တောကြီးရှိ
တောကောင်တွေက ပေါမှပေါပဲ။
က ပင်လယ်နဲ့နီးတော့ တံငါ
လူတွေပဲများတယ်။ မုဆိုးကလည်
အမဲလိုက်တာတို့လည်း မလုပ်ကြ
တောကောင်တွေ ပေါချင်တိုင်း
တာပေါ့"

ဇော်ဂျိမ်းတို့ လျှောက်လာ
သဲသောင်ပေါ်မှ ဖဲ့ထွက်ကာ အုန်း
တစ်ခုအတွင်းသို့ ဝင်လိုက်ကြ
အုန်းတောကို ၄၅ မိနစ်လောက်
လိုက်သည်နှင့် သဲသောင်နှင့် ပင်
ကြီးကို ဘွားခနဲ တွေ့လိုက်ရပြန်
ကျော်စိုးက-

"ကိုဘသိန်း ဒီပင်လယ်နဲ့
သောင်က"

"စောစောက ကျွန်တော်
လျှောက်လာတဲ့ သဲသောင်ပဲလေ
ရိုးတန်းက ကွေ့နေတာကို ကျွန်
တို့က အုန်းတောထဲက ဖြတ်
ပြန်ဆုံကြတာ"

"ဩော် . . ."

ထိုအချိန်တွင် ရှေ့ကိုက်
လောက်တွင် ရှိသော သဲသောင်
မျောက်တစ်အုပ်ကို လှမ်းမြင်လို
သည်။ မျောက်များက ဟိုပြေးဒီ
အလုပ်ရှုပ်နေကြသည်။ ဇော်ဂျိ
ကျော်စိုးကို လှမ်းပြောလိုက်သည်

"ကျော်စိုး မျောက်ချေး
စားရပြီပေါ့"

ကိုဘသိန်းက -


www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့က ဒီမျောက်တွေ ပစ်မလို့လား"

"အင်းပေါ့"

"ကျွန်တော်တို့ ဒီဒေသမှာ ဒီမျောက်တွေကို မစားဘူးဆရာ"

"ဘာဖြစ်လို့လဲ"

"အဲဒီအကောင်တွေကို မျောက်တံငါလို့ ခေါ်တယ်။ ဒီကောင်တွေက ကျောက်ကြိုကျောက်ကြားက ပင်လယ်ငါးလည်းစားတယ်။ ကဏန်းလည်း စားတယ်"

"ကျွန်တော်တို့ မုဆိုးလုပ်လာတာကြာပါပြီ၊ မျောက်ဆိုတာ အသီးအရွက်ပဲ စားတာတွေ့ဖူးပါတယ်။ ဘယ့်နှယ်ငါးတို့ ကဏန်းတို့ စားရတယ်လို့"

ကိုဘသိန်းက မျောက်အုပ်ဆီသို့ တစ်ချက်လှည့်ကြည့်လိုက်ရင်း -

"ကဲ လာ ဆရာတို့ကို မကြုံဖူးတာ ကျွန်တော်ပြမယ်။ ကျွန်တော့်နောက်က လိုက်ခဲ့"

ကိုဘသိန်းက ရှေ့ကသွားနေရင်း တစ်နေရာတွင် ဆီးပင်များ အုပ်လိုက်ပေါက်နေသော ဆီးတောတစ်ခုကို ရောက်လာသည်။ ဆီးပင်များအောက်တွင် ဆီးသီးခြောက် ဆီးသီးမှည့်များ ခြေချစရာ နေရာမရှိအောင် ကြွေကျနေသည်။ ကောက်စားမည့်သူမရှိ။ အပင်ပေါ်တွင်လည်း ဆီးသီးမှည့်များ တွဝင်းဝင်း။ ဆီးပင်အုပ်စု အစပ်အရောက်တွင် မျောက်အုပ်နှင့် ကိုက် ၅၀ လောက်သာ ဝေးတော့သည်။

ကိုဘသိန်းက လက်ပြလိုက်သောကြောင့် ဆီးပင်များအကွယ်တွင် နေရာယူလိုက်ကြသည်။ မျောက်အုပ်က ကွိကွကွနှင့် အလုပ်ရှုပ်နေကြဆဲ။ စောဂျိမ်းက -

"ကိုဘသိန်း ဒီကောင်တွေ ဘာလုပ်နေကြတာလဲ"

"ဒီကောင်တွေ ကဏန်းနှိုက်စားနေကြတာဗျ။ သူတို့တာလုပ်နေကြတယ်ဆိုတာ ဆရာသေသေချာချာကြည့်"

စောဂျိန်းနှင့် ကျော်စိုးက မျောက်အုပ် လှုပ်ရှားနေပုံကို ဂရုစိုက်ကြည့်ရင်း သဘောပေါက်သွားသည်။ ကဏန်းတွင်းများ ထဲသို့ မျောက်က အမြီးကို ထိုးသွင်းလိုက်သည်။ အမြီးကို ကဏန်းညှပ်လိုက်သောအခါ အပေါ်သို့ ဆွဲထုတ်လိုက်သည်။ အမြီးတွင်ပါလာသော ကဏန်းကို မျောက်က ဆွဲယူလိုက်ကာ ဝါးစားလိုက်သည်။ စောဂျိမ်းက-

"သဘောပေါက်ပြီ ကိုဘသိန်းရေ။ အသားစားတဲ့ မျောက်ကို ခုမှပဲ ကြုံဖူးတော့တယ်။ ခြည် - ကျော်စိုးတို့ စားဖူးတဲ့ မျောက်ချေးခါးက အသီးအရွက်တွေ စားတဲ့ မျောက်ချေးခါးကွ။ အခု မျောက်ချေးခါးက အသီးအရွက်ရော အသားရော ပါတဲ့ မျောက်ချေးခါးပေါ့ကွာ"

"ဆရာတို့ ပစ်မှာလား"

"ဒါပေါ့"

"ဒီကောင်တွေ အသားက စားမကောင်းဘူး ဆရာ"

"ကျွန်တော်တို့က အသားမစားပါဘူး။ ချေးခါးပဲ စားမှာပါ"

"ဒါဆိုရင် ဒီကောင်တွေကို ဒီကနေ လှမ်းပစ်ရင် ဝေးမှာပေါ့။ တောထဲပြန်ဝင်လာမှ ပစ်ရင်မကောင်းဘူးလား။ ဒီကောင်တွေ သိပ်မ[illegible]ဘူး။ ပြန်ဝင်

ကဏန်းတွင်းများထဲသို့ မျောက်က အမြီးကို ထိုးသွင်းလိုက်သည်။ အမြီးကို ကဏန်းညှပ်လိုက်သောအခါ အပေါ်သို့ ဆွဲထုတ်လိုက်သည်။ အမြီးတွင်ပါလာသော ကဏန်းကို မျောက်က ဆွဲယူလိုက်ကာ ဝါးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com




လာလိမ့်မယ်။ အဝင်လမ်းက စောင့်ပစ်ကြပေါ့"

"ကောင်းတယ် ကိုဘသိန်း"

ကိုဘသိန်းက လမ်းပြရင်း ရှေ့က သွားသည်။ ကျောက်တောင်ကြီးက လက်ယာဘက်တွင် ကျန်နေခဲ့သည်။ တောင်နောက်ကြောရှိ တောစပ်အရောက်တွင် ကိုဘသိန်းက ရပ်လိုက်သည်။ တောစပ်က ချုံပုတ်များ၊ ဆီးပင်များ၊ သင်ပေါင်းပင်များနှင့် ရှုပ်နေသည်။

သိပ်မကြာလိုက်၊ မျောက်များက ကဏန်းများစားပြီး ဝသွားသောကြောင့် စောဂျိမ်းတို့ရှိရာ တောစပ်သို့ တစ်ကွဲတစ်ပြားစီ အပြေးလာနေကြသည်။ စောဂျိမ်းနှင့် ကျော်စိုးက မုဆိုးအူထောက်ထိုင်ကာ သေနတ်များကို အသင့်ချိန်ထားလိုက်သည်။ ကိုဘသိန်းက မျက်တောင် မခတ်ကြည့်နေသည်။

"ဒိုင်း"

"ဖောင်း"

စက္ကန့်ပိုင်းလောက်သာ ခြားကာ မတူညီသော သေနတ်သံနှစ်ချက် ထွက်သွားပြီးနောက် မျောက်နှစ်ကောင်သဲသောင်ပြင်ပေါ်တွင် အရုပ်ကြိုး ပြတ်လဲကျသွားသည်။ အခြားမျောက် များက သေနတ်သံကြောင့် တကွဲတပြား စီထွက်ပြေးကုန်ကြသည်။ ထိုအချိန် တွင် အနောက်ဘက်ဆီမှ တဗျောဗျော ့တောတိုးသံကြီးနှင့်အတူ "ဂရား" ဟု အသံနက်ကြီး ထွက်ပေါ်လာသည်။

စောဂျိမ်းရော ကျော်စိုးပါ လန့်ဖျပ်၍ နောက်လှည့်ကြည့်လိုက်သည်။ သင်ပေါင်းတောထဲမှ ဒရောသောပါး ပြေးထွက်လာသော မည်းမည်းအကောင်ကြီး။ စောဂျိမ်းတို့ ရှိရာသို့ သင်ပေါင်းပင်များကို တိုးကာ တည့်တည့်ပြေးလာနေခြင်းဖြစ်သည်။

စဉ်းစားချိန် မရလိုက်။ သေနတ်ကိုင်ထားသော လက်များက မောင်းကွင်းအသီးသီးကို ဆွဲကိုင်လိုက်ကြ... သေနတ်သံနှစ်ချက် မောင်းကွင်းအ... သီးကို ဆွဲလိုက်ကြသည်။ သေန... နှစ်ချက်တစ်ပြိုင်နက် ထွက်သွ... နောက် မည်းမည်းအကောင်ကြ... တုံ့ခနဲ ရပ်သွားသည်။ စက္ကန့်ပိုင်းအ... နောက်ထပ် သေနတ်သံနှစ်... ရှေ့ဆင့်နောက်ဆင့် ထွက်သွားပြန်...

ဗုန်းခနဲမြည်ကာ သတ္တဝါ... ကြီးက လဲကျသွားတော့သည်။ ... မလှုပ်တော့။ ထိုအခါကျမှ ကျော်... စောဂျိမ်းတစ်ယောက်မျက်နှာ ... ယောက် ကြည့်လိုက်ကြသည်။ ... က -

ဗုန်းခနဲမြည်ကာ သတ္တဝါကောင်ကြီးက လဲကျသွားတော့သည်။ လုံးဝ မလှုပ်တော့။ ထိုအခါကျမှ ကျော်စိုးနှင့် စောဂျိမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ စောဂျိမ်းက -


www.burmeseclassic.com

www.burmeseclassic.com



အဲဒီ
ကျောက်တောင်ကြီး
အနောက်ဘက်မှာ
တောကြီးရှိတယ်။
တောကောင်တွေက
မှုပေါပဲ။ ရွာမှာက
ပင်လယ်နဲ့နီးတော့
တံငါလုပ်တဲ့
သူတွေပဲများတယ်။
မုဆိုးကလည်းမရှိ၊
လိုက်တာတို့လည်း
မလုပ်ကြတော့
တောကောင်တွေ
ပေါချင်တိုင်း
ပေါနေတာပေါ့..

"မထင်ဘူးကွ။ ငါတောင်လန့်သွားတယ်"

"ဒီနေရာမှာ ဝက်ဝံရှိမယ်လို့ ကျွန်တော်လည်း မထင်ဘူး"

ကိုဘသိန်းက ဘယ်ကထွက်လာသည်မသိ။ မျက်စိမျက်နှာပျက်နှင့် ထွက်လာသည်။

"ကိုဘသိန်း ခင်ဗျားခေါ်လာတဲ့ တောက တကယ့်တောပဲဗျ။ ကျွန်တော်တို့ တောပစ်ထွက်ပေါင်းများပြီ။ တောတိုင်းမှာ ဝက်ဝံမတွေ့ဘူးဗျ"

"အဲဒါ ဝက်ဝံလား ဆရာတို့။ ကျွန်တော်တော့ တစ်ခါမှတောင် မမြင်ဖူးဘူး"

"တော်သေးတာပေါ့ဗျာ။ ကျွန်တော်တို့က လက်မြန်လို့ နို့မို့ရင် မတွေးရက်အောင်ပဲ"

"ရွာနဲ့နီးတဲ့ တောဆိုတော့ ကျွန်တော်တို့က ဒီလိုကောင်မျိုးရှိမယ်တောင် မတွေးမိဘူး။ သိပ်အန္တရာယ်များတဲ့ အကောင်မျိုး"

"စောဂျိမ်း ကျွန်တော်ထင်တာတော့..."

"အေး...ပြော"

"ဒီကောင်မျိုးက သားငါးကြိုက်တဲ့ အကောင်မျိုးဗျ။ ပင်လယ်နဲ့နီးတော့ ကျောက်ကြိုကျောက်ကြားက သားငါးရှာစားရအောင်လာရင်း ကျွန်တော်တို့နဲ့ တွေ့တာ ဖြစ်နိုင်တယ်"

"အေး...ဖြစ်နိုင်တယ်။ ခုတော့ ကံဆိုးတာပေါ့ကွာ။ ကျည်လေးချက်နဲ့ ဇာတ်သိမ်းသွားပြီ။ ကဲ - ကိုဘသိန်းရွာပြန်ပြီး ရွာသားတွေ အကူအညီတောင်းပြီး သယ်ရအောင်၊ ကျုပ်တို့က မျောက်တွေ ထမ်းပြီး ပြန်ကြတာပေါ့ဗျာ"

"တောကောင် ထပ်မပစ်တော့ဘူးလား။ တောထဲတောင် မဝင်ရသေးဘူး"

"ဟင်းစားလည်ရပြီဗျာ။ သေနတ်သံတွေကြောင့် တခြားအကောင်တွေလည်း ပြေးကုန်ရောပေါ့။ နောက်နေ့ပေါ့"

"ဒီကောင်ကြီးက စားလို့ရသလား"

"ခင်ဗျားတို့ ရွာသားတွေတော့ စားမစားမသိသေးဘူး။ ကျုပ်တို့မုဆိုးတွေကတော့ စားလို့ရတာ အကုန်စားပဲ"

ကျော်စိုးက -

"စောဂျိမ်း ဒီကောင်ကြီးမှာ ကျွန်တော်တို့ ယောကျ်ားတွေအတွက် အကျိုးပြုတာ တစ်ခုရှိတယ်သိလား"

"သိပါတယ်ကွာ။ ဝံသည်းခြေလေ။ ကဲ - ကိုဘသိန်း မျောက်တွေထမ်းပြီး ပြန်ကြရအောင်"

ကိုဘသိန်းက သေနေပြီဖြစ်သော ဝက်ဝံကြီးကို တစ်ချက်ကြည့်ကာ ကယောင် ကတမ်းနှင့် နောက်က လိုက်လာခဲ့တော့သည်။

မောင်မြင့်မား (ဗိုလ်ကလေး)





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



■

တစ်နေ့တာလုံး ထွန်းလင်းတောက်
သော သူရိန်နေမင်းကြီးသည် နောက်
ချိန်ထိ အလင်းရောင်ပေးရင်း
တ်သမုဒ္ဒရာထဲသို့ တဖြည်းဖြည်း
ောက်ပျောက်ကွယ်သွားလေသည်။
င်သွားပြီဖြစ်သောကြောင့် နောဝစ်ရှ
း၏ သာယာလှပသော ပစိဖိတ်
ခြေတစ်လျှောက်တွင် မှိန်ဖျော့ဖျော့
င်းရောင်သာ ကျန်ရှိနေတော့သည်။
အချိန်တွင် ကမ်းခြေနှင့် အပြိုင်
က်လုပ်ထားသော မီးရထားလမ်း
တွင် အဖြူရောင်ဂါဝန်ရှည်ကို ဝတ်
င်ထားသော ဆယ်ကျော်သက်
ကလေးတစ်ယောက်သည် ကမ်းခြေ
သို့ မျက်နှာမူကာ ထိုင်နေသည်။
ထားလမ်းမှာ ကမ်းခြေတလျှောက်
က်လုပ်ထားသည်ဖြစ်ရာ မြင်ကွင်း
သောကြောင့် LA နောဝစ်ရှမြို့လေးဆီ
ခုတ်မောင်းလာနေသော မီးရထား
ငွေရောင်ရထားစက်ခေါင်းကြီးကို
ကလေး ထိုင်နေရာ ၁ မိုင်ခန့်
အကွာမှပင် မြင်ရနိုင်ပေသည်။ သို့သော် မီးရထားကြီး တဖြည်းဖြည်းနီးကပ်လာသော်လည်းပဲ ထိုမိန်းကလေးမှာ မီးရထားသံလမ်းပေါ်မှ မဆင်းဘဲ နေရာတွင်ပင် မလှုပ်မယှက်ထိုင်နေသည်။ မီးရထားကြီးမှာ အင်အားအပြည့်ဖြင့် တဂျုန်းဂျုန်း ခုတ်မောင်းရင်း အရှိန်ပြင်းစွာ ရွေ့လျားနေသည်။ သူမထိုင်နေသော သံလမ်း၏ ဇလီဖားတုံးများမှာ ရထားခုတ်မောင်းလာသော အရှိန်ကြောင့် တုန်ခါစပြုလာသည်။ သံလမ်းပေါ်တွင် နားနေသော စာကလေး တစ်ကောင်ပင် အလန့်တကြားထပျံသွားသည်။ ရထား၏ မီးလုံးကြီးများမှာ သူမ၏ ကိုယ်ပေါ်သို့ တည့်တည့်ကြီးကျရောက်လာပြီးနောက် အန္တရာယ်အချက်ပေး ဥဩသံကြီးထွက်လာသည်။ လေပြင်းတစ်ချက်တိုက်လိုက်သောကြောင့် သူမရဲ့ ဆံပင်များကလည်း ဖွာလန်ကျဲအောင် လွင့်သွားသည်။ အဖြူရောင်ဂါဝန်ဝတ်ထားသော ကောင်မလေးကတော့ လှုပ်ရှားမှုမရှိဘဲ တဂျုန်းဂျုန်းခုတ်မောင်းလာသော ရထားကြီးရဲ့ ရှေ့မှာသူမရဲ့ ခန္ဓာကိုယ်သေးသေးလေးကို ချကျွေးထားသည်။ ထို့နောက် အချိန်တစ်ခဏအတွင်းတွင် ကြီးမားလှသော ငွေရောင်ရထားကြီးသည် အဖြူရောင်ကောင်မလေး၏ အပေါ်မှ ဖြတ်ကျော်ခုတ်မောင်းသွားခဲ့တော့သည်။

ခဏအကြာမှာတော့ ငွေရောင်ရထားကြီးသည် မီးရထားသံလမ်းပေါ်တွင် တွားသွားသတ္တဝါတစ်ကောင်လို မလှုပ်မယှက် ရပ်ကာနေသည်။ မီးရထားလမ်းဘေးတွင်မူ အပြာရောင်၊ အနီရောင်မီးများလင်းလက်နေသော ရဲကားများဖြင့် ပြည့်နှက်ကာနေသည်။

အလွတ်စုံထောက်တစ်ဦးဖြစ်သော ဒေါက်တာအဒမ်ဟာမစ်သည် အခင်းဖြစ်ပွားရာသို့ လမ်းလျှောက်လာပြီး ကောင်မလေးထိုင်နေခဲ့ရာ မီးရထားလမ်းဘေးတွင် ဒူးတစ်ဖက်ထောက်ကာထိုင်လိုက်သည်။ ဆရာဝန်တစ်ဦးလည်းဖြစ်၊ နာမည်ကြီးအပျော်တမ်း အလွတ်စုံထောက်တစ်ဦးလည်းဖြစ်သော ဒေါက်တာ အဒမ်မှာ အသက် ၃၂ နှစ်ခန့်ရှိပြီး အရပ်မြင့်မြင့်မားမား ထောင်ထောင်မောင်းမောင်း အိုင်းရစ်လူမျိုးတစ်ဦးဖြစ်သည်။ သူလိုက်သော အမှုဆိုလျှင် မပေါ်သောအမှုမရှိဟု နာမည်ကြီးလှသည်။ ဒေါက်တာအဒမ်သည် ဆယ်ကျော်သက် ကောင်မလေးကို မီးရထားတိုက်သွားရာတွင် ကျန်ခဲ့သော အပိုင်းအစများကို သေသေချာချာကြည့်ရှုစစ်ဆေးကာနေသည်။ အနီရောင်သွေးများက သူမရဲ့ အဖြူရောင်ဂါဝန်ရှည်ပေါ်တွင် စိတ္တဇပန်းချီကားတစ်ချပ်လို ပြန့်ကျဲစွန်းထင်းနေသည်ကိုတွေ့ရသည်။ သူမရဲ့ ကိုယ်ပေါ်တွင်မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထား တစ်စုံတစ်ရာမတွေ့ရချေ။ ထိုကောင်မလေးရဲ့ ပြတ်ထွက်သွားသော လက်တစ်ဖက်ကို လက်အိတ်စွပ်ထားသော လက်နှင့် ကောက်ယူကြည့်လိုက်ရင်း

"တမလွန်မှာ အေးချမ်းပါစေ" ဟု ဒေါက်တာအဒမ်တီးတိုးရေရွတ်ကာ ဆုတောင်းလိုက်လေသည်။

မှိန်ဖျော့ဖျော့ အလင်းရောင်အောက်တွင် ငွေရောင်မီးရထားကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်သိချင်တာက ရထားက မိန်းကလေးကိုတွေ့ရက်နဲ့ ဘာလို့ ဘရိတ် မအုပ်ရတာလဲဆိုတာပဲ။ ဒီနေရာမှာ ရထားလမ်းက ဖြောင့်တန်းနေတာ။ အနည်းဆုံး တစ်မိုင်လောက်ကိုတောင် လှမ်းမြင်နိုင်တာပဲ။ ဘရိတ်အုပ်ဖို့ လုံလောက်တဲ့ အချိန်ရတယ်. . .**

လူအပြည့်တင်ဆောင်ကာ သံလမ်းပေါ်တွင် တလှုပ်လှုပ်တရွရွဖြစ်ကာနေသည်။ အသက်လေးဆယ်ခန့် ရှိပြီဖြစ်သော်လည်း ဖျတ်လတ်သန်စွမ်းဆဲဖြစ်သော ရဲအုပ်ဟန်ဆန်သည် ဒေါက်တာအဒမ်ဆီသို့ လျှောက်လာသည်။ အနီရောင်ဆံပင်၊ အပြာရောင်မျက်လုံးနှင့် ဆွီဒင်လူမျိုးတစ်ဦးဖြစ်သော ရဲအုပ်ဟန်ဆန်သည် ဒေါက်တာအဒမ်နှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ သူတို့နှစ်ယောက် ပေါင်းပြီး ခက်ခဲသောအမှုအမြောက်အမြားကို ဖော်ထုတ်ခဲ့ကြသည်။ ရဲအုပ်ဟန်ဆန်က ဒေါက်တာအဒမ်၏ ဘေးတွင်ရပ်ကာ အလေင်းကို ငုံ့ကြည့်လိုက်ရင်း

"အင်း. . .တကယ့်ကို မကြည့်ရက်စရာဘဲ။ အမှုကို ကြည့်ရတာ မတော်တဆတော့ မဖြစ်နိုင်ဘူး။ သေကြောင်းကြံစည်တယ်လို့ ထင်ရတာပဲ။ ခင်ဗျားကောဘယ်လို ထင်လဲဒေါက်တာအဒမ်" ဟုပြောလိုက်သည်။

ဒေါက်တာအဒမ်က ထိုင်နေရာမှ ခေါင်းကိုမော့၍ ရဲအုပ်ဟန်ဆန်ကို ကြည့်လိုက်ပြီး

"ကျွန်တော်သိချင်တာက ရထားက မိန်းကလေးကိုတွေ့ရက်နဲ့ ဘာလို့ ဘရိတ်မအုပ်ရတာလဲဆိုတာပဲ။ ဒီနေရာမှာ ရထားလမ်းက ဖြောင့်တန်းနေတာ။ အနည်းဆုံးတစ်မိုင်လောက်ကို တောင် လှမ်းမြင်နိုင်တာပဲ။ ဘရိတ်အုပ်ဖို့ လုံလောက်တဲ့ အချိန်ရတယ်"

ဟု မျက်မှောင်ကုတ်ရင်း မေးလိုက်သည်။

"ခင်ဗျားသိချင်တဲ့ မေးခွန်းကို ဖြေမယ့်သူလာပါပြီဗျာ။ ဟော. . .ဟိုမှာ. . ."

ရဲအုပ်ဟန်ဆန်က မေးဆတ်ပြရင်း ပြောလိုက်ရာကို ဒေါက်တာအဒမ်ကြည့်လိုက်တော့ ဝဝပုပုအသားနီစပ်စပ်နှင့် သဘောကောင်းမည့် အသွင်ရှိသော လူတစ်ဦး သူတို့ဆီသို့ အပြေးလာနေသည်ကို တွေ့ရသည်။ ထိုသူမှာ မီးရထားဝန်ထမ်း ဝတ်စုံအပြာရောင်ကို ဝတ်ဆင်ထားပြီး ခေါင်းတွင်လည်း မီးရထား တံဆိပ်ပါသော ဦးထုပ်ကို ဆောင်းထားသည်။ ပြေးလာသူသည် ဒေါက်တာအဒမ်တို့အနားတွင် ရပ်လိုက်သည်။ ထိုသူ၏ တစ်ကိုယ်လုံးမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါကာ နေသည်။

"ကျွန်တော့်နာမည် ဝဲလ်ဖီးလစ်ပါ။ ဒီမီးရထားမောင်းတဲ့ အင်ဂျင်နီယာပါ။"

ထိုသူက စိတ်လှုပ်ရှားမောဟ[illegible]
ပြောလိုက်သည်။

"ကျွန်တော်က ရဲအုပ်ဟန်ဆ[illegible]
သူကတော့ အလွတ်စုံထောက် [illegible]
တာ အဒမ်ပါ။ ခင်ဗျားစိတ်လှု[illegible]
နေမယ်ထင်တယ်။ ကျွန်တော်တို့ [illegible]
ခွန်းနည်းနည်း မေးလို့ရမလား။" ဝဲ[illegible]
လစ်က သူတို့နှစ်ယောက်ကို မျက်[illegible]
အဝိုင်းသားနှင့် တစ်လှည့်စီ ကြည့်[illegible]
ပြီးမှ တုန်တုန်ရီရီနှင့် ပြန်ပြော[illegible]

"ဟုတ်ကဲ့။ ကျွန်တော် သိ[illegible]
အမှန်အတိုင်းဖြေပါ့မယ်"

"ကျွန်တော်သိချင်တာက မိ[illegible]
လေးကိုတွေ့တော့ ဘာလို့ရထားဘ[illegible]
ကို အချိန်မှီမအုပ်ရတာလဲ"

ဒေါက်တာအဒမ်ကဝဲလ်ဖီးလ[illegible]
စူးစူးစိုက်စိုက်ကြည့်ကာ မေးလိုက်သ[illegible]

"ကျွန်တော်. . .ကျွန်တော်လ[illegible]
မသိဘူး။ ဒီနေရာက မြင်ကွင်းရှင်း[illegible]
ကျွန်တော် အရှေ့တစ်မိုင်လောက်[illegible]
ကြိုမြင်နိုင်တယ်။ ဒီရှေ့နားက ရ[illegible]
လမ်းကွေ့ကို ဖြတ်တော့လည်း ကျွန်[illegible]
ဥသြဆွဲပါတယ်"

ဝဲလ်ဖီးလစ်က ကိုယ်ကို [illegible]
လိုက်ပြီး ရထားခုတ်မောင်းခဲ့ရာ [illegible]
ကို လက်ညှိုးထိုးပြသည်။

www.burmeseclassic.com



"ကျွန်တော် ဒီမိန်းကလေးကို ...ဘူး။ သူရထားလမ်းပေါ်မှာ လုံးဝ ...ပါဘူး။ ဒါပေမဲ့ အနီးရောက်မှ ...ရက်ချက်ချင်းကြီး သံလမ်းပေါ်မှာ ...ဲ တွေ့လိုက်ရတာ။ မျက်လှည့်ပြ ...သလို ရုတ်တရက်ပေါ်လာတာပါ။ ...ဆေး ... ဘုရား ... ဘုရား"

ဝဲလ်ဗီးလစ်က ပြောရင်းနဖူးပေါ်မှ ...လာသော ချွေးများကို သူ့ရဲ့ လက် ... သုတ်လိုက်သည်။

ဒေါက်တာအဒမ်နှင့် ရဲအုပ်ဟန်ဆန် ... တစ်ယောက်မျက်နှာကို တစ် ...က် အပြန်အလှန် ကြည့်လိုက်ကြ ...။ ဒေါက်တာအဒမ်က အလောင်း ...တွင် ပြန်ထိုင်ချလိုက်ပြီး အလောင်း ...ပြန်လည်စစ်ဆေး လိုက်ကာ ကျယ် ...င်သော အသံဖြင့်ပြောလိုက်သည်။

"သူ့ကို ကြိုးချည်ထားတဲ့ လက္ခ ...တော့ မတွေ့ရဘူး"

"အင်း ... မူးယစ်ဆေးသုံးထားသ ...ဆိုတာတော့ ကျွန်တော်တို့ စစ် ...ရမှာပေါ့လေ"

ရဲအုပ်ဟန်ဆန်က ဒေါက်တာအဒမ် ... ပြောလိုက်သည်။

ဒေါက်တာအဒမ်က ထရပ်လိုက် ... ရဲအုပ်ဟန်ဆန်ကို ကြည့်ကာ

"ဆေးစစ်ချက်ရရင်တော့ ကျွန် ...တို့ သိရမှာပေါ့ဗျာ။ ရထားလာနေ ...ကို မဖယ်ဘူးဆိုတော့ လူသတ်မှု ...တဲ့ သေကြောင်းကြံစည်မှုများလား။ ...မဲ့ ဒီအမှုမှာ ထူးခြားတာကတော့ ...မောင်းတဲ့ သူက ဒီလောက်ရှင်း ...နေတဲ့ ရထားလမ်းပေါ်မှာ ဒီမိန်းက ...ကို မမြင်ရဘူးဆိုတဲ့ အချက်ပဲ"

ဟုပြောရင်း လက်တွင် စွပ်ထားသော လက်အိတ်များကို ဆွဲချွတ်လိုက်သည်။

"ခင်ဗျား သွားနိုင်ပါပြီ။ ကျွန်တော်တို့ ထပ်သိချင်တာရှိရင် စခန်းကိုခေါ်လိုက်ပါ့မယ်"

ဟု ပြောလိုက်ရာ ဝဲလ်ဗီးလစ်က အလွန်ဝမ်းသာသွားဟန်နှင့် ခေါင်းကို ညွှတ်ကာ အကြိမ်ကြိမ်ဦးညွှတ်လိုက်ပြီး

"အချိန်မရွေး ... အချိန်မရွေးပါပဲ"

ဟုပြောကာ နှုတ်ဆက်လိုက်ပြီး ရထားဆီသို့ ပြန်ပြေးသွားသည်။

"အင်း ကြည့်ရတာတော့ ရိုးသားတဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ ကောင်မလေးကို မတွေ့ဘူးဆိုတာ ဟုတ်ပါ့မလား။ သံသယဝင်စရာပဲ"

ရဲအုပ်ဟန်ဆန်က ဝဲလ်ဗီးလစ်ပြေးသွားရာကို လိုက်ကြည့်ရင်း ကောက်ချက်ချလိုက်ရာ

"ကျွန်တော်ကတော့ ဒီအမှုက သာမန်မဟုတ်တဲ့ ထူးခြားတဲ့ အမှုတစ်ခုဖြစ်လာမယ်လို့ ခံစားရတယ်ဗျ"

ဟု ဒေါက်တာအဒမ်က စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိလိုက်ဖွာလိုက်ရင်း ရဲအုပ်ဟန်ဆန်ကို တီးတိုးပြောလိုက်တော့သည်။

* * * * *

အဖြူရောင်ကောင်မလေး၏ အလောင်းကို ရင်ခွဲရုံသို့ သယ်သွားပြီးနောက် ရပ်ထားသော ရထားကြီးသည်လည်း ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။ ထိုအချိန်တွင် ဒေါက်တာအဒမ်သည် ကမ်းခြေနှင့်အပြိုင်ဖောက်လုပ်ထားသော မီးရထားလမ်းတစ်လျှောက်တွင် ထိုအမှုရဲ့ သဲလွန်စကို စေ့စေ့စပ်စပ်လိုက်ရှာနေသည်။ ရထားမောင်းတဲ့သူက အချိန်မီရထားရပ်နိုင်ဖို့ ဒီကောင်မလေးကို ဘာလို့မမြင်ခဲ့ရတာလဲဆိုတဲ့ မေးခွန်းက ဒေါက်တာအဒမ်၏ ရင်ထဲတွင် ပဲ့တင်ထင်ဟပ်နေသည်။

"အင်း ဒီအမှုမှာ ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက် တစ်ခုရှိရမယ်"

ဒေါက်တာအဒမ်တွေးရင်း သေသေချာချာ ရှာဖွေသော်လည်း မသင်္ကာစရာ တစ်စုံတရာမျှ မတွေ့ရချေ။

အချိန် ၁၅ မိနစ်ခန့်ကြာပြီးနောက် ဒေါက်တာအာဒမ်လည်း မီးရထားသံလမ်းကို ဖြတ်ကျော်ခိုင်းလိုက်ကာ ကမ်းခြေဘက်သို့ လျှောက်လာခဲ့သည်။ ပင်လယ်၏ အနက်ရောင်လှိုင်းလုံးကြီးများက ဖြူဖွေးနေသော သဲသောင်ပြင်ကို အငြိုး





www.burmeseclassic.com

www.burmeseclassic.com


တကြီး လာရောက်ရိုက်ခတ်ကာနေသည်။ ပင်လယ်ကမ်းခြေတွင် ပင်လယ်စင်ရော်များ အုပ်စုလိုက်အစာရှာနေကြသည်ကို တွေ့နေရသည်။ လေထုထဲတွင် ပင်လယ် ဆားငံရည်နံ့က လွှမ်းမိုးထားသည်။

ပင်လယ်ကို ငေးကြည့်နေရာမှ ကိုယ်ကို လှည့်လိုက်စဉ် သံလမ်းနားရှိ ထန်းပင်တစ်ပင်၏ အောက်တွင်စားပွဲခင်းနှင့် တူသော အထည်စတစ်စဖြတ်ဖြတ်လွင့်နေသည်ကို တွေ့လိုက်ရသည်။ ထိုအထည်စရှိရာကို ဒေါက်တာအဒမ် အပြေလေးလျှောက်သွားပြီး ကောက်ယူလိုက်သည်။ ထိုအရာမှာ အလွန်ပါးလွှာသော ပလတ်စတစ်စတစ်ခုဖြစ်ပြီး သတ္တုကဲ့သို့ အလွန်တောက်ပြောင်လှသည်။ သူ့ဘဝတွင် ထိုပလတ်စတစ်မျိုးကို တစ်ခါမျှ မမြင်ဘူးခဲ့ပေ။ ထိုအစမှာ အလျား ၈ ပေ၊ အနံ ၅ ပေခန့်ရှိသည်။

"ဒါဘာလုပ်တဲ့ ပလတ်စတစ်ပါလိမ့်။"

တွေးရင်း ထိုပလတ်စတစ်ကို ခေါက်ကာ အိတ်ထဲသို့ ထိုးထည့်သိမ်းဆည်းလိုက်ပြီး နောက်သက်သေကို တစ်နာရီခန့်ကြာအောင် ဆက်လက်ရှာဖွေသော်လည်း ဘာမျှထူးထူးခြားခြား မတွေ့ရသည့်နောက် ဒေါက်တာအဒမ်လည်း အိမ်သို့ပြန်လာခဲ့တော့သည်။

* * * * *

ရထားတိုက်မိပြီး သေဆုံးသွားသော မိန်းကလေး၏ အမည်နှင့် နေရပ်လိပ်စာကို ၃ ရက်ကြာသည်အထိ ရှာဖွေ၍မရနိုင်သေးပေ။ သွေးစစ်ချက်အရ ထိုမိန်းကလေး သွေးထဲတွင် မူးယစ်ဆေး သုံးစွဲထားသည်ကို တွေ့ရ



**လူသတ်မှုဖြစ်ကြောင်း သက်သေပြစရာ မည်သည့်အရာမျှ မတွေ့ရပေ။ လူသတ်သမားမှာ အလွန်ဉာဏ်များသော လူတစ်ယောက်ဖြစ်ပြီး သေကြောင်းကြံစည်မှုနှင့် တူအောင် တမင်တကာ ကြံစည်ထားသည်ဟု ဒေါက်တာအဒမ်၏ မသိစိတ်ထဲမှ နားလည်နေသည်။**

သည့်မှအပ တခြားမသင်္ကာစရာ မတွေ့ရပေ။ ထိုအမှုဖြစ်ပြီးနောက် ရက်မြောက် ညနေခင်းတွင် ဒေါ် အဒမ်သည် အဝေးပြေးကားလမ်း ပေါ်တွင် ကားတိုက်မှုကြောင့် သေ နေသော ဆယ်ကျော်သက် ကော လေးတစ်ယောက်၏ အလောင်း ကြည့်ရှုစစ်ဆေးနေသည်။ ထိုကော လေး၏ အဖြူရောင်ဂါဝန်ပေါ်တွင် ရောင်သွေးများက စွန်းထင်းကာနေ

ကောင်မလေးကို တိုက်မိ အစိမ်းဖျော့ရောင် ဆီဒင်ကား၏ မောင်းသူမှာ အသက် ၂၅ နှစ်ဝန်း ရှိသော အမျိုးသမီးတစ်ယောက်ဖြစ် မှိန်ဖျော့ဖျော့ အလင်းရောင်အောက် ထိုရွှေဝါရောင် ဆံပင်နှင့်အမျိုးသ မျက်နှာမှာ ရဲကားများ၏ ကားမီး ကြောင့် နီတစ်လှည့် ပြာတစ်လှည့် ကာ နေသည်။ လက်ကိုင်ပုဝါနှင့် နာကို အုပ်ရင်းငိုနေသော အမျိုး အနားသို့ ဒေါက်တာအဒမ် လျှော သွားသည်။ ရဲအုပ်ဟန်ဆန်မှာ ထို သမီးအနားတွင်ရပ်ကာ အဖြစ်အပျက် စစ်ဆေးချက်ယူနေသည်ကို တွေ့ရ

"ကျွန်မ…ကျွန်မ…ကားမော လာတာ"

ထိုအမျိုးသမီးက ငိုရှိုက်ရင်း သည်။

"ကျွန်မ ဒုန်းခနဲတစ်ခုခုကို တိုက်မိလို့ ကားရပ်ပြီး ကြည့်လိုက် သူ့ကိုတွေ့တာပဲ။ သူ့အစက လမ်း မရှိပါဘူး။ ကျွန်မ…ကျွန်မ… ပါတယ်။ သူက…သူက…ဘာတ ကြီး ပေါ်လာတာပါ"


www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ပြောရင်းနှင့် ချုံးပွဲ ငိုကျွေးလိုက်သည်။ ရဲအုပ်ဟန်ဆန် အမျိုးသမီးရဲ့ လက်ကောက်ဝတ် ခ်ချက်မှု ဖျစ်ညှစ်အားပေးလိုက်

ကျွန်တော် ခင်ဗျားကို စခန်းလိုက်

ဟုပြောလိုက်သည်။

ခဏလေး။ ကျွန်တော်သူနဲ့ ပြောဖို့ လိုတယ်"

ဟု ဒေါက်တာအဒမ်က ရုတ်တ တားလိုက်သည်။

မရဘူး . . . အဒမ်။ စခန်းမှာ တွေ့ပါ"

ဟု ပြောပြီး ရဲအုပ်ဟန်သန်က သမီးကို ခေါ်ကာထွက်သွားသည်။ တိုက်မိသော ဒရိုင်ဘာများက ပါဟု အခိုင်အမာပြောကြသော ရောင်ဂါဝန်များကို ဝတ်ဆင်ထား ကောင်မလေးနှစ်ယောက်ရဲ့ အမှု တစ်ပုံစံတည်း ကြိုတင်စီစဉ်ထား လူသတ်မှုများဖြစ်သည်ဟု တာအဒမ်ယုံကြည်သည်။ သို့ လူသတ်မှုဖြစ်ကြောင်း သက်သေ မည်သည့်အရာမျှမတွေ့ရပေ။

လူသတ်သမားမှာ အလွန်ဉာဏ်များသော လူတစ်ယောက်ဖြစ်ပြီး သေကြောင်းကြံ စည်မှုနှင့် တူအောင် တမင်တကာကြံ စည်ထားသည်ဟု ဒေါက်တာအဒမ်၏ မသိစိတ်ထဲမှ နားလည်နေသည်။

"ဒါပေမဲ့ . . . ဒါကို ဘယ်လို စီစဉ် ထားတာပါလိမ့်"

တွေးရင်းဒေါက်တာအဒမ် အမှု ဖြစ်ရာ ဘေးပတ်ဝန်းကျင်ကို စေ့စေ့စပ် စပ် ကြည့်ရှုရှာဖွေလိုက်ရာ လမ်းဘေး တစ်နေရာတွင် ပြောင်လက်တောက်ပ သော ပလတ်စတစ်စတစ်ခုကို ထပ်တွေ့ ရပြန်သည်။

"ဒီ ပလတ်စတစ်က ဘာလဲ။ အမှုနှစ်ခုလုံးမှာ ဒီပလပ်စတစ်ကို တွေ့ တယ် ဆိုတော့ ဒီပေါ်မှာ ကောင်မလေး တွေကို သေစေတဲ့ အဆိပ်တွေ ဘာ တွေများ ရှိနေလား။ ဒါကို စစ်ဆေးဖို့ လိုအပ်နေပြီ ထင်တယ်။"

ဒေါက်တာအဒမ်တွေးရင်း ပလတ် စတစ်စကို ယူကာ ဘရှူးဝါးတက္ကသိုလ် သို့ ကားမောင်းထွက်လာခဲ့သည်။ ထို တက္ကသိုလ်မှ ဓာတုဗေဒ ပါမောက္ခ ဒေါက်တာလီဒန်မှာ သူနှင့် ခင်မင်ရင်းနှီး သော မိတ်ဆွေများဖြစ်ပြီး အလွန်တော် သော ဓာတုဗေဒပညာရှင် တစ်ဦးဖြစ် သည်။ ထိုပလတ်စတစ်စကို စစ်ဆေးပြီး နောက် ဒေါက်တာလီဒန်က သတ္တုရောင် ပလတ်စတစ်စကို မှန်ကဲ့သို့ အသုံးပြုနိုင် ပြီး မျက်လှည့်ပညာရှင်များ သုံးလေ့ရှိ ကြောင်း ပြောခဲ့သည်။

"မျက်လှည့်ပြတဲ့ နေရာမှာ သုံး တယ်။"

ဒေါက်တာအဒမ်တွေးနေခဲ့သည်။ ဒီအတိုင်းသာဆိုလျှင် ဒီပလတ်စတစ်စ ဟာ ဒီလူသတ်မှုကို ဖော်ထုတ်ပေးနိုင်မယ့် အရေးကြီးသက်သေပဲ။

နောက်တစ်နေ့ တစ်ညနေလုံး ဒေါက်တာအဒမ်သည် ထိုဒေသမှာရှိ သော မျက်လှည့်ဆရာများ၏ အမည်ကို စုံစမ်းရှာဖွေနေခဲ့သည်။ သူစုံစမ်းရသ လောက်တော့ ထိုဒေသတွင် မျက်လှည့် ဆရာ သုံးယောက်ရှိကြောင်းတွေ့ရသည်။ ၎င်းတို့မှာ မိုင်ကယ်ဝါးတားရစ်၊ တိုင်ရစ် ဂျက်ဆင်နှင့် လီဆက်ဇင်းတို့ဖြစ်သည်။

ဒေါက်တာအဒမ်လည်း မျက်လှည့် ဆရာနှင့် စိတ်ညှို့ပညာရှင်တစ်ဦးဖြစ် သော လီဆက်ဇင်းမှစပြီး စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ ထိုသူမှာ အရွယ် မရောက်သေးသော ကလေးကို ဖြား

---

**ရထားတိုက်မိပြီး သေဆုံးသွားသော မိန်းကလေး၏ အမည်နှင့် နေရပ်လိပ်စာကို ၃ ရက်ကြာသည်အထိ ရှာဖွေ၍မရနိုင်သေးပေ။ သွေးစစ်ချက်အရ ထိုမိန်းကလေး သွေးထဲတွင် မူးယစ်ဆေး သုံးစွဲထားသည်ကို တွေ့ရသည်မှအပ တခြားမသင်္ကာစရာ ဘာမျှ မတွေ့ရပေ။**



www.burmeseclassic.com

www.burmeseclassic.com



ယောင်း သွေးဆောင်မှု ရဲမှတ်တမ်းရှိနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ လီဆက်ဇင်းမှာ အယ်နီးမြို့တွင် မျက်လှည့်ပြပွဲများ ပြုလုပ်နေသည်ကို သိရသဖြင့် ဒေါက်တာအဒမ်လည်း ချက်ချင်း ကားမောင်း၍ အယ်နီးမြို့သို့ မောင်းထွက်လာခဲ့သည်။ နောဝစ်ရှစ်မြို့နှင့် အယ်နီးမြို့မှာ တစ်ဆက်တည်းဖြစ်သောကြောင့် ဒေါက်တာ အဒမ်အယ်နီးမြို့သို့ ရောက်သွားချိန်တွင် ည ၁၀ နာရီခန့် ရှိပြီ ဖြစ်သည်။

မျက်လှည့်ပြရာ ရုံအတွင်းသို့ ဝင်လိုက်ရာ ပရိသတ်များကို စားပွဲအပြည့် တွေ့ရပြီး လူတစ်ယောက်က စန္ဒယား တီးခတ်နေသည်ကို တွေ့ရသည်။ စင်ပေါ်တွင်မှု မျက်လှည့်ဆရာတစ်ယောက်က စန္ဒယားတီးလုံးနှင့်အညီ လိုက်ဖက်စွာ ကိုယ်ကို လှုပ်ရှားရင်း မျက်လှည့်ပြနေသည်။ ထိုမျက်လှည့်ဆရာမှာ လီဆက်ဇင်းဖြစ်ကြောင်း ဓာတ်ပုံမြင်ဖူးထားသောကြောင့် ဒေါက်တာအဒမ် ချက်ချင်း သိလိုက်သည်။ ဒေါက်တာအဒမ်လည်း အခန်းထောင့်ရှိ စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကာ စင်ပေါ်မှ လီဆက်ဇင်းအား အကဲခတ်နေသည်။ လီဆက်ဇင်းမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်ထဲတွင် အနက်ရောင်ပိတ်စတစ်ခုကို ကိုင်ထားကာ စင်ပေါ်တွင် ပြကွက်တစ်ခု တင်ဆက်ပြသရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ အဖြူရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်သည် စင်၏ အလယ်တွင် မလှုပ်မယှက်ရပ်နေသည်။ လီဆက်ဇင်းက တီးလုံးသံနှင့် လိုက်ဖက်စွာ ကိုယ်ကိုယိမ်းနွဲ့ကာ လှုပ်ရှားရင်း လက်ထဲရှိ အနက်ရောင် အဝတ်စကို ဝှေ့ယမ်းလိုက်ပြီး ထိုမိန်းကလေး၏ ကိုယ်ပေါ်သို့ လွှမ်းခြုံလိုက်သည်။ ထို့နောက် ထိုအဝတ်စကို ဖယ်ရှားလိုက်ချိန်တွင် ထိုမိန်းကလေးမှာ နေရာတွင်ပင် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရတော့သည်။

ထိုပြကွက်က ဒေါက်တာအဒမ်ကို ထိုင်ခုံမှ ခုန်ထစေခဲ့တော့သည်။ အကြောင်းအရာအပြောက်အများက သူ့ရဲ့ စိတ်ထဲသို့ အလျင်အမြန်စီးဆင်းကာ ဝင်လာသည်။ အဖြူရောင်ဂါဝန်ရှည်၊ အမြန်နှုန်းနှင့်လာနေသော ယာဉ်များ၊ မှန်ကဲ့သို့ ကြည်လင်တောက်ပသော ပလတ်စတစ်၊ မှိန်ဖျော့ဖျော့အလင်းရောင်…အားလုံးပေါင်းလိုက်တဲ့ ညီမျှခြင်း တစ်ဖက်မှာတော့ ပျောက်ကွ... ခြင်း။ ယာဉ်တိုက်မှုမဖြစ်ခင် ပျော... ကွယ်နေသော မိန်းကလေးများ။ ... တာ အဒမ်စဉ်းစားရင်းနှင့် ထိုင်... ထပြီး လက်ခုပ်သံများကြားမှ အော်... လိုက်သည်။

"ခင်ဗျားက လူသတ်သမား...

ဒေါက်တာအဒမ်၏ အသံကြေ... အားပေးနေသော လက်ခုပ်သံများ ... တရက် ရပ်တန့်သွားပြီး ပတ်ဝန်းကျ... တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွ... သည်။ လီဆက်ဇင်းက အလွန်အံ့... စွာ ဒေါက်တာအဒမ်ကို ကြည့်လိုက်... အနက်ရောင် အဝတ်စကို ပစ်ချလိုက်... ကာ စင်အနောက်ဘက်သို့ ပြေးလို... သွားသည်။ စင်အနောက်ဘက်တွ... မှောင်မဲကာနေသည်။ ဒေါက်တာအ... သေနတ်နှင့် ထိုးချိန်နေစဉ်တွ... လီဆက်ဇင်း ပစ်လိုက်သော သေန... ကျည်ဆံတစ်တောင့်က သူ့ဦးခေါင်းနား... တစ်လက်မခန့် ကပ်ပြီးလွဲသွားသည်... မျက်လုံးများက အမှောင်ကို ကျင့်သ... ရလာချိန်တွင် ဖျတ်ခနဲတွေ့လိုက်ရ... လီဆက်ဇင်းရှိရာဘက်သို့ သေနတ်... အလျှင်အမြန် ချိန်ရွယ်ကာပစ်လို... သည်။ လီဆက်ဇင်းဆီမှ အော်သံထွ...

**သူက ခေါ်ထားပြီး ကျွန်မတို့ကို ပြည့်တန်ဆာအဖြစ် အတင်းခိုင်းတယ်။ အမ်မာနဲ့ ဟန်ဆင်က ရဲကိုတိုင်မယ်လို့ အစပျောက်လိုက်တာပါ။ အမ်မာနဲ့ ဟန်ဆင်ပျောက်သွားတော့ ကျွန်မတို့လည်း ကြောက်လန့်ပြီး ဘာမှ မလုပ်ရဲ ကြတော့ဘူး။**



www.burmeseclassic.com

www.burmeseclassic.com



စင်အနောက်ဘက်သို့ လဲပြိုကာ သံကို ကြားလိုက်ရသည်။ မီးခ ကို ရှာဖွေကာ ဖွင့်လိုက်ပြီးနောက် က်ဇင်းလဲကျနေရာသို့ သွားပြီး ထိပ်ခတ်လိုက်သည့် အချိန်တွင် ဟန်ဆန် အပြေးအလွှား ရောက် မောမောပန်းပန်းနှင့် ပြောလိုက် ။

"ကိုယ့်လူ…ဟုတ်မှလည်း လုပ် သက်သေမခိုင်ဘဲ သေနတ်နဲ့ပစ်ပြီး င် ခင်ဗျားဒုက္ခရောက်သွားမယ် "

ဒေါက်တာအဒမ်စင်ပေါ်သို့ ပြေး က်သွားပြီး ခုနက အဖြူရောင် င်မလေးကို ပျောက်ကွယ်အောင် သော မျက်လှည့်ပြကွက်တွင် အသုံး သော ပလတ်စတစ်ကို ကောက်ယူ ရဲအုပ်ဟန်ဆန်၏ လက်ထဲသို့ ည့်လိုက်သည်။

"ဒါ လူသတ်မှုရဲ့ အရေးကြီးတဲ့ က်သေပဲဗျ"

ဒေါက်တာအဒမ်က ပေးလိုက် ပလတ်စတစ်စကို ကိုင်ရင်းရဲအုပ် န်ဆန်က နားမလည်စွာကြည့်လိုက်ရင်း

"လူသတ်မှုလာ။ ဒီပလတ်စတစ် နဲ့ သူလူသတ်တယ်လို့ ခင်ဗျားဆိုလိုချင်တာလား"

ဟု မယုံကြည်နိုင်သော အသံနှင့် မေးလိုက်သည်။

"ဒီမှန်နဲ့တူတဲ့ ပလတ်စတစ်စက မျက်လှည့်ပြတဲ့နေရာမှာ သုံးတဲ့ပစ္စည်း ဗျ။ သူက ပတ်ဝန်းကျင်ကို အလင်းပြန် စေပြီးတော့ အဖြူရောင်ဝတ်ထားတဲ့ ကောင်မလေးတွေကို ပျောက်ကွယ်နေ စေတယ်။ ကောင်မလေးတွေကို ဆေး ခတ်ပြီး အရှိန်ပြင်းပြင်းနဲ့ မောင်းလာတဲ့ ယာဉ်တွေရဲ့ ရှေ့မှာ ဒီပလတ်စတစ်စကို ခြုံပေးပြီး ပစ်ထားတာပေါ့။ ကြည့်လိုက် ရင် ကိုယ့်ကိုယ်ကို သတ်သေသလိုဖြစ် အောင်ပေါ့လေ"

ဟု ဒေါက်တာ အဒမ်က စီးက ရက် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိကာ ရှိုက်ဖွာလိုက်ရင်း ရှင်းပြသည်။

"အင်း…မျက်လှည့်ဆရာ ကိုယ် တတ်ထားတဲ့ပညာကို လူသတ်တဲ့နေရာ မှာ သုံးလိုက်တာကိုး။ ဒါနဲ့ ဒီကောင်မ လေးတွေကို သူဘာလို့ သတ်ရတာ လဲ"

ရဲအုပ်ဟန်ဆန်ရဲ့ မေးခွန်းကို အဖြူရောင်ဂါဝန်ရှည်နှင့် ကောင်မလေး က စင်အနောက်ဘက်သို့ ငိုရှိုက်ကာ ဝင်လာရင်းဖြေသည်။

"ကျွန်မ…ကျွန်မတို့က အိမ်ပြေး တွေပါ။ သူက ခေါ်ထားပြီး ကျွန်မတို့ကို ပြည့်တန်ဆာအဖြစ် အတင်းခိုင်းတယ်။ အမ်မာနဲ့ ဟန်ဆင်က ရဲကိုတိုင်မယ်လို့ အစဖျောက်လိုက်တာပါ။ အမ်မာနဲ့ ဟန်ဆင်ပျောက်သွားတော့ ကျွန်မတို့ လည်း ကြောက်လန့်ပြီး ဘာမှ မလုပ်ရဲ ကြတော့ဘူး။ ဒီလူကြီးက လူယုတ်မာ ကြီးပါ"

ဟုပြောပြီး လီဆက်ဇင်းကို မုန်း တီး ရွံရှာသော မျက်လုံးများနှင့် ကြည့် လိုက်ပြီး မျက်နှာကို လက်ဝါးနှင့် အုပ် ကာ ရှိုက်ကြီးတငင်ငိုနေတော့သည်။

"ကဲ…ကိုယ့်လူ…ကျွန်တော့် တာဝန်တော့ ပြီးပြီ ထင်တယ်ဗျ။ ရောက်တုန်း ကျွန်တော်ဒီမြို့ထဲမှာ လျှောက်လည်လိုက်ဦးမယ်။ သွားပြီး နော်"

ထိုကောင်မလေးရဲ့ ထွက်ဆိုချက် ကို ကြားပြီးနောက် နှုတ်ဆက်ထွက်ခွာ သွားသော ဒေါက်တာအဒမ်ရဲ့ ကျောပြင် ကို ကြည့်ရင်း ရဲအုပ်ဟန်ဆင်လည်း ခေါင်းတငြိမ်ငြိမ်နှင့် ပြုံးပြုံးကြီးကျန်ခဲ့ တော့သည်။ အိမ်ပြေးဆယ်ကျော်သက် မိန်းကလေးများကို မတရားနှိပ်စက် ခိုင်းစေပြီးနောက် သေကြောင်းကြံစည် သယောင် သူ၏ မျက်လှည့်ပညာကို သုံးပြီး သတ်ဖြစ်ခဲ့သော လီဆက်ဇင်း ကတော့ ထောင်ထဲတွင် အပြစ်ကြွေး များကို ပေးဆပ်ရတော့မည်မှာ မလွဲ ကေန်ပင် ဖြစ်ပေတော့သည်။

*Ref:Girls in white dersses by Don Lewis Wireman*

နွေးလဲ့လဲ့မြို့ (မြစ်ကြီးနား)





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



□

မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်
သရှိ တောင်တွင်းကြီးဆိုသော မြို့
လေးအလယ်တွင် လမ်းလေးခွဆုံ
သည်ရှိ၏။ ထိုလမ်းဆုံမှ အနောက်
ဘက်သို့သွားသော် လမ်းအတိုင်းလိုက်
ည် ရှိသော မကွေးမြို့သို့ ရောက်၏။
ဘက်ဘက်သို့ သွားသောလမ်းအတိုင်း
လျှင်မူကား မြို့သစ်မြို့သို့ ရောက်
ည် ဖြစ်၏။

တစ်နေ့သ၌ အသက်အရွယ်အား
၅၀ နီးပါးခန့်ရှိပြီဟု ထင်ရသော
သေ့ကြီးတစ်ပါးသည် တောင်တွင်းကြီး
ယ်ရှိ လမ်းလေးခွဆုံသို့ ရောက်
လေ၏။ ထိုရသေ့သည် လမ်းဆုံ
ခေတ္တမျှရပ်နေပြီးနောက် မြောက်
ဘက်သို့သွားသော လမ်းအတိုင်း ဆက်
လျှောက်သွား၏။ အတန်ကြာမျှ
မိလျှင် မရွှေအင်းတော်စေတီတော်
နောက်ဘက်မုခ်သို့ ရောက်လေ၏။
သေ့ကြီးသည် စောင်းတန်းအတိုင်း
ဝင်ရောက်သွားပြီးနောက် စေတီတော်
ရင်ပြင်ပေါ်သို့ ရောက်လျှင် စေတီတော်
ကြီးအား ဝတ်ဖြည့်ကန်တော့၏။ ထို့
နောက် ၎င်း၏ ကြေးစည်ကြီးကို နှောင်
ခနဲ ထုလိုက်ပြီးလျှင် ထိုင်ရာမှထကာ
စေတီတော်ကြီးကို လက်ယာရစ် သုံး
ပတ်လှည့်၍ ကြည်ညိုလေ၏။ ထိုသို့
ကြည်ညိုရင်းလည်း ဂါထာတစ်ခုကို
ရွတ်ဆိုနေလေ၏။

ထို့နောက်တွင်ကား ရွှေအင်း
တောင်စေတီတော်ကြီး၏ တောင်ဘက်
မုခ်မှ တရွေ့ရွေ့ ဆင်းသွားလေတော့၏။
ရသေ့ကြီးသည် မုခ်ဝသို့ရောက်လျှင်
လက်ဝဲဘက်သို့ချိုးကာ ဆက်လျှောက်
သွားပြန်၏။ ရွှေအင်းတောင်စေတီ
တောင်ဘက်မုခ်နှင့် မလှမ်းမကမ်း မျက်
စောင်းထိုးလောက်တွင် လေးကျွန်း
အောင်မြေဟု ဘွဲ့မည်တွင်အပ်သော
စေတီတစ်ဆူသည်လည်း ရှိလေ၏။ ထို
စေတီမှာ ကုန်းမြင့်ကလေးထက်၌ တည်
ထားခြင်းဖြစ်၏။

ရသေ့ကြီးသည် မတ်စောက်
စောက် အုတ်လှေကားထစ်များအတိုင်း
တက်သွားပြန်၏။ လေးကျွန်းအောင်မြေ
စေတီတော် ရင်ပြင်တော်ပေါ်သို့ ရောက်
သွားလျှင် ဝတ်ဖြည့်ကန်တော့ပြန်၏။
ထို့နောက်တွင်ကား ကျယ်လောင်လှ
သော အသံဖြင့် မေတ္တာပို့သလေတော့
၏။ ရသေ့ကြီး၏ မေတ္တာပို့သနည်းမှာ
အများသူငါ ကြားရိုးကြားစဉ် မေတ္တာ
ပို့သနည်းများကဲ့သို့ မဟုတ်မူဘဲ တစ်မူ
ထူးနေချေရာ ကြားရသူအပေါင်းတို့
သည် ပြုံးတုံ့တုံ့ဖြစ်သူ ဖြစ်သွားကြ၏။
နှာခေါင်းရှုံ့သူက ရှုံ့သွားကြလေ၏။ ရသေ့
ကြီးမေတ္တာပို့သပုံမှာ အောက်ပါအတိုင်း
ဖြစ်၏။

"အရှေ့အရပ်၌ ရှိကြကုန်သော
အမှန်တကယ် ကျန်းမာသင့်သော
သတ္တဝါများ ကျန်းမာကြပါစေ၊ အမှန်
တကယ် ချမ်းသာသင့်သော သတ္တဝါ
များ ချမ်းသာကြပါစေ၊ အမှန်တကယ်
ဘေးအန္တရာယ်ကင်းသင့်သော သတ္တဝါ
များ ဘေးအန္တရာယ် ကင်းကြပါစေ၊
အရှေ့အရပ်၌ ရှိကြကုန်သော မကျန်း
မာသင့်ဘဲ ကျန်းမာနေသူများ မကျန်းမာ
ကြပါစေနဲ့၊ မချမ်းသာသင့်ဘဲ ချမ်းသာ
နေသူများ မချမ်းသာကြပါစေနဲ့၊ ဘေး
မကင်းသင့်ဘဲ ဘေးကင်းနေကြသူများ
ဘေးမကင်းကြပါစေနဲ့ . . ." ဟူ၍ပင်
ဖြစ်လေတော့၏။

ရသေ့ကြီးသည် ထိုအတိုင်း ကြေး
စည်ကြီးကို တနှောင်နှောင်ထုရင်း အရပ်
ဆယ်မျက်နှာစလုံးကို အပြန်အလှန်
မေတ္တာပို့သနေ၏။ တစ်ကြိမ်ပို့လျှင် ငါး
နာရီမျှ ကြာညောင်း၏။ ဤသို့ဖြင့်
ရသေ့ကြီးသည် ဘုရားရှိခိုးလိုက်၊ အထက်
ကအတိုင်း မေတ္တာပို့လိုက်၊ ထိုရင်ပြင်
ပေါ်၌ပင် အဝတ်ပိုင်းကလေးတစ်ခုကို
ခင်း၍ အိပ်လိုက်၊ အောက်ဆင်းပြီး
အလှူခံလိုက် လုပ်နေသည်မှာ သုံးရက်
တိုင်တိုင်ပင် ရှိသွားပြီဖြစ်၏။

တစ်ညသ၌ ရသေ့ကြီးသည် ၎င်း
၏ မေတ္တာပို့သနည်းအတိုင်း မေတ္တာ
ပို့သပြီးနောက် ကြေးစည်ကြီးကို နှောင်
ခနဲ နှောင်ခနဲ သုံးချက်ထုလိုက်ပြီးလျှင်
ထိုင်ရာမှထလေ၏။ ထို့နောက် အညောင်း
အညာဆန့်၏။ ရင်ပြင်ကို ကာရံထား
သော သံပိုက်လုံးကလေးကို လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ပေဒင်ကိုပဲ မယုံယုံ၊
ဘာတွေကိုပဲ မယုံယုံ၊
ကျုပ်ကတော့
သတိပေးစရာ ကိစ္စမို့
ပေးရတာပဲ၊
ကျုပ်က ပေဒင်မှ
မဟုတ်ဘဲ၊
ကျုပ်ပြောတာကို ယုံပါ
သူဌေးကြီး. .၊
တချို့ကိစ္စတွေဟာ
မဖြစ်ခင်က မယုံကြဘူး၊
ယုံသွားတဲ့
အခါကျတော့လည်း
အများကြီး
နောက်ကျကုန်တယ် "

ထောက်၍မှီရင်း ညချမ်းအချိန်အခါ၏ လတ်ဆတ်အေးမြသော ညင်းလေအေးကို ရှူရှိုက်နေလေ၏။ ထို့နောက်တွင်ကား လှမ်းမျှော်ဖူးမြော်နေရသော လျှပ်စစ်မီးရောင် ထိန်ညီးနေသည့် ရွှေအင်းတောင်စေတီကြီးကို ငေးမော ဖူးမြော်နေလေတော့၏။

ထိုအခိုက်မှာပင် မလှမ်းမကမ်းရှိ အိမ်ကြီးတစ်အိမ်ဆီမှ ခွေးတစ်ကောင်၏ ဝုတ်ခနဲ ထိုးဟောင်လိုက်သံပေါ်လာပြီးနောက် ၎င်းခွေး၏ မခံမရပ်နိုင်လောက်အောင် နာကျင်ပြင်းပြစွာ အော်ဟစ်လိုက်သော အသံသည် တစ်ရပ်ကွက်လုံးသို့တိုင်အောင် ပျံ့လွင့်သွား၏။

ထို့နောက် ပြန်လည်တိတ်ဆိတ်သွားပြန်၏။ ထိုအချိန်မှာပင် အဝေးရှိ ကင်းတဲတစ်ခုဆီမှ နာရီသံချောင်းခေါက်သံ ၁၂ ချက်သည် လွင့်ပျံ့လာလေတော့၏။

နောက်တစ်ညတွင်လည်း ရသေ့ကြီးသည် ယမန်နေ့များကဲ့သို့ မေတ္တာပို့သပြီးနောက် ကြေးစည်ကြီးကို သုံးချက် ထုလိုက်ပြန်ပြီးလျှင် ရွှေအင်းတောင်စေတီတော်ကြီးကို ငေးမော ဖူးမြော်နေပြန်၏။ ထိုအချိန်၌ ယမန်နေ့ညက ခွေး၏ နာကျင်ပြင်းပြစွာ အော်ဟစ်ညည်းညူ၍ ထွက်ပြေးသွားသော အသံကို ကြားရပြန်လေ၏။ တစ်ဆက်တည်းလိုလိုပင် အဝေးရှိ ကင်းတဲတစ်ခုဆီမှ နာရီသံချောင်းခေါက်သံ ၁၂ ချက်ကို ကြားရပြန်လေတော့၏။

ဤသို့ဖြင့် ညစဉ် ရသေ့ကြီး၏ ကြေးစည်သံ သုံးချက်ကြားပြီးနောက် ခွေးတစ်ကောင်၏ နာကျင်ပြင်းပြစွာ အော်ဟစ်သံပေါ်လာခြင်း၊ ကင်းသမား... နာရီသံချောင်းခေါက်သံ ၁၂ ချက် ပေ... လာခြင်းတို့ ဖြစ်ပေါ်နေခဲ့သည်မှာ လေ... ညတိုင်တိုင်ပင် ရှိခဲ့ပြီ ဖြစ်လေတော့၏။

* * * * *

အထက်ကဆိုခဲ့သော လေးကျွန်... အောင်မြေ စေတီတော်ကြီးနှင့် မလှမ်း... မကမ်းတွင် ရှေးဟောင်းတိုက်ခံအိမ်... ကြီး တစ်လုံးသည် ရှိ၏။ ထိုအိမ်ကြီး... ပိုင်ရှင်သည်ကား ဦးလောကြူဆိုသော... တရုတ်ကုန်သည်သူဌေးကြီး တစ်ဦး... ဖြစ်၏။ ထိုတရုတ်သူဌေးကြီးသည် ဆေး... လိပ်ခုံလုပ်ငန်းဖြင့် ကြိုကြိုတက်အောင်... ချမ်းသာကြွယ်ဝလာသူ ဖြစ်၏။ ၎င်း... ထုတ်လုပ်သော ဆေးပေါ့လိပ်၏အမည်... မှာ ရွှေစံပယ်ဟူ၍ ဖြစ်၏။

တစ်ခုသော နံနက်ခင်း၌ သူဌေး... ကြီး ဦးလောကြူ၏ခြံဝသို့ ရသေ့ကြီး... တစ်ပါးသည် အလှူခံရပ်လေ၏။ ဦး... လောကြူသည် ရသေ့ကြီးအား ငါးကျပ်... တန် အသစ်တစ်ရွက် ထွက်၍ လော... လှူ၏။ ထိုသို့ ရသေ့ကြီးအလှူခံရပ်... ခြင်း၊ ဦးလောကြူက ငါးကျပ်တန် တ... ရွက် ထွက်၍ လောင်းလှူခြင်းတို့... ယနေ့နှင့်ပါဆိုလျှင် ငါးရက်ပင် တိုင်... ပြီ ဖြစ်၏။

လွန်ခဲ့သောရက်များက ရသေ့ကြီး... သည် ဦးလောကြူက အလှူငွေထည့်... ပြီးသည်နှင့် ၎င်း၏မေတ္တာပို့ဆုတောင်း... ရွတ်ဆိုပြီးသကာလ ကြေးစည်ကြီး... နောင်ခနဲ ထုကာ ထွက်သွားလေ့ရှိ... ယနေ့တွင်မူ ရသေ့ကြီးက -

"သူဌေးကြီး. .၊ ဒီတစ်ည... အတွင်းမှာ သူဌေးကြီးအိမ်ကို ...

www.burmeseclassic.com



…ကြလိမ့်မယ်၊ သတိဝီရိယနဲ့ နေ…တော့··" ဟု ပြောရာ ဦးလောကြူ…

"ကျုပ်က အလုပ်အတန်းတော့ …နှာ ပါပါတယ်၊ ဒါကြောင့်လည်း …သေ့ကြီးကို မနက်မနက် အလုပ်ခံတိုင်း …ကျုပ် အလုပ်ငွေထည့်နေတာပေါ့၊ ဒါပေ… ဗေဒင်တွေဘာတွေတော့ ကျုပ်က …ယုံအကြည်မရှိလှဘူး ရသေ့ကြီးရဲ့" … ပြန်၍ ပြောလေ၏။

"ဗေဒင်ကိုပဲ မယုံယုံ၊ ဘာတွေကို …မယုံယုံ၊ ကျုပ်ကတော့ သတိပေးစရာ …ရှိ့ ပေးရတာပဲ၊ ကျုပ်က ဗေဒင်မှ …တ်ဘဲ၊ ကျုပ်ပြောတာကို ယုံပါ သူ…ကြီး··၊ တချို့ကိစ္စတွေဟာ မဖြစ် …တာ မယုံကြဘူး၊ ယုံသွားတဲ့အခါကျ …တော့လည်း အများကြီးနောက်ကျကုန် …တ်တယ်··" ဟု ပြောကာ ရသေ့…ကြီးသည် ၎င်း၏ မေတ္တာပို့ကို ရွတ်ဆို… တရွေ့ရွေ့ ထွက်ခွာသွားလေတော့…

ထိုည ၁၂ နာရီတိတိအချိန်တွင် …စံပယ်သူဌေးကြီး ဦးလောကြူ၏အိမ် … အမှန်တကယ်ပင် ဓားပြတိုက်လေ…တော့၏။ ဓားပြများသည် ဦးလောကြူ… တစ်အိမ်သားလုံးကို လက်ပြန်ကြိုး…များ တုပ်နှောင်ကာ ရိုက်နှက်ညှဥ်းပန်း…ကြ၏။ ထို့နောက် အဖိုးတန်ပစ္စည်းများ… ယူကာ ပြန်လည်ထွက်ခွာသွားကြ…သ၏။

နံနက် သုံးနာရီကျော်ခန့်ကျမှ …သူဌေးကြီး၏သမီးငယ်သည် ၎င်းအား …တုပ်နှောင်ထားသော ကြိုးကို ဖြည်နိုင်…သွားသောကြောင့် ကျန်သူများအား



ကြိုးများ ဖြည်ပေးရ၏။ သူဌေးကြီး ဦးလောကြူသည် တုပ်နှောင်ထားရာမှ လွတ်လျှင်လွတ်ချင်း ပုလိပ်ဌာနသို့ ပြေး၏။ ဓားပြတိုက်ခံရကြောင်း အမှုဖွင့် တိုင်တန်းလေ၏။

ဦးလောကြူ၏တိုင်တန်းချက်ထဲတွင် ရသေ့ကြီးက ဓားပြတိုက်မှုဖြစ်တော့မည် ဖြစ်ကြောင်း ကြိုတင်သတိပေးခဲ့ကြောင်း ပါဝင်လေရာ ပုလိပ်ဘက်က ရသေ့ကြီးအား စစ်မေးရန်အတွက် လေးကျွန်းအောင်မြေ စေတီဘက်သို့ ထွက်လာခဲ့ကြ၏။

သူဌေးကြီး၏အိမ်သို့လည်း ဝင်ရောက်၍ စစ်ဆေးကြလေ၏။ ပုလိပ်အရာရှိသည် ရသေ့ကြီးအား သူဌေးကြီး၏ အိမ်သို့ ခေါ်ဆောင်လာခဲ့ပြီးနောက် ဓားပြမှုနှင့် ပတ်သက်၍ စစ်ဆေး၏။ ရသေ့ကြီးက သူဘာမျှမသိကြောင်း တွင်တွင်ငြင်းလေ၏။

"ခင်ဗျား··မသိဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ဒီအိမ်မှာ ဓားပြတိုက်မှုဖြစ်တော့မယ်ဆိုတာကို ခင်ဗျား ကြိုပြီးသိနေတာပဲ၊ ဒီတော့ ဓားပြအဖွဲ့နဲ့ ခင်ဗျားဟာ အဆက်အသွယ်ရှိကိုရှိရမယ်၊ အသားမနာချင်ရင် အေးအေးဆေးဆေး မေးနေတာကို ဖြေပါ ရသေ့ကြီး··" ဟု ပုလိပ်အရာရှိက ငေါက်ငမ်းပြောဆိုသောအခါတွင် ရသေ့ကြီးက အားရပါးရ ရယ်လိုက်ရင်း -

"ရာဇဝတ်မှုတစ်ခုဖြစ်မှာကို ကြိုသိတဲ့လူဟာ အဲဒီရာဇဝတ်မှုနဲ့ ပတ်သက်ရကြေးသာဆိုရင် မင်းတို့ပုလိပ်အဖွဲ့တွေ၊ စုံထောက်အဖွဲ့တွေလည်း ကြိုပြီး သတင်းရထားတဲ့အမှုတွေ အများကြီး ရှိမှာပေါ့ကွာ··၊ အဲဒီလို သိတာနဲ့ပဲ အဲဒီပုလိပ်တွေ၊ စုံထောက်တွေ…



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်မှုနဲ့ မကင်းတဲ့သူတွေ ဖြစ်ကုန်ရောတဲ့လား၊ စဉ်းစဉ်းစားစားလည်း ပြောပါ ပုလိပ်ကြီးရယ်၊ ဟား‥ဟား၊ ဟား‥" ဟု ပြောလိုက်လျှင် ပုလိပ်အရာရှိက ခေါင်းကို ဘဗျင်းဗျင်းကုတ်လိုက်ရင်း -

"ကောင်းပြီ ဒါဖြင့် ဒီခါးပြမှု ဖြစ်တော့မယ်ဆိုတာကို ရသေ့ကြီးက ဘယ့်နယ် ကြိုသိနေရတာတုန်း" ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ရသေ့ကြီးက ခန့်တဲ့တဲ့ ပြုံးလိုက်ရင်း -

"ဟောဟို လေးကျွန်းအောင်မြေစေတီတော်ပေါ်မှာ ညတိုင်း ကျုပ် ပုတီးစိပ်တယ်၊ တရားထိုင်တယ်၊ မေတ္တာပို့တယ်၊ ည ၁၂ နာရီထိုးခါနီးပြီဆိုရင် ကျုပ်ရဲ့ ပြုဖွယ်ကိစ္စတွေက ပြီးသွားပြီ၊ အဲဒီအခါမှာ အဝေးက လှမ်းမြင်နေရတဲ့ ရွှေအင်းတောင်စေတီတော်ကြီးကို လှမ်းပြီး ဖူးမြော်ရင်း ပရာနာဆိုတဲ့ အသက်ရှူလေ့ကျင့်ခန်းကို လုပ်လေ့ရှိတယ်၊ အဲဒီအချိန်ရောက်ရင် ဟောဒီသူဌေးကြီးအိမ်က ခွေးဟာ တစ်ချက်ထိုးဟောင်ပြီး မခံမရပ်နိုင်အောင် နာကျင်လွန်းလို့ အော်ပြီးပြေးတော့တာပဲ၊ အဲဒါဟာ တစ်ညတည်း မဟုတ်ဘူး၊ ညစဉ်ဆိုတော့ ကျုပ်လည်း သတိထားမိလာတယ်၊ တစ်စုံတစ်ယောက်ဟာ ရွှေစုံပယ်သူဌေးကြီး အိမ်ကိုကပ်ဖို့ ကြိုးစားနေတာ ဖြစ်လိမ့်မယ်၊ အဲဒီမှာ ခွေးကြီးရှိနေတဲ့အတွက် ရုတ်တရက် ကပ်ဖို့မလွယ်ဘူး။

ဒီတော့ ညစဉ် ခြံနားကို ကပ်တယ်၊ ခွေးကြီးက ထိုးဟောင်တဲ့အခါမှာ လောက်လေးဂွလိုဟာမျိုးနဲ့ ခွေးကြီးကို ပစ်မှာပေါ့၊ ဒီတော့ ခွေးကြီးဟာ လူတွေကို မြင်တာနဲ့ မဟောင်ရဲတော့ဘူး၊ အမြီးကုပ်ပြီး ပြေးတဲ့ဘဝကို ရောက်သွားတော့မှာပေါ့၊ အဲဒီလို ခွေးကြီးကို အပိုင်ကြောက်အောင် လုပ်ထားပြီးကာမှ ခါးပြအဖွဲ့ဟာ သူဌေးကြီးရဲ့ အိမ်ကို စိတ်ချလက်ချ ဝင်သွားကြတာ ဖြစ်မှာပေါ့‥၊ ဒါကို ကျုပ်တွေးမိလို့ သူဌေးကြီးကို သတိပေးခဲ့တာပါ" ဟု လုံးစေ့ပတ်စေ့ ရှင်းပြလေတော့၏။ သို့ဖြစ်၍ ပုလိပ်အဖွဲ့လည်း ရသေ့ကြီးအား ပြန်၍ လွှတ်ပေးလိုက်ရလေတော့၏။

ပုလိပ်အဖွဲ့သည် တောင်တွင်းကြီးနယ်တစ်ဝိုက်ရှိ နာမည်ပျက်ရှိဖူးသူများ၊ ခြေစလက်စရှိသူများ၊ သက်ာမကင်းသူများအား ဖမ်းဆီး၍ ခါးပြမှုကို အပြင်းအထန် ဖော်ထုတ်နေ... တစ်ပတ်ကြာသည့်တိုင်အောင် ... သည့် သဲလွန်စကိုမျှ မရဘဲရှိနေတ... လေ၏။

ရသေ့ကြီးမှာမူ ၎င်း၏အလုပ်မျာ... ကို ဝတ္တရားမပျက် လုပ်ကိုင်နေဆဲ... ဖြစ်၏။ တစ်နေ့နံနက်တွင် သူဌေးကြီ... ဦးလောကြူ၏ အိမ်ရှေ့သို့ အလှူခံလ... ကာ ကြေးစည်ကြီးကို နှောင်ခနဲ ... လိုက်ပြန်၏။ သူဌေးကြီးသည် စိတ်... ဓာတ်ကျနေသော အမူအရာဖြင့် ထွက်... လာပြီးနောက် ကျပ်တန်အဟောင်းတစ်... ရွက်ကို လောင်းလှူရင်း -

"ရသေ့ကြီးရေ‥ ကျုပ်တော့ အရင်ကလို ငါးကျပ် မလောင်းနိုင်တော့ဘူး၊ ကျုပ်က သူဌေးကြီးမဟုတ်တော့ဘူးဗျ၊ သူဌေးကြီး အငြိမ်းစားဖြစ်သွားပြီလေ‥၊ ဒီတော့ ငွေတစ်ကျပ်နဲ့ပဲ ကျေနပ်ပေတော့ ရသေ့ကြီးရေ‥၊ ပုလိပ်ဘက်ကလည်း အခုထိ ခါးပြမှုကို မဖော်ထုတ်နိုင်သေးဘူးဗျ‥" ဟု ညည်းညည်းညူညူဖြင့် ပြောလေ၏။ ထိုအခါ ရသေ့ကြီးက -

"အခု မသင်္ကာလို့ဆိုပြီး ဖမ်းချုပ်ထားတဲ့ လူတွေထဲမှာ ခါးမြတွေသာ

---

**လောကီပိုင်ဆိုင်မှုတွေကို စွန့်လွှတ်ပြီး ရသေ့ဝတ်ခဲ့ပြီဆိုကတည်းက ကျုပ်ပိုင်ဆိုင်တဲ့နေရာရယ်လို့ ဘယ်မှာ ရှိပါတော့မလဲ သူဌေးကြီးရယ်‥၊ ဒါကြောင့် ကျုပ်ရဲ့ နေရာရယ်လို့ မရှိသလို ကိုယ်ပိုင်နေရာထိုင်ခင်းတွေကို စွန့်လွှတ်ခဲ့ပြီဆိုကတည်းက ကြုံတဲ့နေရာအိပ်၊ ကြုံတဲ့နေရာစား‥‥**



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ကျုပ်က ဟောဒါ ဓားပြပဲ ပြီး လက်ညှိုးငေါက်ငေါက် ထိုးပြီး ဆောင် ပြလိုက်ချင်ပါသေးရဲ့ဗျာ・・ ပ်ခက်မှာတော့ မဟုတ်ပါဘူး・・" ဟု ပြောကာ ကြေးစည်ကြီးကို နှောင် ခနဲ ထု၍ ထွက်သွားလေတော့၏။

အငြိမ်းစားသူဌေးကြီး ဦးလောကြူ သည် ရသေ့ကြီးပြောခဲ့သည်ကို အတန် ကြာ တွေ၍ စဉ်းစားနေပြီးနောက် ပု လိပ်ဘက်သို့သွား၍ ထိုအကြောင်းကို ပြောပြ၏။ ထိုအခါ ပုလိပ်များသည် သေးကျွန်းအောင်မြေကုန်းတော်ပေါ်သို့ ရောက်လာပြန်ပြီးလျှင် ရသေ့ကြီးအား ခေါ်ခဲ့ရန် ပြော၏။ ထိုအထဲတွင် သူဌေး ကြီး၏အိမ်ကို တိုက်ခဲ့သော ဓားပြများ ပါ သူရှေးထုတ်ပေးမည်ဟု ပြော၏။ သို့ဖြစ်၍ ပုလိပ်အဖွဲ့သည် ဖမ်းဆီးထား သူများအား ခေါ်ဆောင်လာခဲ့ရ၏။

ရသေ့ကြီးသည် ဦးလောကြူ၏ အိမ်မှ ခွေးကြီးအား ခြံဝကွင်း ကြိုးဖြင့် ချည်ထားနိုင်း၏။ ခွေးကြီးလည်း ဒေါသ ကြီးဖြင့် ရှန်းကန်နေလေ၏။ ထို့ နောက် မသက်ာ၍ ဖမ်းဆီးထားသူများ အား ထိုခွေးကြီးအနီးမှ တစ်ဦးစီ ဖြတ် ၍ လျှောက်နိုင်း၏။

ခွေးကြီးသည် ရှန်းကန်ရင်း တဝေါင်း ဝေါင်း ထိုး၍ ဟောင်နေ၏။ ခြောက် ယောက်မြောက်သောသူ၏ အလှည့်တွင် မူ ခွေးကြီးသည် ရုတ်တရက် အငြိမ်း ကုပ်သွားပြီးနောက် ကျားတစ်ကောင် ကိုတွေ့သော သမင်ငယ်အလား မြေ ကြီး၌ဝပ်ကာ တအီအီအော်မြည်ရင်း င်တရှုတ်သီဆွဲလျက် ရှန်းကန်နေလေ ၏။

ထိုအချိန်မှာပင် ရသေ့ကြီးက ပါး စပ်မှ တစ်ခွန်းမျှမဆိုဘဲ ထိုသူအား လက်ညှိုးဖြင့် ထိုးပြလိုက်လေတော့၏။ ထိုသူလည်း ဘာမျှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျ၍ သွားလေတော့၏။ ပုလိပ်အဖွဲ့သည် ထိုသူအား စစ်မေးရာ မှ ဓားပြမှုကျူးလွန်ခဲ့သူအားလုံးကို ဖော် ထုတ်နိုင်ခဲ့လေတော့၏။

နောက်တစ်နေ့နံနက်တွင် ရွှေစံ ပယ် သူဌေးကြီး ဦးလောကြူသည် ရသေ့ကြီးအား အိမ်သို့ပင့်၍ ဆွမ်းဖိတ် ကျွေး၏။

"ရသေ့ကြီးရဲ့ ကျေးဇူးကတော့ အတိုင်းအဆမရှိအောင်ပါပဲ ရသေ့ကြီး ရေ・・၊ ဒါနဲ့ ရသေ့ကြီးရဲ့ဘွဲ့ကိုလည်း ပြောပြစမ်းပါဦး・・" ဟု ဦးလောကြူက မေးလျှင် ရသေ့ကြီးက -

"ကျုပ်ရဲ့လူ့ဘဝတုန်းက အမည် က ကိုရွှေတောင်လို့ခေါ်တယ်၊ ရသေ့ ဖြစ်သွားတော့လည်း ကျုပ်ကို ရသေ့ကြီး ဦးရွှေတောင်ရယ်လို့ပဲ ဆက်ပြီး ခေါ်နေ ကြပါတယ်ဗျာ・・၊ ဒီတော့ ရသေ့ကြီး ဦးရွှေတောင်လို့ပဲ မှတ်ထားပေတော့" ဟူ၍ ပြောလေ၏။

"ဒါဖြင့် ရသေ့ကြီး အမြဲနေထိုင် တဲ့ နေရာကိုလည်း ပြောပြခဲ့ပါဦး・・" ဟု ဦးလောကြူက ပြောပြန်လျှင် ရသေ့ ကြီးက -

"လောကီပိုင်ဆိုင်မှုတွေကို စွန့် လွှတ်ပြီး ရသေ့ဝတ်ခဲ့ပြီဆိုကတည်းက ကျုပ်ပိုင်ဆိုင်တဲ့နေရာရယ်လို့ ဘယ်မှာ ရှိပါတော့မလဲ သူဌေးကြီးရယ်・・၊ ဒါ ကြောင့် ကျုပ်ရဲ့ နေရာရယ်လို့ မရှိသလို ကိုယ်ပိုင်နေရာထိုင်ခင်းတွေကို စွန့်လွှတ် ခဲ့ပြီဆိုကတည်းက ကြုံတဲ့နေရာအိပ်၊ ကြုံတဲ့နေရာစား၊ ကြုံတဲ့နေရာနားဆိုတော့ အဲဒီကြုံတဲ့နေရာအားလုံးဟာ ကျုပ်ရဲ့ နေရာတွေပဲပေါ့ သူဌေးကြီးရယ်・・" ဟု ပြန်၍ ပြောလေ၏။

ထို့နောက်တွင်ကား ရသေ့ကြီး ဦးရွှေတောင်သည် သူဌေးကြီး ဦးလော ကြူ တည်ခင်းကျွေးမွေးသည်များကို သုံးဆောင်ပြီးနောက် ကြေးစည်ကြီးကို နှောင်ခနဲ နှောင်ခနဲထုကာ မေတ္တာပို့သ ရင်း ပြန်လည်ထွက်ခွာသွားခဲ့ပါလေ တော့သတည်း။

"အရှေ့အရပ်၌ ရှိကြကုန်သော အမှန်တကယ် ကျန်းမာသင့်သော သတ္တဝါအပေါင်းတို့သည် ကျန်းမာကြပါ စေကုန်သတည်း၊ အမှန်တကယ် မကျန်း မာသင့်ဘဲ ကျန်းမာနေကြသော သတ္တဝါ အပေါင်းတို့သည် မကျန်းမာကြပါစေ နဲ့၊ အမှန်တကယ် ချမ်းသာသင့်သော သတ္တဝါအပေါင်းတို့သည် ချမ်းသာကြ ပါစေကုန်သတည်း・・၊ အမှန်တကယ် မချမ်းသာသင့်ဘဲ ချမ်းသာနေကြကုန် သော သတ္တဝါအပေါင်းတို့သည် မချမ်း သာကြပါစေနဲ့・・・"

"နှောင်・・ဝေ・・ဝေ・・・"

သဇ္ဇေမမ္မာ ဇင်ယော်နီ





www.burmeseclassic.com



# ဂျပန်

ပညာရေး

## နိုင်ငံတကာဂန္ထဝင်မှုခင်းများ

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်၊ မတ်လ (၃) ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ရာ သတင်းဘစ်ပုဒ်အား ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

"ဂျပန်တွင် ကြိုးတိုက်ကျခံနေသူ၏ အမှု (၄၆) နှစ် ကြာမှ ပြန်လည်စစ်ဆေးမည်။



www.burmeseclassic.com

www.burmeseclassic.com


တိုကျို မတ်လ ၃၀။

ဂျပန်နိုင်ငံတွင် လူသတ်မှုဖြင့် ကြိုးတိုက်ကျခံနေရသူ တစ်ဦး၏ အမှုကို နှစ်ပေါင်း ၄၀ ကျော်ကြာမှ ပြန်လည် စစ်ဆေးရန် တိုကျိုမြို့ရှိ တရားရုံးတစ်ရုံးက ခွင့်ပြုလိုက်ပြီဖြစ် ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဝါအိုဟာကာမာဒါးကို ၎င်း၏အလုပ်ရှင်နှင့် အလုပ် ရှင်၏ဇနီး၊ သားသမီးနှစ်ယောက်တို့ကို သတ်သည့်ပြစ်မှု အတွက် ၁၉၆၈ ခုနှစ်တွင် သေဒဏ်ချမှတ်ခဲ့သည်။

ယခုအခါ အသက် (၇၈) နှစ်သို့ ရောက်ရှိနေပြီဖြစ် သည်။ ဟာကာမာဒါးသည် ရက်ပေါင်း ၂၀ ကြာ စစ်ဆေး ခြင်း ခံရနေစဉ်အတွင်း ရိုက်နှက်ခြင်းခံရသောကြောင့် ဝန်ခံ သော်လည်း တရားရုံးသို့ ရောက်ရှိသောအခါ ၎င်း၏ထွက် ဆိုချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ဂျပန်ရဲတပ်ဖွဲ့သည် ထုံးစံအားဖြင့် သံသယရှိသူများ၏ ဝန်ခံထွက်ဆိုချက်အပေါ်တွင် အခြေတည်၍ တရားရုံးတော် သို့ စွဲချက်တင်လေ့ရှိသည်။ သို့သော် ၎င်းတို့သည် သံသယရှိ သူထံမှ ထွက်ဆိုချက်များကို အင်အားသုံး၍ ရယူလေ့ရှိသည် ဟု ဝေဖန်သူများက ပြောကြားသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်မှ ကြေညာချက် ထုတ်ပြန်ရာတွင် ၎င်းသည် ကြိုးတိုက်၌ အချိန်ကာလ အကြာမြင့်ဆုံးနေရသော အကျဉ်းသားဖြစ်သည်ဟု ယုံကြည် ကြောင်း ဖော်ပြသည်။

၁၉၆၆ ခုနှစ်တွင် ရှီဇူအိုကာရှိ ပဲပုပ်စက်ရုံတစ်ရုံတွင် ကြေးစားလက်ပွေ့သမားဟောင်းသည် ၎င်း၏ အလုပ်ရှင်နှင့် မိသားစုတစ်စုလုံးကို သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲထားခြင်း ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားပြီးနောက် ဓားထိုးခံရသော ဒဏ်ရာများဖြင့် သေဆုံးနေကြသည်ကို တွေ့ခဲ့ရခြင်း ဖြစ် သည်။

လူသတ်သမားဝတ်ဆင်သော အဝတ်အစားများပေါ် တွင် စွန်းထင်နေသော သွေးကွက်များမှာ ဒီအန်အေသည် ဟာကာမာဒါး၏ ဒီအန်အေနှင့် တူညီခြင်းမရှိကြောင်း တရား ခံ ရှေ့နေများက ပြသနိုင်ခဲ့သဖြင့် တရားရုံးက ယင်းအမှု ကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ဥက္ကဋ္ဌ တရားသူကြီး ဟီရိုအာကီမူရာယာမက အဆို ပါ အဝတ်အစားများသည် တရားခံ၏ အဝတ်အစားများ မဟုတ်ကြောင်း၊ တရားခံကို ဆက်လက်ချုပ်နှောင်ထားခြင်း သည် တရားမျှတမှုရှိမည် မဟုတ်ကြောင်း၊ တရားခံ၌ အပြစ်မရှိကြောင်း၊ သိက္ခာ၊ သမာဓိရှိသော စစ်ဆေးခြင်းများမှ ရှင်းရှင်းလင်းလင်း ရှိလာဖွယ်ရှိကြောင်း ပြောခဲ့သည်။

ဟာကာမာဒါး၏အစ်မ အသက် ၈၁ နှစ်အရွယ်ရှိသော ဟိုင်ဒီကိုက အမှုအား ပြန်လည်စစ်ဆေးခွင့်ရရှိရန် နှစ်ပေါင်း များစွာ ကြိုးစားခဲ့ရပြီး သက်ဆိုင်သော ဥပဒေပညာရှင်များ ၏ အကူအညီကို ရယူ၍ တိုက်ပွဲဆင်ခဲ့ရသည်။

ဤသို့ ပြန်လည်စစ်ဆေးခွင့်ရရှိသည့်အတွက် ၎င်းကို ကူညီကြသော ပုဂ္ဂိုလ်များအားလုံးအား ကျေးဇူးတင်ကြောင်း၊ ယခုအခါ သူမ အလွန်ပျော်ရွှင်လျက်ရှိကြောင်း တရားရုံး အပြင်ဘက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည် ဟု အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

ဤသတင်းကိုပင် အမေရိကန်ပြည်ထောင်စုမှ ထုတ် လွှင့်သော စီအင်န်အင်န် ရုပ်သံလွှင့်အစီအစဉ်နှင့် သတင်း မဂ္ဂဇင်းကြီးများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြ

www.burmeseclassic.com



အပြစ်ရှိသူ ရာဇဝတ်သားတစ်ရာ ကြိုးစင်တက်ရခြင်းထက် အပြစ်ကင်းစင်သူတစ်ယောက် မိမိမကျူးလွန်ရသော ပြစ်မှုဖြင့် ကြိုးစင်တက်ရမည်ဆိုလျှင် အလွန်မွန်မြတ်သော တရားဥပဒေအား အစွန်းအထင်း ဖြစ်စေနိုင်ပေသည်။ ကမ္ဘာ့သမိုင်းတွင် စုံထောက်အဖွဲ့များ၏ ဘိုးအေကြီးဟု လူအများက ကင်ပွန်းတပ်ခဲ့သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ဝင်များနှင့် ရဲအဖွဲ့ဝင်များသည်လည်း တစ်ခါက အထက်ဖော်ပြပါ တိုကျိုမြို့မှ စုံထောက်များ၊ ရဲတပ်ဖွဲ့ဝင်များနည်းတူ အပြစ်ကင်းစင်သော လူတစ်ယောက်အား အမှန်ကျူးလွန်သော တရားခံဖြစ်ပါသည်ဟု ဆိုကာ....

၏။ ဂျပန်နိုင်ငံမှထုတ်ဝေသော အဆာဟိရှင်ဘွန်း အပါအဝင် ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးများက ဂျပန်ရဲအဖွဲ့အား မှုခင်းအမှန်ပေါ်ရေးထက်၊ မှုခင်းအမြန်ပေါ်ရေးကို အလေးထားကာ မှုခင်းတစ်မျိုးဖြစ်ပွားရာတွင် ပြည့်စုံသော အချက်အလက်မရခင် အဆောတလျင် မိမိတို့လိုသလို ကောက်ချက်ဆွဲ၍ အပြစ်မဲ့သူတစ်ယောက်အား ကြိုးစင်သို့ ပို့ဆောင်စေခြင်းမှာ မှားယွင်းသော ပြစ်မှုကြီးတစ်ရပ်ဖြစ်သဖြင့် ရဲအဖွဲ့အား ပြည်သူလူထု၏ အားကိုးလိုစိတ်ကင်းမဲ့စေသည်ဟု ဝေဖန်ရေးသားခဲ့၏။



မှန်ပါသည်။ အပြစ်ရှိသူ ရာဇဝတ်သားတစ်ရာ ကြိုးစင်တက်ရခြင်းထက် အပြစ်ကင်းစင်သူတစ်ယောက် မိမိ မကျူးလွန်ရသော ပြစ်မှုဖြင့် ကြိုးစင်တက်ရမည်ဆိုလျှင် အလွန်မွန်မြတ်သော တရားဥပဒေအား အစွန်းအထင်း ဖြစ်စေနိုင်ပေသည်။ ကမ္ဘာ့သမိုင်းတွင် စုံထောက်အဖွဲ့များ၏ ဘိုးအေကြီးဟု လူအများက ကင်ပွန်းတပ်ခဲ့သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ဝင်များနှင့် ရဲအဖွဲ့ဝင်များသည်လည်း တစ်ခါက အထက်ဖော်ပြပါ တိုကျိုမြို့မှ စုံထောက်များ၊ ရဲတပ်ဖွဲ့ဝင်များနည်းတူ အပြစ်ကင်းစင်သော လူတစ်ယောက်အား အမှန်ကျူးလွန်သော တရားခံဖြစ်ပါသည်ဟု ဆိုကာ အမှုကို မိမိတို့လိုရာ တည်ဆောက်၍ ရာဇဝတ်တရားရုံးတွင် တရားစွဲခံခဲ့ရ၏။ ပြစ်ဒဏ်စီရင်ခံရခဲ့သည်။ တရားခံဆိုသူက ထိုအမှုကို သူ မကျူးလွန်ခဲ့ရပါဟု အထောက်အထားခိုင်ခိုင်မာမာနှင့် တင်ပြခဲ့သည်။ သို့သော် ရဲနှင့် စုံထောက်တို့ကမူ ထိုအမှုကြီး၏ ဟာကွက်ကို သတိမမူဘဲ အမှု အဆောတလျင်ပေါ်ရေးကို အဓိကထားကာ သံသယရှိသူတစ်ဦးအား လူသတ်သမားဟုစွပ်စွဲ၍ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။ တရားရုံးတော်ကလည်း ရဲတို့ တင်ပြသည့်အထောက်အထားအရ တရားခံဟု စွပ်စွဲခံရသူအား ပြစ်ဒဏ်ချမှတ်ခဲ့၏။

ဤတွင် သတင်းမီဒီယာများနှင့် ပြည်သူလူထုသည် အုတ်အော်သောင်းတင်းဖြစ်လာခဲ့ပြီး ထိုစဉ်က ကမ္ဘာကျော် အလွတ်စုံထောက် ရှားလော့ဟုမ်းအား ဖန်တီးသူ စာရေးဆရာကြီး ဆာအာသာကွန်နန်ဒွိုင်းအား ဤအမှုကြီးအား ကျူးလွန်ခြင်းမရှိသူတစ်ယောက် မှားယွင်း၍ အပြစ်ကျခံရခြင်းမှ ကယ်တင်ရန် တောင်းဆိုခဲ့ကြသည်။ ထို့အတူ ဥပဒေပညာရှင်များ၊ ရှေ့နေများ၊ ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကလည်း စာရေးဆရာကြီး ဆာအာသာကိုနန်ဒွိုင်းအား ထိုအမှုအား အမှုမှန်ဖြစ်ရေးကို ဆောင်ရွက်ပေးပါရန် တောင်းပန်

www.burmeseclassic.com



ကြသဖြင့် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးခဲ့သော စာရေးဆရာကြီး ဆာအာသာ ကွန်နင်ဒွိုင်းသည် ထိုအမှုကြီး၏ တရားခံ အစစ်အမှန်ပေါ်ရေးကို စနစ်တကျ လေ့လာ၍ တရားခံဖြစ်သူဟု စွပ်စွဲခံရသူအား သံခြေချင်းမှ ဖြုတ်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်အကြောင်း အနည်းငယ်ဖော်ပြရမည် ဖြစ်၏။ မှန်ပါသည်၊ ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် ရင်းတနီး သိကျွမ်းလာခဲ့သော ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးအကြောင်း ပြောပြပါဟုဆိုလျှင် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းပါဟု ပြောကြမည် ဖြစ်ပါသည်။ သူရေးခဲ့သော ရှားလော့ဟုမ်းစုံထောက်ဝတ္ထုများကို ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ် ဖတ်ရှုခဲ့ကြရသည်မှာ နှစ်ကာလအားဖြင့် တွက်ဆကြည့်မည်ဆိုလျှင် နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီး ဖြစ်ပါသည်။

ဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် ကမ္ဘာကျော် အလွတ်စုံထောက်ကြီးနှင့် သူ့မိတ်ဆွေ၊ ဒေါက်တာဝပ်ဆင်တို့ကို ဇာတ်ဆောင်ထား၍ ဝတ္ထုတို (၅၆) ပုဒ်နှင့် ဝတ္ထုရှည် (၄) ပုဒ် စုစုပေါင်း အပုဒ် (၆၀) ကို ရေးသားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကမူ ထိုရှားလော့ဟုမ်းဝတ္ထုများကို တိုက်ရိုက် မြန်မာဘာသာပြန်ဆိုခြင်း မရှိခဲ့သဖြင့် ရှားလော့ဟုမ်းကို လူသိနည်းခဲ့၏။ သို့သော် အထက်ဖော်ပြပါ ဝတ္ထုတိုများထဲမှ The Boscombe Valley Mystery ဝတ္ထုကို ကျွန်တော်တို့မြန်မာနိုင်ငံမှ စာရေးဆရာကြီး ရွှေဥဒေါင်းက ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် ကြီးကြာကန်ရွာ လူသတ်မှု၌ စုံထောက်မောင်စံရှား စုံထောက်ပုံ" အမည်ဖြင့် မှီငြမ်းရေးသားခဲ့ပါသည်။ ဆရာကြီး ရွှေဥဒေါင်းသည် ဆာအာသာကိုနင်ဒွိုင်းရေးသည့် ရှားလော့ဟုမ်းဝတ္ထုအားလုံးနီးပါးကို "စုံထောက်မောင်စံရှား" ပါဝင်သော စုံထောက်ဝတ္ထုများအဖြစ် ရေးသားခဲ့သော်လည်း ရှားလော့ဟုမ်းဝတ္ထုများ၏အစဖြစ်သော "A Study in Scarlete" ကို စတင်မှီငြမ်းရေးသားခြင်းမပြုခဲ့။ အထက်တွင်ဖော်ပြခဲ့သော ဝတ္ထုတို (၅၆) ပုဒ်ကို ကွယ်လွန်သူ ဆရာမြသန်းတင့်က လုံးစေ့ပတ်စေ့ တိုက်ရိုက် မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့ပြီး ဝတ္ထုရှည် (၄) ပုဒ်ကိုမူ ဆရာစိုးမြိုင်က တိုက်ရိုက် မြန်မာဘာသာ ပြန်ဆို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။)

ဆာအာသာကိုနင်ဒွိုင်း၏ ဝတ္ထုတိုပေါင်းချုပ်ထဲမှ ဝတ္ထုအချို့အား လွန်ခဲ့သောနှစ်ပေါင်း (၆၀) ခန့်က ရန်ကုန်တက္ကသိုလ် ဥပစာတန်းများတွင် အင်္ဂလိပ်ဘာသာ စာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့သည်သာမက ၁၉၄၈ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင်လည်း ဆာအာသာကိုနင်ဒွိုင်း၏ "The Hound of Baskervuilles" ဘာစကာဗီးလ်၏ခွေးကြီး ဟူသော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းပါဝင်သော စာအုပ်အား အင်္ဂလိပ်ဘာသာပြန်ပြဋ္ဌာန်းစာအုပ်အဖြစ် သင်ကြားခဲ့ကြသည်။ (ထိုစာအုပ်အကျဉ်းအား ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်းက တိုက်ရိုက်မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး မူရင်းကိုမူ ဆရာစိုးမြိုင်က လုံးစေ့ ပတ်စေ့ တိုက်ရိုက် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်) ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများသည် ကျွန်တော်တို့အပေါ်တွင် ဤကဲ့သို့ ဩဇာသက်ရောက်ခဲ့သဖြင့် သူ့အား ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန် မလိုဟု ရေးသားခဲ့ရခြင်း ဖြစ်သည်။

ထို့အတူ သူ လျှမ်းလျှမ်းတောက်ထင်ရှားခဲ့စဉ်က စာဖတ်ပရိသတ်အများသည် ရဲနှင့် စုံထောက်တို့ တရားခံ အစစ်အမှန် ဖော်ထုတ်နိုင်ခြင်းမရှိသော မှုခင်းကြီးများကို စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းက ထုတ်ဖော်နိုင်မည်ဟု မှတ်ယူထားကြရာ အောက်ဖော်ပြပါ လူသတ်မှုကြီး၏ တရားခံအစစ်အမှန် ဖော်ထုတ်နိုင်ရေးကို ဆရာကြီးဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့ကြသဖြင့် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းမှာ ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော ဂျပန်နိုင်ငံတွင် (၄၆) နှစ်ကြာ ကြိုးတိုက်ကျခံနေရသော လူသတ်တရားခံ ဟာကာမာဒါကဲ့သို့ အင်္ဂလန်နိုင်ငံ ဂလပ်စဂိုမြို့ အမှတ် (၁၅) ဘုရင်မကြီးလမ်းတွင်နေထိုင်သော မစ္စမာရီယန်ဂီလ်ခရစ်ဆိုသူ အမျိုးသမီးကြီးတစ်ဦး အသတ်ခံရမှုတွင် တရားခံဟု ရဲနှင့်စုံထောက်တို့ စွပ်စွဲခံရသော အော်တိုစလိတ်တာဘက်မှ စုံစမ်းထောက်လှမ်းပေးခဲ့ရသော အမှုဖြစ်သည်။ ထိုအမှုကြီး၏ဖြစ်စဉ်မှာ ဤသို့ ဖြစ်ပါသည်။

၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့သည် ထူး




ယခုအခါ အသက် (၇၈) နှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဟာကာမာဒါးသည် ရက်ပေါင်း ၂၀ ကြာ စစ်ဆေးခြင်း ခံရနေစဉ်အတွင်း ရိုက်နှက်ခြင်းခံရသောကြောင့် ဝန်ခံ ခဲ့သော်လည်း တရားရုံးသို့ ရောက်ရှိသောအခါ ၎င်း၏ထွက်ဆိုချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ထူးခြားခြား အအေးလွန်ကဲသောနေ့ဖြစ်သဖြင့် ထိုနေ့ ၆ နာရီခွဲတွင် ဂလပ်စဂိုမြို့ ဘာရင်မကြီးလမ်း အမှတ် (၁၅) တွင် တစ်ဦးတည်းနေထိုင်သူ မစ္စမာရီယန်ဂီးလ်ခရစ်၏ အိမ်ဖော်ဖြစ်သူ မစ္စက်လန်ဘီသည် နေ့စဉ်နေ့တိုင်း သူဆောင်ရွက်လေ့ရှိသည့်အတိုင်း ညနေထုတ်သတင်းစာဝယ်ယူရန် ထွက်သွားသည်။ သူသတင်းစာများဝယ်ယူရာတွင် ၁၀ မိနစ်ခန့်သာ ကြာမြင့်လေ့ရှိ၏။ ထိုနေ့ ၆ နာရီခွဲအချိန်တွင် မစ္စစ်မာရီယန်ဂီးလ်ခရစ်၏ အိပ်ခန်းအောက်ခန်းတွင် ငှားရမ်းနေထိုင်သူ မစ္စတာဂျော့အဒမ်သည် မစ္စမာရီယန်၏ အိမ်ခန်းဘက်မှ သက်ဘမကောင်းအသံများကြားရသဖြင့် သွားကြည့်ခဲ့သည်။ မစ္စတာအဒမ်မှာ မျက်စိမှုန်သူ ဖြစ်၏။ ရုတ်တရက် ထွက်လာခဲ့ရာ မျက်မှန်တပ်ရန် မေ့လျော့နေမိသည်။ မစ္စမာရီယန်အခန်း၏ ခေါင်းလောင်းကြိုးကို အကြိမ်ကြိမ် ဆွဲခဲ့သော်လည်း အခန်းအတွင်းမှ ကန့်လန့်ထိုးထားပြီး အခန်းတံခါးဖွင့်မပေးခဲ့။ ထိုအချိန်တွင် သတင်းစာထွက်ဝယ်သော အိမ်ဖော်ဖြစ်သူ လန်ဘီ ပြန်ရောက်လာခဲ့၏။ ဤတွင် ရုတ်တရက် အခန်းတံခါးပွင့်လာပြီး အိမ်ခန်းတွင်းမှ လူငယ်တစ်ယောက်ထွက်လာပြီး လှေကားမှ ခပ်သုတ်သုတ် ဆင်းသွားတော့၏။

ထိုစဉ်တွင် မစ္စတာဂျော့၊ အဒမ်၏ အစ်မဖြစ်သူက လည်း ထိုလူငယ်ကို မြင်လိုက်သည်။ ထိုလူငယ်မှာ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထား၏။ သို့သော် ထိုလူငယ်၏ နှာခေါင်းမှာ ထူးထူးခြားခြား ကြီးမားနေသည်ကို သတိထားမိသည်ဟု ဆိုသည်။

မစ္စတာအဒမ်နှင့် အိမ်ဖော်ဖြစ်သူတို့ အိပ်ခန်းအတွင်း ဝင်သွားခဲ့သောအခါ မစ္စမာရီယန်ဦးခေါင်းမှာ ပြင်းထန်သော ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၏။ ရှန်းကန်ထားသည့် လက္ခဏာ တစ်စုံတစ်ရာမတွေ့ရ၊ သေဆုံးနေသူအနီးတွင် ဖတ်လက်စ မဂ္ဂဇင်းတစ်စောင် ပွင့်ကျနေသည်ကို တွေ့ရ၏။ လူသတ်သမား ထွန်းသွားဟန်ရှိသော ဓာတ်ငွေ့မီးဖိုတစ်လုံးမှာ လင်းနေ၏။ မှန်တင်ခုံပေါ်မှ ဖန်ဘူးထဲ၌ သေဆုံးသူအဘွားကြီး၏ အဖိုးတန်လက်ဝတ်ရတနာများ ခြေရာလက်ရာမပျက် ရှိနေသည်။ သို့သော် မစ္စမာရီယန်ဂီလ် ခရစ်၏ ကိုယ်ရေးကိုယ်တာနှင့်သက်ဆိုင်သော စာရွက်စာတမ်း များ ထားသည့် သေတ္တာကလေးအား ရိုက်ချိုးဖွင့်ထားပြီး စာရွက်စာတမ်းများ၊ စာချုပ်များမှာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲ နေ၏။ အိမ်ဖော်မကလေး၏ပြောပြချက်အရ လူသတ်သမား သည် အဘွားကြီး၏ စိန်ရင်ထိုးတစ်ခုမှအပ အခြားအဖိုးတန် ပစ္စည်း ယူမသွားဟုဆိုသည်။ မှုခင်းဆရာဝန်ကြီး၏ စုံစမ်း တွေ့ရှိချက်အရ လူသတ်သမားသည် အခန်းတွင်း၌ ကုလား



www.burmeseclassic.com

ထိုင်နှင့် မစ္စမာရီယန်းကို ရိုက်သတ်ခဲ့သည်ဟု ဆိုသည်။ ရဲနှင့် စုံထောက်တို့မှ ဤလူသတ်မှုဖြစ်ရခြင်းသည် ရတနာပစ္စည်းများယူလိုသောကြောင့် ဖြစ်ရမည်ဟု ကောက်ချက်ချခဲ့၏။ ရဲနှင့် စုံထောက်တို့ကမူ ပျောက်ဆုံးနေသော စိန်ရင်ထိုးနောက်သို့ ခြေရာခံလိုက်ခဲ့ကြ၏။ ခရစ္စမတ်ပွဲတော်အခါအတွင်း ဂလပ်စဂိုမြို့မှ ဂျာမန် ဂျူးကပြား အော်စတိုစလိတ်တာ ဆိုသူသည် လောင်းကစားဝိုင်းများတွင် ငွေအတော်သင့် သုံးစွဲနေသည်ဟူသော သတင်းကို ရဲနှင့် စုံထောက်များက ရရှိထားသဖြင့် အော်တိုစလိတ်တာအိမ်အား ရှာဖွေရာ အော်စတိုစလိတ်တာသည် သူ့ချစ်သူဖြစ်သူနှင့် လီဗာပူးလ်မြို့သို့ ထွက်သွားသည်ဟု သိရ၏။

ရဲနှင့် စုံထောက်တို့ကမူ အော်တိုစလိတ်တာသည် မစ္စမာရီယန်ဂီးလ်ခရစ်အား သတ်ဖြတ်သည့်အမှုအတွက် ရုတ်တရက်ထွက်ခွာသွားခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့၏။ ဤတွင် ဂလပ်စဂိုမြို့မှ အပေါင်ဆိုင်တစ်ဆိုင်ကမူ အော်တိုစလိတ်တာသည် စိန်ရင်ထိုးတစ်ခု ပေါင်ခဲ့ဖူးသည်ဟု ရဲတို့ထံ သတင်းပေးခဲ့၏။ သူ့နောက်သို့ ရဲနှင့် စုံထောက်များ ပိုက်စိတ်တိုက်၍ တကောက်ကောက်လိုက်နေသဖြင့် အော်စတိုစလိတ်တာသည် အမေရိကန်ပြည်ထောင်စုသို့ ရုတ်တရက် ထွက်သွားခဲ့၏။ ရဲနှင့် စုံထောက်တို့အဖို့ အော်စတိုစလိတ်တာမှာ ပစ်မှတ်ဖြစ်လာခဲ့ရ၏။ သို့ဖြစ်၍ စကော့တလန်ယာ့ဒ်အဖွဲ့မှ စုံထောက်တို့သည် သူ့နောက်သို့ ထပ်ချပ်မကွာ လိုက်ခဲ့ကြရာ နယူးယောက်မြို့ တည်းခိုခန်းတစ်ခုတွင် သူ့အား ဖမ်းဆီးရမိခဲ့သည်။ အော်တိုစလိတ်တာ၏ ပစ္စည်းများကို ရှာဖွေရာတွင် တူတစ်လက်ပါ တွေ့ရှိခဲ့ရာ ရဲနှင့် စုံထောက်တို့က ထိုတူဖြင့် မစ္စမာရီယန်ဂီလ်ခရစ်၏ ဦးခေါင်းကို ရိုက်သတ်ခြင်းဖြစ်သည်ဟု ယူဆခဲ့၏။

ရဲနှင့် စုံထောက်တို့သည် တရားခံအစစ်အမှန်နောက် အပင်ပန်းခံ မရှာတော့ဘဲ၊ လူသတ်သမားသည် အော်စတိုစလိတ်တာ ဖြစ်ရမည်ဟု ဆိုကာ ရာဇဝတ်ခုံရုံးတွင် တရားစွဲခဲ့၏။ မှုခင်းဆရာဝန်ကြီးကမူ သေဆုံးသူ၊ မစ္စမာရီယန်၏ ဦးခေါင်းမှ ဒဏ်ရာသည် တူဖြင့်ထုသည့်ဒဏ်ရာမဟုတ်၊ မဟော်ဂနီသားဖြင့် ထုလုပ်ထားသော ကုလားထိုင်၊ ခြေထောက်ဖြင့် ရိုက်ခဲ့သောဒဏ်ရာဟု ထွက်ဆို၏။ အပေါင်ဆိုင်ဆိုင်ရှင်ကလည်း ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြသော စိန်ရင်ထိုးမှာ ဤအမှုအခင်းကြီး မဖြစ်ပွားမီကပင် အော်တိုစလိတ်တာ မကြာခဏ ပေါင်နေကျစိန်ရင်ထိုးဖြစ်သည်ဟု ထွက်ဆိုခဲ့၏။ လူသတ်သမားကိုမြင်ရပါသည်ဆိုသော မျက်မြင်သက်သေအများကလည်း အလွဲလွဲ ထွက်ဆိုခဲ့၏။ မစ္စမာရီယန်ဂီလ်ခရစ်နှင့် နှစ်ပေါင်းများစွာနေထိုင်သူ အိမ်ဖော်အမျိုးသမီး လန်ဘီကလည်း ရုံးတော်တွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော အော်တိုစလိတ်တာ၏ စိန်ရင်ထိုးမှာ သေဆုံးသူ မစ္စမာရီယန်၏ စိန်ရင်ထိုး မဟုတ်ပါဟု ခိုင်ခိုင်မာမာထွက်ဆိုခဲ့၏။ ရုံးတော်ကမူ အစိုးရအကျိုးဆောင်၏တင်ပြချက်များကိုသာ တစ်ဖက်သတ် စဉ်းစားပြီး အော်တိုစလိတ်တာအား သေဒဏ်ချမှတ်ခဲ့၏။

သို့ဖြစ်၍ တရားစီရင်ချက်ကို မကျေနပ်သော ပြည်သူအများသည် ဥပဒေပညာရှင်များ အကူအညီနှင့် သက်ဆိုင်ရာသို့ အယူခံဝင်ခဲ့၏။ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းကမူ ဂလပ်စဂိုမြို့သို့ သွားရောက်၍ သက်သေများကို ကိုယ်တိုင်စုံစမ်းခဲ့သည်။ ဆာအာသာကိုနင်ဒွိုင်းကမူ အမှုကြီး၏ ဟာကွက်များကို တစ်ခုချင်း စူးစမ်းခဲ့သည်။ လူသတ်သမားသည် စိန်ရင်ထိုးကို မယူလိုဘဲ ယူသွားခြင်းမှာ ရဲနှင့် စုံထောက်တို့ လမ်းမှားသွားစေရန်ဖြစ်သည်ဟု ယူဆသည်။ အိမ်ဖော်မလေး အပြင်သို့ထွက်ချိန် လာရောက်သူသည် သေဆုံးသူနှင့် ခင်မင်သူ (သို့မဟုတ်) ဆွေမျိုးသားချင်းဖြစ်၍ အိမ်တံခါးကို သူကိုယ်တိုင်ဖွင့်ပေးခြင်း ဖြစ်သည်။ လူသတ်သမားရှာဖွေသော စာရွက်စာတမ်းများသည် အလွန်အရေးကြီးသော အရောင်းအဝယ်စာချုပ် (သို့မဟုတ်) အဘွားကြီး မစ္စမာရီယန်၏ သေတမ်းစာလော စဉ်းစားသင့်သည်ဟု သက်ဆိုင်ရာသို့ တင်ပြခဲ့၏။ နောက်ဆုံးတွင်မူ တာဝန်ရှိသူများက စနစ်တကျ စိစစ် စစ်ဆေးခဲ့ကြပြီး မှားယွင်းမှုဟုဆိုကာ အော်တိုစလိတ်တာ၏အမှုကို ပိတ်ခဲ့သည်။

*ကျမ်းကိုး - (၁) The Man Who was Sherlock Holms*

*(၂) The World Greatest Trials.*

လှမိုး (ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေစုံထောက်

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)



ဆရာခင်ဗျား ..

ကျင်းပဆဲ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးခက်ထိန်နန်က မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင် တိုက်ဖျက်သွားနိုင်ရန် အဆိုကို တင်သွင်းခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး ကလည်း ဆွေးနွေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကလည်း "နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်တာတွေဟာ အတုယူလောက်အောင်ကောင်းပါတယ်၊ ဘာမှပြောစရာမလိုပါဘူး။ ဘက်စုံ ပြည့်စုံ ကောင်းမွန်ပါတယ်။ မှန်ကန်ပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတစ်ခုကိုတော့ ပြန်လည်သုံးသပ်ဖို့တော့ လိုတယ်" ဆိုပြီး ပြောကြားခဲ့ပါတယ်။ (၂၉-၇-၂၀၁၄) ရက်နေ့ ထုတ် Daily Eleven သတင်းစာ စာမျက်နှာ (၁၅) မှာ ဖတ်လိုက်ရပါတယ်။ အဲဒီသတင်းစာထဲမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကတော့ လုပ်ဆောင်နေသော်လည်း ပဲလှော်ဝါးစားနေသကဲ့သို့ လွယ်ကူစွာရရှိနေကြောင်း ဆွေးနွေးသွားတာကို တွေ့ခဲ့ရပါတယ်။ ဒီလိုဖြစ်ပျက်နေတဲ့ကိစ္စရပ်တွေမှာ တည်ဆဲဥပဒေနဲ့ အားနည်းချက်ကြောင့်လားဆိုတာ သိချင်ပါတယ်။ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စုံထောက်စာဖတ် ပရိသတ်တစ်ဦး၊ ရေကျော်

**စုံထောက်စာဖတ်ပရိသတ်တစ်ဦးသို့ . . .**

မူးယစ်ဆေးဝါးပြဿနာကို တူမောင်စိတ်ဝင်စားသလို ဆရာလည်း စိတ်ဝင်စားပါတယ်။ ဘယ်နေ့များမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ကောင်းသတင်းများကို ကြားရမလဲလို့ အမြဲတမ်း နားစွင့်နေသူဖြစ်ပါတယ်။ ၂၁-၇-၂၀၁၄ ရက်နေ့ထုတ် 7 Day Daily သတင်းစာရဲ့ စာမျက်နှာ (၄) မှာ ကျပ်သိန်း ၂၃၀၀ ခန့် တန်ဖိုးရှိတဲ့ ဘိန်းဖြူများ ဖမ်းဆီးရမိတဲ့ သတင်းတစ်ခု ဖတ်လိုက်ရတယ်။ ထိုင်းနိုင်ငံသားနှစ်ဦးထံ ရောင်းချသည့် ဘိန်းဖြူများကို တာချီလိတ်စစ်ဗျူဟာနှင့် မူးယစ်ရဲတပ်ဖွဲ့တို့ပူးပေါင်းကာ ဖမ်းဆီးလိုက်နိုင်တဲ့ သတင်းဖြစ်ပါတယ်။ သူတို့နဲ့အတူ သေနတ်တစ်လက်နဲ့ ကျည်အချို့ပါ သိမ်းနိုင်ခဲ့တယ်လို့ ဖတ်ရှုလိုက်ရတယ်။

ဖမ်းဆီးမိတဲ့ မူးယစ်ဆေးဝါး ဘိန်းဖြူတွေရဲ့ တန်ဖိုးတွေက များလှချည်လားဆိုပြီး တွေးနေတုန်း ၃၀-၇-၂၀၁၄ ရက်ထုတ် Daily Eleven သတင်းစာရဲ့ စာမျက်နှာ ၂၁ မှာ ရှမ်းပြည်နယ် တာချီလိတ်မြို့မှာပဲ ကျပ်သိန်းပေါင်း ၂၀၀၀ ကျော် တန်ဖိုးရှိတဲ့ ဘိန်းဖြူဘလောက်တုံး ၄၀၄ တုံး (တန်ဖိုးကျပ်သိန်းပေါင်း ၂၂၆၂၄ သိန်း တန်ဖိုးရှိ) ကို မူးယစ်တပ်ဖွဲ့နဲ့ တာဝန်ရှိသူတို့က ဖမ်းဆီးလိုက်နိုင်တဲ့ သတင်းကို ဖတ်လိုက်ရပြန်ပါတယ်။ တရားခံနှစ်ဦးနဲ့အတူ M22 မောင်းပြန် ရိုင်ဖယ်သေနတ်နှစ်လက်၊ ကျည်အိမ်ရှစ်ခု နဲ့ ကျည် ၂၁၇ တောင့်၊ 9 MML uger အမည်းရောင် ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခုနဲ့ ကျည် ၃၃ တောင့်၊ 9MM အဖြူရောင် ပစ္စတိုတစ်လက် ကျည်အိမ်တစ်ခု၊ လက်ပစ်ဗုံးသုံးလုံးနဲ့ လက်ကိုင်စကားပြောစက် သုံးလုံး ဖမ်းဆီးမိတဲ့သတင်းတို့ကို ဖတ်ရှုလိုက်ရပြန်တယ်။ တရားဥပဒေစိုးမိုးရေးအင်အားစုတွေရဲ့ ဆောင်ရွက်ချက်တွေကို အားရကျေနပ်ဖွယ်ရှိသလို တစ်ဖက်ကလည်း ဒုစရိုက်သမား ဝိသမ စီးပွားရေးသမားတွေဟာ သောင်းကျန်းနေကြဆဲပါလားဆိုတာ တွေးတောပြီး စိတ်မကောင်းဖြစ်ရပါတယ်။

အရေးယူထားတဲ့ပုဒ်မတွေ ကြည့်လိုက်တော့ မူးယစ်ဥပဒေပုဒ်မ ၂၀ (ခ)/၂၁၊ ၂၂ (ခ) တွေပါကြောင်း သိရပါတယ်။ ပုဒ်မ ၂၀ (ခ) အရ အပြစ်ဒဏ်ပေးရင် အနည်းဆုံး ထောင်ဒဏ် ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်နိုင်ပါတယ်။ ပုဒ်မ ၂၂ (ခ) အရ ပြစ်ဒဏ်ပေးရင်လည်း ကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ရမှာမို့ သေဒဏ်အထိ ပြစ်ဒဏ်ပေးခွင့်ရှိပါတယ်။ ဒါကြောင့်မို့ တရားဥပဒေမှာတော့ အားနည်းမှုမရှိဘူးလို့ ဆရာပြောချင်ပါတယ်။ ဝိသမလောဘသမားဆိုတာက စက်တိုင်ပဲ တက်ရတက်ရ၊ ချမ်းသာမယ်ဆိုရင် လုပ်ကြတာပါပဲ။ ဝိသမလောဘသမားတွေနဲ့ တရားဥပဒေစိုးမိုးရေးသမားတွေရဲ့ ယှဉ်ပြိုင်ပွဲမှာ တရားဥပဒေစိုးမိုးရေးသမားတွေရဲ့ ယှဉ်ပြိုင်ငံ့


www.burmeseclassic.com

www.burmeseclassic.com


မှာ တရားဥပဒေစိုးမိုးရေးသမားတွေက အနိုင်ရဖို့ ပြည်သူလူထုကလည်း ပူးပေါင်းကူညီဖို့ လိုပါတယ်။ သတင်းရရင် သက်ဆိုင်ရာအဖွဲ့အစည်းတွေကို သတင်းပေးဖို့၊ အကူအည ပေးဖို့ လိုပါတယ်။

---

ဆရာခင်ဗျား••

ပြီးခဲ့တဲ့လက စုံထောက်မဂ္ဂဇင်းရဲ့ ဥပဒေစုံထောက်ခန်း မှာ ဆရာက သတင်းမီဒီယာဥပဒေအကြောင်း ရှင်းပြထားတာ ဝမ်းသာစွာနဲ့ ဖတ်ရှုလိုက်ရပါတယ်။ သတင်းမီဒီယာသမားတွေရဲ့ ရပိုင်ခွင့် (အခွင့်အရေး) တွေကိုလည်း သိခွင့်ရလိုက်ပါတယ်။ အခွင့်အရေးရှိရင် တာဝန်လည်း ရှိမယ်လို့ ထင်ပါတယ်။ သတင်း မီဒီယာသမားတို့ရဲ့ လိုက်နာရမယ့်တာဝန်တွေ၊ ကျင့်ဝတ်တွေကို ဥပဒေစုံထောက်အခန်းကပဲ ဆက်လက်ဖော်ပြပေးပါလို့ မေတ္တာ ရပ်ခံအပ်ပါတယ်။

သတင်းထောက်တစ်ဦး၊ ရန်ကုန်

---

**သတင်းထောက်တစ်ဦးသို့••**

တူမောင်ပြောသလိုပါပဲ၊ ရပိုင်ခွင့် (အခွင့်အရေး) ရှိရင် လိုက်နာရမယ့် တာဝန်တွေ၊ ကျင့်ဝတ်တွေ ရှိတယ်ဆိုတာ မှန်ပါတယ်။ သတင်းမီဒီယာဥပဒေမှာ သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များကို အခန်း (၄) မှာ ပြဌာန်းထားပါတယ်။ ပုဒ်မ (၉)၊ ပုဒ်မခွဲ (က) မှ (ဈ) အထိ ဖြစ်ပါတယ်။

ပုဒ်မ ၉ မှာ သတင်းမီဒီယာသမားတစ်ဦးသည် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန် တာဝန်ရှိတယ်လို့ ဖော်ပြထားပါတယ်။

(က) သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်း

(ခ) တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန် လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသောစာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံး အချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊

(ဂ) တရားရုံးတွင် စစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှု ထင်ရှားစီရင်ခြင်းမပြုသမျှ ကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ်မှတ်ယူခြင်းနှင့် တရားရုံးက မထီမဲ့မြင်ပြုရာရောက်သော သဘင်းဝေဖန်ချက်မျိုးကို ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း

(ဃ) သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွ နည်းပညာတစ်ရပ်ရပ် အသုံးပြု၍ မလျော်ကန်သေ ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း

(င) သတင်းဝေဖန်ချက်၊ အာဘော်နှင့် ဆောင်းပါးရေးသ ခြင်းမှတစ်ပါး သတင်းရေးသားသူ၏ ထင်မြင်ယူ ချက်၊ အာဘော်လုံးဝမပါရှိစေခြင်း၊

(စ) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာပစ္စည်းများ ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှ ရှောင်ကြဉ်ခြ

(ဆ) အများပြည်သူ၏အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတ ရေးသားခြင်းမဟုတ်လျှင်၊ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည တစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသေ အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသေ အရေးအသားမျိုးဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုး အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေး သားမှုမှ ရှောင်ကြဉ်ခြင်း၊

(ဈ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

ကဲ•• တူမောင်ရေ••။ အဲဒီ (က) မှ (ဈ) အ (၉) ချက်ကတော့ မီဒီယာသမားတွေ လိုက်နာရမယ့်တာဝ နဲ့ ကျင့်ဝတ်တွေပဲ ဖြစ်ပါတယ်။

ဦးအာကာ (တရားလွှတ်တော်ရှေ့

www.burmeseclassic.com





# မောင်ဉာဏ်စိန်

## လက်ဝယ်တွေ့ရှိသည်ဟု ဆိုသော်လည်း

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆၊ ၁၉၊ ၂၀၊ ၂၁နှင့် ၂၂ တို့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ လက်ဝယ်ထားရှိမှုနှင့် ဆက်စပ်စ်နေသော ပုဒ်မများ ဖြစ်ကြသည်။ ယင်းပုဒ်မများ၏ မူရင်းကို လေ့လာလျှင် "သိလျက်နှင့် လက်ဝယ်ထားရှိခြင်း" ဟူသော အသုံးအနှုန်းမျိုးကို တွေ့ရမည် မဟုတ်ပေ။ ဤတွင် သိလျက်နှင့် လက်ဝယ်တွေ့ရှိသည် ဖြစ်စေ၊ မသိဘဲလျက် လက်ဝယ်တွေ့ ရှိသည်ဖြစ်စေ အပြစ်ရှိသည်ဟု သတ်မှတ်ရမည်လော ဟူသော ပြဿနာသည် ပေါ်ပေါက်လေ့ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



■

ဥပဒေများကို လေ့လာရာတွင် မှုရင်းဥပဒေဆက်ဆက်မျှကို လေ့လာရုံဖြင့် ပြည့်စုံလုံလောက်သည်ဟု မဆိုနိုင်ပေ။ နည်းဥပဒေများ၊ လက်စွဲဥပဒေများ၊ စီရင်ထုံးများ စသည်တို့ကိုပါ ဖြည့်စွက်လေ့လာရန် လိုအပ်ပေသည်။ သို့မှသာ အမှုတစ်မှုချင်းစီအတွက် မှန်ကန်သော အဖြေကို ရှာဖွေတွေ့ရှိမည် ဖြစ်ပေသည်။

မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းပြီး သိလျက်နှင့် လက်ဝယ်ထားရှိခြင်း ဟုတ်မဟုတ် စိစစ် သုံးသပ်ခြင်းနှင့် စပ်လျဉ်းပြီး ၂၀၀၈ ခုနှစ်တွင် စီရင်ထုံး တစ်ခု ပေါ်ပေါက်ခဲ့သည်။ **မနှာခူးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** စီရင်ထုံး ဖြစ်ပါသည်။ ယင်းစီရင်ထုံးတွင် သိလျက်နှင့် လက်ဝယ်ထားခြင်း ဟုတ်၊ မဟုတ်ကို မည်ကဲ့သို့ စဉ်းစား သုံးသပ်သည်၊ မည်ကဲ့သို့ စီရင်ဆုံးဖြတ်သည်ကို သိရှိနိုင်ရန်အတွက် ကောက်နုတ် တင်ပြလိုပေသည်။

လွိုင်လင် ခရိုင်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄/၂၀၀၇ တွင် တရားခံမောင်ကြည် (ခ) ကြည်စိန်နှင့် မနှာခူးတို့အပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် (၁၉) နှစ်စီ၊ နန်းကြာမုံအပေါ် ယင်းဥပဒေပုဒ်မ ၁၉(က)/ ၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၉) နှစ် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မနှာခူးနှင့် နန်းကြာမုံက မကျေနပ်၍ ရှမ်းပြည်နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၁/၂၀၀၇ တင်သွင်းရာ ပလပ်ခံရသည်။ မနှာခူးက တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၈၈/၂၀၀၈ ဖြင့် ပြင်ဆင်မှု ဝင်ရောက်ရာတွင်လည်း ပလပ်ခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန်၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၁၅၆/၂၀၀၈ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာအား အထူးအယူခံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

"အမှုတွဲတွင် ပေါ်ပေါက်နေသော သက်သေခံချက်များအရ မနှာခူးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှား စီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ"

အမှုမှာ ၂၄-၂-၂၀၀၇ ရက်နေ့ ၁၁း၄၅ နာရီခန့်က တောင်ကြီးမူးယစ် (အထူး) အဖွဲ့နှင့် မိုင်းရှူးတစ်ဆွယ်မှ ရဲအုပ်ဌေးလွင်ဦးစီးသော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းရှူးမြို့ ရပ်ကွက် (၂)၊ ရွှေဟသ်ာဈေးလမ်းနှင့် မယ်ဇလီလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မြို့ထဲဘက်မှ ဆိုင်ကယ်နှင့် ရောက်ရှိလာသူ မောင်ကြည်အား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီဘယ်ဘက်အိတ်ကပ်အတွင်းမှ အစိမ်းရောင် ကျွပ်အိတ်အတွင်းတွင် အပြာ... ပလပ်စတစ်အိတ်ငယ်များဖြင့် ... ထားသည့် ဒဗလျူဝိုင် စာတန်း... ရောင် စိတ်ကြွရူးသွပ်ဆေးပြား... ပေါင်း ၁၁၄၈ ပြား သိမ်းဆည်း... ယင်းဆေးများအား နန်းကြာမုံထံ... ကြောင်း ဖော်ထုတ်ချက်အရ တ... နန်းကြာမုံအိမ်သို့ သွားရောက်ရှာ... မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မ... ကြောင်း၊ ယင်းဆေးများကို မနှာခူး... ရရှိကြောင်း နန်းကြာမုံ၏ ထွက်ဆို... အရ မနှာခူး၏နေအိမ်သို့ သွား... ရှာဖွေရာ နေအိမ်ဈေးဆိုင်အတွ... သစ်သား သေတ္တာအတွင်းတွင် ... စိမ်း (၃) ထုပ် စုစုပေါင်းအလေး... ၄·၈၉၉ ကီလိုဂရမ် တွေ့ရှိရမိသ... ၎င်းတို့ (၃) ဦးအား အရေးယူပေး... ရဲအုပ် ဌေးလွင်က မိုင်းရှူးရဲစခန်း... အမှုဖွင့်တိုင်ကြားမှု ပေါ်ပေါက်လာသ... အမှု ဖြစ်သည်။

အထူးအယူခံရုံးတွင် အ... တရားလို (မနှာခူး) ၏ ရှေ့နေ... နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွ... သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေး... ၏ လျှောက်လဲချက်များကို လက်ခံ... နာခဲ့သည့်အပြင် တရားလိုပြသက်သေ... များနှင့် တရားခံပြ သက်သေများ... ထွက်ဆိုချက်များအပေါ် အသေးစိ... ဝေဖန်သုံးသပ်ခဲ့သည်။ ထိုသို့ ဝေ... ဆွေးနွေးရာတွင် အောက်ပါအချက်... ကို ထည့်သွင်းသုံးသပ်ခဲ့သည်။

"လက်ဝယ်ထားရှိခြင်းဖြင့် ... ဒဏ်ထိုက်သော အမှုများတွင် ရှာ... ပုံစံပါ ဖော်ပြချက်များသည် အ...

www.burmeseclassic.com



ပင်မကျောရိုးဖြစ်သော်လည်း ...တွင် မနာခူးသည် ရှာဖွေပုံစံ သက်မှတ်ရေးထိုးပေးအပ်ခြင်းမှ ... မနာခူး၏ နေအိမ်ဆိုင် အဝင်ဝ ...တွေ့ရှိရသော ဘိန်းသေတ္တာသည် ...ာ ဘိန်းသေတ္တာဟုသိလျက်နှင့် ...ယ်ထားရှိသည့်ပစ္စည်း ၂ ...ည် ...ည်းကောင်း မနာခူး၏ စီမံမှု ...တွင်ရှိသည့် ပစ္စည်းဖြစ်သည်ဟု ...ကောင်း။ ကောက်ယူနိုင်ရန် ခိုင် ...ည့် ပတ်ဝန်းကျင် သက်သေခံ ...က်အထားများ မရှိကြောင်း ...သည်။ သို့ဖြစ်ရာ မနာခူး၏ ဆိုင် ...တွင် ဘိန်းသေတ္တာကို တွေ့ရှိ ...လည်း ဘိန်းသေတ္တာဖြစ်ကြောင်း ... သိရှိနိုင်သည့် အခြေအနေ ရှိ ...ဟု မပေါ်ပေါက်၍ မနာခူးသည် ...များကို လက်ဝယ်ထားရှိသူ ...ည်ဟု မဆိုနိုင်ပေ။

"လျှောက်ထားသူ၏အိမ်တွင် ဘိန်း ... တွေ့ရှိရသော်လည်း ဒေါ်ရော်ဂျာ ... ခေါင်းတို့ ထွက်ချက်အရ ဖမ်းမိ ...ည့် ဘိန်းမှာ ဒေါ်ရော်ဂျာ၏ ဘိန်းဖြစ် ...ကြောင်း ထင်ရှားသည်။ ယင်းဘိန်းများ ...မှာရှိကြောင်း။ လျှောက်ထားသူမိခဲ့ ...ည်ဟု သက်သေအထောက်အထား ...မရှိပေ။ သို့ဖြစ်၍ လျှောက်ထားသူ ...ည် မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ် ...သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) ... ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင် ...ဟု ကရင်လနှင့် ပြည်ထောင်စု ...ရယ်လစ် သမ္မတမြန်မာနိုင်ငံတော် ... (၁၉၇၈၊ မ•တ•စ စာ - ၁) ...ှင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

"ဤအခြေအနေတွင် အမှုတွင် ပေါ်ပေါက်နေသော သက်သေခံချက်များအရ မနာခူးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း ဖြေဆိုလိုက်သည်။ ထို့အပြင် ဤအမှုနှင့် ဆက်စပ်နေသူ၊ မူလအမှုမှ တရားခံ တစ်ဦးဖြစ်သူ နန်းကြာမုံသည် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်း မရှိခဲ့ပေ။ ၎င်းနန်းကြာမုံနှင့် စပ်လျဉ်း၍လည်း အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။

"ဤအထူး အယူခံမှုတွင် နန်းကြာမုံသည် အယူခံဝင်ရောက်ခြင်း မရှိပေ။ သို့သော် နန်းကြာမုံနှင့် မနာခူးတို့သည် ပြစ်မှုဆိုင်ရာ အမှုကြီးတစ်မှုတည်းတွင် အတူးပူးတွဲ စွဲဆိုခံရသူများဖြစ်ကြသည်။ လွိုင်လင်ခရိုင် တရားရုံးနှင့် ရှမ်းပြည်နယ်တရားရုံးတို့က နန်းကြာမုံသည် ဒဗလျူဝိုင်ဆေးပြားများအား ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်းပြုသည့် မောင်ကြည်ကို အားပေး ကူညီမှု ပြုခဲ့သည်ဟု ကောက်ယူသုံးသပ်၍ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) /၂၁ အရ အပြစ်ရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သော်လည်း ယင်းကောက်ယူဆုံးဖြတ်ချက်ကို ထောက်ခံသော သက်သေခံအထောက်အထားမရှိကြောင်း တွေ့ရသည်။"

"သို့ဖြစ်၍ နန်းကြာမုံက တရားရုံးချုပ်သို့ အထူးအယူခံဝင်ရောက်ခြင်း မရှိသော်လည်း နန်းကြာမုံအပေါ် ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အား ဝင်ရောက် စွက်ဖက်ပြီး နန်းကြာမုံနှင့် စပ်လျဉ်း၍ ဤအမှု၌ အမိန့်ချမှတ်သင့်ကြောင်း တွေ့ရှိရသည်။"

တရားရုံးချုပ်၊ အထူးအယူခံခုံရုံးသည် အထက်ပါအတိုင်း လျှောက်ထားသူ အယူခံတရားလို (မနာခူး) နှင့် လျှောက်ထားခြင်းမရှိသော်လည်း မူလရုံးတွင် ပူးတွဲတရားခံဖြစ်ခဲ့သူ (နန်းကြာမုံ) တို့နှင့် စပ်လျဉ်းပြီး ပြည့်ပြည့်စုံစုံ သုံးသပ်ပြီးနောက် အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်။

"ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ တရားရုံးအဆင့်ဆင့်က မနာခူးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်နှင့် တရားရုံးအဆင့်ဆင့်က နန်းကြာမုံအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အား ပယ်ဖျက်ပြီး အမှုမှ အပြီးအပြတ် လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ထိုကဲ့သို့ အမိန့်ချမှတ်ခဲ့သည့် အပြင် ယင်းအမှုအားလည်း မနာခူးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၂၀၀၈ ခုနှစ် မ•ထ•စ စာ ၄၉) အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏ်မိုး



www.burmeseclassic.com

www.burmeseclassic.com



# မင်းပဒေါမရှိခဲ့ပါ

သံဃယတော



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

အရုဏ်မတက်သေး•••

အရှေ့ မိုးကောင်းကင်တွင်မူ အလင်း ဖျဖျမြင်ရစပြုပြီ။

နံနက်ခင်းလေနုနုသည် ဖွဖွတိုး ဝှေ့သွား၏။

ဝန်းကျင်က အမှောင်မပြယ်သေး သဖြင့် ဖုန်နံ့ကို ရသော်လည်း ဖုန်ကို မမြင်ရ။

လှည်းလမ်းကြောင်းဘေးမှ ချုံနွယ်များကို တိုးတိုက်ချိတ်ဆွဲသွားသော သံများနှင့် လှည်းအရှိန်ကြောင့် ဖျိုးဖျိုးဖျင်း ဖျင်းမြည်သံနှင့် လှည်းဆီခမ်းသဖြင့် ဝင်ရိုးမှ အီသံထွက်နေသော လှည်းသံ များကို ကြိမ်တို့ မောင်းနှင်သံတို့သာ အမှောင်ထဲမှာ စီးမြောနေ၏။

ရွာမှ ထွက်ခဲ့သည်မှာ (၁) နာရီခန့် ရှိပြီ။

စုစုပေါင်း လှည်း (၃) စီး။

အလယ်လှည်းတွင် ကျွန်တော် လိုက်ခဲ့သည်။ အစ်ကိုဖြစ်သူ ကိုစိမ်းမောင်က လှည်းမောင်း၏။

နွေကျောင်းပိတ်ရက်၊ ကျွန်တော် ရွာကို အလည်လာစဉ် သူတို့ တောတက် ထင်းခုတ်သွားသည်နှင့်ကြုံသဖြင့် ကျွန်တော် လိုက်လာခဲ့ခြင်းပါ။ ကျွန်တော်တို့ရွာတွေက ထင်းအတွက် ပဲခူးရိုးမတောင်ကြောရှိ တောကိုတက်၍ ထင်းခုတ်ကြရသည်။ တစ်နှစ်လျှင် နှစ်ခေါက် သုံးခေါက်မျှ တောတက်၍ ထင်းခုတ်မှသာ တစ်မိုးတွင်းစာ ထင်းဖူလုံသည်။

ကျွန်တော်နှင့် အစ်ကိုစိမ်းမောင်မှာ မောင်နှမဝမ်းကွဲ၊ သူက ကျီးချောင်းရွာမှာပင် မိဘများနှင့်အတူ နေ၍ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသည့် လူပျိုကြီး။ ကျွန်တော်က မိဘများနှင့် မြို့ကလေးမှာနေ၍ ကျောင်းတက်ရင်း ၁၀ တန်း အောင်ခဲ့သည်။ မွေးချင်းနည်းသူများဖြစ်၍ အရင်းလိုပင် ချစ်ကြသည်။

ကျွန်တော့်ကို သည်ကျီးကျောင်းရွာမှာပင် မွေးခဲ့သည်။

ထို့ကြောင့်ထင်၏။ တောစော်နံနေသော ကျွန်တော် ရွာမှာ ပျော်သည်။

ကျောင်းပိတ်ရက်ရောက်လျှင် ရွာကို ကျွန်တော် မပြန်ဘဲမနေနိုင်။

ရွာနှင့် ကျွန်တော်နေသည့် မြို့ကလေးမှာ (၅) မိုင်သာဝေးသည်။

အချိန်မရွေး သွားနိုင်လာနိုင်သည့် လမ်းရှိ၏။

ရွာကို မကြာခဏ ရောက်သော်လည်း တောတက်သည်နှင့်မကြုံ။ ကြုံသောအခါများတွင်လည်း အစ်ကိုဖြစ်သူက မခေါ်၊ အန္တရာယ်ရှိတယ်ကွ၊ စိတ်မချဘူး၊ မလိုက်နဲ့ဟု အငြင်းခံခဲ့ရသည်ချည်းသာ။

ကျွန်တော်က ထီးထီးကြီး သွယ်တန်းနေသော ပဲခူးရိုးမတောင်တန်းကြီးရှိ စိမ်းညို့ညို့သစ်တောကြီးကို စိတ်ဝင်စား၏ ရောက်ဖူးချင်၏။ ထို့ကြောင့် ခဏခဏ ပူစာ၏။ မအောင်မြင်ခဲ့။

ခုမှပင် ကြုံလည်းကြုံနေ၊ အစ်ကိုဖြစ်သူကလည်း လိုလိုချင်ချင် ခေါ်သဖြင့် လိုက်ဖြစ်ခဲ့ခြင်းပါ။

ပဲခူးရိုးမတောင်တန်းကြီးကို ကျော်တက်လာသော အရုဏ်ဦးသည် နွေသစ်ကို အလင်းဖြန့်ဝေလိုက်သဖြင့် မျက်စိတစ်ဆုံး သဲကွဲပီပြင်စွာ မြင်လာရ၏။

ဂရုတစိုက် မောင်းလာသည့် လှည်းများမှာ ခရီးပေါက်လာသည်။

တစ်စစ တောင်ခြေကိုပင် ရေးရေးမြင်ရပြီပေါ့။ ရွာမှ မနက်မလင်းခင် ထွက်ခဲ့သည်မှာ လမ်းတွင် နေပူမခံရစေရန် ဖြစ်၏။ ယခု နေမရင့်ခင်မှာပင် တောင်ခြေကို ရောက်ပြီ။

အရိပ်ကောင်းသည့် ပျဉ်းမပင် အုပ်အုပ်ကြီးအောက်တွင် လှည်းများကို ရပ်လျက်၊ နွားတွေကို လှည်းမှဖြုတ်ပြီး အနားပေးရင်း အသင့်ပါလာသည့် နွားစာနှင့် ရေကိုတိုက်သည်။ လူတွေကတော့ ထင်းခုတ်ရန်ပြင်ဆင်ကြ၏။

ကျွန်တော့်အစ်ကိုမှာ လှည်းသုံးစီးပေါ်မှ လူအားလုံးထဲတွင် အသက်အကြီးဆုံးမို့ ရှောင်ရန်ဆောင်ရန်တွေ ပြောသည်။

"ဒီအချိန်ကစပြီး အပြောအဆိုဆင်ခြင်ကြ၊ အပေါ့အလေးကိစ္စတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



**ဒီအချိန်ကစပြီး အပြောအဆို ဆင်ခြင်ကြ၊ အပေါ့အလေးကိစ္စတွေလည်း လက်လွတ်စပယ် မလုပ်ကြနဲ့၊ တစ်အောင့်နားပြီးရင် ထင်းစခုတ်ကြမယ်၊ ကျွန်းပင်ပေါက်တို့၊ ပျဉ်းကတိုးပင်နဲ့ ပိတောက်ပင်ပေါက်တွေတော့ မခုတ်ကြနဲ့ကွာ၊ သစ်တောက လူတွေနဲ့တွေ့ရင် ရှင်းရခက်တယ်၊**

လက်လွတ်စပယ် မလုပ်ကြနဲ့၊ တစ်အောင့်နားပြီးရင် ထင်းစခုတ်ကြမယ်၊ ကျွန်းပင်ပေါက်တို့၊ ပျဉ်းကတိုးပင်နဲ့ ပိတောက်ပင်ပေါက်တွေတော့ မခုတ်ကြနဲ့ကွာ၊ သစ်တောဇာ လူတွေနဲ့တွေ့ရင် ရှင်းရခက်တယ်၊ အဲ‥အဲ‥နဘဲပင်လည်း မခုတ်ချင် မခုတ်ကြနဲ့ပေါ့‥"

အစ်ကိုက နဘဲပင်ကို ဘာကြောင့် မခုတ်ခိုင်းသည်ကို ကျွန်တော် သိချင်လာ၏။

"အစ်ကို‥ဘာကြောင့် နဘဲပင် မခုတ်ခိုင်းတာလဲဟင်‥"

"ထင်းဆိုက်လို့မကောင်းဘူး ညီလေးရ၊ စာဆိုရှိတယ်လေ၊ နဘဲချဉ်စုတ် ထင်းမလုပ်နဲ့၊ လုပ်သာလုပ်လေ၊ မမှုတ်လေနဲ့တဲ့ကွ၊ ထင်းဆိုက်လို့လည်း မကောင်းဘူး၊ ဘယ်လောက်ခြောက်ခြောက် ခွဲလိုက်ရင် အသားထဲမှာ ရေစုတ်ထားတာ တွေ့ရတယ်၊ မီးဆိုက်ရင် ငြိမတောက်ဘူး၊ မီးခိုးတွေ အူနေတော့တာပေါ့၊ အဲ‥မီးတောက်အောင် မှုတ်ပြန်ရင်လည်း မျက်လုံးကို မီးခိုးမွှန်ပြီး မျက်ရည်တွေ ထွက်တော့တာပေါ့ကွာ၊ ဒါကြောင့် ထင်းမလုပ်နဲ့ လုပ်သာလုပ်လေ မမှုတ်လေနဲ့လို့ ရှေးလူကြီးတွေက ဆုံးမခဲ့တာပေါ့ ညီလေးရာ၊ အနံ့ကလည်း ဆိုးသေးတယ်၊ ချဉ်စုတ်စုတ်နဲ့ကွ‥"

ကျွန်တော့်အတွက်တော့ ဗဟုသုတရလေသည်။ အစ်ကိုက -

"ကဲဟေ့‥တို့ တောထဲ ဝင်ကြမယ်၊ ငါ့ညီက နွားတွေစောင့်ရင်း ရေနွေးကြမ်းအိုးတည်ထားလိမ့်မယ်၊ ဖြစ်တယ်မဟုတ်လား ညီလေး"

"ဖြစ်ပါတယ် အစ်ကိုရာ"

"ဟေ့ကောင်မြို့သား‥ရေနွေးကျိုဖို့၊ မင်း မီးရောမွှေးတတ်ရဲ့လားကွာ၊ ဟုတ်မှလည်း လုပ်ပါ"

အစ်ကို့သူငယ်ချင်းတွေက ကျွန်တော် မခံချင်လောက်အောင် စသည်။ ကျွန်တော်ကလည်း ဆတ်ဆတ်ထိခံသူ မဟုတ်ပါ။

"ခင်ဗျားတို့ကလည်းဗျာ၊ ကျွန်တော့်ကို ကျိုးကျောင်းရွာမှာ မွေးတာပါ၊ တောသားအစစ်ဗျ၊ မြို့မှာနေပေမယ့် တောအလုပ်တွေလုပ်တတ်ပါတယ်"

"ဪ‥အေး‥အေး‥ ဒါဆိုလည်း ကောင်းတာပေါ့ကွာ၊ မင်းပါလာတာ တို့အဖော်ရတာပေါ့ မြို့သားရာ၊ ဟား‥ ဟား‥ဟား‥"

အစ်ကိုနှင့်အဖွဲ့က ဓားနှင့် ငါးမန်းစွယ်များယူ၍ တောထဲသို့ ဝင်သွားကြ၏။ ကျွန်တော်ကလည်း

* * * * *

အခန်း (၂)

ညနေ (၃) နာရီခန့်တွင် ထင်း
ခုတ်သမားများ ပြန်လာကြ၏။ ကျွန်
တော် အသင့်ပြင်ထားသည့် ရေနွေး
ကြမ်းအိုး ချပေးလိုက်သည်။ ဝါးဆစ်
ခွက်များထဲ ရေနွေးကြမ်းငှဲ့ထည့်၍ တဖူး
ဖူး မှုတ်သောက်ကြ၏။

"အစ်ကို‥ထင်းခုတ်တာ အဆင်
ပြေလား‥"

"ပြေပါတယ် ညီလေးရာ၊ ခုတ်လို့
ရတဲ့ ထင်းတွေ စုပုံထားခဲ့တယ်၊ မနက်
ကျမှပဲ ထင်းတုံးတွေသယ်ပြီး လှည်း
ပေါ်တင်မယ်ကွာ၊ နေမရင့်ခင် ဒီကထွက်
ရင် တို့ရွာကို နေပါမှာပါ"

အစ်ကိုပြောသည့် နေပါမှာပါဆို
သည့် အဓိပ္ပာယ်သည် နေမဝင်ခင် ရွာ
ပြန်ရောက်မည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း
ကျွန်တော် နားလည်သည်။ သူတို့လူ
က စခန်းချထားသည့် မနီးမဝေးမှ စမ်း
ချောင်းကလေးတွင် ကိုယ်လက်သန့်စင်
ကြသည်။

ညနေ (၄) နာရီ ခန့်တွင် 
သည့် ထမင်းနှင့် ငါးခြောက်ကြော်

www.burmeseclassic.com



ပိုင်တောင်ပိုင်များအား စားဦးစား တင်မြှောက်၍ ကျွန်တော်တို့လူစု မင်းစားကြသည်။

ညနေ (၅) နာရီခန့်သာ ရှိသေး ။ တစ်တောလုံး မှောင်ရီသန်းလာ ။

သစ်ရိပ်ဝါးရိပ်ကြောင့် စောစော ှောင်သွားခြင်းဖြစ်မည်။ အစ်ကိုနှင့်အတူ ငယ်ချင်းများဖြစ်သော သစ်ခုတ်သမား မှာ တစ်နေ့လုံး ပင်ပန်းထားကြ ဖြင့် ထမင်းစားပြီးသည်နှင့် ကိုယ့် ည်းပေါ်တက်၍ အိပ်ရန် ပြင်ဆင်ကြ ။

"အားလုံးကို တစ်ခုတော့ ငါမှာ ယ်ကွာ၊ နီးနီးကြားကြားတော့ အိပ် နော်၊ အန္တရာယ်ပေးနိုင်တဲ့ ကျားတွေ ဆင်ရိုင်းတွေ မရှိဘူးဆိုပေမယ့် သတိ ာ့ ရှိကြပါစေ၊ အရေးပဲ့ အကြောင်း ဆိုရင် အဆင်သင့်ဖြစ်အောင် အိပ် ကွာ၊ ကုလားသေ၊ ကုလားမော ်မနေကြနဲ့၊ မအိပ်ခင် ဘုရားရှိခိုး မျှအတန်းဝေ၊ မေတ္တာပို့ပြီးမှ အိပ်ကြ"

အစ်ကိုမှာသည့်အတိုင်း ဘုရားရှိ မေတ္တာပို့ အမျှအတမ်းပေးဝေပြီးမှ ်ကြ၏။

ကျွန်တော်က အစ်ကိုနှင့်အတူ ်မည်ဖြစ်၏။ မအိပ်ခင် ဘုရားရှိခိုး ည်၊ တောပိုင်တောင်ပိုင်နှင့်တကွ င်အပ်မမြင်အပ်သော ပုဂ္ဂိုလ်များအား ေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း ပြုလုပ်လိုက်၏။

ကျွန်တော် အိပ်ရန် လှဲချလိုက် ်မှာပင် အားလုံးထံမှ ဟောက်သံတွေ က်လာသည်။ တစ်နေ့လုံးလိုလို ပင်ပန်းထားကြသည်မို့ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကြပုံပင်။

ခက်သည်က ကျွန်တော့်မျက်လုံး ကြောင်နေသည်။ အိပ်ချင်စိတ် လုံးဝ မရှိ၊ အတင်းဖြစ်ညှစ် အိပ်သော်လည်း အိပ်မပျော်။ ညအမှောင်ရင့်လာသည် နှင့်အမျှ ပုရစ်သံ၊ ပုဇဉ်းရင်ကွဲ အော်သံ များကြောင့် ချောက်ချားဖြစ်လာသည်။ လေအဝှေ့တွင် သစ်ရွက်များ သဲသဲလှုပ် လှုပ် မြည်သံများမှာ မကောင်းဆိုးဝါး တွန်သံပမာပင်။

ခပ်လှမ်းလှမ်းဆီမှ တောကြက် တွန်သံနှင့် ခွေးဟောင်သံများကို ကြား ရသည်။

အားငယ်စိတ်သည် ကျွန်တော့် ကို ပို၍ အထီးကျန်ဖြစ်စေ၏။

အိပ်မပျော်သည့်အတူတူ မျက် လုံးကို မှေး၍ ဂုဏ်တော်ကိုးပါးကို နှုတ်မှ ဖွဖွရွတ်နေမိ၏။ ထိုအချိန်မှာပင်-

မီးပုံကြီးဘေးမှာ စားမြုံ့ပ်တပြန် ပြန်နှင့် ငြိမ်သက်စွာ ဝပ်နေသော နွား ခြောက်ကောင် ဝုန်းခနဲ ထရပ်သည်။ တရှူးရှူးတရှဲရှဲဖြင့် တိုးကြွေ့ကြသည်။ ရုတ်ရုတ်သဲသဲဖြစ်သွား၏။ မှိတ်ထား သည့် ကျွန်တော့်မျက်လုံးတွေကို အလန့် တကြား ဖွင့်ကြည့်မိ၏။

ဦးစွာမြင်ရသည်က စူးဝါးသည့် မီးရောင်ကြီးနှင့် လူတစု။ မီးရောင်မှာ ရှေ့ဆုံးမှလူ လက်မှာ ကိုင်မြှောက်ထား သည့် မီးတောက်မီးလျှံ ဟိန်းဟိန်း တောက်လောင်နေသည့် မီးတုတ်မှ အလင်းရောင်၊ သူ့နောက်မှာ စောင်ပု ခက်ဖြင့် ရှေ့နောက် ဝါးလုံးလျှိုထမ်းလာ သော လူနှစ်နှင့် နာကျင်စွာ ညည်းညူသံ သဲ့သဲ့။

ထိုလူစုက ကျွန်တော်တို့ဆီ ဦး တည် လာနေ၏။ ကျွန်တော်က နာ မကျန်းဖြစ်သူအား ဆေးရုံဆေးခန်းပို့ရန် နွားလှည်းအကူတောင်းဖို့ လာသည် ထင်၏။

ထိုလူစုသည် ကျွန်တော်တို့ဆီ တန်းတန်းမတ်မတ်လာနေ၍ပင်။





www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်ကိုင်ထားသူမှာ သက်လတ်ပိုင်းအရွယ် အသားမည်းမည်း ရုပ်ပဓ်ဆိုးဆိုး အင်္ကျီမပါ၊ ကျောပြောင်ကြီးနှင့် ထိုအုပ်စု ကျွန်တော်တို့အနီး ရောက်လေ၊ နွားတွေက နှာတရှူးရှူးမှုတ်၍ အလန့်လန့်အဖျန့်ဖျန့်ဖြင့် တိုးဝှေ့ကြလေ၊ ကျွန်တော်တို့နှင့် ဝါးတစ်ရိုက်ခန့်အလိုအရောက်တွင် ကျဲကျဲလှမ်းလာနေသော ခြေလှမ်းတွေကို တုန့်ခနဲရပ်လိုက်၏။

နောက်သို့ တဖြည်းဖြည်း ပြန်ဆုတ်သွားသည်။ အနေအထားကြည့်ရသည်မှာ တစ်စုံတစ်ဦးက နှင်ထုတ်သဖြင့် ကြောက်လန့်တကြား ပြန်ဆုတ်သွားပုံမျိုး၊ တစ်ဒင်္ဂတွင်းမှာပင် တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားသည်။ နွားတွေ ပြန်လည် ငြိမ်သက်သွား၏။ ပိန်းပိတ်အောင်မှောင်နေသည့် တောသည် သစ်ရွက်လေတိုးသံ ပုဇဉ်းရင်ကွဲအော်သံတို့ဖြင့် မူလအတိုင်း ပြန်ဖြစ်သွားသည်။

တရှူးရှူးဟောက်၍ အိပ်နေသူများ တုပ်တုပ်မျှမလှုပ်၊ သည်မျှ နွားခြောက်ကောင် တိုးဝှေ့၍ ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကိုပင် မနိုးချေ။ နိုးနိုးကြားကြား အိပ်၊ ကုလားသေကုလားမော အိပ်မနေကြနဲ့ဟု ဆရာကြီးလုပ်၍ မှာသူ ကျွန်တော့်အစ်ကိုပင်လျှင် တစ်ချက်ကလေး မလှုပ်။

တောကြီးအလယ်တွင် ကိုယ်တစ်ယောက်တည်း ရောက်နေသကဲ့သို့ မျက်စိသူငယ်ဖြင့် ကြောက်လန့်စိတ်ကြောင့် မျက်လုံးတွေကို အတင်းစုံမှိတ်ထားရတော့၏။ ထိုအခါ -

* * * * *

“ စောကြာအင်း . . ဒီတောဒီတောင်ထဲမှာ တစ်ယောက်တည်း ဘာကြောင့် နေတယ်ဆိုတာ မင်းတို့မသိလို့ ငါ့ကို စိန်ခေါ်တာပေါ့လေ၊ သိကြရောပေါ့ကွာ၊ တောက် . . ”



အခန်း (၃)

“ညီလေး . . ညီလေး . .”

အစ်ကိုဖြစ်သူ၏အသံနှင့်အ[...] ခန္ဓာကိုယ်ကို ကိုင်လှုပ်ခြင်းခံရသဖြ[...] မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်[...] မိုးစင်စင်လင်းနေပေပြီ၊ ကျွန်တော် [...] မြိုက်စွာ အိပ်ပျော်သွားပုံရ၏။

“ညီလေး ထကွာ . .၊ မျက်နှာသ[...] ချေ၊ အဆာပြေစားပြီးရင် ခုတ်ထားတ[...] ထင်းတွေ လှည်းပေါ်တင်ပြီး တို့ပြန်ဆ[...] ကြမယ်”

“ခြော် . . ဟုတ်ကဲ့ အစ်ကို . .”

ကျွန်တော် လှည်းပေါ်မှဆင်[...] စမ်းချောင်းကလေးသို့ မျက်နှာသစ်[...] လာခဲ့သည်။ စမ်းချောင်းအစပ် ရွှံ့ပျေ[...] ပျော့တွင် ခြေရာများထင်နေသည်[...] တွေ့ရသည်။ ညက လူနာထမ်း၍လာ[...] သည့် လူတစ်စုကို ဖျတ်ခနဲ သတိ[...] လိုက်သည်။ စိတ်တွင် ဇဝေဇဝါဖြစ်[...] တော့၏။ ငါအိပ်မက်တာလား၊ တကယ်[...] လားဆိုသည်ကို မဝေခွဲနိုင်တော့၊ [...] သယများနှင့် ထွေးလုံးရစ်ပတ်။

ခုတ်ထားသည့် ထင်းချောင်းတွေ[...] ကို လှည်းပေါ် တင်ပြီးချိန်တွင် [...] ထန်းတစ်ဖျားခန့် ရှိနေပြီ။ မနေ့[...] အတိုင်းပင် ကျွန်တော်တို့ လှည်း[...] အလယ်က ထား၍ ထွက်ခဲ့၏။ အဆင်[...] လမ်းဖြစ်သဖြင့် မြန်သည်၊ တောင်ခြေ[...] သည် တစ်စစဝေး၍ ကျန်ရစ်၏။

မြေပြန့်သို့ပြန်ရောက်လျှင် လှည်း[...] တွေကို ပုံမှန်ပင် မောင်းခဲ့၏။ တော[...] တစ်နေရာတွင် သစ်ပင်များ အုပ်ဆို[...] ညို့မှိုင်းနေသည့် ဥယျာဉ်ကြီးတစ်ခု[...] တွေ့သည်။ အလာတုန်းက သည်နေရ[...]



www.burmeseclassic.com

www.burmeseclassic.com



ခြတ်ကျော်စဉ် မိုးမလင်းသေးသဖြင့် သတိမထားမိခြင်း ဖြစ်ပေမည်။

ဥယျာဉ်ကြီး၏အစပ်တွင် စည်းရိုးသဘော စိုက်ထားသည့် သရက်ပင်၊ ပိန္နဲပင်များတွင် အသီးများ ပြွတ်သိပ်နေ၏။ ပိန္နဲသီးမှ အနံ့သည် လေအသင့်တွင် နှာခေါင်းကိုလာ၍ မြှူဆွယ်နေသလို ထင်၏။

"အစ်ကို··"

"ဘာလဲ ညီလေး··"

"ခဏရပ်ပေးစမ်းပါ··"

"ဘာလုပ်မလို့လဲကွ··"

"ဟိုမှာ ပိန္နဲပင်ကြီးတွေ မှည့်နေတယ်ဗျ၊ တစ်လုံးလောက် ခူးသွားရအောင်"

အစ်ကိုက ခေါင်းကို သွက်သွက် ခါရမ်းသည်။

"မလုပ်နဲ့ညီလေး၊ ပိုင်ရှင်မပေးဘဲ သူ့ဟာ ပိုင်စိုးပိုင်နင်း ခူးသွားတာကို ပိုင်ရှင်မသိဘဲ မနေဘူးကွ၊ သူသိရင် သည်းခံမှာ မဟုတ်ဘူး··"

"သူသိတဲ့အချိန်မှာ ကျွန်တော်တို့က ရွာပြန်ရောက်နေလောက်ပြီပေါ့ အစ်ကိုရာ··"

"မထင်နဲ့ညီလေး၊ မထင်နဲ့၊ ရွာပြန်ရောက်နေလည်း သူတို့က သိတယ်ကွ··"

"သိတော့ သူတို့က ရုံးခန်းမှာ တိုင်မှာလား အစ်ကိုရ··"

"ရုံးခန်းတိုင်တာက ရှင်းလို့ရသေးတယ်ကွ··"

အစ်ကို့စကားကို ကျွန်တော် သဘောမပေါက်၊ အစ်ကိုက လှည်းမောင်းမပျက်ဘဲ စကားဆက်သည်။ သူက -

"တို့ရွာက ကိုတောကျော်နဲ့ ကိုကျီးညိုတို့လို ဖြစ်မှာစိုးလို့ပေါ့ကွာ"

အစ်ကို့စကားက အဆန်းဖြစ်၏။ စပ်စုလိုစိတ်ကြောင့် နှုတ်မှ မေးခွန်းတစ်ခု ခုန်ပျံထွက်သွား၏။

"ကိုတောကျော်··ဘာဖြစ်လို့လဲ ဟင်··"

"အင်း··ပြောရရင် အရှည်ကြီးပဲကွ၊ မင်းလည်း တော်တော်ကြာခဲ့ပြီလေ၊ ငါ့အဖေနဲ့အမေ ငယ်ငယ်လောက်ကပေါ့ ငါတို့ မမွေးသေးဘူး"

"အင်း··"

"ခုတော့ သူတို့တွေလည်း မရှိကြတော့ဘူး··"

အစ်ကို့စကားက လိုရာမရောက် ဝေ့နေသဖြင့် ကျွန်တော်က အားမလို အားမရ -

"အစ်ကိုရာ··ကိုတောကျော်တို့ ဘာဖြစ်ကြတယ်ဆိုတာ ပြောပြစမ်းပါဗျာ··"

အစ်ကိုက သက်မောကို လေးတွဲစွာ ရှိုက်၏။

တအိအိသွားနေသည့်နွားတွေကို ကြိမ်တို့မောင်းနှင်လိုက်ရင်း -

"ဒီလိုကွ··ညီလေးရ··"

* * * * *

## အခန်း (၄)

သည်တစ်ခေါက် တောတက်ရာတွင် လှည်းထွက်ခဲ့သည်။

တောကျော်နှင့် ကျီးညို ခရီးတစ်ဝက်ရောက်မှ မိုးလင်း၏။

ကမန်းကတန်း ထွက်ခဲ့သဖြင့် အဆာပြေ ဘာမျှပင် မစားဖြစ်ခဲ့။

ခါတိုင်း တောတက်လျှင် အဖော်လှည်းသုံးစီးနှင့် သွားနေကြ။

သည်တစ်ခေါက်တော့ ရွာမှ ဘယ်သူမျှမသိအောင်ပင် ခြေရာပျောက်၍ တိတ်တိတ်ထွက်ခဲ့ခြင်း ဖြစ်၏။ တောတက် ထင်းခုတ်ရန် အဖော်လှည်းတွေနှင့် အတူ သွားလျှင် ခုတ်ရမည့်အပင် လုရခြင်းမျိုးရှိ၏။ ကိုယ်ခုတ်ချင်သည့် အပင်ကို ကိုယ်က အရင်ဦးရသည်။ အကြံတူသွားလျှင် တစ်ခါတလေ အချင်းချင်း ခွန်းကြီးခွန်းငယ် ပြောရတတ်၏။ ကတောက်ကဆဖြစ်ရတတ်၏။ တစ်သက်လုံး မခေါ်နိုင်၊ မပြောနိုင်ဖြစ်သွား

---

အဲဒီ ဦးတောကျော် သူ့ညီအလောင်းကို လှည်းပေါ်တင်ပြီး ရွာပြန်ယူလာလို့ တို့အဖေတွေ၊ အမေတွေ တောင်တွေ့ လိုက်ကြရတယ်၊ မျက်လုံးကြီးပြူးထွက်ပြီး လျှာတစ်လစ်ကြီးနဲ့ သေနေတာတဲ့၊ ဦးတောကျော်ကြီးဆိုရင်လည်း ရူးကြောင်ကြောင်ဖြစ်နေလို့ မနည်းဆေးကုယူရသတဲ့···

---



www.burmeseclassic.com

www.burmeseclassic.com


သည့် လူတွေပင် ရှိသည်။

သည်တော့...

တောကျော်နှင့် ကျီးညိုတို့ ညီအစ်ကို ဘယ်သူ့ကိုမှ အသိမပေးဘဲ အဖော်လည်း မစပ်ဘဲ တိတ်တိတ် တောတက်ခဲ့ခြင်းဖြစ်၏။ တောကျော်က လှည်းမောင်းသည်။ ကျီးညိုက ပုဆိုးအပိုတစ်ထည်ခေါင်းမြီးခြုံ၍ ကွေးကွေးလေး အိပ်လိုက်လာ၏။

တောင်ခြေကို နီးလာပြီ...

အချိန်မှာလည်း မိုးစင်စင်လင်းလာ၏။

တောကျော် ဆိုင်ထဲတွင် အရှုပောင်းလောင်းဖြစ်နေသဖြင့် ပိုးမျိုးရှစ်ဆယ် ထကြွသောင်းကျန်းသံတွေက တကွဲကွဲ မြည်နေ၏။

ဥယျာဉ်ခြံကြီး တစ်ခြံအနီး ဖြတ်သွားရင်း ဝိန္နဲသီးမှည့်အနံ့ကို ရသည်။

တောကျော် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏။ တပ်စည်းရိုးအဖြစ် စီတန်းစိုက်ထားသည့် ဝိန္နဲပင်၊ သရက်ပင်၊ ကနစိုပင်များထဲမှ ဝိန္နဲပင်ကြီးတစ်ပင်တွင် အသီးတွေ ပြွတ်ခဲနေ၏။

တောကျော် လှည်းကို ရပ်လိုက်သည်။ ကျီးညိုက နိုးလာလျက် -

"ရောက်ပြီလားအစ်ကို.."

"မရောက်သေးပါဘူးကွာ၊ ဟို ဝိန္နဲပင်ကြီးက ဝိန္နဲသီးအနံ့ရလို့ စားချင်တာနဲ့ ရပ်တာပါ၊ တစ်လုံးလောက် ခူးစားမယ်ကွာ.."

"အင်း..ဆင်းခူးမယ်ကွာ၊ ဗိုက်အရမ်းဆာနေတာနဲ့ အတော်ပဲ.."

နှစ်ယောက်သား လှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။ တောကျော်လက်ထဲမှာ ထင်းခုတ်ဓားကို အသင့်ကိုင်လာ၏။

ဝိန္နဲသီးနံ့က အပင်အနီးရောက်လေ မွှေးလေပင်။ တောကျော်က ကြီးပေ့၊ လှပေ့ဆိုသည့် အသီးတစ်လုံးကို အညှာမှ ခုတ်ဖြတ်လိုက်သည်။

"အစ်ကို..ဒီဘက်အလုံးက ပိုလှတယ်ဗျ.."

"နေပါစေတော့ကွာ..တို့တစ်လုံးဆို စားလောက်ပါတယ်.."

"ပိုတော့လည်း အိမ်ယူသွားမှာပေါ့ဗျာ၊ ပေးစမ်းပါဓား.."

ကျီးညိုက တောကျော်လက်ထဲမှ ဓားကိုဆွဲယူ၍ ဝိန္နဲသီးကြီးတစ်လုံး၏ အညှာရင်းမှ ဖြတ်ယူလိုက်သည်။

"မင်းကလည်းကွာ..ကိုယ်စားဖို့ ခူးတာပဲ စားလောက်ရင် တော်ရောပေါ့၊ ဒီကပိုင်ရှင်တွေက စားဖို့လောက်ဆိုရင် ခွင့်လွှတ်ကြတယ်၊ လောဘတက်တာကို မကြိုက်ကြဘူး"

"ဘာဖြစ်လဲဗျာ၊ ဂရုစိုက်မနေစမ်းပါနဲ့၊ ကျွန်တော်တို့ကို လုပ်ရဲရင် လုပ်ကြလေ..သတ္တိရှိရင် စမ်းကြည့်ပေါ့ကဲ.."

ပြောပြောဆိုဆို ကျီးညိုက အနီးတွင် အတန်းလိုက်စိုက်ထားသော သီးကင်းတွေပြွတ်နေသည့် သခော်ပင်လေးငါးပင်ကို ခါးလယ်မှ ဓားနှင့် ပိုင်းပစ်လိုက်သည်။

ထို့နောက်...

* * * * *

အခန်း (၅)

လှည်းရပ်သံ၊ နွားကြိမ်တို့ မောင်းနှင်သံကြောင့် ဖထီးစောကြာအင်း သူ့

ဦးစွာမြင်ရသည်က
ရှူးဝါးသည့် မီးရောင်ကြီးနှင့
လူတစု။ မီးရောင်မှာ
ရှေ့ဆုံးမှလူ လက်မှာ
ကိုင်မြှောက်ထားသည့်
မီးတောက်မီးလျှံ ဟိန်းဟိန်
တောက်လောင်နေသည့်
မီးတုတ်မှ
အလင်းရောင်၊ သူ့နောက်မှ
စောင်ပု ခက်ဖြင့် ရှေ့နော
ဝါးလုံးလျှိုထမ်းလာသော
လူနာနှင့်
နာကျင်စွာ
ညည်းညူသံသဲ့သဲ့။


www.burmeseclassic.com

www.burmeseclassic.com



…ကို လှည့်ပတ်ကြည့်လိုက်သည်။ ဈေး…တွင် သွားရောက်ရောင်းရန် စိတ်ကူးထား…သော ပိန္နဲသီးကြီးနှစ်လုံး ပျောက်နေ…သည်။ အသီးကင်းတွေနှင့် ပွတ်နေ…သည့် သဘော်ပင်တွေကို ဓားနှင့် ပိုင်း…သွား၏။

စောကြာအင်း စိတ်ထိခိုက်သွား၏။

သူ တယုတယစိုက်ပျိုးထားသော …အပင်တွေကို ရမ်းရမ်းကားကား ဖျက်…ဆီးလေခြင်းဟူ၍လည်း ယူကျုံးမရ …ဖြစ်မိ၏။

အံကြိတ်မိသွားသည်။ တက်…တစ်ချက် ပြင်းပြင်းခေါက်၍ လက်သီး…ကျစ်ကျစ်ဆုပ်လိုက်၏။

"စောကြာအင်း‥ဒီဒတာဒီတောင်…ထဲမှာ တစ်ယောက်တည်း ဘာကြောင့်…နေတယ်ဆိုတာ မင်းတို့မသိလို့ ငါ့ကို…ခေါ်တာပေါ့လေ၊ သိကြရောပေါ့ကွာ၊ …တာက်…"

စောကြာအင်း ရပ်နေရာမှ ချာ…လှည့်၍ တဲကိုပြန်သည်။

ထင်းရှူးသေတ္တာထဲတွင် အနှစ်…အလလ သိမ်းထားသည့် အစိမ်း…သော မီးနေသည့်အလောင်းမှ ယူထား…သည့် ထဘီစကို စုတ်ဖြဲလိုက်၏။ သည်…ထဘီစက မီးဖွားနိုင်သဖြင့် သေဆုံးသွား…သော အစိမ်းသေမိန်းမ အလောင်း…ချုပ်ထားသည့် သင်္ချိုင်းမှ အခေါင်း…ကို ဖော်ယူထားခြင်းဖြစ်၏။

သည်ထဘီကို သူတတ်သည့်…အောက်လမ်းပညာဖြင့် စီရင်ထားခဲ့သည်…ကြာလှရှိပြီ။ တစ်ခါမှတော့ မသုံး…ဖူးသေး။ သည်တစ်ခါ မဖြစ်မနေ သုံး…ရတော့မည်။ သူခိုးတွေက စားချင်၍ ခိုးခြင်းမဟုတ်၊ တမင်ရည်ရွယ်ချက်ရှိရှိ နစ်နာဆုံးရှုံးအောင် လုပ်သွားခြင်းဖြစ်၍ လူယုတ်မာကို ဆုံးမမှ ဖြစ်မည်။

သည်တော့…

စောကြာအင်း ထဘီစကို စုတ်ယူ၍ အခိုးခံရသော ပိန္နဲပင်ဆီလာသည်။ အစေးတွေ စီးထွက်နေသည့် ပိန္နဲသီးအညှာကို အစိမ်းသေ မီးနေသည်ထဘီစနှင့် ပတ်လိုက်၏။ ဖနောင့်နှင့် မြေကြီးကို သုံးချက်တိတိပေါက်ပြီးနောက် -

"ငါ့ပစ္စည်းကိုခိုး၊ ငါ့အကျိုးကို ဖျက်ဆီးသွားတဲ့ကောင်ကို မှတ်လောက်အောင် နင်ဆုံးမပေးရမယ်၊ ငါ့အမိန့်"

စောကြာအင်း နောက်သို့ တစ်ချက်ကလေး ပြန်လှည့်မကြည့်ဘဲ တဲဆီပြန်ရင်း စောကြာအင်းပြုံးလိုက်၏။ ခံနိုင်ရင် ခံပေါ့။

အခန်း (၆)

နန္ဒင်းနံ့ရှူးရှူးကြောင့် တောကျော် အိပ်ရာမှ လန့်နိုးသည်။

မျက်လုံးအစုံကို ဖွင့်ကြည့်၏။ တောခေါင်ခေါင်တွင် လပြည့်ည၏ ငွေရောင်လဲ့လဲ့အောက်မှာ ရပ်နေသည့် ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် ဆံပင်ဖားလျားကြီးနှင့် တစ်ကိုယ်လုံး နန္ဒင်းတွေ လိမ်းထားသဖြင့် ဝါထိန်နေ၏။

"ဟဲ့‥သူခိုးတွေ၊ နင်တို့ ငါ့သခင်ခြံထဲက ပိန္နဲသီးတွေခိုး၊ အပင်တွေကိုလည်း ဖျက်ဆီးသွားကြတယ်မဟုတ်လား။ အဲဒီအတွက် ခု နင်တို့ ပေးဆပ်ကြရမယ်၊ ဟား‥ဟား‥ဟား‥"

မီးနေသည် သရဲမကြီးက လက်နှစ်ဖက်ဆန့်တန်း၍ သူတို့ညီအစ်ကိုဆီ တရွေ့ရွေ့လာနေ၏။

တောကျော်သည် အူတွေ ပြောင်းပြန်လန်သွားသည် ထင်ရ၏။ ကြောက်လွန်းသဖြင့် နှလုံးသွေးရပ်တော့မည့်ဆဲဆဲ -

"အောင်မယ်လေးဗျ၊ ကြောက်ပါပြီ‥ကယ်ကြပါဦး‥"

တောကျော် အသံကုန်ဟစ်အော်လိုက်သည်။ တိတ်ဆိတ်ချိန်မို့ တောကျော့အသံက တစ်တောလုံး ပဲ့တင်ထွက်သွား၏။

ထို့နောက်…

* * * * *

အခန်း (၇)

တောကျော် သတိပြန်ရချိန်တွင် မိုးလင်းနေ၏။

သူ့ဘေးမှ ညီဖြစ်သူ ကျီးညိုခမျာ မျက်ဖြူကြီးလန်၍ လျှာတစ်လစ်နှင့် အသက်ပျောက်နေ၏။

"ညီလေး‥ညီလေး‥"

ကျီးညိုခမျာ မျက်ဖြူကြီးလန်၍ လျှာတစ်လစ်နှင့် အသက်ပျောက်နေ၏။

"ညီလေး‥ညီလေး‥ကျီးညို မင်း‥မင်း‥အဖြစ်ဆိုးလိုက်တာကွာ"

တောကျော် ယူကျုံးမရနိုင်တော့၊ အလာတုန်းက ဥယျာဉ်ကြီးထဲမှ ပိန္နဲသီးမှည့်ခူးရင်း သဘော်ပင်တွေကို ကျီးညို ဓားစွမ်းပြခဲ့သည်ကို ချက်ချင်း သတိရလိုက်၏။ သည်အတိုင်းဆို ခုနှမှာပါ အန္တရာယ်ရှိနေပြီ။

လန့်၍ထွက်ပြေးသွားသော နွားနှစ်ကောင်ကို ပြန်ကောက်၍ လှည်းဆင်ပြီးနောက် ညီဖြစ်သူ ကျီးညိုအလောင်းကို လှည်းပေါ်ထမ်းတင်လျက် ဒုန်းစိုင်းမောင်းခဲ့သည်။

ဥယျာဉ်ကြီးဆီ ရောက်လာ၏။ ကရင်အဘိုးကြီးတစ်ယောက်ကို တွေ့သည်။ တောကျော် လှည်းပေါ်မှ ခုန်ဆင်းလျက် ကရင်ကြီးကို ထိုင်ရှိခိုး၏။

"ဖထီး‥ဖထီး‥ကျွန်တော့်ညီကို ကယ်ပါဗျာ‥ကျွန်တော်တို့ မှားပါတယ်၊ တောင်းပန်ပါတယ် ဖထီးရယ်၊ ခွင့်လွှတ်ပါနော်‥"

တောကျော်က ကရင်အဘိုးကြီးကို ခြေသလုံးဖက်၍ တောင်းပန်၏။ ကရင်ကြီးက ခေါင်းခါသည်။

"လွန်သွားပြီကွ‥၊ မင်းကိုတော့ ငါခွင့်လွှတ်တယ်၊ ဒါပေမဲ့ မင်းညီက ငါ့အသီးတွေ ခူးရုံတင်မကဘူး။ ငါ့အပင်တွေကိုပါ ဖျက်ဆီးသွားတဲ့အတွက် ငါ့ဒဏ် ပြန်လိုက်လို့ သူသေတာပဲ၊ ပြန်ရှင်အောင်တော့ ငါမလုပ်နိုင်ဘူး။ ကဲ မင်းပြန်ပါတော့‥"

တောကျော် ယူကျုံးမရစွာ ငိုရှိက်ရင်း…

* * * * *

အခန်း (၈)

အစ်ကိုစိမ်းမောင်က သူ့စကားကို အဆုံးသတ်သည်။ နားထောင်နေမိသည့် ကျွန်တော်ကြက်သီးမွေးညင်း ထမိ၏။ ရင်ထဲမှာလည်း မတင်မကျ၊ ယုံရခက်၊ မယုံရခက်ပင်။

ယခုလိုခေတ်ကြီးထဲတွင် အောက်လမ်းပညာဖြင့် ဂမ္ဘီရဆန်ဆန် စုန်းပူး နတ်တိုက်၊ သရဲဖမ်းစားသော ဖြစ်ရပ်များမှာ တကယ်ဖြစ်နိုင်ပါ့မလားဟူ၍လည်း သံသယဝင်၏။

"ဟုတ်ပါ့မလား အစ်ကိုရာ၊ စိတ်ကူးယဉ် ဆန်လိုက်တာ‥"

"ဟုတ်ပါတယ်ဆိုကွာ‥၊ အဲဒီ ဦးတောကျော် သူ့ညီအလောင်းကို လှည်းပေါ်တင်ပြီး ရွာပြန်ယူလာလို့ တို့အဖေတွေ၊ အမေတွေ တောင်တွေ့လိုက်ကြရတယ်၊ မျက်လုံးကြီးပြူးထွက်ပြီး လျှာတစ်လစ်ကြီးနဲ့ သေနေတာတဲ့၊ ဦးတောကျော်ကြီးဆိုရင်လည်း ရူးကြောင်ကြောင်ဖြစ်နေလို့ မနည်းဆေးကုယူရသတဲ့‥"

"ဩော်‥"

ကျွန်တော် ဘာမှ ဆေဒကမတက်သာတော့ပါ။



အစ်ကိုစိမ်းမောင်က ဆက်ပြောသည်။

"အခု တို့တက်တဲ့တောလည်း ကြမ်းတာပဲကွ၊ ဒါကြောင့် အမှားမလုပ်မိအောင် သတိထားကြရတာပေါ့၊ တချို့လူတွေ၊ တို့လို ထင်းခုတ်လာရင်း ညအိပ်တဲ့အခါ မီးတုတ်ကြီးကိုင်ပြီး လူနာတစ်ယောက်ကို စောင်ပုခက်ကြီးနဲ့ ထမ်းယူသွားတာမျိုး ကြုံကြရသတဲ့၊ အဲဒါကိုမြင်ပြီး လန့်တဲ့လူလန့် သေတာတောင် ရှိသတဲ့၊ ရူးတဲ့လူလည်း ရှိသတဲ့‥"

ကျွန်တော် ကြက်သီးဖျန်းခနဲ ထသွားသည်။

အစ်ကိုက ဆက်ပြော၏။

"တကယ်တော့ အဲဒါတွေဟာ လူစင်စစ်တွေ မဟုတ်ဘူးကွ၊ မကောင်းဆိုးဝါး နာနာဘာဝတွေ လူယောင်ဆောင်ပြီး ကိုယ်ထင်ပြတာ၊ အမှားလုပ်တဲ့လူ၊ ဘုရားတရား မေ့တဲ့လူတွေဆိုရင် အန္တရာယ်ပေးတတ်ကြသတဲ့‥"

"ဗျာ‥"

ကိုယ့်နားကိုယ်ပင် မယုံချင်အောင်ဖြစ်ရ၏။ ညက ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရသည့် လူတစ်စုသည် နာနာဘာဝ မကောင်းဆိုးဝါးကျက်တွေ လူယောင်ဆောင်ပြီး ကိုယ်ထင်ပြတာမှန်း သိလိုက်ရသဖြင့် ခုမှပင် ကျောမလုံအောင် ကြောက်မိ၏။ ဆန်းကြယ်လွန်းသည့် မာယာတောကြီးကို နောက်တစ်ခေါက်လာရန် ကျွန်တော် စိတ်ပင်မကူးဝံ့ပါတော့ပေ။

မင်းမဟာကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



■

နောင်တဆိုသည်မှာ ပြုသင့်သည်ကို မပြု၊ မပြုသင့်သည်ကို ပြုမိသဖြင့် အချိန်လွန်မှ ပူပန်မိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ နောင်တနှင့် ယှဉ်သော အမှားသည် ပြင်ဆင်၍ရသော အမှားရှိသကဲ့သို့ ပြင်ဆင်၍မရသော အမှားလည်းရှိသည်။ ပြင်ဆင်၍မရသော အမှားတစ်ခုကြောင့်· · ·

အခန်း (၁)

"နင့် အနေအထိုင်တွေ ကျပ်ကျပ်သတိထား မိသန္တာ"

ကိုကျော်ခင်က အံကြိတ်၍ ညီမဖြစ်သူ ခင်သန္တာအား အသံမာမာဖြင့် သတိပေးလိုက်လေသည်။ သူ့ရဲ့ မျက်နှာ၌ အမုန်တကာယ် ဒေါသဖြစ်နေသော အရိပ်အယောင်များကို တွေ့မြင်ရသည်။

ကိုကျော်ခင်က အသက် (၃၀) ခန့်၊ ညီမဖြစ်သူ ခင်သန္တာက အသက် (၁၉) နှစ်ခန့်ဆိုတော့ မောင်နှမ နှစ်ယောက် အသက်တော်တော်ကွာသည်။ အသက်အရွယ်ကွာသဖြင့် ကိုကျော်ခင်တို့ မောင်နှမမှာ အခြားမောင်နှမများကဲ့သို့ ရောရောနှောနှော သိပ်မရှိလှပါ။ ပြောရမည်ဆိုလျှင် ခင်သန္တာသည် အစ်ကိုဖြစ်သူကို ကြောက်ရသည်။ အစ်ကိုဖြစ်သူက စကားနည်းသည်။ ပြောပြီဆိုလျှင်လည်း သတိထားပေတော့၊ ရိုက်မည်ဆို တကယ်ရိုက်သည်။ ဆူမည်ဆိုလျှင် တကယ်ဆူသည်။

အဖေနှင့်အမေကတော့ အငယ်ဆုံး သမီးမို့အလိုလိုက်သည်။ အစ်ကိုဖြစ်သူက "အမေတို့က အလိုလိုက်လွန်းတယ်" ဟု ပြောလွန်းသဖြင့် ရှေ့တွင် သိပ်အလိုမလိုက်သော်လည်း မသိအောင် တစ်မျိုး ခင်သန္တာပူဆာသမျှ ဝယ်ပေးသည်။ အလိုလိုက်ခံရသော ခင်သန္တာသည် ခပ်ဆိုးဆိုးမိန်းကလေးဟု ဆိုရမည်သာ။ ထို့ကြောင့် မိဘများက တစ်ခါတလေ အစ်ကိုဖြစ်သူဆူလျှင်၊ ရိုက်လျှင် ဝင်မပြော၊ ဝင်မတားဖြစ်ချေ။

ယခုလည်း ကိုကျော်ခင်၏ တင်းမာသော မျက်နှာလေးကြောင့် သမီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ခါတိုင်း အစ်ကိုဖြစ်သူဆူလျှင် သေးသေးတင်မခံပြန်ပြော၊ အော်တတ်သောကလေးမက ငြိမ်နေသဖြင့် မအေဖြစ်သူက -

"ဟဲ့· ·သားကြီး တိုးတိုးသာသာ ပြောစမ်းပါကွယ်၊ အခု မင်း ညီမ ဘာတွေလုပ်နေလို့လဲ"

"အမေ ကျွန်တော်ကို မမေးနဲ့ အမေ့သမီးမိုက်ကိုသာမေး· ·အေး· · ဒီမှာ အငယ်မ၊ ငါတစ်ခုပဲ ပြောထားမယ် ဒီလောက် တားထားရက်နဲ့ နာ မထောင်ရင် နင့်ကို အရင်သတ်မယ်"

"ဟဲ့· ·ဘယ်လိုပြောလိုက်တာလဲ ကျော်ခင်"

ကိုကျော်ခင် မအေရဲ့ တားဆီး ကို နားမထောင်ဘဲ အိမ်အောက်ဘက် သို့ ဆင်းသွားသည်။ ရိုးရိုးဆင်းသွားခြ တော့ မဟုတ်ချေ။ အိမ်အုတ်နံရံ လက်သီးနှင့် ဒုန်းခနဲ မြည်အောင်ထို ဆိုင်ကယ်ကို ဝူးခနဲမြည်အောင် မော သွားခြင်းပင်ဖြစ်သည်။

"မိသန္တာ· · ·နင်နဲ့တော့ ငါသေ ချင်တယ်နော်· · ·အခုလည်း ဘာဖြစ် ပြန်တာလဲ· ·ဟိုကောင်နဲ့ မပတ်သက် နဲ့ဆိုတာ ပတ်သက်နေပြန်ပြီလား"

အတင်းဆူ၍ မဖြစ်သဖြင့် ခ ညည်းညည်းဖြင့်သာ ပြောမိသည်။ သား ကြီးက ယောက်ျားလေးပေမဲ့ ဆိုဆုံး ဖို့မလို၊ ရဲစခန်းအချုပ်ခန်းလိုက်စရာမ ဘဲ သမီးနှင့်မှ ပြောင်းပြန်ဖြစ်နေသည်

တိုးတိုးသာသာ ဆုံးမ၍ မရသဖြ ကျယ်ကျယ်ဆုံးမတော့ ကိုယ့်အ လူကြားသည်။ အသက်ငယ်ငယ်ရွယ် ရွယ်နှင့် ရည်းစားသနာထားတတ်သဖြ ရင်ပူရသည်။ ရှေးလူကြီးများပြောသည့် စကားမှာ အတော်မှန်သည်။ သမီး မိန်းကလေးမွေးလျှင် မွေးသည့်အချိန် စ၍ သေသည့်တိုင် ပူပန်နေရသည်

အချိန်မတော်လို့များ ရောက်မလာ ခဲ့လျှင် ငါ့သမီးဘယ်သူများ စော်ကာ လိုက်မလဲ၊ ဘာများဖြစ်နေသလဲ တထိတ် ထိတ်နှင့် စိုးရိမ်ရသည်။ ထို့ကြော သမီးမိန်းကလေး လိမ္မာလ မိ အတွက် အားဖြစ်စေသော်လည်း မိ



www.burmeseclassic.com

ချွင် မီးဖြစ်စေသည်။

ကိုယ့်သမီးက အနေအထိုင်မတတ် ဆက်ကော့လတ်ကော့ ဖြစ်နေမှတော့ ပတ်ဝန်းကျင်ရဲ့ မေးငေါ့ စောင်းမြောင်း ပြောဆိုခြင်းကို ခေါင်းငုံခံရသည်။ ယခု အလောဆို ရည်စားသနာ်ပြဿနာ ကြောင့် အစ်ကိုဖြစ်သူ ရိုက်တာကို မိသန္တာ ခဏခဏ ခံနေရသည်။ အလို လိုက်လွန်းသော ဖအေ၊ မအေရဲ့ ဆုံးမ မှုကို အလေးမထားသောကြောင့် သား ဖြစ်သူရဲ့ ဆုံးမမှုကို မတားဆီးဘဲ မျက် နှာလွှဲ၍ နေလိုက်သည်။ တစ်ခါကများ ဖအေ ဝင်တားမိတော့။

"အမေ⋯အမေက အိမ်ထဲနေပြီး ဘာသိလို့လဲ၊ အမေ့သမီး ဗိုက်တစ်လုံးနဲ့ ချန်ခဲ့မှ အမေတို့ပဲ အရှက်ကွဲရမှာ"

ဟု မျက်နှာ နီနီဖြင့် အော်သည်။

မိသန္တာ၏ စရိုက်သည် မည်သူနှင့် တူမှန်းမသိချေ။ ဗီဇခိုး စရိုက်ဆိုးရှိသော မိန်းကလေးဖြစ်သည်။

ဟိုးတလောက ထင်ပါရဲ့ ရပ်ကွက် ထဲက ခပ်ဆိုးဆိုး ဖိုးသမားနှင့် ကြိုက် သဖြင့် အစ်ကိုဖြစ်သူက ခပ်ကြမ်းကြမ်း ဆုံးမ ထားပြီးပြီ။ ထိုနောက်ပိုင်း အတော်လေးငြိမ်သွားသည်။ ဘာဘာ ညာညာ မကြားရသဖြင့် စိတ်ချမ်းသာ ရမလားမှတ်သည်။ ယခု တစ်ခေါက် ဗွေဖောက်လာပြန်ပြီ။

ကိုယ့်သမီးမို့ ပြောရလျှင်မကောင်း။ သူများပြောတော့ မကြိုက်။ တစ်ခါတစ်ရံ လူတွေက ဟုတ်ရင်နာလေတဲ့။ ဟုတ် လို့ နာတာပေါ့။ မိသန္တာမကောင်းမှန်း သိသည်။ မကောင်းတာကို မကောင်းဘူး ဟု ပြောတော့နာမိသည်။ အမှန်တကယ် ပင် မိသန္တာစရိုက်သည် "ခွေးမြီးကောက် ကျည်တောက်စွပ်"သကဲ့သို့ ဖြစ်လေ သည်။

ပြောလျှင် ပြောတုန်းခဏ၊ ပြီး လျှင် ဒုံရင်း၊ ဒုံရင်း ပြန်ဖြစ်သွားလေ သည်။ ဒါတောင် အသက်က ယခုမှ (၁၉) နှစ် စွန်းစွန်းသာရှိသေးသည်။ သူ့ရဲ့ အနာဂတ်ကိုတွေးရင်း မအေဖြစ် သူက ရင်မောရသည်။ သူကတော့ ⋯

* * * * *

အခန်း (၂)

"လာခဲ့ပါ သန္တာရယ်၊ ကိုယ်သန္တာ ကို အရမ်းလွမ်းလို့ပါ"

တတွတ်တွတ်ပြောနေသော ကို မင်းအောင်ကို မိသန္တာကြောက်ပါသည်။ ချိန်းလို့မသွားလျှင် အိမ်ရှေ့တွင် လာ ရောက်အော်သဖြင့် သူချိန်းလျှင် မသွား ဘဲ မနေ၍မရချေ။ မဟုတ်လျှင် အိမ်၌ ပြဿနာပေါင်းစုံကို ဖြေရှင်းရသည်။ ယခုလည်း ကလေးမုန့်တောင်းသကဲ့သို့ တတွတ်တွတ်ပြောနေသဖြင့် ခေါင်း ညိတ်လိုက်ရသည်။ ယခု နေအိမ်ပြန် သွားလျှင် ညနေအိမ်ပြင် ပြန်ထွက်ဖို့ ခက်သည်။

ဆုမြတ်တို့အိမ်မှာ စာကျက်ဖို့ မနက်ကတည်းက ထွက်လာခဲ့ခြင်းဖြစ် သည်။ ယခု (၃) နာရီရှိနေပြီ၊ အိမ် မပြန်တော့ချေ။ ညနေ ကိုမင်းအောင် နှင့် တွေ့ပြီးမှသာ ပြန်တော့မည်။


"ငါကတော့ အဲဒီကိုမင်းအောင်ကို ကြောက်လာပြီ ဆုမြတ်ရယ်"

"အခုမှ ကြောက်နေ⋯အရင် တုန်းက ကိုမင်းအောင်နဲ့ ဖျက်ဖို့ပြော

"

ဘာလုပ်တာလဲ
ကိုမင်းအောင်..
ဟင့်အင်း
ဒီပစ္စည်းတော့
ထိလို့မဖြစ်ဘူး။
အစ်ကိုကြီးကဆူမှာ
ကိုမင်းအောင်။
အရမ်းခက်ခဲနေရင်
သန္တာ
မနက်ဖြန်
လာပေးပါ့မယ် ...

"





www.burmeseclassic.com

www.burmeseclassic.com



တော့ နင်က ရည်စားတော့ မဖျက်နိုင်ဘူး။ သူငယ်ချင်းပဲ ဖျက်မှာလို့ နင်ပြောတာနော် မိန်းမ"

ဆုမြတ်ကတော့ အကွက်ဝင်လာသည့် ပုံစံနှင့် စကားနာထိုးနေသည်။ ခင်သန္တာ ဖြေရှင်းမနေတော့ချေ။ သူနှင့် ကိုမင်းအောင်ရဲ့ ကိစ္စကိုသာ စဉ်းစားနေမိသည်။

ကိုမင်းအောင်သည် သူ့ထက် (၇) နှစ်ခန့် အသက်ကြီးသည်။ ရုပ်ကချော၍ အနေအထိုင် သပ်ရပ်သော်လည်း အတန်းပညာက ကိုးတန်းနှစ်ခါကျ။ အလုပ်အကိုင်မရှိ လတ်လျားလတ်လျားဖြစ်သည်။

မိန်းမတို့၏ သဘာဝအရ ရုပ်ချောအပြောကောင်းသူကို ချစ်ခင်ခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ကြောမတင်း၊ ဘာအလုပ်မှ လုပ်ချင်စိတ်မရှိမှန်း သိလာသောအခါ ခပ်ခွာခွာနေချင်လာသည်။ အဆိုးဆုံးက ကိုမင်းအောင်သည် မူးယစ်ဆေးဝါးသုံးစွဲနေသော သူတစ်ယောက်မှန်း သိလာသောအခါ ခင်သန္တာ ပို၍လန့်လာသည်။

မူးယစ်ဆေးဝါး သုံးစွဲသူဆိုသည်မှာ သူခိုးအမျိုးအစားပင် ဖြစ်သည်။ သူများတွေကဲ့သို့ စားဝတ်နေရေးကြောင့်၊ အချောင်လိုချင်သောကြောင့် ပစ္စည်းဥစ္စာကိုခိုးခြင်းမဟုတ်ဘဲ မစားရမသောက်ရ အာဟာရမဖြစ်တဲ့ မူးယစ်ဆေးသုံးဖို့အတွက် ခိုးခြင်းဖြစ်သည်။ ရပ်ကွက်ထဲက ဟိုလူ့အိမ်လိုက်ခိုး၊ ဒီလူ့အိမ်လိုက်ခိုး မဟုတ်သေးသော်သူ့အိမ်က ပစ္စည်းများကို လစ်လျှင်လစ်သလို ယူသည်။ သူ့မိဘများသည် ပြေလည် ကြသူများဖြစ်သည်။

ပိုက်ဆံတွေ့လျှင် ပိုက်ဆံ၊ ရွှေတွေ့လျှင် ရွှေ၊ ပစ္စည်းအသုံးအဆောင်တွေ့လျှင် အသုံးအဆောင်တစ်ခု မဟုတ်တစ်ခု ခိုး၍ ပေါင်ကာ သုံးစွဲလေသည်။ မူးယစ်ဆေးသုံးဖို့ ဘာပဲလုပ်ရလုပ်ရ မရှက်တော့ချေ။ အကယ်၍ သူ့မိဘများချတ်ခြုံကျလျှင် သူသည်လည်း အရပ်တကာ လည်ခိုးသော သူခိုးသာဖြစ်ပေလိမ့်မည်။

ခင်သန္တာနှင့် ချိန်းတွေ့သောအခါများတွင် ပိုက်ဆံအိတ်ကို ဖွင့်၍ ပါသမျှ ပိုက်ဆံယူတတ်သည်။ ပိုက်ဆံမပါသော တစ်ခါကဆိုလျှင် ဗျစ်တောက်၊ ဗျစ်တောက်ဆိုကာ မျက်နှာအိုနေတတ်သည်။ သူ့အသွင်က ရည်းစားနှင့် တွေ့သည်



မဟုတ်၊ သူ့ငွေမှာတာကို လာပို့ပေးသည့်… ငွေမပါသဖြင့် စိတ်ဆိုးသည့်ဟန်…

"ဒီနေ့ ပိုက်ဆံမပါလို့ လုံးဝမ… သန္တာရဲ့ ကိုကိုအိမ်မှာလည်း နှိုက်… မလွယ်လို့…"

ကြာကြာဝါးမှ ခါမှန်းသိဆိုသည်… မှာ ဒါမျိုးကို ခေါ်ခြင်းဖြစ်သည်။ သူ… ချင်တာရှိလျှင် ကိုကိုချင်းမိုးမွှန်အောင်… ပြောတတ်သည်။ ခင်သန္တာက ဘာ… မပြောဘဲ တစ်ဖက်သို့ လှည့်နေလိုက်… သည်။ အတန်ကြာတော့ လက်စွပ်… ကိုင်ကြည့်လိုက် သည့် အထိအတွေ့… ကြောင့် လန့်သွားကာ

"ဘာလုပ်တာလဲ ကိုမင်းအောင်… ဟင့်အင်း·· ဒီပစ္စည်းတော့ ထိလို့မဖြစ်… ဘူး။ အစ်ကိုကြီးကဆူမှာ ကိုမင်းအောင်… အရမ်းခက်ခဲနေရင် သန္တာ မနက်ဖြန်လာ… ပေးပါ့မယ်"

ကိုမင်းအောင်၏ မျက်လုံးများမှာ… တလက်လက်ရှုးရှနေသည်။ လက်စွပ်… ကို အတင်းအဓမ္မချွတ်ရင်း

"မဖြစ်လို့ပါ သန္တာရယ် ဒီပစ္စည်း… က ဝယ်ချင်းတိုင်းဝယ်လို့ရတာ မဟုတ်… ဘူး။ ကိုယ်ပြန်ပေးမှာပါ"

အတင်းရုန်းကန်နေသည့် ကြားက… ခင်သန္တာ၏ ကျောက်နီလက်စွပ်ကလေး… ကိုမင်းအောင် လက်ထဲပါသွားသည်။ ခင်သန္တာက လက်စွပ်လေးကို နမြော… စိတ်နှင့် မျက်ရည်များကျလာသည်။

ပိုက်ဆံယူသွားသည့်အခါတိုင်း… နောက်နေ့ပြန်ပေးမည်ဆိုကာ ဘယ်… တော့ ပြန်မပေးတတ်ချေ။ အစ်ကိုကြီး… မှာ ဝယ်ပေးရာ ဒီညီမလေးတစ်ယောက်… ပဲ ရှိတာဟုဆိုကာ ဘာမဆိုဝယ်ပေးတတ်



www.burmeseclassic.com

www.burmeseclassic.com



**မိန်းမတစ်ယောက်သည် ယောကျ်ားတစ်ယောက်ကို ရူးရူးမိုက်မိုက် ချစ်ခဲ့သော်လည်း ထိုယောကျ်ားတစ်ယောက်သည် သူလိုအပ်သောအရာကို ရရှိသောအခါ သနားဂရုဏာ အကြည့်တစ်ချက်တောင် မထားခဲ့ဘဲ ထိုနေရာမှ လျှင်မြန်စွာ ထွက်ပြေး ပျောက်ကွယ်သွားခဲ့တော့သည်။**

---

သည်။ ဤလက်စွပ်ဝယ်ပေးထားသည် မှာလည်း (၂) လ မပြည့်သေးချေ။ မိနေ့မှ လျှာရှည်ပြီး ဝတ်လာမိခြင်းဖြစ်သည်။

ကိုမင်းအောင်က ချိုသာသော စကားများနှင့် တယုတယပွေ့ဖက်လာသော်လည်း ခင်သန္တာ ခပ်တောင့်တောင့်ဖြစ်နေသည်။

မှားပြီ…ငါတော့မှားပြီ ဟူသော အသိကသာ ဦးနှောက်ကိုလွှမ်းမိုးနေသဖြင့် ကိုမင်းအောင်တတွတ်တွတ်နှင့် ဘာတွေပြောနေမှန်း မသိချေ။

* * * * *

အခန်း (၃)

ဒီတစ်ခေါက်တွေ့ဆုံခြင်းသည် နောက်ဆုံးဖြစ်သည်ဟု စိတ်ထဲ၌ပြောလိုက်သည်။ နောက်တစ်ခါ ကိုမင်းအောင်နှင့် ဘယ်တော့မှ မတွေ့တော့ပါ။ အိမ်မှာ လာအော်လျှင်လည်း သူဘာသာ အော်ပလေ့စေ။

ကိုမင်းအောင်ချိန်းသော နေရာက "နန်းဟောဝန်ပန်းခြံ" ဖြစ်သည်။ ပန်းခြံထဲသို့ ဆိုင်ကယ်သို့ အသာမောင်းရင်း တွေ့နေကျ နေရာသို့ လှမ်းကြည့်လိုက်သည်။ ကိုမင်းအောင်နှင့် သူမတွေ့ဆုံနေကျနေရာက စည်ဘီယာနှင့် ကာရာအိုကေဆိုင်တွဲထားသည့် ဘီယာဆိုင်၏ နောက်ဘက်ချောင်ကျကျ၊ ပန်းခြံအုတ်တံတိုင်းနှင့် စည်ဘီယာဆိုင်ကြားဖြစ်သည်။

ကိုမင်းအောင်နှင့် တွေ့တာကို ကိုကျော်ခင်က မကြိုက်သဖြင့် လူမြင်ကွင်း၌ လည်းမတွေ့ရဲချေ။ ပတ်ဝန်းကျင်က တွေ့လို့ အိမ်ပြန်တိုင်လျှင် ခထာခထာ အဆူခံနေရသဖြင့် သူမကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကိုမင်းအောင်သည် အုတ်တံတိုင်း ရှေ့က ထင်းရှူးပင်စည်ခြေရင်း၌ မှီ၍ ထိုင်နေသည်။ ဂျင်းဘောင်းဘီ အနက်နှင့် စပို့ရှပ်အင်္ကျီအဖြူဝတ်ဆင်ထားသော ကိုမင်းအအောင်ပုံစံမှာ တဖြည်းဖြည်း ဖိုးယခင်က ချောမောမှုနှင့် တခြားဆီ ဖြစ်လာသည်။ သူမ ကိုမင်းအောင်ကို ချစ်၍ မရတော့ပါ။

"ကိုမင်းအောင်"

"ဟော… သန္တာ… လာမှ လာပါ့မလားဆိုပြီး ကိုယ်စိုးရိမ်နေတာ"

ဟိုးအရင်တုန်းက ထိုကဲ့သို့ ပြောလျှင် ခင်သန္တာပျော်သွားခဲ့ရသ လောက် ယခုတော့ ထိုသို့ပြောခြင်းကိုပင် စိုးရိမ်မိသည်။

ခင်သန္တာ ကိုမင်းအောင်နားမကပ်တော့ဘဲ လက်တစ်ကမ်းအကွာ၌ ထိုင်လိုက်သည်။

"ပြောစရာ ရှိလို့လား ကိုမင်းအောင်…ကိုမင်းအောင် ပြောပြီးရင် သန္တာလည်း ပြောစရာရှိသေးတယ်"

မျက်နှာခြင်းဆိုင် ကာရာအိုကေဆိုင်ထဲ၌ ဆူညံသောသီချင်းသံများကြောင့် စကားကို တိုးတိုးပြော၍မရ၊ အုတ်တံတိုင်းတစ်ဖက် ရပ်ရှင်ရုံ၌လည်း အသံတွေကြားနေရသည်၊ ဆူညံခြင်းက တော်တော့်ကို အနှောင့်အယှက်ဖြစ်စေသည်။ အချိန်က (၆) နာရီဖြစ်သော်လည်း မိုးရာသီမို့ မမှောင်သေးချေ။ ရှမ်းပြည်၏ မိုးရာသီသည် မိုးမရွာလျှင် (၇) နာရီခွဲခန့်လောက် အမှောင်ရိပ်လွှမ်းတတ်သည်။

"သန္တာပဲ အရင်ပြောပါ"

ခင်သန္တာသည် အားတင်းလိုက်သည်။ ကိုမင်းအောင် စိတ်တိုပြီး တစ်ခုခု လုပ်လိုက်လျှင်ဟူသော အတွေးနှင့် မျက်လုံးက ပြေးပေါက်ကိုရှာရင်း နှုတ်က

"အစ်ကိုကျော်ခင်က ကိုမင်းအောင်နဲ့ ပတ်သက်တာ သိရင် သတ်မယ် တကဲကဲနဲ့ ရိုက်တယ်၊ ဟို…နောက်တစ်ခါ တွေ့ရင်မလွှယ်ဘူးတဲ့ အဲ့ဒါ



www.burmeseclassic.com

ကိုမင်းအောင်နဲ့ သန္တာ မတွေ့တော့ရင် ကောင်းမယ် ထင်တယ်"

ဘိန်းမှိန်း မှိန်းချင်သော မျက်လုံးများသည် အတန်ငယ်ပင့်သက်လာကာ မျက်လုံးများ တလက်လက်ဖြစ်လာသည်။

"ဩော်···ဩော်···မင်းက ငါ့ကို ဆက်မချစ်နိုင်တော့ဘူးလို့ပြောတာပေါ့ ဟုတ်လား···ကောင်းပါတယ်···ကောင်းပါတယ်···"

သူ့ဘာသာ တစ်ဦးတည်း ရေရွတ်နေသည်။ ခင်သန္တာပို၍ ထိတ်လန့်ကာ ထိုင်နေရာမှ ဖျတ်ခနဲထလိုက်စဉ် ကိုမင်းအောင်သည် ခင်သန္တာထက် ပို လျင်သည်။ ခင်သန္တာ ထွက်မပြေးနိုင်အောင် ခပ်တင်းတင်းချုပ်ကိုင်ထားသည်။

"အဲဒီလို အကြမ်းမလုပ်နဲ့ ကိုမင်းအောင် သန္တာမကြိုက်ဘူး"

ကာရာအိုကေဆိုင်က ခပ်မူးမူးလူတွေ သီချင်းဆိုနေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေသည်။ ထိုဆူညံသံများကြောင့် တော်ရုံအော်သံကို မည်သူမှ မကြားနိုင်ချေ။ ပတ်ဝန်းကျင် အရပ်လေးပါး၌ လူလူသူသူ ပြတ်နေပြီ။ ချောင်ကျသော ဤနေရာကို မည်သူမှ တကူးတက မကြည့်ကြပါ။

"မင်းသွားချင်ရင် မင်းလည်ပင်းက ဆွဲကြိုးဖြုတ်ပေးခဲ့"

ယောကျ်ားတန်မဲ့ အရှက်မရှိတောင်းရမ်းနေသူကို ခင်သန္တာရှုံ့မုန်းလာကာ အဝတ်ငးဆောင့်ရုန်း၍

"မပေးဘူး။ ဘာလို့ပေးရမှာလဲ လွတ်နော် အော်လိုက်ရမလား"

"ဟား···ဟား···အော်လေ မင်းအော်သံကို ဘယ်သူကြားမှာလဲ"

ကိုမင်းအောင် ကြောက်လန့်ဖွယ်ကောင်းအောင် ရယ်နေလေသည်။ ထို့ပြင် ဂျင်းဘောင်းဘီအိတ်ကတ်ထဲမှ ဓားကိုထုတ်ပြီး ခလုတ်ကို ဖွင့်လိုက်သောအခါ ချွန်လက်စူးရှသော ဓား၏ ပုံသဏ္ဍာန်က ထိတ်လန့်ဖွယ်။

ကိုမင်းအောင်က ဓားဦးချွန်ကို လည်းပင်း၌ ထောက်ကာ ဆွဲကြိုးချွတ်ခိုင်းသည်။ မသထာလျှင် ဘာမှမပေးချင်သော စိတ်ကြောင့် ဆွဲကြိုးကို လက်တစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ခင်သန္တာ ပါးစပ်နဲ့ ပြောတုန်းချွတ်နော် ငါ့ကို လူမသတ်ရဲဘူး ထင်နေသလား"

"မချွတ်ဘူး"

ခင်သန္တာက ခေါင်းမာလွန်းသည်။ ကိုမင်းအောင် လက်များ၊ ခန္ဓာကိုယ်များ တဆတ်ဆတ်တုန်လာခဲ့သည်။ မျက်စိထဲ၌ သုံးစွဲနေကျဆေးကို မြင်ယောင်လာသည်။ သူဆေးသုံးဖို့ အချိန်တန်ပြီ။ သူ့လက်ထဲ၌ ဝယ်စရာပိုက်ဆံများ မရှိ၊ အိမ်ပေါ်ကလည်း မောင်းချထားခြင်းခံရသည်။ ဤဆွဲကြိုးမရ၍မရချေ။

"ချွတ်လို့ပြောတယ်နော်"

"မချွတ်ဘူး"

ခင်သန္တာက အော်ပြီး ကိုမင်းအောင် ကိုဆောင့်တွန်းကာ ထွက်ပြေးဖို့ ကြိုးစားသော်လည်း သန်မာသောလက်များကြား၌ ရုန်းမထွက်နိုင်ချေ။ နောက်ဆုံး ကိုမင်းအောင်၏ ဓားကိုင်လက်များ မြောက်တက်သွားသည်။

"အား···"

အသံနက်ကြီးနှင့် တစ်ချက်တည်း... သော အော်သံကို ဆူညံလွန်းသော... ပတ်ဝန်းကျင်၌ မည်သူမှမကြားချေ...

ကိုမင်းအောင်၏ဓားသည် ခ... သန္တာ၏ နှလုံးသားရှိရာသို့ ဓား... ဆုံး ဝင်သွားသည်။ ကိုမင်းအောင်သ... ထိုးဓားကို မနုတ်ဘဲ မျက်လုံးပြူးလ... အသက်ပျောက်နေသော ခင်သန္တာ... အောက်သို့ချကာ ဆွဲကြိုးကို ဖြုတ်... လေသည်။ သူ့အတွေး၌ လူသတ်မိ... ဟူသော အတွေးမရှိ ဆေးရဖို့သ... အဓိကဖြစ်နေသည်။

ဆွဲကြိုးဖြုတ်ယူပြီးသောအခါ မ... တပ်ထရပ်လိုက်သည်။ အမှောင်ရိပ်... ကြီးစိုးလျက်ရှိလေသည်။

မိန်းမ တစ်ယောက်သည်... ယောကျ်ားတစ်ယောက်ကို ရူးရူးမိုက်... မိုက် ချစ်ခဲ့သော်လည်း ထိုယောကျ်ား... တစ်ယောက်သည် သူလိုအပ်သော... အရာကို ရရှိသောအခါ သနားဂရုဏာ... အကြည့်တစ်ချက်တောင် မထားခဲ့... ထိုနေရာမှ လျှင်မြန်စွာထွက်ပြေးပျောက်... ကွယ်သွားခဲ့တော့သည်။

* * * * *

အဆုံး···

နောင်တရခဲ့သော်လည်း ထိုမိန်း... တစ်ယောက်သည် ပြင်၍မရသော... အမှားကို ပြင်ဆင်ချိန်မရဘဲ သေရာ... ယူဆောင်သွားခဲ့လေတော့သည်။


ရှင်လွန်းမ...



www.burmeseclassic.com

www.burmeseclassic.com





# သက်ရှည်ကျန်းမာ ရယ်စရာ

ခင်မြညို

# JOKE

## နွားပျောက်မရှာပါနဲ့

ရွာတစ်ရွာ၌ နွားကျောင်းသားတစ်ယောက်သည် ညနေပိုင်း၌ နွားပိုင်ရှင်ထံသို့ ရေးကြီးသုတ်ပျာ ပြန်ရောက်ရှိလာသည်။

"ဦးလေး၊ ကျွန်တော် နွားတွေ ပြန်သိမ်းတော့ နွားတစ်ကောင်ပျောက်သွားတယ်၊ အဲဒါ အချိန်မီ လိုက်ရှာရမယ်"

"ရှာမနေပါနဲ့ကွာ…"

"ဦးလေးကလည်း… နွားတစ်ကောင်တန်ဖိုးက နည်းတာမဟုတ်ဘူးလေ"

"နွားပျောက်က ရှာမရမှာလို့ပါဘူးကွာ၊ အဲဒီနွားက မင်း နွားကျောင်းထွက်သွားတုန်းက နွားခြံထဲမှာ ချည်လျက် ကျန်ခဲ့တာပါလေ"

## ထောက်ခံသူ

တစ်ခါက မူကြိုကျောင်း၌ ကလေးငယ် မောင်ပိုင်ဖြိုးဖြိုးတို့နှင့် မောင်ထူးခန့်ဇော်တို့ စကားပြောနေကြရာ မောင်ထူးခန့်ဇော်က -

"ငါတို့အဘိုးက အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့တယ်၊ အဘက ဂျပန်ကို တိုက်ထုတ်ခဲ့တယ်၊ အဖေကတော့ ပြည်တွင်း သောင်းကျန်းသူတွေကို တိုက်ခဲ့တာပေါ့ကွ…"

မောင်ပိုင်ဖြိုးဖြိုးက ထောက်ခံပြောသည်မှာ -

"မင်းတို့ မိသားစုတွေက တယ်လူနဲ့ မတည့်ပါလားကွာ…" ဟုဆို။



www.burmeseclassic.com

## အတွေ့အကြုံ

နယ်မြို့တရားရုံးတစ်ရုံးသို့ သွားရောက်မည့် တရားလိုပြသက်သေတစ်ဦး၏ ဇနီးက -

"ရှင် ·· တရားရုံးသွားမှာကလည်းဟယ်··"

"ဘာလဲ··အဝတ်အစားဝတ်တာ မသေသပ်လို့လား··"

"မဟုတ်ပါဘူးရှင်··၊ ထမင်းချိုင့်ကြီး ယူသွားလို့ပါ"

"ဟာကွာ·· ဘယ်အချိန်ထိ စောင့်ရမှန်း မသိလို့ကွဲ··"

## ကလေးငယ်၏ အမေး

မူလတန်းကျောင်းတစ်ကျောင်းသို့ မြို့နယ်ပညာရေးမှူးတစ်ဦး ဝင်ရောက်စစ်ဆေးရာတွင် သူငယ်တန်းအခန်းသို့ ဝင်၍ ကလေးငယ်တစ်ဦးကို မျက်မြင်ဗဟုသုတများ မေးလေ၏။

"သား·· ခွေးတစ်ကောင်မှာ မျက်လုံး ဘယ်နှလုံးလဲကွယ်··"

"နှစ်လုံးပါ ခင်ဗျ"

နားရွက်ကရော

"နှစ်ရွက်ပါ ခင်ဗျ"

"ပါးစပ်ကရော··"

"တစ်ပေါက်ပါခင်ဗျ··"

"ဒါဖြင့် ခြေထောက် ဘယ်နချောင်းရှိလဲ"

ကလေးငယ်က မဖြေဘဲ မြို့နယ်ပညာရေးမှူးကြီးကို ပြန်၍ မေးလိုက်သည်။

"ဦးဦးက ခွေးကို မမြင်ဖူးလို့လားဟင်··"

## ရဲသင်တန်းသားတစ်ဦး

ရဲသင်တန်းတစ်ခုတွင် သင်တန်းသားများ စက်ပစ်ကွင်း ဝင်နေကြသည်။ ထိုစဉ် ရဲအရာရှိတစ်ဦးက ကြီးကြပ်သူ တပ်ကြပ်ကြီးတစ်ယောက်ကိုခေါ်၍ တာဝန်တစ်ခုပေးလေ၏။

"ဆရာကြီး··ရဲတပ်သားသစ် လှမြင့် ရဲထဲမဝင်ခင်က ဘာလုပ်ခဲ့တယ်ဆိုတာကို စုံစမ်းစမ်းကွာ··"

"ဘာဖြစ်လို့လဲ ဗိုလ်ကြီး··"

"ဒီရဲဘော်က သေနတ်တစ်ခါပစ်ပြီးတိုင်း လက်ကိုင်ပဝါထုတ်ပြီးတော့ သေနတ်ပေါ်က သူ့လက်ရာတွေကို သုတ်သုတ်ပစ်နေလို့ကွ··"

## ဝါသနာ

ဘောလုံးပွဲကြည့်သူတစ်ဦးသည် အမျိုးသမီးတစ်ယောက်ထိုင်နေသည့် ဘေး၌ နေရာလွတ်တွေ့သဖြင့် ထိုင်ရန် မြင်လိုက်မိ၏။ ထိုအခါ အမျိုးသမီးက -

"ဟိုးဟိုး·· ဒီနေရာက ကျွန်မယောက်ျားရဲ့နေရာပါ၊ ဒါပေမဲ့ သူမရှိတော့ဘူး၊ သေဆုံးသွားပါပြီ··"

"သြော်··ဟုတ်လား··၊ စိတ်မကောင်းပါဘူးဗျာ၊ ဒါနဲ့ အခု ခင်ဗျားမှာ ဆွေမျိုးအဖော်၊ မိတ်ဆွေအဖော် မပါဘူးလား"

"ဟင့်အင်း··မပါပါဘူးရှင်၊ သူကို့အားလုံး ကျွန်မယောက်ျားရဲ့အသုဘကို သွားပို့နေကြတယ်"

ခင်မြညို



www.burmeseclassic.com

www.burmeseclassic.com



# စုံထောက် အတိုဆုံး ဝတ္ထု

ဒီနေရာကို အခေါက်ပေါင်း မရေ ွက်နိုင်အောင် သူရောက်ခဲ့ရသည်။ ောက်တိုင်းလည်း ဒေါသဖြစ်ရသည်။ ဒီကတော့ တုံဏှိဘာဝေ၊ သူဘာပဲ ပြောပြော ခန္တီတရားကို ကိုင်စွဲလို့ ကြံ့ ကြံ့ခိုင်သည့်ပုံ၊ သူစိတ်တိုရသည့်အခါ ပေါင်းကလည်း များလှပြီ၊ မရီကတော့ စိတ်မှတ်သည်းခြေပဲ ပျက်ယွင်းသွားတာ လား၊ ဘာပဲပြောပြော ပြောပြီးရင် မော သွားမယ် ဆိုတဲ့ ဒီဇိုင်းမျိုး။

ပါတိတ်အင်္ကျီချုပ်နိုင်းထားတာ တစ်နှစ်လောက် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ အမြန်ပြီးအောင်လို့ ပိုက်ဆံလည်းပေး ထားပြီးပြီ။ သူ့ပိတ်စကို ပျောက်နေ တယ် ပြောလိုက်၊ ချုပ်ပေးမယ်ပြော လိုက်၊ ပုံပြင်တွေက တစ်မျိုးတစ်ခါလာ ဆန်းသစ်နေလေတော့သည်။ သူက လည်း စကားကို လှည့်ပတ်ပြီး ပြော တာ တစ်စက်မှ မကြိုက်၊ မချုပ်တော့ ဘူး ပိတ်စပြန်ပေးဆိုတော့လည်း နေ့ ရွှေ့ ညရွှေ့ အဲဒါ သူတစ်ယောက်တည်း ကို လုပ်တာမဟုတ်၊ ချုပ်တဲ့သူအား လုံး အဲဒီဒဏ်ကို ခံကြရသည်။ ဘယ် တော့မှ ချိန်းတဲ့နေ့မရ။

အိမ်အပြန်လမ်းတစ်လျှောက် သူ စဉ်းစားနေမိတာက မရီဆီမှာ ခြစားသွား တဲ့ အရာက ကိုယ်ကျင့်တရားလား၊ စာရိတ္တလား ဆိုတာပင်။

သီသီဟန် (ကျိုက်ထို)



## သီသီဟန် (ကျိုက်ထို)

## ခြစားသွားသောအရာ



www.burmeseclassic.com

ခမ်းနားထည်ဝါသော "ဆုံဆည်းရာ" စားသောက်ဆိုင်ကြီးရှေ့ကို Prado အနက်ရောင်ကားတစ်စီး ထိုးဆိုက်လာပါသည်။ အသားအရေ ဖြူဖတ်ဖြူရော်၊ မျက်စိပေါက်ကျဉ်းကျဉ်း၊ ပါးစပ်ပေါက်ကျယ်ကျယ်၊ မိုက်ရွဲ့ရွဲ့နဲ့ အပြာရောင်စပို့ရှပ်၊ မီးခိုးရောင် စတိုင်လ်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည့် လူကြီးတစ်ယောက် ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ပြီး ထိုကားပေါ်မှ ဆင်းလာပါသည်။ ထိုလူကြီးနဲ့အတူ အသက်ငယ်ငယ် ခန္ဓာကိုယ် သေးသေးသွယ်သွယ် ရင်လျားအင်္ကျီ ဘောင်းဘီတိုနဲ့ ကောင်မလေးတစ်ယောက်လည်း ရယ်ကာမောကာ ပြုံးကာရွှင်ကာ လက်တွဲပြီး စားသောက်ဆိုင်ကြီးထဲသို့ ဝင်လာကြပါတယ်။

"နောက်တိုးရေ..အဲဒီဘောစိကြီးက တို့စားသောက်ဆိုင်ကို တစ်ပတ်တစ်ခါ လာပြီး အားပေးတယ်နော်..."

"အေး..ဟုတ်တယ် ခေါင်းကြီးရေ အဲဒီဘောစိကြီးရဲ့ တိုက်မှာ ငါ့ဦးလေးက ကျောင်း ကြို/ပို့ ကားဒရိုင်ဘာ လုပ်နေတာ၊ အဲဒီဘောစိကြီးအကြောင်း ငါအကုန်သိတယ်"

"အဲဒီဘောစိကြီးက ချမ်းသာတော့ ကိုယ့်အိမ်မှာ စိတ်တိုင်းကျ စားလို့ရရဲ့သားနဲ့ ဘာပြုလို့ အပြင်ထွက် စားနေတာလည်း မသိဘူးနော်.."

"ဒါကြောင့် မင်းကို ခေါင်းကြီးသလောက် ဦးနှောက်သေးတယ်လို့ ပြောတာ၊ အိမ်မှာ စားရတာနဲ့ အပြင်မှာ ခိုးကြောင်ခိုးဝှက်စားရတာ အရသာချင်း မတူလို့ပေါ့ကွ၊ ခိုးစားတဲ့ သစ်သီးက ပိုပြီးချိုတယ်ဆိုတာ မင်းမကြားဖူးဘူးလား.."

နောက်တိုးက ဆရာကြီးလေသံနှင့် ပြောလိုက်သည်။ ထိုလူကြီးနှစ်ယောက် စားသောက်ဖွယ်ရာများကို မှာကြားပြီး စားသောက်နေကြပါသည်။

"ဟိုမှာ ကြည့်စမ်းပါဦး။ အားရပါးရစားနေလိုက်တာ၊ ဝသလောက် စားနိုင်တယ်နော်"

ခေါင်းကြီးက နောက်တိုးကို တို့ပြီး ပြောလိုက်သည်။

"အေး..စားနိုင်လို့လည်း ပေါ့ကွ"

နောက်တိုးက တိုးတိုးတိတ် ပြန်ပြောလိုက်သည်။

"အဲဒီဘောစိကြီးက ဒီဆိုင် တစ်ခေါက်ပါလာတဲ့ ကောင်မလေး အရင်တစ်ခေါက်က ပါလာတဲ့ မလေး မဟုတ်ဘူးနော်၊ နောက် ခေါက်လာရင် နောက်တစ်ယောက် လာဦးမှာပဲနော်"

"အေး . .ဟုတ်တယ်၊ မေးစရာတောင် မလိုဘူး"

နောက်တိုးနဲ့ ခေါင်းကြီးတို့ တာ နှစ်ယောက် တစ်ယောက်တစ် စကားတွေပြောနေစဉ် ထိုလူကြီး လှမ်းခေါ်ပြီး ကျသင့်ငွေကို ရှင်း လိုက်ပါသည်။ ငွေရှင်းပြီး ကောင်မ လက်ကို ဆွဲကာ စားသောက်ဆိုင် မှ ထွက်သွားကြပါသည်။

"ဟေ့ကောင်..နောက်တိုး အဲ ဘောစိကြီးကို ငါသတိထားပြီး ကြည့် မိတယ်၊ ဆိုင်ထဲကို ဝင်လာတုန်း လည်း ဝီကေဝါးပြီး ဝင်လာတယ်၊ ဆိုင် ထဲက ထွက်သွားတော့လည်း ဝီကေဝါး ပြီး ထွက်သွားတယ်"

"အေး..ခေါင်းကြီး၊ မင်းသိအောင် ငါပြောပြမယ်၊ မှတ်ထား ဝီကေဝါး သူတွေဟာ အချိုရည် ကုန်သွား ထွေးထုတ်ပစ်ကြတာပဲ"

ပိုးထက်



# ပိုးထက်ကို
## ဝီကေဝါးသူများ

# အခင်အတွက်

## အေးချမ်းမောင်

(မြန်မာစာ)

မခင်အေးသည် လက်ထဲဆုပ်ကိုင်ထားသော လက်ကျန်ပိုက်ဆံကို လက်ဖြန့်၍ ကြည့်လိုက်သည်။ နှစ်ရာတန်တစ်ရွက်၊ တစ်ရာတန် နှစ်ရွက်နှင့် ငါးဆယ်တန် တစ်ရွက်သာ ကျန်တော့သည်။

ယောက်ျားဖြစ်သူအပ်သည့် လစာလေးနှင့် တစ်လစာ လောက်ငအောင်ချင့်ချိန်သုံးစွဲနေရသည်မှာ မလွယ်။ တစ်နေ့တစ်နေ့ ဈေးဝယ်ရသည့်အလုပ်ကလည်း စိတ်ကုန်စရာကောင်းသည်။ ယနေ့ ကုန်ဈေးနှုန်းနှင့် ခေါင်းစားပြီး ဆံပင်ဖြူတော့မည်။

သူသည် ဆန်၊ ဆီနှင့် ဟင်းချက်စရာများ ဝယ်ခြမ်းပြီးပြီဖြစ်၍ ဈေးတန်းအတိုင်း ပြန်ထွက်လာကာ လိုချင်တာလေးတွေတွေ့လျှင် ဝယ်ရန် ကြည့်လာသည်။ ဝယ်နေကျ ကုန်စုံဆိုင်ရှေ့ရောက်မှ သတိရလာသည်။ ကြက်သွန်ဖြူကုန်နေပြီ။ အနီလည်းကုန်တော့မည်။ အချိုမှုန့်နှင့် အစိမ်းမှုန့်ကလည်းနည်းနေပြီ။

ဒီကုန်စုံဆိုင်က ဆက်ဆံရေးကောင်းပြီး သာသာထိုးထိုး ပေးတတ်သဖြင့် ဈေးဝယ်ကျသည်။ သူ့အရင် ရှေ့က ဈေးဝယ် သုံးလေးဦးရှိနေသည်။ သူသည် လွတ်သည့်နေရာတွင် ဝင်ထိုင်လျက် လက်ဆွဲခြင်းကို ဘေးနားချထားပြီး တောင်းထဲမှ ကြက်သွန်ဥများကို ရွေးသည်။

ဈေးသည်နှင့် သူ့နံဘေးမှ ဈေးဝယ်သူ အမျိုးသမီးတို့သည် ချိန်တွယ်ပြီးသော ပစ္စည်းများတန်ဖိုးကို တွက်ချက်နေကြကာ ကျသင့်ငွေကို ရှင်းနေကြသည်။ ဝယ်ခြမ်းပြီးစီးပြီဖြစ်၍ နံဘေးမှ အမျိုးသမီးက လက်ဆွဲခြင်းယူပြီး ထိုင်ရာမှ ထလိုက်သည်။ ထိုစဉ် တစ်ထောင်တန် ငွေစက္ကူတစ်ရွက်သည် မြေကြီးပေါ် လျှောကျလာသည်။

မခင်အေးသည် ပါးစပ်ဟမည် လုပ်လိုက်ပြီးမှ စိတ်ကူးပြောင်းသွားကာ ငြိမ်နေလိုက်သည်။ ထိုအမျိုးသမီးဆိုင်ရှေ့က လှည့်ထွက်သွားမှ ကျနေသော ငွေစက္ကူကို ကောက်ယူလိုက်ပြီး ကြက်သွန် ဆက်ရွေးသည်။ ပြီးလျှင် ဈေးသည်အား ပြောလိုက်သည်။

"ရော··ညီမလေး··ကြက်သွန်ငါးဆယ်သား၊ အဖြူက တစ်ဆယ်သား၊ နောက် အချိုမှုန့်တစ်ရာဖိုးနဲ့ အစိမ်းမှုန့်လည်း တစ်ရာဖိုးပေး"

တစ်လက်စတည်း သူလိုအပ်နေသည့် ပစ္စည်းများကိုပါ ဝယ်သည်။ ချိန်တွယ်ပြီး ပစ္စည်းစုံသည့်အခါ ဈေးသည်အား တစ်ထောင်တန် ပေးလိုက်သည်။ ပြန်အမ်းငွေရပြီးသည့်နောက် မခင်အေးသည် ဝယ်ခြမ်းထားသည်များထည့်ရန် လက်ဆွဲခြင်းဘက် လှည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူ့ထံမှ အလွန့်အကြားပြောသံ ထွက်ပေါ်လာလေသည်။

"အဲတော့··ဒီက ငါ့လက်ဆွဲခြင်း ဘယ်ရောက်သွားပြီလဲ··"

အေးချမ်းမောင် (မြန်မာစာ)





www.burmeseclassic.com



ရှင်သန့်

(ဒါန်းပင်တဲ)

# နေရာမှား အလင်းရောင်

"ငါတို့အဖွဲ့ကတော့ မမြင်မကန်း တွေချည်းပါကွာ" ဆိုတဲ့ ကိုကြီးစိန်ထွန်းရဲ့ ရယ်စရာပြောတာလိုလိုနဲ့ အတည်စကားကို ကြားလိုက်ရတယ်။ ဟုတ်လည်း ဟုတ်ပါရဲ့။ ကျုပ်တို့ လေးယောက်လုံးကလည်း အကုန်လုံး ရွှေမျက်မှန်တွေချည်းပဲကိုး။ အသက် (၅၀) ကိုကြီးထွန်းဟန်၊ (၅၀) ကျော် ကိုကြီးတင်ရှိန်၊ အကြီးဆုံး (၆၀) ပြည့် ကိုကြီးစိန်ထွန်း၊ အငယ်ဆုံး (၄၀) ကျော် ကျုပ်ဆိုတော့ အားလုံး ပါဝါ မျက်မှန်သမားတွေချည်းပဲ။

မနက်ဖြန် ဘုရားပွဲနေ့ စာရေးတံမဲပြုလုပ် ကုသိုလ်ယူရန်အတွက် ဒီနေ့ည မီးစမောင်းတဲ့ အချိန်ကစပြီး ကျုပ်တို့အဖွဲ့ အလုပ်ရှုပ်နေကြတယ်။ ဝတ္ထုငွေကို စာအိတ်ထဲထည့် မဲနံပါတ်တပ်ပစ္စည်းတွေကို မဲနံပါတ်တပ်၊ မှတ်တမ်းတင် စာအုပ်ထဲကို ရေးသွင်းစရာရှိတာရေးသွင်းနဲ့ တစ်ဖွဲ့လုံး တစ်ယောက်မှ အအားမနေရဘူး။

ရွာထဲရော၊ မြို့ပေါ်ပါ လှည့်လည် အလှူခံထားတဲ့ ပစ္စည်းနဲ့ ဝတ္ထုငွေတွေကို ဘယ်ပစ္စည်းကတော့ ဈေးများတယ်၊ ဝတ္ထုငွေ နည်းနည်းထည့်၊ ဘယ်ပစ္စည်းကတော့ ဈေးနည်းတယ်။ ဝတ္ထုငွေ များများထည့်၊ ပြောရင်းဆိုရင်း ရေးရင်းသားရင်း အလုပ်ရှုပ်နေတုန်း ဖြုန်းဆို (၄) ပေမီးချောင်းက မှိတ်သွားတယ်။

ကျုပ်တို့ရွာမှာက လျှပ်စစ်မီးမရှိလို့ ညတိုင်း မီးမလင်ဘူး။ ဒီနေ့ညက လုပ်စရာကိုင်စရာရှိရင် လုပ်ရအောင် အင်ဂျင်စက်နဲ့ မောင်းထားတာ။ တောင်ဘက်က (၄) ပေမီးချောင်း၊ မြောက်ဘက်က (၂) ပေမီးချောင်း ကြားထဲမှာ စားပွဲတစ်လုံးချပြီး ကျုပ်တို့အဖွဲ့က လုပ်ကိုင်နေကြတာပေါ့။ ထမင်းစား စားပွဲပုပုလေးပေါ် ရေးနေမှတ်နေတာမို့ မီးချောင်းတွေနဲ့ အလှမ်းကွာဟလွန်းတာရယ်၊ မှိတ်သွားတာက (၄) ပေ မီးချောင်းရယ်မို့ ကျုပ်တို့အဖွဲ့ ရေးရသားရမသွဲ့မကွဲ့ အဆင်မပြေဖြစ်နေတယ်။

တော်သေးရဲ့ ကျောင်းထိုင်ဦးပဇင်းက ဆိုလာပြားနဲ့ အားသွင်းထားတဲ့ မီးအိမ်လေး လာပေးသွားလို့ လုပ်လို့ ဖြစ်သွား ပါသေးရဲ့။

အလင်းရောင်အားနည်းနည်းထဲ ရေးရမှတ်ရ လုပ်နေရပေမယ့် "ဒိုင်နီ က သုံးကောင်တည်းမို့ အသံချဲ့စက်ဆော ဘုရားမီးရော၊ ရေခဲသေတ္တာရောဆိုတော့ မီးက မနိုင်ဘူးဗျ၊ ဒကာကြီးတို့လုပ် အဆင်ပြေကြရဲ့လား" ဦးပဇင်းရဲ့ အမေး စကားကိုတော့ -

"ရပါတယ် ဦးပဇင်းရယ်··" ညီ တူညီညာ လျှောက်လိုက်ကြတယ် အင်း·· ဘာသာ သာသနာအရေး တော့ ပါဝါတွေ တိုးချင်တိုး၊ တက်ချ ရင်တက် ဂရုမစိုက်ပေါင်ပေါ့လေ"

ဟင်·· အနောက်ဘက် ဆွမ်း ချက်ဆောင်က မီးချောင်းတွေနဲ့ ထိန် ထိန်လင်းလို့။ လူဆယ့်လေးငါးယောက် ဘာထိုင်လုပ်နေကြပါလိမ့်။ ပြီးတော့ လူခြောက်ယောက်၊ ခုနစ်ယောက် တစ် ဝိုင်းဝိုင်းပြီး ထိုင်နေတာ နှစ်ဝိုင်းကြီးမျာ တောင် ဘာများလုပ်မလို့ပါလိမ့်။ နိုးနိုး ဒေါက်ဒေါက် ဘာသံမှ မကြားရ၊ ချက် စရာ၊ ပြုတ်စရာ ခုတ်ထစ်လှီးဖြတ်နေ တာတော့ ဟုတ်ဟန်မတူဘူး။ အကုန် လုံးလည်း ငြိမ်သက်လို့။ တစ်စုံတစ်ရာ စိတ်ဝင်စားနေပုံပဲ။

ဒါနဲ့ အဲဒီဘက်ကပြန်လာတဲ့ မောင်စိုးလင်းကို မနေနိုင်မထိုင်နိုင် မေးကြည့်မိမှ ရှိရမယ့်နေမှာ အလင်း ရောင်မရှိဘဲ မရှိသင့်တဲ့နေရာမှာ ရှိနေ တဲ့ အလင်းရောင်ရဲ့ လွဲမှားမှုကို သိ လိုက်ရတယ်။

"ဆွမ်းချက်ရုံထဲ လူတွေ အများ ကြီးပဲ၊ ဘာလုပ်နေကြတာလဲကွ" ဆို တော့ -

"ဖဲရိုက်နေကြတာလေ" တဲ။

အံ့ရော···။

ရှင်သန့် (ဒါန်းပင်တဲ)



www.burmeseclassic.com

www.burmeseclassic.com



# ခွန်လှိုင်း

## Facebook သုံးနိုင်တဲ့ ခေတ်မီတဲ့သရဲ ရှိသလား

...တွက် သုံးစွဲနေတဲ့ကလေးတွေ
...ထားနိုင်အောင် ကျွန်မရဲ့
...အပျက်ကို တင်ပြသင့်တယ်ထင်လို့...

www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းအရာဟာ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ မြို့ငယ်လေးတစ်မြို့မှာ နေထိုင်သူ အမည်မဖော်လိုတဲ့ လူလတ်ပိုင်းအရွယ် အိမ်ထောင်သည်အမျိုးသမီးတစ်ဦးက အင်တာနက်ပေါ်တင်ပေးထားတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ကျွန်မရဲ့ တစ်ဦးတည်းသောသမီးဖြစ်သူ အသက် ၁၅ နှစ်အရွယ် သမီးလေး "ဆူဇန်" (Suzanne) ဟာ လူမဆန်လောက်အောင် ရက်စက်တဲ့ နည်းနဲ့ အသတ်ခံခဲ့ရပါတယ်။ လူမဆန်လောက်အောင် ရက်စက်တဲ့ နည်းနဲ့သတ်ခဲ့တာဖြစ်တဲ့အပြင် လူသားလူသတ်သမား တစ်ယောက်က သတ်ခဲ့တာမဟုတ်ဘဲ ဝိညာဉ်လောကသား (သရဲ) တစ်ယောက်က သတ်ခဲ့တာလို့တောင် ယူဆစရာဖြစ်ခဲ့ပါတယ်။ ခက်တာက အဲဒီသရဲဟာ အဲဒီလောက် ခေတ်မီသလားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်နေခဲ့ပါတယ်။

အဲဒီနေ့ညနေ ၆ နာရီမှာ ကျွန်မနဲ့ ခင်ပွန်းဖြစ်သူတို့က ညစာစားပွဲတစ်ခု သွားစရာရှိလို့ သမီးလေးကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရပါတယ်။ အဲဒီညစာစားပွဲကို သမီးလေးကိုပါ ခေါ်သွားလို့ရပေမဲ့ သမီးလေးက မလိုက်ချင်လို့ ထားခဲ့ရတာပါ။ သမီးလေး အကြောင်းပြတာက အိမ်စာတွေ လုပ်ရဦးမှာမို့ မလိုက်တော့ဘူးဆိုတာပါပဲ။ ကျွန်မကတော့ သမီးလေး မလိုက်ချင်တဲ့ အကြောင်းရင်းကို သိပါတယ်။ အိမ်စာတွေရှိတာလည်း ဖြစ်နိုင်ပေမဲ့ သူစွဲလမ်းနေတဲ့ အင်တာနက်ပေါ်က "ဖေ့စ်ဘွတ်ခ်" (facebook) လူမှုရေးဝက်ဘ်ဆိုက်ကို လက်မလွှတ်ချင်တာက အဓိက အကြောင်းရင်းဖြစ်ပါလိမ့်မယ်။ "ဖေ့စ်ဘွတ်ခ်" လူမှုရေး ဝက်ဘ်ဆိုက်ဟာ ဆယ်ကျော် သက်အရွယ်ကလေးငယ်တွေကို အရမ်းကို စွဲလမ်းစေပါတယ်။ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ တင်ပေးနိုင်သလို မိတ်ဆွေအချင်းချင်း "စာရိုက်ပြီး စကားပြောခြင်း" (Chatting) လုပ်လို့ရပါတယ်။ သမီးလေးဟာ "ဖေ့စ်ဘွတ်ခ်" အသုံးပြုပြီး မိတ်ဆွေတွေနဲ့ စာရိုက်စကားပြောတာကို ည ၈ နာရီကနေ ၁၀ နာရီအထိ လုပ်လေ့ရှိတာ ကျွန်မ လေ့လာသိရှိထားပါတယ်။

ဒါကြောင့်လည်း သမီးလေး မလိုက်ချင်တာကို နားလည်ခွင့်လွှတ်ပြီး သူ့ကို အိမ်မှာထားခဲ့တာဖြစ် ပါတယ်။ ခါတိုင်းလည်း သူ့ကို အဲဒီလို အိမ်မှာ ထားခဲ့တာမျိုးတွေ ရှိပါတယ်။ ကျွန်မ

တို့နေထိုင်တဲ့ရပ်ကွက်က လူရည်သန့်
ပြီး ပြဿနာကြီးကြီးမားမား မဖြစ်ဖူးပါ
ဘူး။ ကျွန်မတို့အိမ်ကလည်း ခိုင်ခံ့လုံခြုံ
တာမို့ သမီး တံခါးဖွင့်မပေးရင် ဘယ်
သူမှ အိမ်ထဲ မဝင်နိုင်ပါဘူး။ တယ်လီ
ဖုန်းလည်း ရှိတာမို့ တစ်ခုခု ထူးခြားရင်
ရဲကို ဖုန်းဆက်တိုင်ကြားလို့လည်း ရပါ
တယ်။ ဒါ့ကြောင့်လည်း သူ့ကို တစ်
ယောက်တည်း စိတ်ချလက်ချ ထား
ကြတာပါ။

ညစာစားပွဲဟာ ည ၁၀ နာရီ
လောက်မှာ ပြီးဆုံးသွားပါတယ်။ ကျွန်
တို့ လင်မယားနှစ်ယောက် အိမ်ပြ
ရောက်တော့ ည ၁၁ နာရီ ထိုးနေပါပြီ
သမီးလေး အိပ်နေလောက်ပြီလို့ ယူဆ
လို့ လူခေါ်ခေါင်းလောင်း မနှိပ်တော့
အိမ်ရှေ့တံခါးကို ကျွန်မတို့ဘာသာ သော့
ဖွင့်ဝင်ရောက်ခဲ့ပါတယ်။ အိမ်ရှေ့တံခါး
က ဝင်ဝင်ချင်း ဖိနပ်ချွတ်ခန်းရှိပါတယ်
ကျွန်မတို့က အပြင်သွားတဲ့ဖိနပ်တွေကို
အိမ်ထဲမှာ မစီးပါဘူး။ ဧည့်သည်တွေ
ကိုတော့ ဖိနပ်စီးဝင်ခွင့် ပြုထားပေမဲ့
ကျွန်မတို့ကိုယ်တိုင်ကျတော့ ဖိနပ်ချွတ်
ခန်းမှာ ဖိနပ်ချွတ်၊ စင်ပေါ်တင် အိမ်
တွင်း စီးဖိနပ်တွေ ပြောင်းစီးကြပါတယ်
အဲဒီအချိန်အထိ ကျွန်မရဲ့စိတ်တွေဟာ
ပုံမှန်ပါပဲ။ ဒါပေမဲ့ အဲဒီလိုဖိနပ်လဲစီး
တာမှာ ကျွန်မက အရင်ပြီးသွားပြီး ခင်
ပွန်းဖြစ်သူက နှေးနေပါတယ်။ ခါတိုင်း
ဆိုရင် ကျွန်မဟာ ဖိနပ်လဲပြီးပြီးချင်း
ဖိနပ်ချွတ်ခန်းရဲ့ဘယ်ဘက်မှာရှိတဲ့ ဧည့်
ခန်းတံခါးကို ဖွင့်ပြီး အိမ်ထဲဝင်သွား
လေ့ရှိပါတယ်။ ဒီနေ့ကျတော့ ကျွန်
တစ်ယောက်တည်း အဲဒီလို ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျတော့ ကျွန်မ တစ်ယောက်တည်း အဲဒီလို ဝင်သွားရမှာကို ကြောက်ရွံ့နေသလိုလို ဖြစ်နေပါတယ်။ ဒါကြောင့် ညေ့ခန်းတံခါး လက်ကိုင်ဖုကို ကိုင်ပြီး လှည့်ဖွင့်လိုက်မလား၊ ခင်ပွန်းဖြစ်သူ လိုက်အလာကို စောင့်မလားဆိုပြီး ချီတုံချတုံ ဖြစ်နေပါတယ်။ ဒီလိုဖြစ်တာ သိပ်မကြာလိုက်ပါဘူး။

BURMESE CLASSIC

ကို ကြောက်ရွံ့နေသလိုလို ဖြစ်နေ တယ်။ ဒါကြောင့် ညေ့ခန်းတံခါး က်ကိုင်ဖုကို ကိုင်ပြီး လှည့်ဖွင့်လိုက် ား၊ ခင်ပွန်းဖြစ်သူ လိုက်အလာကို င့်မလားဆိုပြီး ချီတုံချတုံ ဖြစ်နေပါ ယ်။ ဒီလိုဖြစ်တာ သိပ်မကြာလိုက် ူး။ ခင်ပွန်းဖြစ်သူက ကျွန်မ ကျော ရောက်လာတာမို့ ညေ့ခန်းတံခါးကို ည့်ဖွင့်လိုက်ပါတယ်။ တံခါးပွင့်သွား ာနဲ့ ထိန်ထိန်လင်းနေတဲ့လျှပ်စစ်မီး င်အောက်မှာ မျှော်လင့်မထားတဲ့ညေ့ ထဲက မြင်ကွင်းကို ရှင်းရှင်း လင်း ကြီး မြင်တွေ့လိုက်ရပါတယ်။ ကျွန်မ လန့်သွားတဲ့ စိတ်ဇောအဟုန်နဲ့ ်ဟစ်လိုက်ဖို့ ပါးစပ် ဟလိုက်ပါ ယ်၊ ဒါပေမဲ့ ချက်ချင်းပဲ ကျွန်မရဲ့ က်ကျောမှာရှိနေတဲ့ ခင်ပွန်းဖြစ်သူ သူ့လက်ဖဝါးတစ်ဖက်နဲ့ ကျွန်မပါး ကို ပိတ်ပစ်လိုက်တဲ့အတွက် အသံ က်မလာတော့ပါဘူး။ ကျွန်မမြင်ရ မြင်ကွင်းကို ကျွန်မယောက်ျားလည်း လိုက် ပုံရပါတယ်။ သူက ကျွန်မ နားမှာကပ်ပြီး တိုးတိုးလေသံနဲ့ ပြော ပါတယ်။

"သတိထား ဟန်နီ၊ သတိကြီး ကြီးထားစမ်း၊ စိတ်ကို မလွှတ်လိုက်နဲ့၊ သမီးကို သတ်တဲ့လူသတ် သမားဟာ အိမ်ထဲမှာပဲ ရှိနေနိုင်တယ်"

ဖြစ်နိုင်ပါတယ်။ ယောက်ျား ပြောတာ ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ နှစ်ယောက်လုံး မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းက ကျွန်မတို့ရဲ့ တစ်ဦးတည်းသောသမီးလေး ဆူဇန်ဟာ ညေ့ခန်းအလယ်မှာ သွေးသံရဲရဲနဲ့ ပုံပျက်ပန်းပျက် လဲကျသေဆုံးနေတာဖြစ်ပါတယ်။ ယောက်ျားက ဆက်ပြီး တိုးတိုးပြောပါတယ်။

"ဟန်နီရေ မင်း ဒီဖိနပ်ချွတ်ခန်းမှာ နေခဲ့၊ အိမ်ရှေ့ တံခါးကိုလည်း အသင့်ဖွင့်ထား၊ ကိုယ်အိမ်ထဲကို ဝင်သွားမယ်၊ လူသတ်သမားကို အခန်းတိုင်းမှာ ရှာမယ်၊ တစ်ခုခု ထူးခြားရင် မင်းကြားရအောင် ကိုယ် အသံကုန်ဟစ်ပြီး ပြောမယ်၊ အဲဒီကောင်ကို ကိုယ် တိုက်ခိုက်မယ်၊ ကိုယ်ရှုံးရင်တော့ မင်း ထွက်ပြေးပြီး ပတ်ဝန်းကျင်မှာ အကူအညီတောင်းပေတော့"

"ဖြစ်ပါ့မလား ကိုယ်ရယ်"

ကျွန်မ စိုးရိမ်မိပါတယ်။

"အခုကတည်းက ကျွန်မတို့ အပြင်ထွက်ပြီး အကူအညီတောင်းရင် မကောင်းဘူးလား"

ကျွန်မရဲ့စိတ်ကူးကို ယောက်ျားက ပယ်ချပါတယ်။

"မဖြစ်ဘူး၊ လူသတ်သမား လွတ်သွားနိုင်တယ်၊ ကိုယ်ပြောတဲ့အတိုင်းသာ လုပ်"

ပြောပြီးပြီးချင်း သူဟာ ကျွန်မရဲ့ ပါးစပ်မှာ အုပ်ထားတဲ့လက်ကိုလွှတ်၊ ကျွန်မကိုလည်း နောက်ကို တွန်းပို့ပြီး ညေ့ခန်းထဲ ဝင်သွားပါတယ်။ သူဟာ ညေ့ခန်းထဲရောက်သွားပြီး သမီးရဲ့ အလောင်းကို တစ်ချက်ပဲ ကြည့်ပါတယ်။ ပြီးတော့ တခြားအခန်းတွေဘက်ဆီ ထွက်သွားတာမို့ သူ့ကို ကျွန်မ မမြင်ရတော့ပါဘူး။ သေချာတာက သူ တစ်ခန်းဝင်တစ်ခန်းထွက် ရှာနေတော့မှာပါ။ သူဟာ တိုက်ခိုက်သတ်ပုတ်မှု ပညာရပ်တစ်ရပ်ကို လေ့ကျင့်ထားတာမို့ သူ့ကိုယ်သူ အရမ်းယုံကြည်ပါတယ်။ ကျွန်မကတော့ လူသတ်သမားက သူ့ကို အလစ်အငိုက် တိုက်ခိုက်သွားမှာကို စိုးရိမ်နေခဲ့ပါတယ်။ ရင်တထိတ်ထိတ်နဲ့ စောင့်ဆိုင်းနေခဲ့ပေမဲ့ သူ့ဆီက ဘာ အသံမှ ထွက်မလာခဲ့ပါဘူး။ ကျွန်မ စိုးရိမ်နေတာက သမီးလေးနဲ့ သူ ဘာ



www.burmeseclassic.com

www.burmeseclassic.com



တူ ဖြစ်သွားမလားလို့ပါ။ ဒါဆိုရင်တော့ ကျွန်မလည်း လောကထဲ ဆက်မနေတော့ဘဲ အဲဒီလူသတ်သမားကို သူသေကိုယ်သေ အသေရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလို ဆုံးဖြတ်လိုက်ချိန်မှာပဲ ကျွန်မယောက်ျားဟာ မြင်ကွင်းထဲ ပြန်ပေါ်လာပါတယ်။ ညှော်ခန်းထဲ ပြန်ရောက်လာတာပါ။ သူဟာ ဘာတိုက်ခိုက်မှုမှ လုပ်ခဲ့ပုံမပေါ်ပါဘူး။ ဒါပေမဲ့ ခြေပစ်လက်ပစ်နဲ့ အရမ်းကို စိတ်ဓာတ်ကျနေပုံပေါ်ပါတယ်။ သမီးလေးရဲ့အလောင်းနားမှာရပ်ပြီး ကျွန်မရှိနေတဲ့ညှော်ခန်းတံခါးဝကို လှမ်းကြည့်ပါတယ်။ ပြီးတော့ ကျွန်မကို လှမ်းခေါ်ပါတယ်။

"ဝင်လာခဲ့တော့ ဟန်နီရယ်၊ အိမ်ထဲမှာ ဘယ်သူမှမရှိဘူး"

ကျွန်မကို ခေါ်ပြီးတာနဲ့ သူဟာ သမီးလေးရဲ့ အလောင်းဘေးမှာ ထိုင်ချပြီး တရှုတ်ရှုတ်နဲ့ ငိုနေပါတော့တယ်။ ကျွန်မ သိလိုက်ပါပြီ။ သူက လူသတ်သမား ရှာမတွေ့တာနဲ့ စိတ်လျှော့ချလိုက်ပြီဆိုတာကို။ ဒီတော့ ကျွန်မက စိတ်ကို ပြန်တင်းရတော့မှာပေါ့။

ကျွန်မက ငိုနေတဲ့ ခင်ပွန်းဖြစ်သူကို ဆွဲထူပြီး "ကိုယ် ရဲစခန်းကို ဖုန်းဆက်ပါ၊ အမြန်ဆုံးဆက်ပါ၊ ပြီးမှ ဆက်ငိုချင် ငိုပါ" လို့ ပြောလိုက်တယ်။ သူ သတိပြန်ဝင်သွားပြီး ညှော်ခန်းထောင့်က တယ်လီဖုန်းရှိရာကို ထွက်သွားပါတယ်။

ကျွန်မဟာ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ သမီးလေးရဲ့အလောင်းနားမှာ မချိတင်ကဲ ရပ်နေရင်းက ညှော်ခန်းဆောင်စားပွဲပေါ်မှာ သမီးလေးရဲ့ "လက်ပ်တော့" က ပွင့်လျက်သားရှိနေတာကို မျက်စိထောင့်စွန်းကနေ လှမ်းမြင်လိုက်ရပါတယ်။ ကြည့်ရတာ သမီးလေးက "လက်ပ်တော့" ကို သူ့အိပ်ခန်းထဲမှာမသုံးဘဲ ကျွန်မတို့ပြန်အလာကို မျှော်ရင်း ညှော်ခန်းထဲမှာ ထိုင်သုံးနေခဲ့တာကိုး။ ကျွန်မဟာ ညှော်ခန်းဆောင်စားပွဲရှိရာကို သွားပြီး "လက်ပ်တော့" ကို ကြည့်လိုက်ပါတယ်။ "လက်ပ်တော့" မှာ သမီးလေးရဲ့ "ဖေ့စ်ဘွတ်" စာမျက်နှာက ပွင့်လျက်သားပါ။ ပြီးတော့ သူငယ်ချင်းတစ်ဦးတစ်ယောက်နဲ့ အပြ...အလှန် စကားပြောထားကြတဲ့ "ချတ်" အကွက်ကလည်း ပွင့်လို့။

ကျွန်မဟာ သူတို့နှစ်ယောက်ပြ...ခဲ့ကြတဲ့ စာကြောင်းတွေကို ပြန်ဖတ်ကြည့်လိုက်ပါတယ်။ သမီးလေးရဲ့ န...မည်က "ဆူဇန်၁၃"၊ တစ်ဖက်က ကော...လေးရဲ့နာမည်က "ချစ်လှူငယ်၆၉" တ... သူတို့နှစ်ယောက်က အောက်ပါအတိုင်း စကားပြောခဲ့ကြပါတယ်။ ကြည့်ရတာ ဒီနေ့မှ စဖြစ်တဲ့ သူငယ်ချင်းတွေ...တူပါတယ်။

ချစ်လှူငယ်၆၉ ။ ။ အိုး-မင်းဓာတ်...ကြည့်လိုက်တာ အတော်လှတာပဲ။

ဆူဇန်၁၃ ။ ။ တကယ်လား။ မ... အဲဒီလို ထင်သလား။

ချစ်လှူငယ်၆၉ ။ ။ မင်းက လှပ...ဆံပင်တွေကိုလည်း ပိုင်ဆိုင်ထားသေး...တယ်။

ဆူဇန်၁၃။ ။ ကျေးဇူးတင်...တယ်။

ချစ်လှူငယ်၆၉။ ။ မင်းက မျက်...လှလှ တစ်စုံကိုလည်း ပိုင်ဆိုင်ထား...သေးတယ်။

ဆူဇန်၁၃ ။ ။ ဒါတော့ အားလုံး...ပြော ကြပါတယ်။

ချစ်လှူငယ်၆၉ ။ ။ ပြီးတော့ မင်း...နှာခေါင်းလှလှလေးကိုလည်း ပိုင်ဆိုင်...ထားသေးတယ်။

ဆူဇန်၁၃ ။ ။ ဟုတ်လား။ ဒီ... မဆိုးဘူး ပေါ့။

ချစ်လှူငယ်၆၉။ ။ ပြီးတော့ မင်း...လည်တိုင် လှလှလေးကိုလည်း ပိုင်ဆိုင်...





www.burmeseclassic.com

www.burmeseclassic.com


> ကျွန်မဟာ ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ သမီးလေးရဲ့ အလောင်းနားမှာ မချိတင်ကဲ ရပ်နေရင်းက ညှော်ခန်းဆောင် စားပွဲပေါ်မှာ သမီးလေးရဲ့ "လက်ပ်တော့" က ပွင့်လျက်သား ရှိနေတာကို မျက်စိထောင့်စွန်းကနေ လှမ်းမြင်လိုက်ရပါတယ်။

ထားသေးတယ်။

ဆူဇန်၁၃ ။ ။ အိုကော၊ ကျွန်မလည်း အဲဒီလိုပဲ ထင်နေတာ။

ချစ်လှူငယ်ဖြဉ။ ။ ပြီးတော့ မင်းက လှပတဲ့ ကိုယ်လုံးလေးကိုလည်း ပိုင်ဆိုင်ထားသေးတယ်။

ဆူဇန်၁၃ ။ ။ အား‥ အင်း ‥ ဒါကတော့။

ချစ်လှူငယ်ဖြဉ ။ ။ ပြီးတော့ မင်းက လှပတဲ့ နှလုံးသားတစ်ခုကို ပိုင်ဆိုင်ထားသေးတယ်။

ဆူဇန်၁၃။ ။ ဖြစ်နိုင်ပါတယ်။

ချစ်လှူငယ်ဖြဉ ။ ။ မင်းရဲ့ခန္ဓာကိုယ်အတွင်းက ကလီစာတွေအားလုံးဟာ လှပနေလိမ့်မယ်ဆိုတာ ငါလောင်းရဲတယ်။

ဆူဇန်၁၃ ။ ။ ဘယ်လိုပြောလိုက်တယ်၊ ကလီစာတွေ ဟုတ်လား၊ ကလီစာတွေက ဘယ်လိုလှပ် လှမှာလဲ၊ နင် ပေါက်ကရတွေ မပြောနဲ့နော်။

ချစ်လှူငယ်ဖြဉ။ ။ ငါ မင်းရဲ့ ခန္ဓာကိုယ်ထဲက ကလီစာတွေကို ကြည့်ချင်တယ်ဟာ။

ဆူဇန်၁၃ ။ ။ နင်အရူးပဲ၊ တော်ပြီဟာ၊ ဂွတ်ဒ်ဘိုင်။

ချစ်လှူငယ်ဖြဉ ။ ။ ငါ မင်းရဲ့ရင်ကိုခွဲပြီး မင်းရဲ့ကလီစာတွေကို ကြည့်ချင်တယ်ဟာ။

ဆူဇန်၁၃ ။ ။ တော်ပါတော့၊ တော်ပါတော့၊ ဆက်မပြောပါနဲ့တော့။

ချစ်လှူငယ်ဖြဉ ။ ။ ငါ မင်းရဲ့ကလီစာတွေကို လက်နဲ့ ကိုင်ကြည့်ချင်လိုက်တာ။

ဆူဇန်၁၃ ။ ။ နင် ငါ့ကို ကြောက်စရာတွေ ပြောမနေနဲ့နော်။

ချစ်လှူငယ်ဖြဉ။ ။ ငါကလေ၊ မင်းရဲ့ရင်ကို ခွဲပြီးသွားတာတောင်မှ အထဲက မင်းရဲ့ကလီစာတွေကို တစ်ခုပြီးတစ်ခု နူးနူးညံ့ညံ့ ဆွဲထုတ်ပေးမှာပါ။

ဆူဇန်၁၃ ။ ။ နင် အဲဒီလို ပေါက်ကရတွေ ဆက်ပြောနေရင် ငါ ရဲတိုင်လိုက်မှာနော်။

ချစ်လှူငယ်ဖြဉ ။ ။ "ဖေ့စ်ဘွတ်" မှာ စကားပြောနေတာ ရဲက ဘယ်လိုလုပ် အရေးယူနိုင်မှာမို့လို့လဲ၊ မင်းဟာ ရယ်စရာ အတော်ပြောတတ်တာပဲ၊ ငါပြောပြမယ်၊ မင်းရဲ့ခန္ဓာကိုယ်ထဲက ကလီစာတွေကို ရင်ခွဲပြီးထုတ်ပြီးရင် အဲဒီ ကလီစာတစ်ခုချင်းကို ငါက ယုယုယယ နမ်းရှုတ်ပေးမှာပါ။

ဆူဇန်၁၃ ။ ။ တော်တော့။

ချစ်လှူငယ်ဖြဉ ။ ။ မင်းရဲ့ အူတွေကိုလည်း ကြင်ကြင်နာနာနဲ့ ပွတ်သပ်ပေးမယ်လို့ ငါ အာမခံပါတယ်။

ဆူဇန်၁၃ ။ ။ နင် ရူးနေလား။

ချစ်လှူငယ်ဖြဉ ။ ။ ပြီးတော့ ငါက မင်းရဲ့ကလီစာတွေနဲ့ နာရီတချို့ ဆော့ကစားနေဦးမှာ။

ဆူဇန်၁၃ ။ ။ ငါ နင့်ကို "ဖေ့စ်ဘွတ်" သူငယ်ချင်းစာရင်းကနေ ထုတ်ပစ်လိုက်တော့မယ်။

ချစ်လှူငယ်ဖြဉ ။ ။ ဆူဇန်

ချစ်လှူငယ်ဖြဉ ။ ။ ဆူဇန်

ချစ်လှူငယ်ဖြဉ ။ ။ ဆူဇန်

ချစ်လှူငယ်ဖြဉ ။ ။ ဆူဇန်

ဆူဇန်၁၃ ။ ။ နင် ဘာပြောချင်သေးလို့လဲ။

ချစ်လှူငယ်ဖြဉ ။ ။ မင်းရဲ့သွေးတွေနဲ့


www.burmeseclassic.com

ငါ ရေချိုးချင်တယ်လို့ပြောချင်တာ။

ဆူဇန်၁၃ ။ ။ နင်ဟာ အရူးပဲ၊ တကယ့်အရူးအစစ်ပဲ။

ချစ်လှူငယ်ဖြေ ။ ။ အဲဒီအရူးက မင်းကို မြင်နေနိုင်တယ် ဆူဇီ။

ဆူဇန်၁၃ ။ ။ ဘယ်လိုလုပ်မြင်မှာလဲ၊ ငါ့ဆီမှာ Web Cam မှ မရှိဟာ။

ချစ်လှူငယ်ဖြေ။ ။ အဲဒါတွေ မလိုဘူး။ ငါက မင်းကို မြင်ကိုမြင်နေရတာ။

ဆူဇန်၁၃ ။ ။ ကောင်းပြီ၊ နင် ငါ့ကို မြင်နေရတယ်ဆိုရင် ငါဘယ်မှာလဲ ဆိုတာလဲဆိုတာ ပြောကြည့်။

ချစ်လှူငယ်ဖြေ။ ။ မင်းရဲ့ အိမ်ထဲမှာလေ။

ဆူဇန်၁၃ ။ ။ ဒါတော့ နင်ပြောမှလား။ ငါက အိမ်ထဲမှာမနေလို့ ဘယ်မှာသွားနေရမှာလဲ၊ သေချာအောင်ပြောလေ။

ချစ်လှူငယ်ဖြေ ။ ။ မင်းက မင်းရဲ့ အိမ်ထဲက ညှော်ခန်းထဲမှာ ဆိုဖာပေါ် ထိုင်နေပြီး ညှော်ခန်းဆောင် စားပွဲမှာ "လက်ပ်တော့" တင်ထားရင်း ငါနဲ့ စကားပြောဖို့ "ဖေ့စ်ဘွတ်" သုံးနေတယ်လေ။

ဆူဇန်၁၃ ။ ။ ဘုရားရေ အဲဒါက တော့ ကွက်တိပဲ၊ နင် ဘယ်လိုသိနေတာလဲ။ ငါ နင့်ကို ကြောက်သွားပြီဟာ၊ တော်ပါတော့၊ နောက်မှ တွေ့ကြမယ်နော်။

ချစ်လှူငယ်ဖြေ ။ ။ မရပ်လိုက်နဲ့ဦး ဆူဇန်

ချစ်လှူငယ်ဖြေ။ ။ မရပ်လိုက်နဲ့ဦး ဆူဇန်

ချစ်လှူငယ်ဖြေ။ ။ မရပ်လိုက်နဲ့ဦး ဆူဇန်



ချစ်လှူငယ်ဖြေ။ ။ မရပ်လိုက်နဲ့ဦး ဆူဇန်

ဆူဇန်၁၃ ။ ။ ရပ်လိုက်ပါ့ရစေတော့၊ ငါ နင့်ကို အရမ်းကို ကြောက်နေပါပြီ။

ချစ်လှူငယ်ဖြေ။ ။ ဆူဇန်- ငါ့ကို တကယ် ရပ်ခိုင်းစေချင်တယ်ဆိုရင် "နင် ဘယ်မှာလဲ" ဆိုတဲ့ မေးခွန်းတစ်ခု မေးပေး။ အဲဒါဆို မင်းရဲ့ "ဖေ့စ်ဘွတ်" သူငယ်ချင်းစာရင်းထဲကပါ ထွက်ပေးလိုက်မယ်။

ဆူဇန်၁၃။ ။ ကောင်းပါပြီ၊ ငါ မေးပေးပါ့မယ်၊ "နင် ဘယ်မှာလဲ" ဟင်။

ချစ်လှူငယ်ဖြေ။ ။ ငါက အခု နင် ထိုင်နေတဲ့ ဆိုဖာနောက်မှာပဲ ရှိနေတာ။

သမီးလေးနဲ့ သမီးလေးရဲ့ သူငယ်ချင်း ချစ်လှူငယ် ဖြေ တို့ရဲ့ အပြန်အလှန်စကားတွေကို ဖတ်ပြီးသွားတဲ့ ကျွန်မအတွက် စဉ်းစားစရာတွေ အများကြီး ဖြစ်သွားခဲ့ပါတယ်။ သေချာတာက သမီးလေးကိုသတ်၊ ကလီစာတွေကို ထုတ်ထားခဲ့သူဟာ "ဖေ့စ် ဘွတ်" ထဲကသူငယ်ချင်း "ချစ်လှူ ငယ်ဖြေ" ဖြစ်ပါတယ်။ ဒါပေမဲ့ ... "ချစ်လှူငယ်ဖြေ" ကို ဘယ်လို အ... ယူမှာလဲ။

သမီးလေးရဲ့ "ဖေ့စ်ဘွတ်" စကား ပြောမှတ်တမ်းကို ကျွန်မ ဖတ်ပြီး... တဲ့အချိန်မှာပဲ ယောက်ျား ဖြစ်သူ ... ဆက်ခေါ်လိုက်တဲ့ရဲတပ်ဖွဲ့ဝင်တွေ ... ထဲ ရောက်လာကြပါတယ်။ တာဝန်အ... သမီးလေးရဲ့အလောင်းကို ဓာတ်ပုံ ရိုက်... ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ သဲလွန်... များ ရှာဖွေခြင်းတွေ လုပ်ခဲ့ကြပါတယ်... ကျွန်မ အပြည့်အစုံဖတ်ထားပြီးခဲ့... သမီးလေးရဲ့ "ဖေ့စ်ဘွတ်" စာမျက်... ပေါ်က အပြန်အလှန် စကားပြောမှ... တမ်းတွေကိုလည်း ပြခဲ့ပါတယ်။ ရဲတ... ဖွဲ့ဝင်တွေဟာ ရရှိထားသမျှ အချက် အလက်တွေနဲ့ တရားခံဖော်ထုတ်နိုင်... ကြိုးစားခဲ့ကြပါတယ်၊ ယနေ့အထိ မဖော်ထုတ်နိုင်ခဲ့ကြပါဘူး။

ဒါဆိုရင် သမီးလေးက သ... တစ္ဆေတွေက သတ်ဖြတ်တာကို ခံခဲ့... တာလား။ ကျွန်မ စဉ်းစားမရတာ... သမီးလေးကို သတ်ခဲ့တဲ့သရဲတစ္ဆေ... တစ်ယောက်ယောက်က အဲဒီလော... တောင် ခေတ်မီနေလို့လား။ "ဖေ့စ် ဘွတ်" သုံးနိုင်နေလို့လား။ ဘာပဲဖြစ်ဖြစ် "ဖေ့စ်ဘွတ်" သုံးစွဲနေတဲ့ကလေးတွေ... သတိထားနိုင်အောင် ကျွန်မရဲ့ ဒီအဖြ... အပျက်ကို တင်ပြသင့်တယ်ထင်... တင်ပြလိုက်တာဖြစ်ပါတယ်။

*Source: Internet*

ခွန်ထိုး...

www.burmeseclassic.com








www.burmeseclassic.com

လူထီးနဲ့လူမ။

မျက်လုံးချင်း ခလုတ်တိုက်။ ရင်တွေခုန် ဓာတ်လိုက်။ မရိုးမရွ။ ဖိုးသိုးဖတ်သတ်ဖြစ်။ ဂိတ်ဆုံးမှာတော့ တူတူပုန်းတမ်း ကစား။ အဲ့သဟာတွေကိုမှ ကွက်ပြီး -

"အချစ်" လို့ အမည်တပ်ခွင့် ရှိတာလား။

* * * * *

"ဒေါင်··ဒေါင်··ဒေါင်··"

သံချောင်းခေါက်သံ (၁၁) ချက် တိတိ။ ညကြီးမင်းကြီးလို့ ခေါင်းစဉ်တပ်လိုက်ရင် အိပ်ရေးအပျက်ခံပြီး ဘယ်သူမှ ကန့်ကွက်မှာမဟုတ်ပါဘူး။

"နတ်စည်းစိမ်"

ကလပ်ပိုင်ရှင် ဘောစိကြီး ဦးမင်းခင်အောင် အိမ်ပြန်တော့မည်။

"ရုတ်တရက် သေခဲ့ရင်၊ ထောင်ကျခဲ့ရင်၊ မနက်ဖြန် ဒီကို လာနိုင်မှာ မဟုတ်တော့ဘူး"

ပြန်ခါနီးတိုင်း နိမိတ်မရှိသော၊ ကျက်သရေမရှိသော စကားတွေကို ပြောတတ်သည်။ လှချက်ချောချက်က အယ်ထွက်နေသော မန်နေဂျာမလေး ညိုမီမီအောင်က နှမ်းဖျော့စွာပြုံးသည်။

လူချောလူခန့်ကြီး ဦးမင်းခင်အောင်ကို မျက်တောင်မခတ်စတမ်း မက်မပြေစွာကြည့်ရင်း -

"ဦးမင်းသေရင် ညိုမီ လိုက်သေမယ်၊ ဦးမင်း ထောင်ကျခဲ့ရင် တွေ့တဲ့လူကို သတ်ပြီး ညိုမီပါ ထောင်ထဲလိုက်ဝင်မယ်"

စိတ်ဓာတ်ကပြတ်သားသလား မမေးနဲ့၊ ရဲရဲကိုတောက်နေတာ။

"ဂေါက်သီးမလေး"

ဖွဖွရယ်ကာ ဦးမင်းခင်အောင်က ညိုမီရဲ့ပါး ဖောင်းဖောင်းကလေးကို လိမ်ဆွဲသည်။ ပြီးနောက် ရပ်ထားသော ကားဆီသို့ လျှောက်သွားသည်။

"ဦးမင်း··"

ဦးမင်းခင်အောင် လှည့်ကြည့်သည်။ လရောင်အစက်အပြောက်တို့ကို ပန်းလိုပန်ထားသော ညိုမီသည် လက်ကုန်လှနေ၏။

"ဟောဒီယန်းလိုင်မြို့မှာရှိတဲ့ အရွယ်ရောက်ပြီးသား ယောက်ျားတွေက ပြောကြတယ်၊ ညိုမီက သောက်ရမ်းမိုက်တာတဲ့၊ သူတို့ပြောစရာမလိုပါဘူး။ ညိုမီလှတာ ညိုမီသိပါတယ်··ဦးမင်း··"

ဦးမင်းခင်အောင်က စီးကရက်ကို ဖွာရှိုက်ကာ ညိုမီကို ပြုံးပြုံးကြီးကြည့်နေ၏။

"ဦးမင်း ညိုမီကို ချစ်တယ်လို့ ပြောစရာမလိုပါဘူး··"

တောင်ပတ်လမ်းကြောင်းမှာ ထော လက်ထနေသော ကားမီးရောင်စုံတို့ ငေးကာ ညိုမီက -

"တရားဝင် မိန်းမတစ်ယော မဟုတ်ဘူးလေ၊ အပျော်မိန်းမ တစ် ယောက်လို သဘောမထားနိုင်ဘူးလ ဟင်··ဦးမင်း··"

ပြတ်သားသလားမမေးနဲ့။ ဝိုက်ပတ်မနေဘူး။ ဒဲ့ကို ဝင်အောင် ဦးမင်းခင်အောင်နဲ့ပတ်သက်လာရင် ညို မီမှာ အရှက်အကြောက်တရား မရှိတော့ဘူး။

"ဦးမင်းတစ်ယောက်တည်း အထီး ကျန်ဆန်နေတာ မကြည့်ရလို့··ဦးမင်း ကို သိပ်ချစ်လို့··"

ဦးမင်းခင်အောင် ပြုံးသည်။ စားချက်ကင်းမဲ့သော အပြုံး။ ကား ဝင်ထိုင်သည်။ ကားစက်နှိုးရင်း -

"ထောင်ကျခဲ့ရင်၊ ရုတ်တရ သေခဲ့ရင်ပေါ့၊ မနက်ဖြန် လာနိုင် မဟုတ်ဘူး··" ဟု ဆိုကာ ကား မောင်းထွက်သွားလေတော့၏။

"ဦးမင်းရယ်··"

ကားမီးရောင်အဆုံးထိ ငေး ဒူးထောက်ထိုင်ချလိုက်တယ်။ အ ကြိုးပြတ်။

"မမီ"

ကလပ်မှ အဆိုတော်ကောင် လေး ဇလပ်ဝါရောက်လာပါတယ်။

"ဝါဝါ"

"မမီကို စောင့်နေတာ ဖယ် ကား ထွက်တော့မယ်··"

"ဆောရီးပါ ဝါဝါရယ်"

ညိုမီ ဖယ်ရီကားရှိရာသို့ ထို



www.burmeseclassic.com

www.burmeseclassic.com



ဘာခဲ့သည်။ အကြိုအပို့ ဖယ်ရီကား ကြီးသည် "နတ်စည်းစိမ်" ကလပ်ခြံ ဝင်းထဲမှ မောင်းထွက်လာခဲ့လေတော့ သည်။

"ဖတ်ဦးမလား မမ"

ဇလပ်ဝါက ညနေခင်းထုတ် သတင်းစာကို ပေးသည်။

"သတင်းထူးလို့လား‥"

"ယောက်ျားတစ်ယောက် ပျောက် သွားတဲ့‥"

ညို့မီ ရင်ဘတ်ကို ဖိကာ -

"ဘုရားရေ‥"

သတင်းစာကိုဖတ်ရင်း -

"ဘာကြောင့် ယောက်ျားတွေ ပျောက်နေရတာလဲ (၃) ယောက်တောင် ရှိပြီ"

ဖယ်ရီကားကြီးသည် မီးရောင်တို့ ဖြင့် ထိန်လင်းနေသော တံတားကြီးအပေါ် ဖြတ်ကျော်နေဆဲ။

* * * * *

ညို့မီ့ဖေဖေသည် အဝေးပြေး ကုန်တင်ကားကြီး မောင်းရင်း ကား မှောက်ကာ သေဆုံးခဲ့သည်။ အကာသိုလ် ဟာ တစ်ယောက်တည်း မလာတတ်ပါ ဘူး။ ဘော်ဒါဘော်ကျွတ်တွေကို အပါ ခေါ်လာတတ်တယ်လေ။ သိပ်မှန်တာ ပေါ့လေ။

ဖခင်ကြီးရဲ့ အသုဘရက်လည်ပြီး စမှာပင် အစ်ကိုအကြီးဆုံး သေဆုံးခဲ့ရ ပြန်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲရင်း လမ်းပေါ်မှာ ခွေးသေ ဝက်သေ သေ တာ။ မိခင်ကြီးမှာ သောက။ လင်စိတ် သားစိတ် နှစ်ပင်လိမ်ကာ စိတ်ထောင်း ကိုယ်ကြေဖြစ်ခဲ့ရလေပြီ။

ပညာရေးတစ်ပိုင်း တစ်စဖြင့် ညို့ မီ ကျောင်းထွက်ခဲ့ရပါသည်။ ကြုံရာ အလုပ်ကို ဝင်လုပ်ခဲ့ရသည်။ မိခင်ဖြစ် သူရဲ့ ကျန်းမာရေးကလည်း တစ်နေ့ ရွှေ တစ်နေ့ငွေ။ အိပ်ရာထက် မဟာ မိတ်ဖွဲ့နေဆဲ။ မောင်လေး နေသီဟက လည်း စရိုက်စုံသော ဘော်ဒါများနှင့် ပျက်စီးခြင်းလမ်းကြောင်းပေါ် ရောက်နေ လေပြီ။ ဖြစ်တဲ့နည်းဖြင့် ပျက်စီးဖို့ ကြိုး စားနေတာ ဆိုပါတော့။ ညို့မီရဲ့ ဝင်ငွေ သည် မိသားစုရဲ့ဝင်ငွေသည် မိသားစုရဲ့ စားဝတ်နေရေး အရေးသုံးပါးကို အရောင် မတောက်စေခဲ့ပါ။

အုံနှင့်ကျင်းနှင့် တိုက်စစ်ဆင်လာ သော လောကဓံရဲ့ထိုးစစ်ကို ညို့မီ တောင့်မခံနိုင်တော့ပါ။ အလံဖြူပြကာ လက်နက်ချဖို့ကလွဲ၍ အခြားမရှိ။ တံ တားပေါ်မှနေ၍ မြစ်ထဲခုန်ချကာ အဆုံး စီရင်ခဲ့သည်။

သို့သော် လောကကြီးသည် ညို့မီ အား သေခွင့်မပေးခဲ့ပါ။ ငါးမျှားနေသော လူတစ်ယောက်က ညို့မီကို ကယ်တင် ခဲ့ပါသည်။ ကယ်တင်ရှင်ကား ဦးမင်း ခင်အောင်။

မလှပတဲ့ ညို့မီရဲ့ဘဝကို ဦးမင်း ခင်အောင် သိသွားသည်။ သနားတတ် သော ဦးမင်းခင်အောင်က ညို့မီရဲ့ မိ သားစုကို ထောက်ပံ့ခဲ့သည်။ ညို့မီ့ကို ဘွဲ့ရသည်အထိ ကျောင်းတက်စေခဲ့ပါ သည်။

ညို့မီသည် ပန်းလှိုင်မြို့မှာ နာ မည်အကြီးဆုံး "နတ်စည်းစိမ်" ကလပ် တွင် မန်နေဂျာဖြစ်လာခဲ့ပါသည်။ ဦးမင်း ခင်အောင်သည် ညို့မီတို့မိသားစုအတွက်

ဟောဒီ
ပန်းလှိုင်မြို့မှာရှိတဲ့
အရွယ်ရောက်ပြီးသား
ယောက်ျားတွေက
ပြောကြတယ်၊
ညို့မီက
သောက်ရမ်းမိုက်တာတဲ့၊
သူတို့ပြောစရာ
မလိုပါဘူး။
ညို့မီလှတာ
ညို့မီသိပါတယ်‥
ဦးမင်း‥‥



www.burmeseclassic.com



တော့ မဟာကျေးဇူးရှင်ကြီးပင်တည်း။

* * * * *

အင်းလျားရေပြင်ဝယ် အပျော်စီး လှေငယ်တစ်စီး လူးလွန့်ရွေ့လျားနေ၏။ ညိုမီက လှေစီးချင်တယ်ဟု ပူဆာသဖြင့် ဦးမင်းဒင်အောင်က အချိန်ပေးကာ အပန်းဖြေနေချင်းပင် ဖြစ်၏။

ညိုမီပြောပြမတတ်အောင် ပျော်နေပါသည်။ သူမ ချစ်ရတဲ့ လူချောကြီးရဲ့ မျက်နှာကို ပေါ်တင်ကြီး မြင်ခွင့်ရနေတာကိုး။ ရေပြင်ပေါ် ကိုင်းညွှတ်နေသော သစ်ရိပ်များအောက်ဆီသို့ လှေကလေး တိုးဝင်လာခဲ့သည်။

"ဦးမင်း··"

ဦးမင်းဒင်အောင်က လှေကလေးကို သက်သောင့်သက်သာ လော့်ရင်း လှေဦးတွင်ထိုင်နေသော ညိုမီကို ပြုံးပြသည်။

"မိန်းမတွေကို ဘာလို့ မုန်းနေတာလဲဟင်··"

ညိုမီရဲ့ မူနွဲ့နွဲ့အမေး။

"မမုန်းပါဘူး··"

ညိုမီက လွင်လွင်ကလေး ရယ်သည်။ ခံစားမှုတွေ ယှက်နွယ်နေသော ရယ်သံ။

"ဒါဆို ညိုမီအပါအဝင် မိန်းမတွေကို ဘာလို့ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေရတာလဲ··"

ဦးမင်းဒင်အောင်က လှေလှော်တာကို ရပ်သည်။ လှေကလေးသည် အလိုက်သင့် မျောလျက်။ ကမ်းစပ်မှ တောတန်းကို ရီဝေစွာကြည့်သည်။ သက်ပြင်းကိုချကာ ဦးမင်းဒင်အောင်က-

"ကိုယ့်လူ့လောကထဲ မရောက်ခင် ဒက်ဒီ ဆုံးသွားတယ်··မာမီက ကိုယ့်ကို သိပ်ချစ်တာ၊ ကိုယ့်ကလည်း မာမီကို သိပ်ချစ်တာ၊ လောကကြီးက ကိုယ့်အပေါ် မတရားပါဘူးကွာ··၊ သိပ်ရက်စက်တာ၊ ကိုယ့် ၁၈ နှစ်သားမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး မာမီဆုံးသွားတယ်··"

"အို··"

ညိုမီ့ရင်ထဲ လှိုက်ခနဲ နင့်ခနဲ ဖြစ်သွားပါသည်။ အတိတ်ကို လွမ်းဆွတ်စွာ ရင်ဖွင့်ပြနေသော ဦးမင်းဒင်အောင်ကို ကြည့်ကာ သနားမိသည်။ ညိုမီ ငိုမိတော့သည်။ ဦးမင်းဒင်အောင်သည် လှေကလေးကို စိတ်မပါစွာ လော့်ရင်း -

"ကိုယ့်စိတ်နဲ့ကိုယ်နဲ့ လွတ်သွား
တယ်··၊ မာမီအလောင်းကို သူသယ်
က ပြန်ဖော်ပြီး အိမ်မှာထိုင်ကြည့်နေခဲ့
တယ်··"

"ဘုရား··"

ညိုမီရဲ့ မျက်လုံးလေးတွေ ဝိုင်း
စက်သွားတယ်။

"အ··အလောင်းကို ပြန်ဖော်
တယ်"

စကားသံလေးတွေက တုန်လို့

"တရားမဝင် အလောင်းဖော်မှုနဲ့
ကိုယ့် ထောင်ကျခဲ့တယ်··"

"ဦးမင်းက, ထောင်ကျဖူးတယ်
ဟုတ်လား··"

ဦးမင်းဒင်အောင်က စီးကရက်ကို
ဖွာကာ ခေါင်းကိုငြိမ့်ပြသည်။

"ကိုယ့်ရဲ့စိတ်ခံစားမှုကို ဘယ်သူမှ
နားလည်နိုင်မှာမဟုတ်ဘူး··၊ ဂေါက်
သီးမလေးလည်း နားလည်မှာမဟုတ်
ဘူး··"

ဂေါက်သီးမလေးဆိုတာ ညိုမီ့ကို
ပြောတာပါ။

"မိန်းမတွေကို သွေးသားဆန္ဒနဲ့
ယှဉ်ပြီး မမြင်တော့ဘူး။ အမေတွေ
အစ်မတွေကို သွေးသားဆန္ဒနဲ့ပဲ မြင်
တော့တာ၊ ဒါကြောင့် ညိုမီဟာ ညီမ
လေးပဲ··ထာဝရ ညီမလေးပေါ့"

"ဦးမင်းရယ်··"

ညိုမီငိုလေပြီ။ သိမ့်သိမ့်လှုအောင်
ငိုတာ။

လှေကလေးသည် လှုးလို့။

* * * * *

လရောင်သည် ဖွဲဖွဲကျနေသော
မိုးရေများကြားတွင် စိမ့်ဝင်နေ၏။ မြဲဝင်

www.burmeseclassic.com



ခြံရှေ့တွင် မြင်းလှည်းကလေး ထိုးရပ်သွားသည်။ ညိုမီ ထီးကိုဖွင့်ကာ မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။

လေကသုန်သုန်တိုက်နေဆဲ။ မြင်းလှည်းကလေးသည် လာလမ်းအတိုင်း ဆင်းထွက်သွားလေပြီ။ ခြံပတ်လည်ကို လူတစ်ရပ်မကမြင့်သော အုတ်တံတိုင်းခတ်ထား၏။ ဘာမှ မမြင်ရ။ ထူထဲသော ခြံတံခါးသည် ပိတ်လျက်သားထားသည်။ ဘာမှမမြင်ရ။ ထူထဲသော ခြံတံခါးသည် ပိတ်လျက်သား။ ခြံတံတိုင်းတွင် ထွင်းကပ်ထားသော လူခေါ်ဘဲလ်ကို -

“တီ..တီ..”

နှစ်ချက်နှိပ်လိုက်သည်။ တုံ့ပြန်သံ လုံးဝ မကြားရ။ မြို့အစွန်မို့ လူအသွားအလာ လုံးဝမရှိ။ မိုးထဲလေထဲမှာ ညိုမီတစ်ယောက်တည်းပါ။ သို့သော် ညိုမီမှာ ကြောက်စိတ်ဆိုတာ လုံးဝမရှိ။ အရာရာကို ရင်ဆိုင်ဖို့အသင့်။ လေက ဆောင့် တိုက်သဖြင့် ထီးကလေးသည် လန်လန် သွားသည်။ ညိုမီ စိတ်မရှည်တော့။

“ထီးစုတ်..ကဲဟာ..”

လွှင့်ပစ်လိုက်တယ်။ လေခေါ်ရာ နောက်သို့ ထီးကလေး ကောက်ကောက် ပါသွားလေပြီ။ ညိုမီရဲ့ လှပသော ခန္ဓာကိုယ်ကောက်ကြောင်း မိုးရေစက်တို့ လက်လက်ထနေ၏။

“တီ..တီ..”

“တီ..တီ..”

လူခေါ်ဘဲလ်ကို ဆင့်ကာဆင့်ကာ နှိပ်သည်။ ခြံအတွင်းမှ ဘာအသံမှ ထွက်မလာ။ ညိုမီ စိတ်လွတ်ကိုယ်လွတ် ဖြစ်လေပြီ။

“ဦးမင်း..ဦးမင်း..”

“ဦးမင်းရေ..ညိုမီ မိုးရွာထဲမှာ လေ..”

“ညိုမီ့ကို မသနားတော့ဘူးလား”

အရူးမလေးလို အော်ခေါ်သည်။ မထူး။ ဘာမှကို မထူးတာ။

“ဦးမင်းရယ်..အဟင့်..အဟင့်”

အရပ်ကျိုးပြတ်ထိုင်ချကာ ညိုမီ ငိုသည်။

“ဦးမင်းရယ်..ဆေးရုံလည်း ရောက်ခဲ့ပြီးပြီ၊ ထောင်လည်း ရောက်ခဲ့ပြီးပြီ၊ သုသာန်လည်း ရောက်ခဲ့ပြီးပြီ၊ ဘယ်မှာ ပုန်းနေတာလည်း ဦးမင်းရယ်၊ အဟင့်..”

အညှိုးဖြင့် ရွာနေသော မိုးရေစက်တို့ကို ငေးကာ -

“ဦးမင်း...”

ညိုမီအော်သည်။ အော်သံတို့သည် ပဲ့တင်ရိုက်လို့။

“ဦးမင်း..”

မြက်ပင်တွေကြားက လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ ခြံတံတိုင်းကို ပတ်လျှောက်နေတာ။ ဗွက်အတိမို့ -

“အမေ့..”

မကြာခဏ ချော်လဲကျသည်။ ရွှံ့ဗွက်တွေ ပေကျံလို့ ဆက်လျှောက်သည်။ ခြံအနောက်ဘက်သို့ ရောက်လာခဲ့သည်။ ရေစီးသံကြားရသည်။ လျှပ်အပြက်မှာ မြင်လိုက်ရသည်။ ခြံဝင်းအတွင်းမှ အပြင်သို့ ထုတ်ထားသော ရေထုတ်မြောင်း။

ဘာမှ မစဉ်းစားတော့ပါ။ ညိုမီ ရေမြောင်းထဲဆင်းလိုက်သည်။ ရေက ခြေသလုံးသာသာ စီးနေ၏။ ရေမြောင်းမှတစ်ဆင့် ခြံထဲဝင်မှာ။ ခက်တော့ ခက်နေပြီ ဆိုသလိုပါပဲ။ တိရစ္ဆာန် အကောင်ဗလောင်တွေ ဝင်မှာစိုးလို့ အဝင်ဝကို သံချောင်းတွေစီပြီး စိုက်ထားသည်။

ညိုမီ သံချောင်းတွေကို လက်ဖြင့် ဘေးသို့ ဆွဲကွေးသည်။ တော်ပါသေးရဲ့ သံချောင်းတွေက သံချေးတက်နေလို့။ လူတစ်ကိုယ်စာဝင်လို့ရပြီ။ ညိုမီ လေးဘက်တွားကာ တိုးဝင်လိုက်သည်။

“အဟွတ်..အဟွတ်..”

နှခေါင်းထဲရေဝင်သဖြင့် သီးလေပြီ။ ပွန်းပဲ့ဒဏ်ရာတွေက ညိုမီ့ခန္ဓာကိုယ်မှာ မြင်မကောင်း။ အားကောင်းလှသော ရေစီးကြောင်းက ညိုမီ့ဦးခေါင်းကို ထိုးခွဲကာ ခန္ဓာကိုယ်မှ အလုအယက် ဖြတ်သန်းပြေးလွှားနေကြသည်။

“အို့..ဘုရား..”

ခြောက်ပေ၊ သုံးပေခန့် မသာ ကျင်းပါလား။ အုတ်ခဲပုံ၊ ကျောက်ပုံ၊ သံပုံတွေက မသာကျင်းအနားမှာ အသင့်။ ဘာအတွက်လဲ ညိုမီ မစဉ်းစား တတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ရောက်လေပြီ။ မြောင်းထဲမှနေ၍ အားယူပြီးတက်သည်။ ရင်စို့ခန့် ရှည်လျားသော ကိုင်းတောအုပ်ကို ကျော်ပြီး ကြည့်လိုက်သည်။ မိုးသည်းလျှပ်ရောင်တွေအောက်မှာ ရှေးဟောင်းအိမ်အိုကြီးသည် ၄ပ်တုတ်ကြီး ထိုင်နေ၏။

ညိုမီ ဘာဖြစ်နေတာလဲ။ မြွေမကြောက်၊ ကင်းမကြောက်၊ ဖိနပ်ဗလာနှင့် ကိုင်းတောကြား တိုးဝင်လာခဲ့သည်။

"အ・・"

ကိုင်းရွက်အချွန်အမြတွေက လှသော ညိုမီ့ခန္ဓာကိုယ်လေးကို မညှာမတာ ထိုးဆိတ်နေပြန်၏။

"ဟင်・・"

လျှပ်ရောင်အပြက် မိုးချုပ်သံကြားမှာ ညိုမီ မိုက်ခနဲဖြစ်သွားသည်။

"ဘုရား・・ဘုရား・・"

ယူကလစ်ပင်တွေအောက်မှာ အုတ်ဂူသုံးလုံးကို စီတန်းပြီး တွေ့လိုက်ရတာကိုး။ ကြောက်စိတ်ကို တတ်နိုင်သမျှ နှိပ်ကွပ်ကာ အုတ်ဂူများရှိရာသို့ အသာအယာ တိုးကပ်လာခဲ့သည်။ အုတ်ဂူ (၃) လုံးဟာ လတ်လတ်ဆတ်ဆတ်ပဲ ရှိသေးတယ်။ သေတာ မကြာသေးဘူးဆိုတဲ့သဘော။ မိုးရေအရွှဲသားနှင့် ညိုမီသည် နောက်သို့ အသာဆုတ်လာခဲ့သည်။

"ဝုန်း・・"

"အမလေး・・"

ညိုမီ တွင်းထဲပြုတ်ကျသွားသည်။ ရွှံ့ဗွက်တွေကြားမှ လူးလဲထကာ ပြန်တက်သည်။ ကျင်းကို ပြန်ကြည့်မိသည်။

"အို・・ဘုရား・・"



ခြောက်ပေ၊ သုံးပေခန့် ...ကျင်းပါလား။ အုတ်ခဲပုံ၊ ကျောက်...သဲပုံတွေက မသာကျင်းအနားမှာ ...သင့်။ ဘာအတွက်လဲ ညိုမီ မစဉ်း...တတ်တော့ပါ။

လမ်းယောင်ယောင်လေးအတိုင်း... လျှောက်လာခဲ့သည်။ ရှေးအိမ်ဟောင်း...ကြီးသည် မိုးလေကြားမှာ တိတ်ဆိတ်...ငြိမ်သက်လျက်။ တံခါးတွေအားလုံး... ပိတ်လျက်သား။ ညိုမီ တံခါးပေါက်...ကို လိုက်ဖွင့်ကြည့်သည်။ ကံကောင်း...တယ်လို့ ဆိုရပေမည်။ မီးဖိုချောင်ဘက်...က တံခါးတွေအားလုံး ပိတ်လျက်သား... ညိုမီ တံခါးပေါက်တွေကို လိုက်ဖွင့်ကြည့်...သည်။ ကံကောင်းတယ်လို့ ဆိုရပေမည်... မီးဖိုချောင်ဘက်က တံခါးပေါက်သည်... ပွင့်နေ၏။

ညိုမီ ပြတင်းပေါက်ကို ကျော်...ကာ အထဲသို့ ဝင်လိုက်သည်။ မှောင်...အတိ။ ကိစ္စတော့မရှိပါ။ ဒီအိမ်ကို ခဏ...ခဏ ရောက်ဖူးတာလေ။ လျှပ်ရောင်...သဲ့သဲ့ဖြင့် စမ်းလျှောက်သည်။ တစ်...ဝင် တစ်ခန်းထွက်။ အိမ်ကြီးတစ်ခုလုံး...သည် လိုအပ်တာထက်ပို၍ တိတ်ဆိတ်...နေပါသည်။ အခန်းတံခါးတစ်ခုကို ...အဖွင့် -

"တို့ထင်တယ်・・ဂေါက်သီးမ...ရောက်လာမယ်ဆိုတာ・・"

အမှောင်ထဲမှထွက်လာသော ဦးမင်း...ခင်အောင်ရဲ့အသံ။ ဒါပေမဲ့ ကြားနေ...အသံမဟုတ်၊ ကန္တာရလျှအသံ၊ အမှောင်...ထဲမှာရှိတဲ့ ညိုမီလန့်သွားပါတယ်... ကလျှအသံဆိုပေမယ့် ဦးမင်းခင်အောင်...မှန်း သိလိုက်ရသဖြင့် ကြောက်စိတ်...



www.burmeseclassic.com

...မရှိ။ ဝမ်းနည်းဝမ်းသာစိတ်တို့၏ ...တ်မှုကြောင့် ညိုမို ငိုလေပြီ။

"ဦးမင်းကို မတွေ့ရတာ တစ်ပတ် ...ကျော်ပြီလေ၊ ညိုမို့ အသက်ထက် ...ဦးမင်းကို ချစ်တယ်ဆိုတာ ဦးမင်းမသိ ...ဘူးလား..ဟင့်..ဟင့်.."

"ဟား..ဟား..ဟား.."

ဦးမင်းဒင်အောင်ရဲ့ ကန္တကလျ ...ယ်သံတို့သည် အတောမသတ်။

"ဖျောက်.."

မီးခလုတ်ဖွင့်သံ ကြားရသည်။ ...တောက်ပသော အလင်းရောင်တို့ သည် အခန်းအတွင်းကို သိမ်းပိုက်ထား ...လေပြီ။ ဦးမင်းဒင်အောင်ကို မတွေ့ရ ...သေး။

"ဂေါက်သီးမလေး.. ချမ်းနေပြီ၊ ...တစ်ခုခု သောက်လိုက်ဦး.."

မိုးရေတို့ဖြင့် ခိုက်ခိုက်တုန်နေသော ညိုမိုသည် အရက်ကောင်တာသို့ သွား သည်။ ပုလင်းအပြားလေးကိုယူသည်။ အနီရင့်ရင့်အရောင်ကို သောက်ဖို့ ပြင် ...ပြီကာမှ ခေါင်းကို သွက်သွက်ခါလိုက် သည်။

"အဟွတ်..အဟွတ်.."

ပြင်းလိုက်တဲ့အရက်၊ အနံ့ရသည် နှင့်ပင် ချောင်းတွေဆိုးလာသည်။ ညိုမို ဆက်မေ့သည်။ အမူးလွန်ကာ အားလုံး ကို မေ့ပစ်လိုက်ချင်သည်။

"တို့ ရှစ်နှစ်သားအရွယ်လောက်မှာ ပေါ့..၊ ကန်တော်ကြီးမှာ ရေဆင်းကူး တယ်၊ မိုးတွေကလည်း အခုလို သဲသဲ မဲမဲ ရွာနေတာပေါ့ကွယ်.."

ကန္တကလျအသံက အခန်းထဲမှ ထွက်ပေါ်လာပြန်၏။ ညိုမို့ခေါင်းထဲမှာ ရီဝေဝေ။ အသံကြားရာဘက်ဆီသို့ သနား စဖွယ်ငေးလို့။

"အဲဒီနေ့မှာ တို့ရေနစ်ရော.. တို့သေပြီလို့ ထင်ထားတာ.."

ဘာကြောင့် ဒီစကားတွေ ပြော ပြနေရတာလဲ။ ညိုမို မစဉ်းစားတတ် တော့ပါ။

"တို့ မသေခဲ့ဘူးလေ၊ အစ်ကိုကြီး တစ်ယောက်က တို့ကို ကယ်လိုက်တာ။ ပြီးတော့.. အဟင့်.."

"အဲဒီအစ်ကိုကြီးက တို့ကို အဓမ္မ ကျင့်တယ်၊ အဟင့်.."

"ဟင်.."

"ခွမ်း.."

ယိမ်းယိုင်သွားသည်။ ညိုမိုက ကောင်တာပေါ်မှ အရက်ပုလင်းတွေကို တိုက်ချလိုက်မိသွားသည်။

ဖန်ကွဲစတွေ ကြမ်းပြင်ပေါ်မှာ ပြန့်လို့။

"ကျီ.."

တံခါးပွင့်သွားပြီ။

"ဦးမင်း..အ..."

ဦးမင်းဒင်အောင်ကို ပြေး ဖက်ဖို့ ကြံတဲ့ ညိုမို့ခြေဖဝါး ပုလင်းကွဲ ရှလေပြီ။ မမျှော် လင့်တာကို ရုတ်တရက် မြင်လိုက်ရသဖြင့် ညိုမို အံ့အားသင့်သွား တယ်။

မိန်းမချောကြီးတစ်ယောက် ကို တွေ့လိုက်ရတာကိုး။

ဆံပင်မှ ခြေဖျားသို့တိုင် မိန်းမ တစ်ယောက်လို ချွတ်စွပ်ဖြူလွှသော သတို့သမီးဝတ် ဂါဝန်ကြီးနဲ့ ဦးမင်းဒင် အောင်ရယ်ပါ။ ညိုမို သတိပြန်ဝင်လာ သည်။

"ဦးမင်း.."

ဆိုပြီး ပြေးဖက်တယ်။ ဦးမင်းဒင် အောင် အေးစက်စက် အမူအရာနဲ့-

"အဲဒီနေ့ကစပြီး တို့ ယောကျ်ား တွေကို ခိုက်သွားတယ်..အဟင့်.."

ညိုမိုက ဦးမင်းဒင်အောင်ကို မျက်ရည်အဝဲသားဖြင့်မော့ကြည့်ကာ -

"ဦးမင်း ဘယ်ဘဝရောက်ရောက် ညိုမိုက ခွင့်လွှတ်ပြီးသား..၊ ချစ်ပြီး ကြောင်းပဲ..အဟင့်.."

အချစ်နွံမှာ ညိုမိုမွှန်လေပြီ။ အမှားအမှန် မသိတော့ပါ။ အခြောက်





www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းလုလု
မီးအိမ်ကလေးမှ
အလင်းသဲ့သဲ့သည်
မစို့မပို့
ဖြာထွက်လျက်ရှိ၏။
ဂါဝန်ဖားဖားနှင့်
အခြောက်ကြီးသည်
နေသီဟ၏
လက်မောင်း
တစ်ဖက်ကို
ဆွဲကိုင်ကာ
ကိုင်းတောအုပ်ကြား
တိုးဝင်လေပြီ။
ညိုမီ
ထက်ကြပ်မခွာ
လိုက်လာသည်။
ဖိနပ်မပါ၊
ခြေထောက်
ဒဏ်ရာ ရထားသဖြင့်
ထော့နဲ့ထော့နဲ့နဲ့။

(သို့မဟုတ်) မိန်းမစိတ်ပေါက်နေတဲ့ လူတစ်ယောက်ကို ချစ်နေဦးမှာတဲ့။

"ထိုင်ပါကွယ်··ဂေါက်သီးမလေး ရယ်··ဟင်း··ဟင်း··"

ခုံလွတ်တွင် ညိုမီဝင်ထိုင်ပါသည်။ ညိုမို့ခြေဖဝါးမှ သွေးတွေ စိမ့်ထွက်လို့။ မိန်းမစိတ်ဝင်နေပြီဖြစ်သော ဦးမင်းဒင်အောင်က ကောင်တာသို့သွားသည်။ ခွက်လုလုလေးနှစ်ခွက်ထဲသို့ အရက်များ လောင်းထည့်သည်။ ပြန်လျှောက်လာကာ -

"သောက်လိုက်ဦးကွယ်··"

ညိုမီမော့ချလိုက်တယ်၊ အခြောက်ကြီးက အရက်ကိုမော့ပြီး -

"ရှော့··"

"ဟင်··ဒါကြီးက··"

ခြောက်လုံးပြူးတစ်လက်။ ပြောင်လက်လို့။

"ကျည်ဆံအပြည့်ရှိတယ်··ဂေါက်သီးမလေးရဲ့··"

ညိုမီက သေနတ်ကိုယူကာ စားပွဲတင်ရင်း-

"ဘာအတွက်လဲ ဦးမင်း··"

ညိုမီရဲ့ရေစိုဆံပင်၊ မို့မို့ပါးပြင်တို့ကို ညင်သာစွာပွတ်သပ်ရင်း -

"ချစ်ခြင်းတရားမှာ ဘောင်ခတ်ထားတဲ့ သတ်မှတ်ချက်တွေ မလိုအပ်ဘူးလေ··လွတ်လပ်စွာ ချစ်ခွင့်ရှိတယ်လို့ တို့ ယုံကြည်တယ်၊ ချစ်ချင်ရာကို ဇွတ်ချစ်မှာ··"

ဟု အခြောက်ကြီးက ပြောရင်း ခြောက်လုံးပြူးကို မေးဆတ်ပြသည်။

"တို့အချစ်တွေကို သဘောမတူရင် အရူးမလေးက ကန့်ကွက်ပေါ့နော်··"

ညိုမီက မျက်လုံးကို စုံမှိတ်

"ဦးမင်း ဘာလုပ်လုပ် သ
တူတယ်··"

"ဟား··ဟား··ဟား··"

လျှပ်လက်သည်။ စိမ့်ဝင်
သော မိုးချုန်းသံနှင့် ဦးမင်းဒင်အော
(အခြောက်ကြီး)၏ ရယ်သံတို့သည်
တင်ထပ်လို့၊ အခြောက်ကြီးသည် အ
ထဲသို့ ဝင်သွားသည်။ သိပ်မကြာ
ပြန်ထွက်လာသည်။ တစ်ယောက်
မဟုတ်။

"နေနေ··မောင်လေး··"

ညိုမီမီအောင်ရဲ့ မောင်အ
ခေါက်ခေါက်၊ လူချောကလေး နေသီ
အခြောက်ကြီးသည် နေသီဟအ
အရုပ်ကလေးတစ်ရုပ်လို တွဲခေါ်လာ

"ကောင်လေး··နေနေ··"

ညိုမီ မောင်လေးကို ပြေ
သည်။

နေသီဟ ဆေးမိထားဟန် တ
သည်။ ရီဝေဝေမျက်လုံးများဖြင့် အ
ဖြစ်သူကို ကြောင်တောင်တောင်
ကြည့်သည်။

"သူငယ်လေးက ချစ်ရာ
ကွယ်··ဟင်း··ဟင်း··"

ဟု ဆိုကာ ညိုမို့ကို မျက်စေ
ထိုးပြီး -

"ညည်းတို့လို အစစ်မတွေနဲ့ကွ
ပြောပြီး နေသီဟကို ထိုင်ခို
တယ်။

"ဦးမင်း··ဒါ ညိုမို့မောင်
နေနေလေ··"

ဦးမင်းဒင်အောင်ရဲ့ စိတ် နဲ့ ည
အိမ်မပြန်ဖြစ်တာ ကြာပြီ။

www.burmeseclassic.com


မောင်လေးနေသီဟ ဘာကြောင့် ဒီကို ရောက်နေရတာလဲ။ စိုးရိမ်စိတ်တို့သည် ညိုမှိုင်းယ်ထိပ်အား ဒူးဖြင့် ပြေးဆောင့်နေပြီ။ အခြောက်မကြီးက လူချောကလေး နေသီဟကို မျက်တောင် မခတ်စတမ်း ငေးရင်း -

"ငါက်သီးမလေးက တို့ကိုချစ်တယ်၊ အသက်တောင် စတေးဝံ့တယ်ဆို၊ ဘာလုပ်လုပ် မကန့်ကွက်ဘူး၊ သဘောတူပါတယ်လို့ ပြောထားတယ်နော်··၊ ဟင်း··ဟင်း··"

"နေနေက ညိုမှိုမောင်လေးလေဦးမင်း··"

အသင့်ထွန်းညှိထားသော မီးအိမ်ကို ပေးသည်။ ထီးကောက်ကြီးကိုပေးသည်။ ညိုမှိ ကြောင်တောင်တောင်ဖြင့် ယူသည်။

"တို့က သူ့ကို သောက်ရမ်းချစ်တာဟဲ့၊ သူလေးက တို့ကိုပစ်ပြီး အဝေးကို ထွက်သွားရင် တို့သေမှာ··၊ တို့အနားမှာ ထာဝရရှိနေမှာ၊ တို့ ထာဝရချစ်လို့ရမှာပေါ့ဟဲ့··ဟင်း·· ဟင်း"

ဟု ဆိုကာ နေသီဟကို ဆွဲထူသည်။ နေသီဟ အလိုက်သင့်ပါလာသည်။ အခြောက်မကြီးက -

"တို့ကိုကူညီဟယ်··"

ထီး၊ မီးအိမ်တို့ကိုကိုင်တာ ညိုမှိဆွံ့အနေပါသည်။

"ချစ်တယ်··အသက်ပေးဝံ့တယ်၊ ဘာလုပ်လုပ် မကန့်ကွက်ဘူးလို့ ကတိပေးခဲ့တာပဲဟယ်··"

ညိုမှိုပါးပြင်မှာ မျက်ရည်ပူစတွေ အတောမသတ်။ အံကြိတ်ကာ ရှိုက်ငိုမိသည်။ အခြောက်ကြီးသည် နေသီဟကို ဆွဲခေါ်သွားသည်။ ဂါဝန်ကြီး၏ အောက်ခြေစတို့သည် ကြမ်းပေါ်မှာ တရွတ်တိုက်လို့။ ညိုမှိ စားပွဲပေါ် ငေးကြည့်လိုက်သည်။ ခြောက်လုံးပြူးကလေးသည် ငုပ်တုပ်ကလေး။ ပြီးတော့··။

မီးအိမ်၊ ထီးကောက်တို့ကိုကိုင်ကာ အခြောက်ကြီးနောက်သို့ လိုက်လာခဲ့၏။ တံခါးမကြီးကို ဖွင့်လိုက်သည်



မောင်လေး
နေသီဟ
ဘာကြောင့်
ဒီကို
ရောက်နေရတာလဲ။
စိုးရိမ်စိတ်တို့သည်
ညိုမှိုင်းယ်ထိပ်အား
ဒူးဖြင့်
ပြေးဆောင့်နေပြီ။
အခြောက်မကြီးက
လူချောကလေး
နေသီဟကို
မျက်တောင်
မခတ်စတမ်း
ငေးရင်း...



www.burmeseclassic.com

www.burmeseclassic.com

နှင့် အရိုင်းဆန်သောလေသည် သူတို့အား ကြမ်းရှစွာ ပွေ့ဖက်လေပြီ။ မိုးက ဖွဲ့ဖွဲ့ရွာနေဆဲ။ မြေနီလမ်းယောင်ယောင်ကလေးအတိုင်း မြတ်လျှောက်လာခဲ့ကြသည်။

ပြိုးလုလုမီးအိမ်ကလေးမှ အလင်းသဲ့သဲ့သည် မစ္စမိုင်ဖြာထွက်လျက်ရှိ၏။ ဂါဝန်ဖားဖားနှင့် အခြောက်ကြီးသည် နေသီဟ၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်ကာ ကိုင်းတောအုပ်ကြား တိုးဝင်လေပြီ၊ ညိုမီ ထက်ကြပ်မခွာ လိုက်လာသည်။ ဖိနပ်မပါ၊ ခြေထောက်ဒဏ်ရာရထားသဖြင့် ထော့နဲ့ထော့နဲ့။

အစီအရီရှိသော အုတ်ဂူသုံးလုံးအနီးသို့ ရောက်လာကြသည်။

"ဒါက ဇာတ်မင်းသား၊ ဒါက ဗီဒီယိုမင်းသား၊ သူလေးက အဆိုတော်လေးပေါ့၊ သိပ်ချစ်ဖို့ကောင်းတဲ့သူငယ်လေးတွေပေါ့ ဟယ် - - တို့နားမှာ ထာဝရရှိနေတော့မှာ - - ဟင်း - - ဟင်း"

အုတ်ဂူသုံးလုံးကိုကြည့်ကာ ညိုမီ ကြက်သေ သေသွားသည်။ ပျောက်သွားတဲ့ လူသုံးယောက်ပါလား။ အခြောက်မကြီးသည် အုတ်ဂူသုံးလုံးကို တစိမ့်စိမ့်ကြည့်ကာ စိတ်လွတ်ကိုယ်လွတ် ရယ်နေ၏။ တကယ်တော့ ဦးမင်းဒင်ဟာ စိတ္တဇလူသတ်သမား အရူးကြီးဆိုတာ ညိုမီ ခုမှ သဘောပေါက်တယ် - - "

နေသီဟ ဘာမှမပြင်း။ အသင့်တူးထားသော ကျင်းထဲသို့ ဆင်းကာ ဒူးထောက်ထိုင်ချသည်။ ရေကရင်ခေါင်း မြုပ်မတတ်။ ညိုမီခမျာ ထိုမြင်ကွင်းကို ကြည့်ပြီး ရူးမတတ်။

"လိမ္မာလိုက်တာဟယ် - - တို့တွေ မစေးတော့ဘူး - - ဟင်း - - ဟင်း - - "

အခြောက်မကြီးက ကျင်းစပ်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး နေသီဟမျက်နှာကို ပွတ်သပ်ပေးနေသည်။ ပြီးနောက် သစ်ပင်ဆီသို့ လျှောက်သွားသည်။ သစ်ပင်အောက်မှာ သံတုတ်တစ်ချောင်း။

အခြောက်မကြီးကို လေကိုကွယ်ကာ စီးကရက်ကို မီးညှိ၏။ ဖွာရှိုက်၏။

"မညို - - "

"ဟင် - - "

နေသီဟရဲ့ ခေါ်သံသဲ့သဲ့ကလေး။ ဆေးပြယ်သွားပြီထင်ပါရဲ့။

"မောင်လေးလေ - - မညို - - "

ကျင်းနှုတ်ခမ်းပေါ်တွင် ခေါင်းကို မေးတင်ထား၏။

"မောင်လေး - - နေနေ - - "

ညိုမို့လက်ထဲမှထီး၊ မီးအိမ်တို့ ပြုတ်ကျသွားပြီ။ အခြောက်မကြီးသည် သံတုတ်ကိုကိုင်ကာ သူတို့မောင်နှ[...] ရာသို့ လျှောက်လာနေပြီ။

"ချစ်တယ် - - လိုက်သေဝံ့တယ[...] ဘာလုပ်လုပ် မကန့်ကွက်ဘူးလို့ က[...] ပေးထားတယ်နော်၊ ဂေါက်သီးမထေ[...]

ညိုမီဂရုမစိုက်ပါ။ မောင်လေ[...] နေသီဟကို ကျင်းထဲမှ ဆွဲတင်သည[...] မရပါ။

"စုန်း - - "

သူမပါ ကျင်းထဲ ပြုတ်ကျသွာ[...] သည်။ အခြောက်မကြီးသည် သံတု[...] ကို ကိုင်ကာ ကျင်းနှုတ်ခမ်းမှာ ရပ်[...]

"ဟား - - ဟား - - ဟား - - "

လျှပ်ရောင်အလက်။ မိုးချုန်[...] မှာ မြင်လိုက်ရတဲ့ အခြောက်မကြီး[...] မျက်နှာဟာ တစ္ဆေ၊ သရဲလို ကြော[...] စရာကြီး။ ညိုမီက မောင်လေးနေသီ[...] ကို ကာကာ လက်အုပ်ချီပြီး -

"ကြိုက်တဲ့လူကို ကြိုက်သ[...] ချစ်ခွင့်ရှိပါတယ် - - ဦးမင်းရယ် - - ဒါပေ[...] ချစ်ခြင်းတွေဟာ အပြစ်ကင်းရမယ်လေ[...] ဦးမင်းရဲ့ - - ၊ မောင်လေးကို မသတ်[...] နော် - - "

သနားစဖွယ်တောင်းပန်တယ[...] သဘာဝလွန် အစွန်းရောက်စိတ်တွေ[...] အခြောက်မကြီးဟာ အသိစိတ်ကင်[...]

---

အချစ်ဆိုတာ လူမျိုးဘာသာမရွေး သုံးဆောင်နိုင်တဲ့ ဘုံပစ္စည်းတစ်ခုပါ။ ယောကျာ်းနဲ့ မိန်းမ၊ ယောကျာ်းနဲ့ ယောကျာ်း၊ မိန်းမနဲ့ မိန်းမ၊ ချစ်ခွင့်ရှိပါတယ်။ အစွန်းရောက်သွားရင်တော့ 'ချစ်ဘေးချစ်ဒဏ်' သင့်ပြီး ဇာတ်သိမ်း မလှတော့ကြပါဘူး။

---



www.burmeseclassic.com

www.burmeseclassic.com





"ကြိုက်တဲ့လူကို
ကြိုက်သလို
ချစ်ခွင့်ရှိပါတယ်
ဦးမင်းရယ်. .
ဒါပေမဲ့
ချစ်ခြင်းတွေဟာ
အပြစ်ကင်းရမယ်လေ
ဦးမင်းရဲ့. ၊
မောင်လေးကို
မသတ်ပါနဲ့နော်. ."

နေပါပြီ။ တောင်းပန်လို့မရတော့ပါဘူး။

"မောင်နှမတွေ အဖော်ရတာပေ့ါ ဟား. .ဟား. ."

သံတုတ်ကို အားယူကာ နောက်သို့ လွှဲသည်။ နေသီဟ မျက်လုံးမှိတ်ထားသည်။ သို့သော်. .

"ဒိုင်း. . ဒိုင်း. ."

သေနတ်သံ နှစ်ချက်က ဆင့်ကာဆင့်ကာ ပြေးထွက်သွားသည်။ ညိုမီ လက်ထဲမှာ ခြောက်လုံးပြူး။

"အား. ."

အခြောက်မကြီး အနောက်သို့ လန်ထွက်သွားသည်။ ညိုမီ ကျင်းထဲမှ တက်သည်။ အခြောက်မကြီးရှိရာသို့ သွားသည်။ လဲကျနေသော အခြောက်မကြီးက အားယူကာ ပြန်ထသည်။ သံတုတ်ကိုကိုင်လို့ ကြောင်ကြည့်နေသော ညိုမီ့ကို ကျော်သွားသည်။

မြေပြင်ပေါ်ရောက်နေသော နေသီဟရဲ့ ခေါင်းကို သံတုတ်ဖြင့် -

"ဒိုင်း. .ဒိုင်း. .ဒိုင်း. ."

သေနတ်သံ သုံးချက် တိတိ။ အခြောက်မကြီး ကျင်းထဲပြုတ်ကျသွားသည်။

"ဦးမင်းရယ်. .အဟင့်. . ."

အခြောက်မကြီး လုံးဝမလှုပ်တော့ပါ။ အသက်ပျောက်သွားလေပြီ။ ညိုမီ အရူးတစ်ယောက်လို ငိုကာ -

"ဟောဒီ ကမ္ဘာ့လောကကြီးမှာ ယောကျ်ားတစ်ယောက်ကိုပဲ ညိုမီချစ်ခဲ့တာပါ ဦးမင်းရယ်၊ ဦးမင်းထောင်ကျရင် ညိုမီ ထောင်ထဲလိုက်ဝင်မယ်. . အဟင့်. ."

မိုးက ဖွဲဖွဲရွာနေဆဲ။

"ဦးမင်းသေရင် လိုက်သေမယ်လို့ ကတိပေးခဲ့တာလေ. ."

နေသီဟ လဲကျနေရာမှ ပြေးလာသည်။

"မ. .မလုပ်နဲ့. .မညို. ."

မရတော့ပါဘူး။

"ဒိုင်း. ."

ညိုမီရဲ့ ခန္ဓာကိုယ်လေး ကျင်းထဲ ပြုတ်ကျသွားပါတော့တယ်။

* * * * *

အချစ်ဆိုတာ လူမျိုးဘာသာမရွေး သုံးဆောင်နိုင်တဲ့ ဘုံပစ္စည်းတစ်ခုပါ။

ယောကျ်ားနဲ့ မိန်းမ။

ယောကျ်ားနဲ့ ယောကျ်ား။

မိန်းမနဲ့ မိန်းမ။

ချစ်ခွင့်ရှိပါတယ်။ အစွန်းရောက်သွားရင်တော့ "ချစ်သေးချစ်ဒဏ်" သင့်ပြီး ဇာတ်သိမ်းမလှတတ်ကြပါဘူး။

လူရှိန်အေးငြိမ်





www.burmeseclassic.com

www.burmeseclassic.com



# တောကြီးတန်းက ရွာကလေး

စုံထောက်
ပွင့်သစ်

ရွာအဝင် စပါးခင်းတွေထက်
သင်းပျံ့ပျံ့တောပန်းရနံ့တို့ ရှူရှိုက်ရင်း
သစ်တောတွေ အုပ်ဆိုင်း
ရော်ဘာတောပိုင်းတွေနဲ့
ဟိုး‥အဝေးက
စိမ်းညို့ ညို့ တောတန်းကလေးတွေရယ်‥။

နီကျင့်ကျင့် လမ်းမကြီးရဲ့ဘေး
စီတန်းနေကြတဲ့ ဝါးပင်တန်းတွေ
မိန်းမပျိုလေးရဲ့ ဆံနွယ်အလား
ရှည်လျားကွေ့ပတ် အမြစ်းဆင်းနေတဲ့
ရွာအဝင်သဲချောင်းလေးရယ်‥ ။

အထင်ကရ ဗုဒ္ဓဆံတော်အမွေ
တည်ထားသမိုင်းဝင် ရွှေတံခါးစေတီနဲ့
ထန်းနိုးကြီး ပုထိုးတော်တွေရယ်‥။

ကထိကအကျော်
ရဟန်းတော်တွေ မွေးထုတ်ခဲ့
ပရိယတ္တိရေချမ်းစင်ကြီးလည်းရှိလို့
ကျေးရွာဂုဏ်ဆောင် ပညာမြတ်တန်ဆောင်နယ်
ရွာလယ်အထက်တန်းကျောင်းကြီးရယ်‥။

ဝါတွင်း အခါသမယ
အရှုထ်ဆွမ်းအလှူ အထူးအလေးထားကြပုံ
တစ်နှစ် နှစ်ခါ နှစ်စဉ်နဲ့
ချစ်စရာ ဓလေ့ပွဲတော်တွေနဲ့
ရိုးသားမှုတွေ ခြုံလွှမ်း
ပွင့်လင်းမှု နုံသာတွေ ပက်ဖျန်း
အစဉ်နွေးထွေး အပြုံးလေးတွေနဲ့
အမြဲဆီးကြိုနေတဲ့ လွမ်းမောသာစွ
တောကြီးတန်းတစ်နေရာက
ကျွန်တော်တို့ရဲ့ ကျေးလက်ရွာ။

ညီပုံနေး (မဆယ်ဆိပ်)

www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား မုဆိုးမများ

## လှလေးစိန်နှင့် တွေ့ဆုံခြင်း (၆)





www.burmeseclassic.com

www.burmeseclassic.com


တကယ်တမ်း
မှုဆိုးပါး
ဝလာသောအခါမှ
အမဲလိုက်ခွေးတွေ၏
သရုပ်မှန်ကို
သိရှိနားလည်
သဘောပေါက်လာသည်။
အမှန်အတိုင်း
ပြောရလျှင်
ကျွန်တော်
သိရှိထားသော
အမဲလိုက်ခွေး
ဆိုသည်တို့သည်
တကယ်တော့
တစ်မယ်ကောင်း
ခွေးများသာ...

ကျွန်တော်သည် ထူးထူးခြားခြား မှုဆိုးမများ (၅) တွင် "လုလေးစိန်" နှင့် အမဲပစ်ခရီးတစ်ခုတွင် စိုင်ဆိုသည့် အမဲကြီးစာရင်းဝင် သတ္တဝါကို သုတ်ကိုင်း ထောင်ခြောက်ဆင်ဖမ်း၍ မိသောအခါ (ပစ်လုံ/အောင်းလုံ) နှစ်ချောင်းကိုကိုင်ပြီး ကျွန်တော့်မျက်စိရှေ့တွင် ရုပ်ရှင်ကိုကြည့်နေရသကဲ့သို့ လုပ သေသပ် ကျွမ်းကျင်ပိုင်နိုင်စွာ စခန်းသိမ်းပြသွားသည်ကို ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် သူမ မွေးမြူထားသော အမဲလိုက်ခွေးကြီး "ညိုလုံး" အကြောင်းကို ရေးသားတင်ပြမည် ဖြစ်ပါသည်။

အမဲလိုက်ခွေးများနှင့်ပတ်သက်ပြီး ကျွန်တော်သည် တောအနှံ့ တောင်အနှံ့ အမဲသားကောင်များကို လိုက်လံပစ်ခတ်ခဲ့သည့်အချိန်က ကြုံတွေ့ခဲ့ဖူးပေါင်းများ ပါသည်။ ပြောရလျှင် ရွာခံမုဆိုးများ မွေးမြူသင်ကြားပေးပြီး လက်ကိုင်သုံးစွဲနေကြသည့် ခွေးတွေကို ကျွန်တော်ကိုယ်တိုင် ဂဃနဏ မသိခဲ့သေးသည့်အချိန်က အများတကာ သိရှိနေသလို အမဲလိုက်ခွေးဟူ၍ပင် ထင်မှတ်ထားပါသည်။ တကယ်တမ်း မှုဆိုးပါး ဝလာသောအခါမှ အမဲလိုက်ခွေးတွေ၏ သရုပ်မှန်ကို သိရှိနားလည် သဘောပေါက်လာသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်သိရှိထားသော အမဲလိုက်ခွေးဆိုသည်တို့သည် တကယ်တော့ တစ်မယ်ကောင်းခွေးများသာ ဖြစ်ကြသည်။

ယခုအခါ မုဆိုးမ လုလေးစိန် မွေးထားသည့် ညိုလုံးဆိုသော အမဲလိုက်ခွေးနှင့် ကြုံတွေ့တော့မှ အမဲလိုက်ခွေးတို့ သရုပ်သကန်ကို သိရှိခဲ့ရသည်။ ပမာပြရလျှင် မူလက သိရှိထားသော အမဲလိုက်ခွေးဟု ထင်ထားသည်တို့က-

ဖွတ်လိုက်ခွေး။
မြွေလိုက်ခွေး။
ရှဥ့်လိုက်ခွေး။
မျောက်လိုက်ခွေး။
ကြက်လိုက်ခွေး။
ဝက်လိုက်ခွေး။
ချေ + ဒရယ် + ဆတ်လိုက်ခွေး
တောကြောင်လိုက်ခွေး
(အမဲလိုက်ခွေး)။
ယုန်လိုက်ခွေး။
ပြောင်လိုက်ခွေး။
ဒေါင်းလိုက်ခွေး စသည်စသည် များ။

သည်နေရာတွင် အထက်တင်ပြသည့် အမဲလိုက်ခွေးနှင့် ပြောင်လိုက်ခွေးများနှင့် အမဲသားကောင်တွေကို လိုက်လံပစ်ခတ်ကြသည့်အခါ ခွေးအတန်းအစား (၃) မျိုး ထားရသည်။ ထိုခွေး (၃) မျိုးတို့က -

(၁) သားကောင်နောက် အနံ့ခံလိုက်သည့်ခွေး (လိုက်ခွေး)
(၂) ကိုက်ခွေးလို့ခေါ်သည့် သားကောင်နှုးကောက်ကျောကို လိုက်ကိုက်သည့် ခွေး။
(၃) ကိုယ်ပစ်ခတ်ရန် သတ်မှတ်ထားသည့် အဝန်းအဝိုင်း ဧရိယာစည်းကိုကျော်ပြီး ထွက်ပြေးမည့် သားကောင်ကို စည်းမကျော်စေဘဲ အဝန်းအဝိုင်းအတွင်းကိုပြန်လည်


www.burmeseclassic.com

www.burmeseclassic.com


မောင်းသွင်းသည့်ခွေး စသည် စသည်တို့ပင်။

ပြောရမည်ဆိုလျှင် ထိုခွေးတို့ကို ထိုက်ခွေး + ကိုက်ခွေး + ပန်းခွေး) ၍ ခေါ်ဝေါ်သုံးစွဲကြသည်။ အထက်က င်ပြခဲ့သည့်ခွေးတို့သည် အများဆုံး စွဲခေါ်ဝေါ်ကြသည့် အမဲလိုက်ခွေးများ ကြသော်လည်း တကယ်တမ်း ပြော ျှင် တစ်မယ်သာ ကောင်းသည့် ွေးများပင် ဖြစ်ပေသည်။

တကယ်တမ်း ပြောရလျှင် ယုန် ိုက်သမား မွေးထားသော ခွေးသည် န်ကို လိုက်ရခြင်းအတွက် ယုန် အကြောင်းကိုသာ သိသည်၊ သို့အတွက် ခြားအကောင်ကိုတွေ့လျှင် မလိုက် တတ်၊ ယုန်အကြောင်းသိထားပြီး ပိုင် ရှင်ဖြစ်သူက ယုန်အကြောင်းကိုသာ သင်ပြပေးထား၍ သိနေသော ထိုခွေး သည် အခြားအကောင်ကိုတွေ့လျှင် အထာကိုမသိသဖြင့် မလိုက်တတ် တော့ပေ။

သို့ကလိုပင် ဖွတ်လိုက်သမားက သူမွေးထားသည့်ခွေးကို ဖွတ်လိုက်နည်း သင်ကြားထားသည့်အတွက် ဖွတ် အကြောင်းသာ နားလည်သော ထိုခွေး သည် အမှတ်မထင် ယုန်နှင့် တွေ့ လိုက်ပါမူ လိုက်တော့လိုက်၏၊ သို့သော် ယုန်တောင်ပြေး ခွေးမြောက်လိုက်ဖြစ် သည့် မြန်မာစကားပုံ ပေါ်ထွက်လာရ ခြင်း ဖြစ်ပေသည်။

မုဆိုးများနှင့်တွဲဖက်ကာ အမဲ လိုက်ကြသည့် ခွေး (၃) မျိုးတို့ပင်လျှင် တစ်မျိုးစီ အားသာကြသည့်ခွေးများ ဖြစ်ပေသည်။ စွယ်စုံကောင်းသောခွေး များ မရှိတော့ပြီလားဟု မေးလျှင် ရှိ တော့ရှိပါသည်၊ သို့သော် အလွန်ရှားပါ သည်။ တစ်မျိုး၊ နှစ်မျိုးလောက်သာ အလွန်ဆုံး (၃) မျိုးလောက်သာ ကောင်း သည့်ခွေးများကို ရှားရှားပါးပါး တွေ့ကြုံ ခဲ့ဖူးပါသည်။



ထိုအထဲမှာ မုဆိုးမ လုလေးစိန် မွေးထားသည့် ညိုလုံးတစ်ကောင်ကိုတော့ ကိုယ်တိုင် ကြုံတွေ့လက်တွဲခဲ့ဖူးသည်။ သို့အတွက် ထိုညိုလုံးဆိုသော ခွေး အကြောင်းကို တင်ပြမည် ဖြစ်ပေသည်။

* * * * *

ကျွန်တော်က စာဥစမ်းစခန်းဒီသို့ ကြိုတင်ရောက်ရှိနေပြီး အဘကောင်း နှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့အလာ ကို စောင့်နေစဉ်မှ လုလေးစိန်တစ် ယောက် လယ်ထိုးကွင်းမှ မိထားသည့် အကောင်တွေကိုဖြုတ်ယူပြီး အပြန် မဟူရာချောင်းတွင် အမှတ်မထင် စိုင် ကြီးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် သုတ်ကိုင်းထောင်ပြီး မိသည့်အတွက် စခန်းသိမ်းသည်ကို မျက်ဝါးထင်ထင်တွေ့ မြင်ပြီး အဘကောင်းတို့ကို စောင့်စားနေ စဉ် ထုံးစံအတိုင်း ညနေပိုင်း ကျွန် တော်နှင့် မောင်တင်ထွန်းတို့ တဲပေါ် တွင် သောက်စားနေရင်း ကျွန်တော်က-

"မောင်တင်ထွန်း၊ မင်းတို့ခြံနဲ့ လု လေးစိန်တို့ခြံထဲက ဝါးပင်ပေါက်တွေမှာ ချိုးတွေ အိပ်ကြတယ်နဲ့တူတယ်ကွ၊ ချိုးသုံးလေးအုပ်ဆင်းသွားပြီး ပြန်တက် တာ မမြင်ဘူး"

"ချိုးအိပ်တန်းရှိတယ်၊ ဝါးပင် ပေါက်တွေထက်မှာ အိပ်ကြတယ်၊ အများကြီးပဲ"

"အေးကွာ . . အဘကောင်းတို့ လေသေနတ်ကလေး ပါလာရင်ကောင်း မယ် . ."

---

စစ်အင်္ကျီလက်ရှည်၊ စစ်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး ဘယ်ဘက်တွင် လင်းလေးကိုကိုင်လျက်၊ ညာဘက်လက်တွင် လေးသီး (လောက်စာလုံး) သုံးလုံးကို ကိုင်ထားသလို သူမအဖော်မွန် လက်စွဲတော် အမဲလိုက်ခွေး ညိုလုံးကိုပင်။

---


www.burmeseclassic.com

"နေပါဦး‥ ဘိုလေးက အဲဒီချိုး ပစ်လို့ရရင် ဘာလုပ်မှာလဲ‥"

"ဟာ‥ချက်စားလို့ ကြော်စားလို့ ကင်စားလို့ရတယ်လေကွာ၊ အမြည်းကောင်း တစ်ပွဲရတာပေါ့၊ ငါတို့ရန်ကုန်မှာ ရှားရှားပါးပါးပဲ‥"

"ဒါဆို လေသေနတ်နဲ့ ပစ်စရာတောင်မလိုဘူး၊ လုလေးစိန်ကို ငါ ချိုးသားစားချင်တယ်၊ ဘယ်နှစ်ကောင် ရိုက်ပေးစမ်းပြောလိုက်‥"

"အဲဒီလိုပြောတော့ သူက ပိုက်နဲ့ ထောင်ဖမ်းပေးမှာလား‥"

"ထပ်‥သရီး၊ ရိုက်ကြွေးမှာ၊ ငါး ဘယ်နကောင်စားချင်တယ်သာ ပြောလိုက်၊ ပြီးတာပဲ‥"

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်က ပြုံးလိုက်ရင်း -

"ငါးက ဘယ်နှစ်ကောင် စားချင်တယ်ဆိုတော့၊ သူက ပလိုင်းထဲ ထည့်ထားတဲ့ချိုးကို ရိုက်ယူသလိုမျိုး လုပ်လို့ရမှာမို့လားကွ၊ အပြောက လွယ်လိုက်တာ‥"



ကျွန်တော်ပြောလိုက်သည့်စကားကြောင့် မောင်တင်ထွန်းက-

"ဒီလို ဘိုလေးရဲ့ လုလေးစိန်က မုဆိုးကြီး ဦးဝင်းနိုင်ရဲ့သမီးလေ၊ သူ မသေခင်ကတည်းက တစ်ပွဲစား နာမည်ရထားတာ၊ ခု သူ့ဖခင်တောဆင်ရိုင်းအုပ်စုနဲ့တိုးပြီး နင်းအသတ်ခံလိုက်ရလို့ သေသွားတော့ အဲဒီ သူ့ဖခင် တစ်ပွဲစားကြီးက ဘယ်လိုသမီးကို စောင့်ရှောက်နေလဲတော့ ကျွန်တော်လည်း မသိဘူး၊ မျက်မြင်အရ သူ့ကို လျှော့တွက်လို့ မရတာကတော့ အမှန်ပဲ၊ မယုံရင် စမ်းကြည့်ဘိုလေး၊ ပြောရင် သူလုပ်ပေးလိမ့်မယ်၊ ငါ့ကို ချိုး ဘယ်နှစ်ကောင် ရိုက်ပေးသာ ပြောပါ၊ မယုံမရှိပါနဲ့ ကိုယ်တွေ့မို့ပါ၊ သူ့ကိုသာ ပြောစမ်းပါ"

ထိုသို့ပြောနေကြစဉ် ဇလုံတစ်လုံးကိုကိုင်ပြီး ဝင်လာသည့် လုလေးစိန်က-

"မိသော်‥အဘဦးဘိုလေး ထမင်းစားရင်စားဖို့ ငါ မာလာသုတ် လုပ်လာခဲ့တယ်၊ ဒီအသုပ်ကိုစားပြီးရင် ခံတွင်းတွေ့လို့ ရန်ကုန်ကိုတောင် ပြန်ချင်ကြမှာ မဟုတ်ဘူး နင်မယုံရင်စောင့်ကြည့်နေ၊ ဇွန်းတစ်ချောင်းယူခဲ့တယ်‥"

ပြောပြောဆိုဆို ကျွန်တော်တို့ဝိုင်းအတွင်း သူ့ဇလုံကိုချပြီး ဇွန်းနှင့်မွှေကာ-

"အဘမာလာသုတ်ကို စားကြည့်စမ်းပါ၊ အရက်နဲ့လဲလိုက်တဲ့ အမြည်းကောင်း တစ်ပွဲ"

သူမအပြောကြောင့် ဇလုံတွင်းက မာလာသုပ်ကို တစ်ဇွန်းခပ်ယူစားလိုက်ပြီး အရသာခံကြည့်လိုက်တော့ ကောင်းမှကောင်း၊ အရက်နှင့် လိုက်[illegible] ညီလှသည်မို့ -

"သမီး‥နင့်ဟာ သင်ပြေး[illegible] ပဲ၊ စားရတာ တထုတ်ထုတ်နဲ့ [illegible] တယ်‥"

ကျွန်တော်ပြောသည့် သင်[illegible] သုက်ဆိုသည်မှာ နွားသရည်ပြာ[illegible] အမွေးမီးဖြုတ်ပြီး ပြုတ်ကာ [illegible] ပါးပါးလှီးသုပ်ထားသော အသုပ်[illegible] ပြောခြင်း ဖြစ်သည်။ ယခု သူမ[illegible] သည်က ထိုအသုပ်မျိုးကို မာလာ[illegible] ဟု ပြောနေသည့်အတွက် ပြော[illegible] ခြင်းမို့ သူမက -

"အဘဦးဘိုလေး ပြောတာနဲ့[illegible] နည်းနည်းနီးစပ်တယ်၊ ဒီအသုပ်က [illegible] သရေသုပ်မဟုတ်ဘူး၊ ကျွန်မတို့[illegible] ခတ်လို့ရတဲ့ ချေ၊ ဒရယ်နဲ့ ဆတ်[illegible] အရေပြားကိုပြုတ်ပြီး သုပ်ထားတာ[illegible] ပဲ၊ စားလို့ကောင်းအောင်တော့ အမြ[illegible] အရောအနှောတွေနဲ့ အရက်သ[illegible] ကြိုက် စပ်ထားတာပါ၊ စားကောင်း[illegible] တယ်မို့လား‥"

"အေး‥ကောင်းတယ်ကွ အသေ[illegible] အစပ်အဟပ်တဲ့တယ်‥"

"ဒါနဲ့ သမီးခြံနောက်က ဝါး[illegible] ပေါက်တွေပေါ် ချိုးတွေအိပ်တယ်နော်[illegible]"

"ဟုတ်ကဲ့‥အားကြီးပဲ၊ ဘာ[illegible] လို့တုန်း‥"

"အဘကောင်းတို့လာရင် [illegible] သေနတ်ယူလာခဲ့ရင် ပစ်မလားလို့[illegible]"

"ချိုးများ အဘရယ်၊ လေသေန[illegible] နဲ့ ပစ်နေစရာမလိုပါဘူး၊ ရိုက်ယူ[illegible] ကြိုက်သလောက်ရတဲ့ဥစ္စာမှ[illegible] တောကြက်သွားပစ်ကြမလားဟင်၊ အ[illegible]

www.burmeseclassic.com



ညီလုံးအစွမ်း သိရအောင်လို့‥"

"အေး‥ကောင်းတာပေါ့ကွ၊ ဒါဆမဲ့ သေနတ်ကလေး ပါမလာတာ ခက်တယ်၊ ယူလာတဲ့ နှစ်လုံးပြူးကလည်း ကျည်ကြီးတွေချည်း ယူလာခဲ့တာလေကွယ်၊ ခက်နေတာက"

"တောကြက်ပစ်တာလည်း သေနတ်မလိုပါဘူး။ ကျွန်မမှာ လင်းလေးရှိတယ်၊ အဲဒါနဲ့ သွားပစ်ကြမယ်၊ အဘ ဘယ်နှကောင်ထမ်းနိုင်မလဲ ပြောပါဦး"

သူမပြောလိုက်သည့် စကားကြောင့် ကျွန်တော့်စိတ်တွင်းက တွေးလိုက်ရင်း နှုတ်မှ ဖွင့်ဟမပြောသော်လည်း ကြီးကျယ်လိုက်တာကွာ၊ နင်အလွန်ဆုံး ပစ်လို့ရမှ ဆယ်ကောင်ပေါ့" ဆိုသည့် အတွေးနှင့် ပြောလိုက်သည်က -

"မပူနဲ့သမီး။ နင်ပစ်လို့ရတဲ့ တောကြက်ကို ငါအကုန်ထမ်းမယ်၊ စိတ်ချ"

"သေချာတယ်နော်၊ တစ်ယောက်တည်းထမ်းမှာ‥"

"လူကြီးလေကွယ်၊ ဘယ်မဟုတ်တာ ပြောမလဲ စိတ်ချ၊ စိတ်သာချ၊ ငါပဲ ထမ်းမယ်‥"

"ဒီလိုဆိုရင် သန်းခေါင်ယံအချိန် (၁၂) နာရီလောက် ကိုတင်ထွန်းနဲ့ အိမ်ကိုလာခဲ့၊ ညီလုံးနဲ့ကျွန်မ အသင့်စောင့်နေမယ်၊ သွားမယ်နော်‥"

"ဒါနဲ့ သမီး သေနတ်ယူခဲ့ရဦးမလားဟင်‥"

"ကြက်ထမ်းမယ့်လူက သေနတ်ပါ ထမ်းရရင် ပိုလေးမှာပေါ့၊ သေနတ်ကိုတော့ ကိုတင်ထွန်းကလွယ်ပြီး အဘအတွက် လိုရမယ်ရ အဖော်လိုက်ခဲ့ပေါ့လေ‥"

သူမအပြောကြောင့် စိတ်တွင်းကတော့ အောင့်သက်သက်ဖြစ်သွားသည်။ ကြီးကျယ်လိုက်ရန်ကောဟယ် ဟူ၍လည်း တွေးလိုက်သည်။ ဘာကိုမှတော့ ပြန်မပြောလိုက်၊ အိမ်ထက်မှ ကျောနိုင်းထွက်သွားသည့် သူမကျောပြင်ကိုသာ ကြည့်နေလိုက်မိပေသည်။

* * * * *

မိုးအကုန် ဆောင်းအကူး ပောမန္တ၏ လဆန်း (၅) ရက်မို့ တစ်ခြမ်းကွေးလကလေးက သာနေသည့်အတွက် အလင်းရောင်တို့ကို အသင့်အတင့်ရရှိနေသည်။ အအေးဓာတ်က လွှမ်းမိုးနေသော်လည်း ကျွန်တော်နှင့် မောင်တင်ထွန်းတို့က အရက်ကို သောက်ထားသလို လမ်းကိုလည်း လျှောက်နေကြသည်မို့ ချွေးကလေးတို့ပင်စို့လျက်၊ လူသွားလမ်းကလေးက ကျဉ်းသော်လည်း အခက်အခဲသိပ်မရှိဘဲ လျှောက်လှမ်းနေလိုက်ကြပေသည်။

အချိန်က ညဉ့်ဦးယံကိုကျော်ပြီး သန်းခေါင်ယံချိန်ကို အနည်းငယ်ကျော်နေသည်မို့ အမှောင်ဘက်ကိုလုပြီး ဝိန်းပိတ်နေသည်။ ညဉ့်အစာရှာငှက်အချို့ဟိုအနား၊ သည်အနားဆီမှ ပျံသန်းရင်း အော်မည်သံတို့ကို ကြားနေရသည်၊ ထိုကြားထဲ ဝိုင်းဝန်းအော်ဟစ်လိုက်ကြသည့် ပုစဉ်းရင်ကွဲကောင်တို့၏ အော်သံများကြောင့် ဝန်းကျင်တစ်ခွင်လုံး ဆူညံသွားသည်၊ ရှေ့မှ လက်နှိပ်ဓာတ်မီး မှိန်မှိန် (အားပျော့ဓာတ်ခဲကို ထည့်ထားသည့်) ဓာတ်မီးကို မြေပြင်ကို အားစိုက်ထိုးကာ ဦးဆောင်သွားနေသည့် လှလေးစိန်က သွားလက်စကို ရပ်

ကြက်ပစ်တဲ့အလုပ်ကို လုပ်ကြမယ်ဆိုရင်တော့ အနိမ့်ဆုံး ကျေးငှက်သာရကာတွေနဲ့ သဘာဝရာသီ အကူးအပြောင်းကို အနိမ့်ဆုံး အကြမ်းအားဖြင့် သိထားဖို့တော့ လိုအပ်ပါမယ်။ ခုအချိန်မျိုးဆိုရင် တောကြက်အပါအဝင် ကျေးငှက်သတ္တဝါတွေဟာ အမြင့်ပိုင်းမှာ မအိပ်ကြပါဘူး။





www.burmeseclassic.com



လိုက်ပြီး နောက်မှလိုက်လာသည့် ကျွန်တော်။ မောင်တင်ထွန်းနှင့် ညိုလုံးတို့အား စောင့်ရင်း ကြည့်နေသည်။ သူမအသွင်က ကျွန်တော်တို့ကို တစ်ခုခု ပြောဆိုမှာကြားချင်သည့် အသွင်။

မှုနေ၍လားတော့ဖြင့် မသိ၊ သူတို့အိမ်မှ ဝင်ခေါ်ပြီး ထွက်ခဲ့စဉ်အတွင်း သူမကိုလည်း မကြည့်လိုက်မိ၊ သူမနှင့် လိုက်ပါလာမည့်ခွေးကြီး ညိုလုံးကိုလည်း အသေအချာ သတိမထားလိုက်မိ၊ ယခုမှပင် ချိုတဲ့သော လရောင်အောက်တွင် သူမကိုလည်းကောင်း၊ သူမ၏ခွေး ညိုလုံးကိုလည်းကောင်း ကြည့်လိုက်မိသည်။

စစ်အင်္ကျီလက်ရှည်၊ စစ်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး ဘယ်ဘက်တွင် လင်းလေးကိုကိုင်လျက်၊ ညာဘက်လက်တွင် လေးသီး (လောက်စာလုံး) သုံးလုံးကို ကိုင်ထားသလို သူမအဖော်မွန်လက်စွဲတော် အမဲလိုက်ခွေး ညိုလုံးကိုပင်။

ကျွန်တော်တို့နှင့် အမဲလိုက်ခဲ့ကြဖူးသည့်အထက်တွင် တင်ပြခဲ့သည့် အမဲလိုက်ခွေးဟု ထင်ခဲ့ကြသည့် ခွေးပေါင်းစုံတို့သည် ယခုကျွန်တော်တို့နှင့် ကြက်ရာရန်လိုက်ပါလာသည့် ညိုလုံးဆိုသည့် အမဲလိုက်ခွေးနှင့် တစ်မှုကွဲပြား ခြားနားနေသည်ကို သတိပြုလိုက်မိသည်။

ပုံစံက အယ်လ်ဇေးရှင်းပုံစံမျိုးလည်း မဟုတ်၊ အင်း‥ခွေးတို့လို ပုံစံမျိုးလည်း မဟုတ်၊ ဝံပုလွေမျိုးလည်း မဟုတ်၊ ပြောရမည်ဆိုလျှင် တောထဲတွင် အုပ်စုဖွဲ့ကာ နေ့ရောညပါ အမဲလိုက် ရှာဖွေစားသောက်နေသည့် တောခွေး ပုံသဏ္ဍာန်မျိုး။ ခေါင်းနှင့် ကိုယ်အရှည်က (၃၀၀၀) ခန့်၊ အမြီးက တစ်ထောင့်ထွာခန့်၊ ကိုယ်လုံးက တုပ်ခိုင်ကြီးမားပြီး အလေးချိန်က (၁၅) ပိဿာအထက်။

ကိုယ်လုံးအရောင်က နီညို၊ အ
က ညိုနက်၊ မာန်ဖီသံကိုလည်း မကြား
ရသလို ဟောင်သံလည်း မပြု၊ ကျွ
တော်တို့နှင့် နောက်ကပါလာသည်
ပင် မကြားလောက်အောင် ခြေသံ
လုံအောင် နင်းပြီး လိုက်လာသည်
အခြားသော အမဲလိုက်ခွေးများကဲ့
သခင်ဖြစ်သူနှင့် ယခုလိုယှဉ်တွဲကာ
အမဲလိုက်ထွက်ကြမည်ဆိုလျှင် အူ
ပြီး သခင့်ဖြစ်သူ ခြေထောက်အတွင်
ခေါင်းနှင့် ဝင်ထိုးလိုက်၊ ရှေ့ကို
လွှားဆော့ကစားရင်း သွားလိုက်၊
နှယ်တောကို တိုးဝှေ့လိုက်၊ သခင်ရှိ
ပြန်ပြေးလိုက်၊ နောက်ကြောင်းကို
ပြေးလိုက်နှင့် အူမြူးနေတတ်ကြသ
အသွင်ကိုလည်း မတွေ့ရဘဲ ဣန္ဒြေ
လိုက်ပါလာသည်ကို အံ့ဩဖွယ်
နေရပေသည်၊ သူ့တာဝန်ပိုင်း အလု
ကျလာလျှင် ဘယ်လိုအစွမ်းပြမည်
တော့ ခန့်မှန်းလို့မရသေး။

ခြေတံလက်တံကရှည်ပြီး သန်
ထွားကျိုင်းကာ သွားစွယ်ရှည်ကြီး
အပြင် ထက်မြက်သောသွားများနှင့်အ
ကြည့်ရသည်မှာ တောခွေးအကြီး
ပုံသဏ္ဍာန်မျိုး။

"အဘဦးဘိုလေး‥ဟိုရှေ့က

ကျွန်တော်တို့နှင့် နောက်ကပါလာသည်ကို ပင် မကြားလောက်အောင် ခြေသံကို လုံအောင် နင်းပြီး လိုက်လာသည်။ အခြားသော အမဲလိုက်ခွေးများကဲ့သို့ သခင်ဖြစ်သူနှင့် ယခုလိုယှဉ်တွဲကာ အမဲလိုက်ထွက်ကြမည်ဆိုလျှင် အူမြူးပြီး သခင့်ဖြစ်သူ ခြေထောက်အတွင်း ခေါင်းနှင့် ဝင်ထိုးလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ာက်တောဟာ ကြက်အိပ်တန်းဖြစ် အခြားငှက်တွေလည်း အိပ်ကြတယ်၊ ကိုတင်ထွန်းက ကျွန်မကို မီးကူ ေး ကျွန်မအလုပ်က တောကြက် ပစ်တဲ့အလုပ်ရယ်၊ ပစ်လိုက်တဲ့ သီး (လောက်စာလုံး) ကို ပြန်ရှာ ာက်ဖို့အလုပ်၊ ကျလာတဲ့တောကြက် ကောက်တဲ့အလုပ်က အစ်ကို့ ုပ်၊ တောကြက်ကို ပစ်လို့ရသမျှ ်မဲ့အလုပ်က အဘအလုပ်နော်၊ အစ်ကိုတင်ထွန်းကို မှားထားရဦး ကျွန်မပစ်လို့ ကျလာတဲ့တော ြက် မြေပြင်အော်သံ မထွက်ပါစေနဲ့ အဘကတော့ နောက်ကနေလိုက် ကြက်ထမ်းရင်း ပွဲကြည့်ပရိသတ် နောက်ကနေ မီးမထိုးပါနဲ့၊ ခြေသံ ပစေပေါ့..."

"ဒါနဲ့ သမီး..အောက်ကိုကျတဲ့ ကြက်အော်သံကြားရင် ဘာဖြစ်မှာမို့လဲ ကွ.."

"အပင်ပေါ်အိပ်တဲ့ကြက်က မြေပြင်က အော်လိုက်သံကို ကြားတာနဲ့ အန္တရာယ်အရိပ်အမြွက်ကို သိသွားပြီး လစ်ကုန်ကြလို့ပေါ့အဘရဲ့.."

လောက်စာလုံး (လေးသီး) (၃) လုံးကို ညာဘက်လက်အတွင်း ဆကာ ဆကာ ဟန်ပါပါနဲ့ တပည့်ဖြစ်သူတွေကို သင်ကြား လမ်းညွှန်နေသလိုလို၊ အမိန့်ပေးနေသလိုလို ပြောဆိုဆက်ဆံနေသည့် ကိုယ့်သမီးအရွယ် မိန်းမငယ်တစ်ဦး၏ အပြုအမူ အပြောအဆိုကြောင့် စိတ်ထဲ နင့်ခနဲခံစားရင်း ဒေါသထောင်းခနဲ ထွက်သွားပေမဲ့ ကိုယ့်မျက်စိအောက်တွင် သုတ်ကိုင်းမိ စိုင်ကြီးလိုအကောင်ကို စခန်းသိမ်းပြသွားနိုင်သည့် သူမလုပ်ရပ်အပြင်၊ မိန်းမငယ်မှဆိုးမလေး၏ တောတွင်းပညာရပ်ကို မလေးမခန့် လုပ်လို့ဖြင့်မရ၊ သူမနှင့် ခွေးကြီး ညို လုံးတို့၏လုပ်ရပ်ကို အကဲခတ်ကြည့်ရှုရပေဦးမည် မဟုတ်ပါလား။

"ဒါနဲ့..အဘဦးဘိုလေးကို ပြောရဦးမယ်..၊ ကျွန်မ လင်းလေးနဲ့ ပစ်မယ့် လေးသီးက ခု လက်ထဲမှာ ကိုင်ထားတဲ့ (၃) လုံးနဲ့ပဲ ပစ်သွားမှာနော် အဘ.."

"အေးပါ သမီးရယ်..၊ ရအောင်သာ ပစ်ပါ။ ထမ်းတဲ့ အလုပ်က ငါ့အလုပ်ပါ.."



ဟိုယခင်အချိန် ကျွန်တော် အခြားသောတောများရှိ ရွာခံမုဆိုးတို့နှင့် ယခုကဲ့သို့ ညပိုင်း တောကြက်များကို လိုက်လံ ပစ်ခတ်ခဲ့ဖူးသည်။ ယခု သူမ ကိုင်ဆောင်ထားသည့် လင်းလေးမျိုးနှင့် မဟုတ်၊ ပွိုင့်တူးတူးယမ်းအား ဂရိမ် (၄၀ မှ ၄၄) သာရှိသော ကျည်တောင့်ဖြင့် ပစ်ခတ်ရသည့် ပြောင်းဝအကျယ် ဒသမ ၂၂ ငှက်ပစ် သေနတ်ကလေးနှင့် ပစ်ခတ်ခြင်းဖြစ်သည်။ ထိုသေနတ်ကလေးကား ငှက်ပစ်သေနတ်ဖြစ်သည့်အတွက် စစ္စလီ၊ ရေဘဲ၊ ချိုး၊ ခါ၊ ယုန်၊ ကြောင်၊ ဒေါင်း၊ မျောက် စသည်တို့ကို ပစ်ခတ်ရာတွင် လွန်စွာအသုံးဝင်သောကြောင့် ပစ်ခတ်ခဲ့ခြင်းလည်း ဖြစ်သည်။ တစ်ခါတစ်ရံ လောက်လေးခွဖြင့်လည်း ပစ်ဖူးသည်၊ ယခု သူမကိုင်ဆောင် ပစ်ခတ်မည့် လင်းလေးလို လက်နက်မျိုးဖြင့်တော့ မပစ်ခတ်ခဲ့ဘူးပေ။ တစ်ညလုံးပစ်တာတောင် (၇) ကောင်လောက်ရဖို့ဆိုသည်က အနိုင်နိုင်ရယ်သာ။

တိတ်ဆိတ်သော ရိုးမရင်ခွင်ကြီးအတွင်းဝယ် လတစ်ခြမ်းပဲ့ကလေး၏ အလင်းရောင်နှင့် ကြယ်တာရာ အစက်အပြောက်တို့၏ အောက်ဝယ် ကြည်နူးချမ်းမြေ့ဖွယ်ရာ လေပြည်ကလေးတို့၏ ညှို့သက်သော အပွတ်အသပ်၊ အထိအတွေ့ကြောင့် စိမ့်ခနဲ အေးမြသွားသည်က အမှန်။

စိတ်ပျက်လက်ပျက်နှင့် ငိုက်မြည်းလျက်ရှိကြသော ဝါးရုံတောများသည် အေးမြသော လေပြည်၏ ကလူကျီစယ်မှုကို ငြူစူသလို တရှဲရှဲနှင့် တေးဆိုနေကြသည်။ ဖက်သန်းပင်အကိုင်းမောက်

များကလည်း မြရာပင် အကိုင်းအခက်များကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေသည်၊ အမြင်အာရုံကို ရှေ့တူရူသို့ စူးစူးရဲရဲကြည့်လျက် ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ရင်း တစ်စုံတစ်ရာမမြင်ရသေးခင် လုလေးစိန်က စကားအချို့ ပြောလာသည်က -

"အဘဦးဘိုလေးနဲ့ အစ်ကိုတင်ထွန်းတို့ မုဆိုးလုပ်ပြီး ခုလိုညမျိုး တောကြက်အိပ်တန်းကို ရှာပစ်ကြတော့မယ်ဆိုရင် သတိထားဖို့အချက်က . . "

သူမ အစပျိုးလိုက်သည့်စကားကြောင့် ကျွန်တော်တို့နှစ်ဦး နားထောင်နေလိုက်စဉ် -

"တောကြက်အိပ်တန်းရှာတယ်ဆိုတာ ပုံသေမှတ်ထားလို့မရဘူး။ ထာဝစဉ်လည်း တစ်နေရာတည်း ပုံသေအိပ်တတ်ကြတာမျိုးလည်းမဟုတ်ဘူး။ ပြောရရင်တော့ ရာသီအလိုက် သူတို့အိပ်တန်းကို ပြောင်းအိပ်တတ်ကြတယ်၊ နွေရာသီလို ပူအိုက်တဲ့အချိန်မျိုးမှာ ဝါးရုံပင်တွေရဲ့ ကိုင်းဖျားကိုင်းနား။ ထိပ်ဖျားတွေမှာ အိပ်ကြတယ်၊ ဒါကြောင့် အပေါ်ဘက် အဖျားပိုင်းက လရောင်ကိုခံကြည့်ပြီး ရှာပစ်လို့ရတယ်၊

မိုးရာသီမျိုးမှာဆိုရင်တော့ သူ့ကိုယ်ပေါ် မိုးရေစက်တွေ မကျနိုင်တဲ့ ဝါးရွက်တွေ ရှုပ်ထွေးနေတဲ့ အောက်မိုး မပက်တဲ့ အကွယ်အကာကိုယူပြီး အဲဒီနေရာမျိုးမှာ အိပ်ကြတယ်၊

ခု ကျွန်မတို့ ကြက်အိပ်တန်းရှာကြတဲ့အချိန်က ဆောင်းရာသီအစဆိုတော့ တစ်ဆောင်းတွင်းလုံး သူတို့ကိုယ်ပေါ် နှင်းမကျ၊ လေလည်း မတိုးတဲ့နေရာကို ပြောင်းပြီး အိပ်ကြပြန်တယ်၊ ကြက်ပစ်တဲ့အလုပ်ကို လုပ်ကြမယ်ဆိုရင်တော့ အနိမ့်ဆုံး ကျေးငှက်သာရကာတွေနဲ့ သဘာဝရာသီ အကူးအပြောင်းကို အနိမ့်ဆုံး အကြမ်းအားဖြင့် သိထားဖို့တော့ လိုအပ်ပါမယ်။ ခုအချိန်မျိုးဆိုရင် တောကြက်အပါအဝင် ကျေး...
သတ္တဝါတွေဟာ အမြင့်ပိုင်းမှာ မ...
ကြပါဘူး။ ခပ်နိမ့်နိမ့်အောက်ခြေ အ...
တောလည်းဖြစ်၊ လေကွယ်ရာမှာ သ...
အရ အိပ်တတ်ကြပါတယ်၊ သူတို့...
ပစ်မယ်ဆိုရင် ခြေသံလုံဖို့ရယ်၊ မီး...
မရှိဖို့ရယ်၊ အောက်ကိုကျလာတဲ့ အ...
ရဲ့ အော်သံမထွက်ဖို့ဘဲ လိုတယ်၊...
သာရက်တွေမှာ လရောင်ကိုခံပြီး ...
တာလည်း ရှိတယ်၊ ခုအချိန် လ...
ကို အားကိုးလို့မရတော့ အစ်ကို...
ထွန်းက မီးကူထိုးပေးနော် . . "

သူကလေးပြောနေသည့်စ...



ထူးခြားသည်က သူမ၏အမဲလိုက် ကောင်းသည့် ညိုလုံးဆိုသည့် ခွေးကြီးကား အိမ်မှထွက်သည့်အချိန်မှစပြီး အိမ်ကိုပြန်ဝင်သည့်အချိန်အထိ တစ်စက်ကလေးမှ အသံမထွက်ဘဲ တောကြက်ရှာပေးသည့်အလုပ်ကို ပီပြင်စွာ လုပ်ကိုင်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော့်တွင် တောကြက် ရာတွင် ရာသီအလိုက်အိပ်ကြသည့် သုတရရှိသော်လည်း လေးသီး (၃) နှင့် ဘယ်နှကောင်ရမည်ကို စိတ် ည်နှင့် စောင့်ကြည့်ရပေတော့မည်။

"ကဲ··ညိုလုံး ကညင်ပင်ကွင်း ဝါးကောက်တောကို ရောက်လုပြီ။ အချိန်ရောက်ပြီ ရှေ့က နင်ဦးဆောင် တော့··"

သူ့ခွေး ညိုလုံးကို ပြောလိုက်သည့် အတွက် လူ့စကားကို နားလည်သည့် ခွေးကြီးညိုလုံးက မြေပြင်တွင် ဖင်ချ ထိုင်နေရာက ဝါးကောက်တောကြီး ရှိ အောက်ကို သွားနေသည်မို့ ကျွန်တော် တို့ သုံးယောက်ကလည်း ညိုလုံးနောက် လျှောက်လှမ်းကာ လိုက်ခဲ့ကြပေ သည်။

တစ်ဖာလုံခန့် လမ်းလျှောက်ခဲ့ကြ ပြီ ဝါးကောက်တောကြီးအတွင်း စတင် သည်ဆိုရုံမျှနှင့် ကောင်းကင်ထက်မှ တွဲစွာ ထွန်းလင်းနေသည့် လရောင် နှင့် ကြယ်ရောင်တို့ကို မမြင်ရတော့၊ ထူထွေးလှသော ဝါးပင်များနှင့် ဝါးရွက် တို့၏ မင်းမှုကြီးစိုးခြင်းကို ခံရလေပြီ။ ရှေ့မှ ဦးဆောင်သွားနေသည့် ညိုလုံးက သူ့နောက်မှလိုက်လာသည့် သခင်ဖြစ်သူ လုလေးစိန်၏ မြေပြင်တွင် ကြွေကျ ထားသော ဝါးရွက်များကို အားပေးသော ဓာတ်ခဲမီးအလင်းရောင်ပျော့ပျော့ ဖြင့် လိုက်လံကာ နေရာအနှံ့ ထိုးကြည့် ရင်း တစ်စုံတစ်ရာကို ရှာဖွေကြည့်ရှု နေသလို ခွေးကြီးကလည်း သခင့်နည်း တူ လိုက်လံရှာဖွေနေသည်ကို နောက် က လိုက်ပါနေသည့် ကျွန်တော်နှင့်



မောင်တင်ထွန်းတို့နှစ်ဦးက တွေ့မြင်နေ ရသည်။ သို့အတွက် ကျွန်တော်က အတူလျှောက်လှမ်းနေသည့် မောင်တင် ထွန်းအား တံတောင်နှင့်တို့ထိပြီး လေ သံကလေးနှင့် -

"တောကြက်ကို အပင်ပေါ် မရှာ ဘဲ ဘာလို့ အောက်ကိုကြည့်ပြီး ရှာ တာလဲ··"

"ကြက်ချေးကိုလေ··"

"ကြက်အိပ်တဲ့နေရာပဲကွ၊ ကြက် ချေးတွေရှိမှာပေါ့··"

"ဟုတ်တယ်လေ··၊ ကြက်ချေး ချင်း တူပေမယ့် အဟောင်းနဲ့အသစ် ကွဲတယ်လေ··"

မောင်တင်ထွန်းက လေသံနှင့် ရှင်းပြနေစဉ် ညိုလုံးဆိုသည့် ခွေးကြီး သည် ဝါးရုံအောက် တစ်နေရာတွင် မြေပြင်တွင် ဖင်ထိုင်ကာ ရှေ့လက်နှစ် ဖက်ကို ထောက်ပြီး အပေါ်ကို မလှုပ် မယှက် မော့ကြည့်နေသည်ကို သူမ အောက်ကို စိုက်ထိုးထားသည့် မှုန်ဝါးဝါး မီးရောင်ဖြင့် လှမ်းမြင်တွေ့လိုက်ရစဉ် လုလေးစိန်က ကျွန်တော်တို့ဘက်ကို သမင်လည်ပြန်ကြည့်လိုက်ပြီး -

"တစ်··"

ပါးစပ်မှ တိုးညင်းစွာ အချက်ပြ လိုက်သဖြင့် မောင်တင်ထွန်းက သူမ အနီး တိုးကပ်ကာ လက်နှိပ်ဓာတ်မီးကို ယူလိုက်ပြီး အပင်ထက်ဆီသို့ လှမ်း ထိုးလိုက်ပေသည်။ ညိုလုံးက ဂဝံဆန် သော မြေပြင်ထက် ဝါးရွက်ခြောက်များ အပေါ် လတ်လတ်ဆတ်ဆတ် ပါချထား သည့် ကြက်ချေးပုံများ ဘေးမြေပြင် တွင် ဖင်ထိုင်ကာ အပေါ်မော့ကြည့်နေ သည့် နေရာကို မီးနှင့် လှမ်းထောက် ထားသည့်အတွက် ကျွန်တော်က လှမ်း ကြည့်လိုက်ရာ တွေ့မြင်လိုက်ရသည်က နီနီရဲရဲ တောကြက်ဖ (၂) ကောင်နှင့် အလယ်မှ တောကြက်မတစ်ကောင်။

တောကြက် (၃) ကောင်သည် အအေးဒဏ်ကို ကာကွယ်ရင်း ခေါင်း တွေကို အတောင်ပံအကြားညှပ်ပြီး နှစ် ခြိုက်စွာ အိပ်မောကျ ငြိမ်ကုတ်နေနေ သည်။ သူတို့ အိပ်တန်းအောက်မှ ကျွန် တော်တို့ လှုပ်ရှားမှုသည် သူတို့နှင့် မပတ်သက်၊ မဆိုင်သလိုမျိုး ရှိနေကြ သည်။ လုလေးစိန်ကလည်း ကိုင်ဆောင် ထားသည့် လင်းလေးနှင့် ပဲခတ်ရန်

www.burmeseclassic.com

အသင့်။

"ဖုတ်··ဖုတ်··ဖုတ်··"

"ကရော့··ဖုတ်··ဖုတ်··ဖုတ်"

ပစ်လိုက်သံ၊ ထိမှန်သံ၊ ပြုတ်ကျသံတို့ကို တစ်ဆက်တည်း ကြားလိုက်ရသလို၊ ပစ်လိုက်သူက ကျသွားသည့် လေးသီးကို ပြန်ရှာနေချိန် မောင်တင်ထွန်းက တောကြက် (၃) ကောင်ကို ကောက်ပြီး ဖြစ်နေပေပြီ၊ အချိန်တို အတွင်း ကျွန်တော့်လက်အတွင်း တောကြက်ဖ (၂) ကောင်နှင့် ကြက်မ (၁) ကောင် ရောက်ရှိနေပြီ မဟုတ်ပါလား။

ပဲခူးရိုးမကြီး ရင်ခွင်အတွင်း ကျွန်တော်တို့ရောက်ရှိနေသည့် ဝါးကောက်တောကြီးအတွင်း လအကွေးလေး၏ အလင်းရောင်ကို ဝါးရွက်တို့ ဖုံးအုပ်ထားသည့်ကြားမှ မှုန်ဝါးဝါးရှိပြီး စိမ့်အေးနေသည်၊ ထိုအချိန် တိုက်ခတ်လိုက်သည့် လေပြင်းကြောင့် ဝါးရွက်ခြောက်တို့ ကြွေကျနေသည်၊ ထိုဝါးရွက်ခြောက်တို့အပေါ် ကျဆင်းနေသည့် နှင်းရည်စက်တို့ စွတ်စိုနေသည့်အပေါ် ကျော့်ဖြတ်နှင်းနေရသည်မို့ မတိုးမကျယ် ထွက်ပေါ်နေသည့်အသံတို့ကြောင့် အိပ်တန်းတက်နေသည့် တောကြက်တို့အဖို့ အနှောင့်အယှက် မဖြစ်သည်က အမှန်။

ညဥ့်လယ်ယံကိုကျော်ပြီး အရုဏ်တက်ပိုင်းကိုပင် နီးနေပေပြီမို့ ပိုမိုအေးမြလာသလို နှင်းတို့ကလည်း မင်းမူလာပေပြီ။ ဝါးကောက်တောကြီးသည်လည်း ပကတိ တိတ်ဆိတ် အိပ်မောကျနေသည်။ မြေပြင်သို့ ကြွေကျထားသော ဝါးရွက်ခြောက်တို့အပေါ် နှင်းရည်စက်တို့ ပက်ဖြန်းထားမှုကြောင့် စိုစွတ်နူးအိနေပြီဖြစ်ရာ ခြေသံမကြားအောင် ထိန်းသိမ်းရာတွင် အတန်ပင် ခရီးရောက်



လင်းလေးပစ်သံ၊
ထိမှန်သံ၊
အောက်ကို
ပြုတ်ကျသံတို့က
ဆက်တိုက်ပေါ်လာပြီး
မောင်တင်ထွန်းက
တောကြက်တွေကို
လိုက်လံကောက်နေသလို
လုလေးစိန်ကလည်း
လေးသီးပြန်ရှာရင်း
ကုန်းကုန်းကွကွနှင့်
အလုပ်
ရှုပ်သွားကြသည်ကို
တွေ့မြင်လိုက်ရ
သည်နှင့်အတူ
ကျွန်တော့်ဆီသို့
ထပ်မံပြီး
တောကြက်ဖကြီး
(၁၂) ကောင်...



www.burmeseclassic.com

www.burmeseclassic.com





နေသည်ဖြစ်ရာ လုလေးစိန်နှင့် ညိုလုံး တို့က ဝါးရုံတောကြီးအား လှည့်ပတ် ၍ ရှာဖွေနေစဉ် လက်တွင် နှစ်ဖက် မှ ခြေထောက်များကို စုစည်းပြီး နွယ် ကြိုး ထုတ်ပြောင်းပြန်ကိုင်ထားသည့် တောကြက်သေတို့ကို မြေပြင်သို့ချလိုက် ပြီး ဘောင်းဘီအိတ်အတွင်း အသင့်ပါ လာသည့် ပုလင်းပြားကလေးကို ထုတ်၊ အဖုံးဖွင့်လျက် အငမ်းမရမော့လိုက်ပြီး မောင်တင်ထွန်းအား လှမ်းပြီး ပုလင်း ကို ပေးလိုက်သည်။ သူကလည်း ပု လင်းပြားကို လှမ်းယူပြီး မော့နေသည်၊ အချမ်းဒဏ်က ပိုကဲလာသည်ကိုး။

လုလေးစိန်က ကျွန်တော်တို့ဘက် သို့ မီးရောင်မှိန်မှိန်ကလေးနှင့် ထိုးကာ သူတို့အနီး လာရောက်ရန် အချက်ပြ လိုက်သည်မို့ အသာသွားလိုက်ပြီး မြေ ပြင်ကိုလှမ်းကြည့်လိုက်တော့ ဘုံးစံ အတိုင်း ညိုလုံးက ဆောင့်ကြောင့်ထိုင် ကာ အပင်ထက်ကို မော့ပြီး မလှုပ် မယှက်၊ ညိုလုံးဘေးမြေပြင်တွင် တော ကြက်များ ပါချထားသည့်ချေး (အသစ်) အတော်များများကို တွေ့ မြင်လိုက်ရ သည်။ မောင်တင်ထွန်းက ဝါးရုံပင် အောက်ခြေ ဝါးရွက်များ ရှုပ်ထွေးနေ သည့် နေရာကို မီးထောက်လိုက်တော့ တွေ့လိုက်ရသည်က တောကြက်များ အပြင် ကြက်တူရွေးများနှင့် ဒေါက် ချင်း ငှက်များ။ ငှက်ဝါးယောင်းအုပ်ပင် အဆစ်ပါလိုက်သေး။

"ဖောက်··ဖောက်··ဖောက်"

"ဖြန်း··ဖြန်း··ဖြန်း··ဖြန်း··"

လင်းလေးပစ်သံ၊ ထိမှန်သံ၊ အောက်ကို ပြုတ်ကျသံတို့က ဆက် တိုက်ပေါ်လာပြီး မောင်တင်ထွန်းက တောကြက်တွေကို လိုက်လံကောက် နေသလို၊ လုလေးစိန်ကလည်း လေးသီး ပြန်ရှာရင်း ကုန်းကုန်းကွကွနှင့် အလုပ် ရှုပ်သွားကြသည်ကို တွေ့ မြင်လိုက်ရ သည်နှင့်အတူ ကျွန်တော့်ဆီသို့ ထပ်မံ ပြီး တောကြက်ဖကြီး (၁၂) ကောင် ထပ်မံတိုးလာခဲ့ပြန်သည်။

နှင်းများများကျသည့် လင်းပိုင်း အချိန်မို့လားဖြင့်မသိ၊ မကြာလိုက်၊ သိပ်မကြာလိုက်၊ ထိုနည်းနှင်နှင် ရွှေ ဝါးကောက်တောကြီးအတွင်း ကိုးရင်း ပစ်သွားကြရာ ကျွန်တော့်ညာလက် တွင် ကြက်ဖများကို စုစည်းထားသည့် အကောင် (၂၀) တွဲ၊ ဘယ်လက်တွင် ကြက်ဖများကို စုစည်းထားသည့် အကောင် (၂၀) တွဲ၊ ဘယ်လက်တွင် စုစည်းဆွဲလာသည့် တောကြက်မ (၈) ကောင်က တစ်တွဲဖြစ်လာသည်။

တဖြည်းဖြည်း တောကြီးအတွင်း ထိုးဝင်ကာ ပစ်ခတ်လာခဲ့ကြသည်မို့ လက်နှစ်ဖက်တွင် ဆွဲလာရသည့် တော ကြက်တို့ကလည်းများလာပြီး ကျွန်တော့် စိတ်ကို ဝန့်ထုပ်ဝန့်ပိုးဖြစ်လာတော့သည်၊ ဒါတောင် သေနတ်ကို မောင်တင်ထွန်း က လွယ်ထားပေးသည်မို့ တော်သေး သလို အခြားသော ကျေးငှက်တွေကို မပစ်ဘဲထားခဲ့ခြင်းကို ကျေးဇူးတင်ရပေ ဦးမည်။

မည်သို့ပင်ဖြစ်စေ လတ်တလော အခြေအနေက ကျွန်တော့်တာဝန်က သူမကကို ရဲရဲကြီး ကတိပေး တာဝန် ယူထားသည့်ကိစ္စက ရသမျှ ကြက် တွေကို ထမ်းရန်ကိစ္စမို့ မငြီးမငြူ ပစ် လို့ရသမျှ ထမ်းရုံမှတစ်ပါး၊ အတူလိုက် ပါလိုက်သည့် မောင်တင်ထွန်းကို လွှဲ ပြောင်း ထမ်းလို့မဖြစ်တဲ့အခြေအနေမို့ အကောင်ရေ များလာသလို အလေး ချိန်ကလည်း ပိလာသည်မို့ စိတ်တွင်း က အောင့်သက်သက်တော့ ဖြစ်ဖြစ်နေ ခဲ့ပေပြီ။

"ဖုန်း··ဘုတ်··ခေါက်··"

"ကရော··ကရော့··ဖျန်း·· ဖျန်း··"

လင်းလေးပစ်သံ၊ ထိမှန်ပြုတ်ကျ သံ၊ အတောင်ခါသံတို့က ရေ့ခရီးတစ် လျှောက်လုံး စီညံနေသလို၊ ဝါးတစ်လုံး နှင့် ရှေ့နောက်မျှထမ်းရင်း ရှေ့က လေး လာလိုက်၊ နောက်က လေးလာလိုက်မို့ ချိန်သားကိုက်အောင် ရှေ့နောက်မျှထမ်း ကာ သူတို့နောက်မှ မနည်းထမ်းကာ လိုက်ပါနေရသည်။

ညိုလုံးဆိုသည့်ခွေးကိုတော့ ထားပါ တော့၊ ထားလိုက်ပါတော့၊ ခွေးဖြစ်နေလို့ ကိုး။ လူငယ်တွေဖြစ်ကြသည့် သူတို့ နှစ်ဦးက တောကြက်များကို မနိုင်မနင်း ထမ်းကာ နောက်က ခြောက်နလက်ပန်းကျ မောဟိုက်နေသည့် ကျွန်တော့်အဖြစ်ကို

www.burmeseclassic.com

## သူမ၏အမဲလိုက် ကောင်းသည့် ညိုလုံးဆိုသည့် ခွေးကြီးကား အိမ်မှထွက်သည့်အချိန်မှစပြီး အိမ်ကိုပြန်ဝင်သည့်အချိန်အထိ တစ်စက်ကလေးမှ အသံမထွက်ဘဲ တောကြက်ရှာပေးသည့်အလုပ်ကို ပီပြင်စွာ လုပ်ကိုင်သွားသည်က…

ကူညီဖို့နေနေသာသာ ပြန်စောင်းပင် မကြည့်ကြ၊ ရှေ့ကိုသာမဲပြီး သူတို့လုပ်ရမည့်အလုပ်ကို အားတက်သရော ဆက်လုပ်နေကြသည်။ တစ်ကောင်ပြီးတစ်ကောင် နောက်ထပ် ဆင့်ကာဆင့်ကာ ကျွန်တော့် ပခုံးထက်ကို ဆက်တိုက်ရောက်လာပြီမို့ စိတ်တွင်းက ကျိတ်ဆုတောင်းမိသည်က -

"ဒီတစ်ခါပစ်ရင် မရပါစေနဲ့၊ သတ္တဝါတွေ ကျန်းမာချမ်းသာပြီး ဘေးကင်းကြပါစေ‥"

ဟု ကျိတ်ဆုတောင်းရင်း လေးပင်သော တောကြက်သေများကိုထမ်းကာ သူတို့နောက်က လိုက်နေရမဲ့ ကျွန်တော့်ဆုတောင်းကား မပြည့်သည့်အပြင် လင်းအားကြီး ပိုင်းအုံကိုက်ခဲခြင်း ခံနေရသည့် တောခြင်ရိုင်းနှင့် တောဖြုတ်တို့၏ ပိုင်းဝန်းကိုက်ခဲ သွေးစုပ်ခြင်းကို ခံနေရမှုကြောင့် တစ်ကိုယ်လုံး ယားယံလာခဲ့ရပြန်ပြီး အဖုအပိမ့်တွေ ဖြစ်လာပြန်သည်။ စိတ်ကလည်းတိုလာသလို၊ ဒေါသလည်းဖြစ်လာပြီး ဆက်လက်သည်းမခံနိုင်တော့သည်မို့ -

"ကဲ‥လှလေးစိန်၊ တော်လောက်ဖို့ကောင်းပြီ သမီး၊ နောက်ကနေ ကြက်လိုက်ထမ်းရတဲ့ငါ ကြာရင် အမောဆို့သေလိမ့်မယ်‥"

ကျွန်တော်က လှမ်းပြီး သတိပေးလိုက်တော့ သူမက ခပ်ပြုံးပြုံးလုပ်ပြီး လက်ထဲက လေးသီး (လောက်စာလုံး) (၃) လုံးကို လက်ဝါးထဲမှာဖြန့်ပြပြီး-

"ဒီမှာ ကိုင်ထားတဲ့လောက်စာလုံး (၃) လုံးတောင် မကုန်သေးဘူးလေ အဘ ဦးဘိုလေးရဲ့ ခုမှ တောကြက်အကောင် (၇၀) နီးပါး ရသေးတာ၊ ခဏ သည်းခံလိုက်ပါဦး။ ဒါလေးကုန်အောင်လို့‥"

"တော်လောက်ပါပြီကွယ်၊ ခု ပစ်လို့ရထားတာတောင် ကုန်အောင်စားစမ်းပါဦး၊ နင့်ဟာကလည်း‥"

"ကဲ‥ဒါဆိုလည်း ဒီကနေဖြတ်ပြန်ကြတာပေါ့၊ လမ်းမှာတွေ့တဲ့အကောင်ပစ်သွားရင်း ပြန်ကြမယ်၊ အစ်ကိုတင်ထွန်း‥အဘိုးဆီကကြက်တွေ ကူထမ်းလိုက်ပါဦး‥"

သို့အတွက် ကျွန်တော့်တွင် ဝန်ပိနေသည့် ဝန်ထုပ်ဝန်ပိုးသည် မောင်တင်ထွန်း ပုခုံးထက် ရောက်သွားသလို သူလွယ်ထားသည့် နှစ်လုံးပြူးသေနတ်က ကျွန်တော့်ဆီသို့ရောက်လာပြီး အရေးကြုံက အသင့်ပစ်ခတ်ရန် ကိုင်ဆောင်ရင်း ညိုလုံးနှင့် သူမတို့နောက် မီးရောင်ဖြင့် လျှောက်လှမ်းနေမိသည်။

အပြန်လမ်းတွင် တောကြက်တွန်သံ၊ ကျေးငှက်များ အိပ်တန်းထအော်မြည်သံ၊ သားကောင်တို့၏ ဖြတ်သွားဖြတ်လာ မျက်လုံးတို့ကို တွေ့ရှိသော်လည်း ပစ်ခတ်နိုင်လောက်အောင် မီးထိုးမပေးသဖြင့် မပစ်ခတ်ခဲ့ရ။ အိမ်ဆီရောက်တော့ ပစ်ခတ်လာခဲ့သည့် တောကြက်တို့ကို အထီးအမ ခွဲခြားပုံကာ ရေတွက်ကြည့်လိုက်တော့ အထီး (၆၇) ကောင်၊ အမက (၄၂) ကောင်၊ စုစုပေါင်း (၁၀၉) ကောင်တိတိပင်။

ထူးခြားသည်က သူမ၏အမဲလိုက်ကောင်းသည့် ညိုလုံးဆိုသည့် ခွေးကြီးကား အိမ်မှထွက်သည့်အချိန်မှစပြီး အိမ်ကိုပြန်ဝင်သည့်အချိန်အထိ တစ်စက်ကလေးမှ အသံမထွက်ဘဲ တောကြက်ရှာပေးသည့်အလုပ်ကို ပီပြင်စွာ လုပ်ကိုင်သွားသည်ကို နောက်ကလိုက်ကြမည့် အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့အဖွဲ့အား မဖြစ်မနေ ပြောပြရပေဦးတော့မည်။

မုဆိုးမလေး လှလေးစိန်နှင့် သူ၏အဖော် ခွေးကြီးညိုလုံးတို့ ကျွန်တော်တို့အဖွဲ့နှင့် တွဲဖက်ကာ အခြားသားကောင်တို့နောက် လိုက်ခဲ့ကြသည့် အတွေ့အကြုံများကိုလည်း ဆက်လက်ရေးသားတင်ပြသွားပါမည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com





■

ကောင်းကင်တွင် မိုးသားတိမ်ရောင် တို့က အုံ့ဆိုင်းနေသဖြင့် သည်မနက်ခင်းတွင် နေရောင်ခြည်ကို မတွေ့ရသေး။ နယုန်မိုးသေး မြက်သားမွေးဆိုသလို မိုးဦးကာလမို့ မိုးကလည်း တဖွဲဖွဲနှင့် ဖြစ်သည်။ ညက သူငယ်ချင်း အောင်အောင်နှင့် စကားလက်ဆုံကျရင်း ညဆယ့်နှစ်နာရီမှ သူ အိပ်ရာဝင်ခဲ့သည်။ ထို့ကြောင့်လည်း မနက် (၇) နာရီ ထိုးသည်တိုင် သူ အိပ်ရာထဲမှာ ရှိနေသေး၏။ သည်အချိန်ဆို အမေက ဈေးသွားလောက်ပြီ။

"မိုးဆန်းရေ··၊ မိုးဆန်း··"

အပြင်မှ ခေါ်သံကို သူကြားသည်။ ဦးလေးမြ၏ အသံပင်။ အိပ်ရာထဲမှ စောင်ကိုခွာ၍ အိမ်ရှေ့ခန်းသို့ သူထွက်လာလိုက်၏။ ခြံတံခါးဝမှ ဦးမြက သူ့ကို တွေ့သွားပြီး လှမ်းပြောသည်။

"မိုးဆန်းရေ··ခေါ်လိုက်ရတာ ဘယ်သွားနေတာလဲ··"

"ညက အိပ်ရာဝင်တာ နောက်ကျသွားလို့ ဦးလေးရ··"

"ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မနေ့ကပဲ··"

ဦးမြမှာ လွန်ခဲ့သော (၁၅) ရက်ခန့်ကစ၍ မြဝတီသို့ သွားနေတာ ဖြစ်သည်။

ဦးမြရှိရာ ခြံတံခါးသို့ သူလျှောက်လာလိုက်ပြီး တံခါးကိုဖွင့်လိုက်၏။

"မင်းအမေ ခင်သစ်ရော··"

"အမေ ဈေးသွားတယ် ဦးလေးရ"

"ဦးလေး··ကိစ္စရှိလို့လား··"

"အေး··"

ဦးမြက အိမ်ရှေ့ခန်းထိုင်ခုံ စားပွဲဝိုင်းတွင် ထိုင်လိုက်သည်။ ဦးမြမှာ သူ့အမေ ဒေါ်ခင်သစ်နှင့် မောင်နှမ နှစ်ဝမ်းကွဲတော်စပ်၍ အမြိုင်မြို့တွင်း၌ သူတို့နှင့် တစ်ရပ်ကွက်ကျော်မှာ နေထိုင်သူ ဖြစ်သည်။ အလုပ်က ကျေးရွာများတွင် ရေးဟောင်းပစ္စည်းများကို လိုက်လံဝယ်ယူ၍ မြဝတီသို့တက်ကာ ပြန်ရောင်းခြင်း ဖြစ်သည်။

"ဒါ ညက လာမလို့ပဲ အလုပ်ကိစ္စနဲ့ အချိန်မရတော့လို့··"

ဦးလေးမြကို ရေနွေးဓာတ်ဘူးနှင့် လက်ဖက်ရည်ပန်းကန်များ ချပေးရင်း ကော်ဖီမစ် (၂) ထုပ်ကို သူဖော်နေ၏။

"ဟိုကိစ္စလား ဦးလေး··"

"အေး··ဟုတ်တယ်··"

ဦးမြက ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို လက်ဖက်ရည်ပန်းကန်ထဲထည့်၍ ငုံ့သောက်နေ၏။ ကော်ဖီတစ်ခွက်ကို ဦးမြရှေ့ သူချပေးလိုက်သည်။

"သည်တစ်ခေါက် ခရီးသွား
အဆင်မပြေဘူးကွာ၊ ပစ္စည်းဝယ်
တွေနဲ့က ဈေးကွာနေလို့ ဟိုနားထား
တယ်··"

ဦးမြမှာ မိုးဆန်းအဖေ ဦးမိုး
စဉ်ကတည်းက သည်ရှေးဟောင်းပစ္စ
အရောင်းအဝယ်အလုပ်ကို အတူ
ကိုင်ခဲ့တာ ဖြစ်သည်။ သည်အလုပ်
သူတို့အားလုံး၏ မိသားစုစားဝတ်နေ
ကို အဆင်ပြေစေခဲ့သည်။ တရား
မဟုတ်သော်လည်း အမြတ်ကြမ်းသ
ဟု ဆိုနိုင်သည်။ အာလာဒင်မီးအိမ်
အံစုံမုန်စုံသေတ္တာ၊ ဖရုံသီးဆွမ်းအုပ်
ရှမ်းကွမ်းအစ် စသည်ဖြင့် အသေးအ
ကလေးများပင် ဆယ်ဆကျော် ဈေး
ပြန်ရတတ်သည်။ ၅၀၀၊ ၁၀၀၀ တ
ကလေးများကာပင် တစ်ခါတစ်ရံ ၅၀၀
၁၀၀၀၀၀ ရတတ်၏။ ဦးမိုးဆုံးသွား
သော်လည်း သူတို့အတူတူပင် လုပ်
ကို ဆက်လက်လုပ်ကိုင်လာခဲ့သည်
သူက ပစ္စည်းရှာ၍ ဦးမြက ဖြန်းပေး
သည်။ အမြတ်ငွေကို ဦးမြက ပြန်
ပေးတာ ဖြစ်သည်။

"ဒါဆို သည်တစ်ခေါက် ရှာသွား
ဖို့ ဘယ်လိုလုပ်မလဲ ဦးလေး··"

"အေး··အဲဒါ ခင်သစ်နဲ့တိုင်ပင်
ဖို့ လာတာ··"

ဦးမြမှာ ဒေါ်ခင်သစ် ဈေးမှပြ
အလာကို စောင့်ရင်း သူနှင့် ရော
တတ်ရာရာ ပြောနေ၏။ မိုးဆန်းတို့မှာ
ဖခင်ဆုံးပြီးကတည်းက သားအမိနှ
ယောက်တည်း ကျန်ခဲ့သော်လည်း ရေ
ဟောင်းပစ္စည်း အရောင်းအဝယ်လု
ကို ကျွမ်းကျင်ပြီးသားမို့ သူတို့ စားဝတ်


www.burmeseclassic.com

www.burmeseclassic.com





ရေးမှာ ပြေလည်ကြသည်။ ဦးမြက ည်း သူတို့နှင့် သားချင်းခွေမျိုး ောင်းသူမို့ လုပ်ငန်းပိုင်းမှာ ယုံကြည် တ်ချထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ူတို့ တူဝရီး မြဝတီသို့ အတူရောက် တ်ကြသည်။ ဦးမြမှာ သူနှင့် ရွယ်တူ မီးတစ်ယောက်ရှိ၍ သူနှင့်ဆိုလျှင် ောင်နှမ သုံးဝမ်းကွဲတော်စပ်သည်။ က္ကသိုလ်နောက်ဆုံးနှစ်သို့ တက် ောက်နေသူဖြစ်၏။ သူနှင့် တစ်ချိန်က ယ်တန်းအတူဖြစ်ခဲ့သော်လည်း ဖခင် ုံးသောအခါ သူက ကျောင်းမှထွက် ိုက်ရပြီး သည်အလုပ်ကိုသာ ဆက် ၍ လုပ်ကိုင်လာခဲ့သည်။

သူတို့ပြောနေစဉ်မှာပင် ဒေါ်ခင် သစ် ဈေးမှ ပြန်လာသည်။ ဈေးခြင်း တောင်းကို မီးဖိုဆောင်တွင် သွားထား ြီး အိမ်ရှေ့ခန်းသို့ ထွက်လာ၏။

"အစ်ကိုမြ• အားလုံးအဆင်ပြေ တယ် မဟုတ်လား"

သူမက ရောက်မဆိုက်ပင် မေး လိုက်၏။

သည်တစ်ခေါက် ပစ္စည်းတွေ ကို ဟိုမှာ ထားခဲ့ရတယ် ခင်သစ်ရဲ့ ဝယ်လက်က ဈေးနှိမ်လို့ ထား ခဲ့ရတာ၊

ဟင်္သာလေးကို သူတို့ က ငါးသိန်းပဲ ပေး တယ်၊ အစ တုန်းကတော့ (၂၀) ပေး မယ် ပြော ထား၊တာ၊ အစာချို အစာ ကောင်း မဟုတ်လို့ တဲ့။ ရှေးဟောင်းပစ္စည်းလောကတွင် ဟင်္သာပိသာလေးမှာ အလွန်ရှာရခက် သော ပစ္စည်းဖြစ်သည်။ ရှာပေါင်းများစွာ လှည့် ၍ ရှာသည့်တိုင် ပိသာလေးကို တွေ့ဖို့ ခက်၏။ အရှေ့မောင်းထောင်ရွာမှ လေး သိန်းခွဲပေး၍ သူတို့ရခဲ့တာ ဖြစ် သည်။ ပစ္စည်းစာရင်းဇယားများကို ရေး ရန် မိုးဆန်းက စာရွက်ကို ဦးမြအားပေး ၏။ ဦးမြက သူ၏လွယ်အိတ်ထဲမှ ငွေ များကို ထုပ်ယူလိုက်သည်။ ငါးသိန်း ခန့် ရှိမည်ဖြစ်သည်။

"ငါ သုံးချိုးတစ်ချိုးတော့ ရောင်း ခဲ့တယ်၊ အဲဒါနဲ့ပဲ လိုက်ရှာကြတာပေါ့"

ဒေါ်ခင်သစ်မှာ ငွေများကိုကြည့်၍ မျက်နှာနည်းနည်းပျက်သွားသည်။ သူတို့ ရင်းထားသည့်ငွေက (၁၀) သိန်း ကျော် ခန့် ရှိမည် ဖြစ်သည်။ မိုးဆန်းက အမေ ဖြစ်သူကို ကြည့်လိုက်၏။ ထို့နောက် ဦးမြဘက်သို့လှည့်ကာ ပြောသည်။

"ကျွန်တော် ညက အောင်အောင် နဲ့ ပြောဖြစ်တယ်၊ အရှေ့ရွာမှာ ရှေး ဟောင်းအခေါက်ရွှေ ပုရပိုက် တွေ့ထား တယ်တဲ့၊ ဈေးကတော့ များတယ် ဦး လေးရ• •"

"ဟုတ်လား• •ဈေးက• •"

"ဟုတ်တယ် • •လက်ရှိရွှေဈေး ထက် သုံးဆပိုရမယ်တဲ့၊ အဲဒါ သွား ကြည့်မလို့• •"

ဦးမြက မိုးဆန်း၏စကားကို စိတ် ဝင်တစား နားထောင်နေ၏။

အခုတော့ ဘယ်လိုလုပ်တော့ မလဲ။ မိုးဆန်းက စကားကို ရပ်လိုက် သည်။

"ဒါဆိုရင် မနက်ကို မင်းနဲ့ငါ သွားကြည့်ကြမယ်၊ အခြေအနေကောင်း ရင်တော့ သည့်လိုပဲ ရှာကြံပြီး လုပ်ကြ ရတာပေါ့• •"

ဦးမြက စဉ်းစားသလိုရှိရင်း ပြော ၏။

အောင်အောင်က မနက်ဖြန်ပြန် မှာ။ သူတို့ရွာနဲ့က တစ်ကွင်းကျော် သွား ရသေးတယ်တဲ့။

အောင်အောင်တို့ ယင်းခက်ရွာ မှာ သူတို့မြို့နှင့် ငါးမိုင်သာသာဝေး၏။ မိုးဆန်းက ပစ္စည်းများကိုရှာဝယ်ရင်း အောင်အောင်တို့ရွာသို့ ရောက်သွားရာ က အောင်အောင်နှင့် ခင်မင်ရင်းနှီးခဲ့၍ တစ်ခါတစ်ရံပစ္စည်းများ အတူတူလျှောက် ဝယ်တတ်ကြသည်။ အောင်အောင်မှာ သူ့အဒေါ်အိမ်သို့ အလည်လာရင်း မိုး ဆန်းတို့အိမ်သို့ ရောက်ကာ သတင်းပေး ခဲ့ခြင်း ဖြစ်သည်။

* * * * *



www.burmeseclassic.com

ရှေးဟောင်းပစ္စည်းလောကတွင် ဟင်္သာပိဿာလေးမှာ အလွန်ရှာရခက်သော ပစ္စည်းဖြစ်သည်။ ရွာပေါင်းများစွာလှည့်၍ ရှာသည့်တိုင် ပိဿာလေးကို တွေ့ဖို့ခက်၏။ အရှေ့မောင်းထောင်ရွာမှ လေးသိန်းခွဲပေး၍ သူတို့ရခဲ့တာဖြစ်သည်။ ပစ္စည်းစာရင်းဇယားများကို ရေးရန် မိုးဆန်းက စာရွက်ကို ဦးမြအားပေး၏။

■■■

ရာသီဥတုက သာယာနေသည်။ အရှေ့လေ၏ သယ်ဆောင်မှုဖြင့် တိမ်မှုန်ပါးပါးတို့က ကောင်းကင်တွင် အနိမ့်အမြင့်သဏ္ဍာန်များဖြင့် ရွေ့လျားနေကြ၏။ ကွင်းပြင်ကိုဖြတ်၍ ဖောက်လုပ်ထားသော လမ်းဖြစ်သဖြင့် လမ်းဘေးဝဲယာရှိ ကိုင်းပင်တန်းတချို့မှာ လေအဝှေ့တွင် ယိမ်းနွဲ့နေကြသည်။ ဆိုင်ကယ်တစ်စီးနှင့် လူသုံးဦးမှာ လေကို ခွင်း၍ ခရီးနှင်လာကြ၏။ အောင်အောင်အပါအဝင် မိုးဆန်းတို့ တူဝရီးသုံးဦးဖြစ်၏။ ရွာထဲသို့ ဝင်လာကြပြီးနောက် ရှေးဟောင်းနှစ်ထပ်အိမ်ကြီးရှေ့တွင် သူတို့ဆိုင်ကယ်ကို ရပ်လိုက်ကြသည်။ အချိန်က မနက် (၁၀) နာရီခန့် ဖြစ်၏။

"ဦးမောင်ပုရေ..ဦးမောင်ပု.."

အောင်အောင်က အိမ်ရှင်များကို လှမ်းခေါ်လိုက်သည်။ အသံကြောင့် အောင်အောင် အသက်လေးဆယ်ကျော်ခန့် လူတစ်ဦး အိမ်ပေါ်က ဆင်းလာသည်။

"အောင်အောင်ပါလား။ လာကွာ၊ ဘယ်ကဘယ်လို လှည့်လာတာလဲ"

"သည်လိုပေါ့ ဦးပုရာ..၊ ဦးပုဆီမှာ သတင်းတစ်ခုကြားလို့ လာခဲ့တာ.."

သူတို့နှစ်ဦး ပြောဆိုနေပုံများက အလွန်ပင် ရင်းနှီးနေဟန်ရှိ၏။ သူတို့ အိမ်ပေါ်သို့ ရောက်လာကြသည်။ အိမ်ရှင် ဦးပု၏အနီးက ဧည့်သည်များအတွက် ရေနွေးဗန်းကို ယူလာပေး၏။

"ဆိုပါဦးကွ..ဘာသတင်းလဲ"

ဦးမောင်ပုက အောင်အောင်ကို မေးလိုက်သည်။

"ကျော်ထူးက ပြောလို့ ဦး... ဆီမှာ အဘသက်လက်ထက်က ... ပိုက် ရှိတယ်ကြားလို့၊ အဲဒါ.."

ဦးမောင်ပုက မျက်မှောင်ကျ... အောင်အောင်ပြောစကားကို နား... ရင်း မိုးဆန်းတို့ကို ကြည့်လိုက်သ...

"လာပြန်ပြီတစ်ယောက်၊ မင်း... တွေက သေချာလို့လား.."

"ဟာ..သေချာတာပေါ့ ဦး... သူတို့က ပွင့်ကြီးသမားတွေဗျ.."

အောင်အောင်က အား... သရော ပြောသည်။

"ပစ္စည်းက ငါ့ဆီမှာမရှိဘူး။ အ... သာလုဆီမှာကွ.."

"အဘိုးသာလုဆိုတာက.."

"အဘိုးသာလုဆိုတာ ငါ့အ... ညီအငယ်ဆုံးလေကွာ၊ ဟိုဘက်ရွာ..."

"ဪ.."

မိုးဆန်းတို့လူစု အိမ်ရှင် ဦး... ပုနှင့် အချင်းချင်း တရင်းတနှီး ... များပြောဆိုကြပြီးသည့်နောက် အ... သာလု၏ အိမ်ရှိရာ ရွာဘက်သို့ ... လာခဲ့ကြသည်။ အရှေ့ရွာနှင့်ကပ်လျ... ရှိသော ရွာအစုအပိုင်းလေး ဖြစ်... အဘိုးသာလု၏အိမ်မှာ ... ဟောင်း တိုက်တစ်လုံးဖြစ်သည်။ သ... ထို ရွာပိုင်းအစုလေးတွင် သည်... အိမ်မျိုးရှိနေသည်က အထူးအဆန်း... ဖြစ်သည်။ အိမ်၏နံရံများတွင် ... ခေတ် လက်ရာပန်းချီပုံများကိုလည်း... သူတို့ တွေ့ရသည်။ အဘိုးသာလု... အသားဖြူဖြူ သျှောင်တစ်စောင်း... အသက် (၇၀) ခန့်ရှိ၍ သည်... ဦးရွှေလူမှာပင် အသက် (၆၀) ...



www.burmeseclassic.com

www.burmeseclassic.com



## လောဘကို အခြေခံသည့် မောဟအများက သူတို့ ဝယ်ယူခဲ့သည့် ပုရပိုက်မှာ ပထမကြည့်ခဲ့စဉ်က ပုရပိုက်အစစ်နှင့် တစ်ထုပ်တည်းတူအောင် ပြုလုပ်လုပ်ထားသော အပေါ်ယံရွှေ အနည်းငယ်သာ ပါသည့် ပုရပိုက်အတုဖြစ်သွားသည်။

မိုးဆန်းနှင့် ဦးမြတို့မှာ ပုရပိုက်
...က်ကို အပြန်အလှန် ကြည့်နေကြ
... (၁၀) ကျပ်သား နီးနီးပင် ရှိမည်
...သည်။ ရွှေသားစစ်စစ်ဖြစ်၍ ပျော့
...နေသယောင် ရှိလေ၏။ သူတို့၏
...ဆိုမှုများအရဆိုလျှင် ပုရပိုက်၏
...တ်တမ်းမှာ အနှစ် (၂၅၀) ခန့်
...တ်တမ်းရှိသည်။ ရေထားသည့် စာ
...မှာ ပါဠိဘာသာများဖြင့် ရေးဟောင်း
...ာက်စာများလို ဖြစ်သည်။ ဦးမြတို့
... ပုရပိုက်ကို အဖန်ဖန်ကြည့်ရင်း
...ာကျနေကြ၏။ မိုးဆန်းက ကင်
...နှင့် ဓာတ်ပုံရိုက်ယူလိုက်ပြီး ပုရ
...က်ကို ပြန်ပေးလိုက်သည်။ ထို့နောက်
...လပြည့်လျှင် ပြန်လာယူမည့်အကြောင်း
... ပြောဆိုပြီး ပြန်လာခဲ့ကြလေ၏။

* * * * *

သူ့ကို သူဖခင် မသေခင်
... ကိုယ်တိုင်မေးပြီး ကိုယ်
...င်ဖြေပြခဲ့သော စကားကို
...ပြန်ကြားယောင်နေမိသည်။
လောကမှာ လောဘ
...ကြီးဆုံး သတ္တဝါကို
...မ်းတဲ့ အဖြေက
...ိုးလေး။



အချမ်းသာဆုံးလူပါတဲ့။

စဉ်းစားလေ၊ နက်လေရှိသော စကားစုလေးပါ။ ဒါပေမဲ့ ဘာကြောင့်သည်အချိန်မှာ ထိုစကားကို သူသတိမရနိုင်ခဲ့ရတာလဲ။ ချမ်းသာချင်သော လောဘကြောင့်သာ ဖြစ်သည်။ သူ ဦးမြနှင့် မြဝတီသို့ လိုက်သွားခဲ့သည်။ သူတို့ပစ္စည်းများကို ရောင်းပြီး ချိန်းသူမှာ လက်ထဲတွင် သိန်း (၅၀) ကျော်ခန့် ရှိနေသည်။ အခြားအလုပ်တစ်ခုခုကို ပြောင်း၍ လုပ်ကိုင်စားသောက်လျှင်ပင် အဆင်ပြေပြေနေနိုင်ပေလိမ့်မည်။ သူတို့နှစ်ဦးစလုံး လောဘကို အတောမသတ်ခဲ့။ မကျွမ်းကျင်သည့်အလုပ်ကို သူတို့ လုပ်ခဲ့ကြသည်။ ရှူးသည်ကို အကြောင်းပြု၍ လောဘတက်ခဲ့ကြသည်။ မြဝတီတွင် ဝယ်လက်အား ပုရပိုက်ဓာတ်ပုံကို ပြကြည့်ရာ သိန်း (၁၀၀၀) ပေးမည်ဟု ဆိုသည်။ ထို့ကြောင့် အရှေ့ရွာမှ ပုရပိုက်ကို သိန်း (၁၀၀) နှင့် သူတို့ ဝယ်ယူခဲ့ကြသည်။ ဦးမောင်ပုတို့ကို တောသားလူရိုး အချဉ်များဟု သူတို့ ထင်မှတ်ခဲ့ကြသည်။ အခုတော့··။

လောဘကို အခြေခံသည့် မောဟအများက သူတို့ ဝယ်ယူခဲ့သည့် ပုရပိုက်မှာ ပထမကြည့်ခဲ့စဉ်က ပုရပိုက်အစစ်နှင့် တစ်ထုပ်တည်းတူအောင် ပြုလုပ်လုပ်ထားသော အပေါ်ယံရွှေ အနည်းငယ်သာ ပါသည့် ပုရပိုက်အတုဖြစ်သွားသည်။ နိုင်ငံတော်က ပြဋ္ဌာန်းသည့် ဥပဒေကို သူတို့ ရှောင်ကွင်းခဲ့သော်လည်း ဓမ္မ၏ဥပဒေက သူတို့ကို ဒဏ်ခတ်သွားသည်။ သူနိုးသေ၍ မငိုရဲသည့် အဖြစ်မျိုးဖြစ်သည်။ လောဘကြောင့် မောဟ၏အငိုက်အမှားက သူတို့ကို လွတ်ရက်မရှိသော နောင်တများနှင့်။

(ဒေသမြို့နှင့် လူအမည်များကို လွှဲပြောင်းရေးသားထားပါသည်။)

လွှမ်းသျှင်နောင် (မဟာသာရှာ)



www.burmeseclassic.com

www.burmeseclassic.com


စုံထောက်
ပွင့်သစ်

## တောင်သမန်သစ္စာ

အလံမွှယ်ဆရာ မလိုလောက်အောင်
လိမ္မာလွန်းတဲ့ မြွေတစ်ကောင်ပေါ့။
သက္ကရာဇ်အထပ်ထပ်နဲ့ နုပျိုလို့
မင်းမှုဟုတ်ရဲ့လားလို့ အံ့ဩမိတယ်။
မင်းရဲ့ရှင်ခုန်သံက
အင်းဝရေပြင်လို လေအခတ်မှာ လှုပ်ခတ်နေလား။
ခြေထောက်တွေ များသလောက်
ကာလတွေကို ထမ်းပိုးထားတဲ့
မင်းရဲ့ ပျိုမျစ်မှုကို ငါသေတဲ့အထိ
အလေးပြုနေပါရစေ ဦးပိန်။
မင်းကျောပေါ်က လူတွေက
မင်းလောက်မလှဘူး တောင်သမန်
မင်းဘေးမှာ အထီးကျန်နေတဲ့ သစ်ခြောက်ပင်တွေက
ဘဝကို အလှနဲ့ လှစ်ပြနေသလိုပဲ။

တောင်သမန်ရဲ့ကျောပေါ်မှာ ဦးပိန်
ဦးပိန်ရဲ့ ကျောပေါ်မှာက
လောဘ၊ ဒေါသ မောဟနဲ့ လူသားများ
လူသားများရဲ့ သစ္စာတော်ခံအဖြစ်
ရဲရဲရင့်ရင့် ရပ်တည်ပြခဲ့တယ်လေ
လေးစားပါတယ် တောင်သမန်ရယ်။

သုတလင်း (ဆင်ပေါ

## အမှတ်စဉ် (၁၄၅) ဒီဇင်ဘာလအတွက်

### ရွေးကဗျာစာရင်း

| | | |
|---|---|---|
| ၁။ | ဒွေးကြည် (စလင်း) | လမ်း |
| ၂။ | မောင်နီမြင့် | အရိုင်းခရီး |
| ၃။ | သက်နိုင် (ကြို့ပင်ကောက်) | မီးလျှံထဲ ဝင်စားခြင်း |
| ၄။ | နေသိုက် | နေတတ်သူများ |
| ၅။ | စောအောင်ခ (ဘားအံ) | အသည်းကွဲသတို့သား |
| ၆။ | ကျော်နေနိုင် (ကျောက်ထပ်) | မနင်းဆီရဲ့ ကြောင်ဝါကြီးက ရယ်စရာကောင်းတယ် |
| ၇။ | လင်းဝေမှူး (မြင်းခြံ) | မြို့ ပြသင်းကွဲ |


www.burmeseclassic.com

www.burmeseclassic.com

ခင်ဦး၊

# သံယောဇဉ် ကြိုးနှစ်ပင်





www.burmeseclassic.com

www.burmeseclassic.com





■

ငါ့သားရယ်··ဒီလိုမလုပ်ပါနဲ့၊
မင်းနယ်ကွယ်··ကိုယ့်ညီလေးပဲ
မောင်စိုး··လာ··
ငါ့သားလာ···

အမေတို့နဲ့အတူတူ တစ်ခါတည်း ထမင်းဝင်စားလိုက်ဆိုတဲ့ သားနှစ်ဦး အပေါ်မှာထားတဲ့ ချစ်ခြင်းမေတ္တာတရားတွေသည် အသက် (၇၀) ကျော် အဘွားအို၏ စကားသံတွေက ကမ္ဘာကြီးကို ပဲ့တင်ထပ်သွားစေခဲ့တယ်။

မိခင်တိုင်းက သားသမီးများအပေါ် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ မေတ္တာရေကြည်တွေက မြားပစ်သလို တစ်ဖြောင့်တည်းသွားနေတယ်၊ ရေလှိုင်းတွေလို ကွေ့ကောက်ခြင်းမရှိဘူး။ နိမ့်ခြေ မြင့်ခြေဆိုတာတွေက ကင်းစင်နေတယ်ဆိုတာ အဘွားအို မိခင်ကြီး ဒေါ်ဘွားနှစ်က သက်သေအဖြစ် ရပ်တည်ပြနေတယ် ဆိုတာပါပဲ။

မိခင်ကြီးက သားနှစ်ဦးအပေါ်မှာ ဘယ်လောက်ပင် ထုထည်ကြီးမားစွာ ချစ်ခြင်းမေတ္တာတရားတွေ ရှိနေပေမဲ့ ငစိုးကတော့ နားမလည်နိုင်ဘူးပေါ့။ မိုက်တုံးမိုက်ခဲ မိုက်နေမြဲမို့ မိခင်ရဲ့ မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ အကြင်နာတရားတွေကို သူက ကရုမစိုက်နိုင်၊ ထင်ရာစိုင်း၍ ရိုင်းချင်တိုင်းရိုင်းလိုက်ပုံက မယုံကြည်နိုင်လောက်အောင်ပါပဲ။

နွေမင်းသမီးကို နှုတ်ဆက်လို့ ဆောင်းမင်းသမီးလေးကို ကြိုဆိုနေရာတဲ့ မိုးမင်းသားလေးကတော့ သူ့တာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်ပြီးခဲ့တယ်ဆိုတဲ့ အကြောင်းသက်သေအဖြစ် သီတင်းကျွတ်လလယ်မှာ အတွယ်အတာမဲ့စွာနဲ့ မကာကွယ်နိုင်လောက်တဲ့အထိ အားသွန်ခွန်စိုက် တစ်ဖြိုက်ဖြိုက်နဲ့ ခုနှစ်ရက်ခုနစ်လီ ဇွဲမိုးကြီးရွာသွန်းလို့ တာဝန်တွေ ပြီးဆုံးသွားခဲ့တယ်။

ဒီလိုဆောင်းလရာသီမှာ လယ်သမားတွေ အလုပ်အားလပ် အနားယူတဲ့ အချိန်ကာလမျိုးပါ။ ယာသမား (ကုန်းသမား) တွေကတော့ ဆောင်းပဲဆိုတဲ့ ဆောင်းမြေပဲစိုက်နေကြပြီပေါ့။ ကြံတောင်သူလယ်သူမားတွေကလည်း သူတို့စိုက်ထားတဲ့ ကြံခင်လေးတွေကို ကြည့်ပြီး ပီတိတွေဝေလို့၊ ရွှန်းလို့၊ ဒီနှစ်တော့ ငါ့အခင်းက ကြံပိုင်း ဘယ်နှစ်ပိုင်းထွက်နိုင်တယ်၊ ကြံသကာ ဘယ်လောက်ချက်နိုင်မယ်ဆိုတဲ့ တွက်ချေတွေနဲ့ ဖြစ်နေကြတယ်။

ပန်းစိုက်တောင်သူတွေကလည်း သူတို့အခင်းထဲက ဖူးပွင့်ငုံစီ အ[...] နဲ့ ရှုမျှော်မဆုံး ယာတစ်ကုန်းက [...] ရနံ့ကြူ သယ်ကူဖေးမ လေနအေ[...] နှာဝလာထိ သိလိုက်ရသည် မြင်မိ[...] က ဒီနှစ်တော့ကွ၊ ငါပွဲပြီဟု ဟစ်အေ[...] ကြွေးကြော် မြူးတူးရွှင်ပျော် နေ[...] က မောင်ငဖြိုးပါ။

သူက မနှစ်တုန်းက ကြံခင်[...] လည်းရှုံး၊ ပန်းခင်းကလည်းဆုံးဆို[...] ဒီနှစ်မှာ မိုးလေဝသကောင်းလို့ သူ[...] ခင်းနဲ့ ကြံခင်းတွေ အောင်မြင်ဖြစ်[...] နေတာဆိုတော့ မနှစ်က အကြွေး[...] ကျေရုံတင်မဟုတ်ဘူး၊ အမြတ်[...] အမြတ်တွေ အများကြီးရတော့ ပွ[...] မှာမို့၊ ဒီနှစ်တော့ မိန်းမများယူ[...] ကောင်းမလား၊ အို··ကွာ အမေ [...] ခင် အမေ့ကို လုပ်ကျွေးပါဦးမယ်၊ [...] စတဲ့··အတွေးတွေ၊ စိတ်ကူးယဉ်[...] တွေ ဖြစ်နေခဲ့တယ်။

ငဖြိုးမှာက အစ်ကိုကြီးဖြစ်[...] ငစိုးဆိုတာရယ်၊ အသက် (၇၀) ကျော်[...] အမေ မုဆိုးမကြီးရယ် သားအမိ [...] ဦးသာ ရှိကြတယ်။ အမေဖြစ်သူ[...] အိုမင်းမစွမ်းဆိုတော့ သူတို့ညီအစ်[...] (၂) ယောက်က အိမ်ထောင်မပြု[...] မိခင်အိုကြီး ဒေါ်စိန်မေနဲ့အတူနေ[...] ပြုစုစောင့်ရှောက် လုပ်ကိုင်ပေးနေ[...] တယ်။

ဒါပေမဲ့ သူတို့ညီအစ်ကို ([...] ယောက်က အကျင့်စရိုက်မတူကြ[...] ငဖြိုးက လိမ္မာတယ်၊ ဆေးလိပ်မသော[...] ကွမ်းမစား၊ အရက်ဆိုတာ ဝေး[...] အနံ့တောင် မခံဘူး။ အသက် (၃[...] နှစ်သာရှိတယ်။ ဒီနေ့ချိန်အထိ ဘ[...]



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ စကားများရန်ဖြစ်တာမျိုး မရှိခဲ့ ဘူး ဒါကြောင့်လည်း အမေအို လုပ် တွေးတဲ့ အတတ လူပျို့ဟိုင်းကြီးဆိုပြီး ရွယ်တူ အပျိုဟိုင်းတွေက ပါးစပ် တစ်ဒိုင်းဒိုင်းနဲ့ ပစ်ခတ်သံတွေ၊ ဆူညံ သံတွေ ရွာထဲမှာ မကြာခဏ ကြားနေရ တယ်။

အစ်ကိုကြီး ငစိုးက ညီအငယ် ပြီးလိုမဟုတ်ဘူး။ စနေသား၊ နေတက် ာ ဖွားတယ်။ ထစ်ခနဲဆို သူက ချ လား၊ တွယ်မလား စိတ်က ကြီးတယ်။ ဆေးလိပ်က လက်ကြားကမချဘူး။ ကွမ်းယာဆိုတာကလည်း အမြဲတမ်း စပ်ဖောင်းအောင် ငုံထားတယ်၊ ကွမ်း သားရင်း အိပ်တယ်၊ အရက်ဆိုတာက ည်း မနက်လင်းလို့ လယ်ထွန်သွား အိမ်က ထွက်တယ်ဆိုကတည်းက လယ်က ဆိုင်ဝင်ပြီး တစ်ပုလင်း ပြေးအလွှား ဝင်မော့တယ်၊ လယ် ွန်ပြီး တောထဲက အိမ်ပြန်လာတော့ ည်း ရွာလယ်က ဖောက်သယ် ိုင်မှာပဲ နစ်ပုလင်းလောက် ကုန် အောင် သောက်ပြန်တယ်၊ တစ်နေ့တစ် နေ့ တောအရက် သုံးလေးပုလင်းအကုန် သောက် သောက်လာခဲ့တဲ့ လတွေ၊ နှစ်တွေက မနည်းတော့ပါဘူး။ သူ့ အသက် (၃၈) နှစ်အထိ ငယ်ငယ်လေး ကတည်းက သူသောက်လာခဲ့တယ်။ သောက်ပြီး အေးအေးမနေဘူး။ ဘယ် သူ့ကိုတော့ တုတ်နဲ့ရိုက် လက်သီးနဲ့ ထိုးလို့ ဘယ်သူ့ကိုတော့ ဓားနဲ့ထိုးလို့ ဆိုတဲ့ ပြဿနာမျိုးစုံကို အိုကြီးအိုမ ဖြစ်နေတဲ့ ဖခင်ကြီးက တုတ်ကောက်ကာ ရိုးကိုးပေါက် လျှောက်ပြီး ကာယက်

ရှင်တွေအိမ်ကို လိုက်တောင်းပန်ရ၊ ရွာ လူကြီး၊ ဥက္ကဋ္ဌအိမ်ကို သွားရောက် တောင်းပန်ရတာတွေကလည်း အကြိမ် ကြိမ် အခါခါ မနည်းတော့ပါဘူး။ ကြာ တော့လည်း ရွာရပ်က ဒီကောင်တော့ သေတာကောင်းပါတယ်။ အမယ်အိုကြီး သနားလှပါတယ်လို့ ပြောကြရတဲ့အထိ ငစိုးက အလွန် အင်မတန်ဆိုးတဲ့ လူ မိုက်တစ်ယောက် ဖြစ်တယ်။

မိုက်ချက်က ကမ်းကုန်တဲ့ ငစိုးပါ။ သူက ဘယ်လောက်ထိအောင် မိုက် ချက်က ကမ်းကုန်သလဲဆိုရင် ဘုရား မကြိုက်တဲ့ သားမိုက်။

အခုတော့ ငရဲလိုက်သွားရပြီ ဆို တဲ့ သတင်းဆိုးကြီးတစ်ခုက ခင်ဦးမြို့ နယ် အရှေ့ခြမ်း (၁၂) မိုင်ခန့်အကွာ မှာရှိတဲ့ ကုန်းကြီးရဲစခန်းအပိုင် ရွာစဉ် ကျေးရွာမှာ "ဟော်လေးတစ်ကြိုး • • ဟိုးလေးတစ်ကြော်" ဖြစ်ခဲ့လို့ ကြားရ သူတိုင်းက မျက်လုံးတွေပြူး၊ ခေါင်း နပန်းကြီး၊ ရင်တွေခုန်၊ ကြောတွေချမ်း ကြက်သီးတစ်ဖြန်းဖြန်း ထနေခဲ့ကြရ တယ်။

ဘုရားမကြိုက်တဲ့ သားမိုက် ငရဲ လိုက်သွားရပြီး မီးလောင်တိုက်အသွင်း ခံလိုက်ရတဲ့ မမျှော်လင့်သော လူသတ်မှု တစ်ခုဖြစ်ပွားသွားလို့ တစ်ရွာလုံး အုံး အုံးကြွက်ကြွက် ဆူညံပွက်သွားခဲ့တယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို ခရိုင်၊ ခင်ဦးမြို့နယ်၊ အရှေ့ခြမ်း (၁၂) မိုင်ခန့်အကွာရှိ ကုန်းကြီးရဲစခန်းအပိုင် ရွာစဉ်ကျေးရွာအတွင်း မမျှော်လင့်သော လူသတ်မှုတစ်ခု ၃၀-၈-၂၀၁၄ ရက်နေ့ နံနက် (၉) နာရီကျော်ခန့်အချိန်မှာ

ဘုရားမကြိုက်တဲ့
သားမိုက်
ငရဲလိုက်သွားရပြီး
မီးလောင်တိုက်
အသွင်းခံလိုက်ရတဲ့
မမျှော်လင့်သော
လူသတ်မှုတစ်ခု
ဖြစ်ပွားသွားလို့
တစ်ရွာလုံး
အုံးအုံးကြွက်ကြွက်
ဆူညံပွက်သွားခဲ့တယ်။

□ ■ □



www.burmeseclassic.com

ဖြစ်ပွားခဲ့တယ်။

၃၀-၈-၂၀၁၄ ရက်နေ့ နံနက်ခင်း မိုးမင်းကြီးက သည်းထန်စွာ ရွာသွန်းချလိုက်သည့် အဖြစ်မှာ လျှပ်စီးလျှပ်ပန်းနွယ်တွေက ဝင်းလက်နေသလို၊ မိုးခြိမ်းသံတွေကလည်း ကြောက်ခမန်းလိလိ မြည်ဟီးနေပြီး မိုးခြိမ်းသံကြီးတွေကို ကြောက်လွန်းလို့ ရွာထဲသို့ ပြေးဝင်ခဲ့ကြသူများထဲတွင် ထွန်းစိုးနှင့် ထွန်းဖြိုး ညီအစ်ကိုအရင်းနှစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။ အစ်ကိုကြီးဖြစ်တဲ့ ထွန်းစိုးက ရွာလယ်က အရက်ဆိုင်တွင် အရက်ဝင်သောက်ကျန်ရစ်ခဲ့တယ်။ ထွန်းဖြိုး အငယ်လူက နေအိမ်သို့ တန်းတန်းမတ်မတ် ရောက်လာခဲ့တယ်။

နေအိမ်ရောက်လျှင် ထွန်းဖြိုးနှင့်အတူ မိခင်မုဆိုးမကြီး အသက် (၇၀) ကျော်ခန့် ရှိသည့် ဒေါ်စိန်မေနှင့်အတူ ထမင်းစားနေကြသည်။ ထိုသို့ သားအမိနှစ်ယောက် ထမင်းစားနေစဉ် အရက်မူးလာသူ အစ်ကိုထွန်းစိုးရောက်လာပြီး နေအိမ်ပေါက်မှ ခြေကိုကောက်၍ ထမင်းဝိုင်းကို ခြေနှင့်ပေါက်လိုက်ရာ ညီဖြစ်သူ ထွန်းဖြိုး စားနေသော ထမင်းပန်းကန်ထဲသို့ ကျရောက်သွားပြီး ထမင်းပန်းကန်ပြား လွင့်စဉ်သွားခဲ့တယ်။

ထိုအဖြစ်အပျက်ကို မြင်လိုက်ရသည့် မိခင်ဖြစ်သူ ဒေါ်စိန်မေက -

"ဟဲ့ကောင်မောင်စိုး‥မင်းဘယ်လိုလုပ်လိုက်တာလဲ ငါ့သားရယ်၊ ဒီလိုမလုပ်ပါနဲ့၊ လာ‥လာ‥မင်းလည်း အမေတို့နဲ့အတူ တစ်ခါတည်း ဝင်စားလိုက်" လို့ ပြောလိုက်တယ်။

အရက်မူးနေသည့် အရက်သမား မူးထွန်းစိုးက မိခင်ကြီး ဒေါ်စိန်မေအား

"ခင်ဗျားကြီး‥ခင်ဗျားသားဘက်က မျက်နှာလိုက်တယ်‥"ဟု ဆိုကာ အော်ဟစ်၍ ဒေါ်စိန်မေမျက်နှာကို လက်သီးနှင့်ထိုး၊ လက်တွေကိုလိမ်ချိုး၊ လည်ပင်းကို ညှစ်သတ်လိုက်လို့ မိခင်ကြီးမှာ ထမင်းဝိုင်းဘေးတွင် ပက်လက်လန်လဲကျပြီး မေ့မျောသွားခဲ့တော့မှပဲ ထွန်းစိုးက အသက် (၇၀) နှစ်ခန့်ရှိ ဒေါ်စိန်မေအပေါ် ထင်သလို စော်ကားပြီး နေအိမ်မှထွက်သွားခဲ့တယ်။

ထိုအချိန်တွင် ညီဖြစ်သူ ထွန်းဖြိုးက လှည်းတွင်တပ်ထားသော ကြံခုတ်ဓားမကို ပြေးဖြုတ်၍ အစ်ကိုဖြစ်သူ ထွန်းစိုးနောက် ပြေးလိုက်သွားပြီး လက်ကဓားနဲ့ အစ်ကိုအား ကြောက်ကြောက်လန့်လန့်နဲ့ လှမ်းပေါက်လိုက်ရာ ထွန်းစိုးက ခြေသံကြား၍ နောက်လှည့်အကြည့် လည်ပင်းတွင် ထိမှန်သွား၍ 'ရွာစဉ်ရွာ တိုက်နယ်ဆေးရုံကြီးသို့ အချိန်မီ အမြန်တင်ပို့ခဲ့သော်လည်း ဆေးရုံ တွင် တစ်နာရီခန့်အကြာ ထွန်းစိုး သေ ဆုံးသွားခဲ့တယ်။

ထိုဖြစ်ရပ်ကြောင့် လူအချို့

တော့ မိခင်အိုကြီးကို ကိုယ်ထိ

ရောက် ကာယကံမြောက်စော်ကား

ဘုရားမကြိုက်တဲ့သားမိုက် ငရဲထဲ

သွားရပြီမို့ မီးတိုက်ရှို့လိုက်ရသည်

ဆိုနေကြတယ်ပေါ့။

အခင်းဖြစ်နေရာသို့ မြို့နယ်

တပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ စခန်းမှူး

ရဲမှူး ဘိုဘိုထွင့်၊ နယ်ထိန်းခေါင်း

ဒုရဲအုပ်နိုင်လင်းဦး၊ တာဝန်မှူး ဒုရဲ

စိုးထက်မောင်မောင်၊ ကုန်းကြီးရဲ

မှူး ဒုရဲအုပ်ကျော်ကျော်လှနှင့်

ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိခဲ့

မြို့နယ်မှူး ရဲမှူးသန်းဝင်း၏ အနီး

ကြီးကြပ်ကွပ်ကဲမှုကို ခံယူပြီး တ

ထွန်းဖြိုးအား အခင်းဖြစ်နေ့မှာပင်




www.burmeseclassic.com

www.burmeseclassic.com



ွင် ရှာဖွေဖမ်းဆီးခဲ့ကြပြီး ခင်ဦးရဲစခန်း (ပ) ၃၃၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ အရ တရားခံဖြစ်သူ ထွန်းဖြိုး (၂၆) ၊ ရွာစဉ်ကျေးရွာအပေါ် အမှုဖွင့် ရားစွဲဆိုထားကြောင်း။

မိခင်အိုကြီး ဒေါ်စိန်မေခမျာမှာ ာ့ ခေါင်းတွေပူကျက်နေပြီး အိုးထိန်း က်သဖွယ် ချာချာလည်နေရှာသည်။ က်စိကမွဲ၊ သွားကကျဲ၊ နားကထိုင်း၊ ကကိုင်း၊ အသက်က (၇၀) ကျော် တော့ အိုမင်းမစွမ်း ဒုက္ခသည် ဖြစ် ရတဲ့အပြင် သားငယ်ဖြိုးက ထောင် ရောက်၊ သားကြီးစိုးက ပြန်လမ်းမရှိ ဲ့ သေမင်းရွာရောက်သွားခဲ့ပြီ။

ဒီတော့လည်း ဒေါ်စိန်မေမှာ ကွင်း ယ်ကြီးနဲ့ သွပ်မိုးကပ်ကာ ပျဉ်ခင်း ) ခန်း x (၃) ခန်း၊ နှစ်ထပ်အိမ် ြီးတစ်လုံးနဲ့ သူတစ်ယောက်တည်း ညအမှောင်ထဲမှာ သားနှစ်ယောက်ရဲ့ ဖြစ်အပျက်တွေတွေးရင်း ကိုယ့်ဘဝ ရေး အမေးအဖြေဖွေရှာရင်း အိပ် က်ခြင်းကင်းဝေး၊ တွေးလိုက်တိုင်း ဖြေမပေါ်၊ ငါနယ်နှော် ရှိင်းလိုက်တဲ့ ကြမ္မာမုန်တိုင်း မာန်ဟုန်တင်းပြီး ပြင်းတဲ့ဒေါသစိတ်၊ မျက်စိတစ်မှိတ်၊ ပ်တစ်ပြက်အတွင်း ဖြစ်မှုဖြစ်ရက် လေခြင်းဟူသော ပူဆွေးသောကတွေနဲ့ ပင်လယ်ဝေအောင်ကျခဲ့ရတဲ့ ဒေါ်စိန်မေ ရဲ့ မျက်ရည်စက်တွေက နို့စွဲရူဝ ငိုရ လွန်းလို့ မျက်ခုံးတွေမို့၊ ပါးရည်တွေ တွန့်၊ အိုလွန်းမကာ အိုနေရရှာတယ်ဆို တာ သတိမထားနိုင်၊ မြတ်ဗုဒ္ဓရဲ့ တရား တော်တွေကိုလည်း တရားမရနိုင်ရှာပေ။

အဘွားအိုဒေါ်စိန်မေရဲ့ ရင်တွင်း ခံစားချက် အပူမီးတွေက နေခုနစ်စင်း ရဲ့ အပူထက် အပူကြီးပူလို့ တောက် လောင်ခံစားနေရတယ်၊ ဟိုတုန်းကတော့ သားနှစ်ယောက်က ပြုစုလုပ်ကိုင် ကျွေး မွေးနေကြတယ်၊ အခုတော့ သားနှစ် ယောက်မရှိတော့ အခက်တွေ့နေရပြီ ပေါ့။

အိုမင်းမစွမ်းဖြစ်နေတဲ့ အဘွားအို ဒေါ်စိန်မေမှာ ရေခပ်၊ ထမင်းချက်ဖို့ဆို တာ ဝေလာဝေး၊ သူ့ကိုယ်သူ အထိုင် အထကိုပင် ကြိုးစားရုန်းကန် လှုပ်ရှား နေရရှာသည်။ ရပ်ရွာက လူကြီးတွေက လည်း ကူညီဖေးမ အားပေးနေကြရ သည်။ ဘယ်လိုပင်ရှိပါစေ၊ အဘွားအို ရဲ့ သံယောဇဉ် ကြိုးနှစ်ပင်မီးစက် သူ့ ကိုယ်တစ်စစ ရစ်ပတ်ဖွဲ့နှောင် လောင် မြိုက်ိုင်း လောင်နေဦးမယ်ဆိုတာ ဒေါ်စိန် မေ သတိမထားနိုင်ရှာပေ၊ သတိသံဝေ တရားတွေလည်း မရနိုင်၊ သားနှစ် ယောက်ပေါ်မှာ နိုင်မြဲတဲ့ ချစ်ခြင်းမေတ္တာ တရားတွေက မြင့်မိုရ်တောင်ထက်မက အဆမျှားစွာ ကြီးမားနေပါတယ်၊ ပင် လယ်သမုဒ္ဒရာတွေထဲက ရေတွေကသာ ခမ်းခြောက်ရင် ခမ်းခြောက်သွားနိုင်ပေ မဲ့ အဘွားအို၏ သားနှစ်ယောက်အပေါ် မှာ ထားတဲ့ ချစ်ခြင်းမေတ္တာတရားတွေက တော့ ဘယ်တော့မှ ခမ်းခြောက်မသွား ဘူးဆိုတာပါပဲ။

သံယောဇဉ်ကြိုးတွေ ဖြတ်မရနိုင် ရှာလေတော့ အိုခြင်း၊ နာခြင်း သေခြင်း တရားတွေကို အဘွားအို မေ့နေရှာ တယ်။ သားနှစ်ယောက်နဲ့ အတူရှိနေ တုန်းကတော့ ဥပုသ်နေ့တိုင်း ရွာဦးထိပ် က ဘုန်းတော်ကြီးဆရာတော် ဦးသုမန ကျောင်းကို ဥပုသ်နေ့တိုင်း ဥပုသ်စောင့် ရောက်နေကြပေ့ါ။

သားနှစ်ယောက် အခုလိုဖြစ်သွား ပြီဆိုကတည်းက ပုတီးကလည်း မကိုင် နိုင်၊ သီလကိုလည်း မစောင့်နိုင်၊ ငါသည် ဘယ်ကလာလို့ ဘယ်ကိုသွားရမှန်းမသိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားကိုလည်း မေ့နေတုန်း၊ မြန်းဆို တစ်နေ့နေ့ တစ် ချိန်ချိန်မှာတော့ ငါလည်းပဲ သေရဦးမယ် ဆိုတဲ့ သတိသံဝေဂတရားတွေလည်း

---

"ခင်ဗျားကြီး၊ ခင်ဗျားသားဘက် က မျက်နှာလိုက်တယ်..."ဟု ဆိုကာ အော်ဟစ်၍ ဒေါ်စိန်မေမျက်နှာကို လက်သီးနှင့်ထိုး၊ လက်တွေကိုလိမ်ချိုး၊ လည်ပင်းကို ညှစ်သတ်လိုက်လို့ မိခင်ကြီးမှာ ထမင်းဝိုင်းဘေးတွင် ပက်လက်လန် လဲကျပြီး....



www.burmeseclassic.com

**ငါသေသွားရင်တောင်မှ ဒီသားနှစ်ယောက် အပေါ်မှာ အစွဲလမ်းကြီး စွဲလမ်းချစ်နေမိတဲ့ သံယောဇဉ်ကြိုးတွေကြောင့် အသေဖြောင့်မှာ မဟုတ်တော့ပါဘူးလို့ စိတ်ပျက်လက်ပျက် ညည်းညူတဲ့ အသံတွေနဲ့ နေ့စဉ်လို ခံစားနေရရှာတယ်။ အဘွားအိုရဲ့ ခံစားနေရမှုတွေကို အိမ်နားနီးချင်းဖြစ်သော သက်တူရွယ်တူဖြစ်သော အဘွားအို ဒေါ်မယ်မကာ သူ့ကို မကြာခဏ နားချခဲ့တယ်၊**

မရနိုင်ရှာပေ။ ငါသည် အိုပြီ၊ နာပြီ၊ သေရဦးမည်ဆိုတဲ့ လူနတ်ဗြဟ္မာ သတ္တဝါ ခန္ဓာရှိသူတိုင်း မလွတ်ကင်းနိုင်ကြဘူးဆိုတဲ့ တရားတွေကိုလည်း အဘွားအိုမှာ မကပ်နိုင်ရှာဘူးပေါ့လေ။

အဘွားအို‥က‥ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုတော့ အမြဲကိုးကွယ်ဆည်းကပ် ယုံယုံကြည်ကြည် အားထား၊ သဒ္ဓါစိတ်တွေ အလီလီပွားနေသော်လည်း သံယောဇဉ်ကြိုးတွေ မဖြတ်နိုင်၊ သတိသံဝေဂတရားတွေ မရနိုင်ပေ။ ဖြစ်ပြီးရင် ပျက်တတ်တဲ့ သဘောတရားတွေကိုလည်း သတိမထားနိုင်၊ အချိန်ရှိတိုင်း သားနှစ်ယောက်ရဲ့အဖြစ်တွေကိုလည်း တွေးရင်း တွေးရင်း ပူဆွေးခြင်း သောကနဲ့ မျက်ရည်ဝိုင်းလို့ မှုံမှိုင်းမှိုင်း ဝိုးတဝါးဝါးနဲ့ သားနှစ်ယောက်ရဲ့ပုံရိပ်တွေကို မျက်လုံးအိမ်ထဲက ပြေးမထွက်နိုင်တဲ့ နေ့ရက်တွေက နေ့တိုင်းလိုပင်။

ငါသေသွားရင်တောင်မှ ဒီသားနှစ်ယောက်အပေါ်မှာ အစွဲလမ်းကြီး စွဲလမ်းချစ်နေမိတဲ့ သံယောဇဉ်ကြိုးတွေကြောင့် အသေဖြောင့်မှာ မဟုတ်တော့ပါဘူးလို့ စိတ်ပျက်လက်ပျက် ညည်းညူတဲ့ အသံတွေနဲ့ နေ့စဉ်လို ခံစားနေရရှာတယ်။

အဘွားအိုရဲ့ ခံစားနေရမှုတွေကို အိမ်နားနီးချင်းဖြစ်သော သက်တူရွယ်တူဖြစ်သော အဘွားအို ဒေါ်မယ်မကာ သူ့ကို မကြာခဏ နားချခဲ့တယ်၊ အားပေးနေခဲ့ရှာတယ်၊ လောကဓံတရားရဲ့ ရိုက်ခတ်မှုကို ထုသားပေသား ရနေတဲ့ အဘွားအို ဒေါ်မယ်မကာ -

"ဟဲ့‥မယ်စိန်မေ ညည်းနယ် အေ‥ဒီလောက်အထိ ဝေဒနာတွေ ခံစားမနေပါနဲ့၊ ညည်းလည်း ဆရာ ဘုရားတွေရဲ့ တရားတွေ နာဖူးခဲ့ အဲဒီတော့ တရားရစမ်းပါ၊ ငါတို့ ပုထုဇဉ်လူသားတွေမပြောနဲ့၊ ဘု တောင်မှ ပရိနိဗ္ဗာန်စံတော်မူရသေး ပဲ၊ ညည်းမှာ သားကြီးတစ်ယော သေသွားပေမယ့် လိမ္မာတဲ့ သားအ ငြိမ်းရှိပါသေးတယ်၊ သူကလည်း ထဲမှာ သိပ်မကြာပါဘူး။

လွတ်ငြိမ်းချမ်းသာခွင့်တို့ ဘာ ညာတို့ ဆိုတာတွေ ရှိပါသေးတ အဝင်ရှိရင် အထွက်ရှိမှာပါအေ၊ ပြီး အပူမခံစမ်းပါနဲ့၊ အားတင်း သူတော်ကောင်း နတ်ကောင်းတေ ရှိတတ်ပါတယ်အေ‥"

ဟု အဘွားအို ဒေါ်စိန်မေ ကို မကြာခဏ လာလာပြီး အဘွာ ဒေါ်မယ်မကာ အားပေးစကားတွေ ပေးခဲ့လည်း သူ့ရှေ့မှာတော့ တရား သလို ခေါင်းတညိတ်ညိတ် ရှိခဲ့ တကာယ်တမ်းကြတော့ အဘွားအို စိန်မေမှာ သူ့ရင်ထဲက ခံစားချက် နောက်ထဲက ပူလောင်နေတဲ့ ဒဏ် ဒဏ်ချက်တွေက မေ့ပျောက်လို့မ တရားမမှလည်း မကပ်နိုင်ရှာ၊ သာ ယောက်အပေါ်မှာရှိနေတဲ့ သံယော အပူမီးတွေက တဟုန်းဟုန်းတော လောင်နေတုန်းပါပဲ။

ဘယ်သူတွေက ဘယ်လို တရားချခဲ့ပေမဲ့ တရားမရနိုင်ရှာ၊ နော ဆုံးမှာ ရွာဦးထိပ်က ဘုန်းတော် ကျောင်း ဆရာတော် ဦးသုမန တိုင်ကပင် ဟောပြ တရား၍ အ



www.burmeseclassic.com

www.burmeseclassic.com



လေး ခေါင်းကလေး ဆိတ်ဆိတ်ညိတ် လက်လျှော့နေခဲ့ရသည့် ရက်တွေ လည်း မနည်းတော့ပါချေ။

ဒီလိုနဲ့ပဲ အဘွားအို ဒေါ်စိန်မေမှာ က်ကိုလစား၊ လကိုနှစ်စား တစ်စစ ဘာလိုလို ခြောက်လကျော်တောင် ကြာလာခဲ့သည်။ တစ်လနှစ်လတော့ ဆွေမျိုးသားချင်းတွေက လိုလေသေး ရှိ ပြုစုစောင့်ရှောက်ခဲ့ကြပါသေးတယ်၊ အလုပ်တွေကိုယ်စီနဲ့ မအားကြတော့ က်အကြာကြီး မစောင့်ရှောက်နိုင်ကြ သေးဘူးပေါ့၊ တူမက မွေးတဲ့မြေးမလေး င်းအိဖြူတစ်ယောက်တည်း အနီးကပ် ပြုစုစောင့်ရှောက်ပေးနေရတယ်။

မနှင်းအိဖြူလေးကလည်း ငါးတန်း ကျောင်းသူမလေး၊ ကလေးဆိုတော့ အခက်သားပဲ။ ကျောင်းကတစ်ဖက်၊ ရှင်ကတစ်ဖက်နဲ့ဆိုတော့ အဘွားအို ဒေါ်စိန်မေမှာ အချိန်မှန်မှန် မစားရ၊ သောက်ရနဲ့ ကျန်းမာရေးတွေ တစ်စ တစ်စ ချို့ယွင်းမှန်းမသိ ချို့ယွင်းလာနေ ခဲ့တယ်ပေါ့။



တောင်ဆီက မိုးသားတိမ်ရိပ်တွေ က တလိမ့်လိမ့်တက်လာနေသည်။ လေနုအေးကလည်း တရှဲရှဲနဲ့ ရိုက် ခတ် တိုက်လာနေသည်။ ရွာစဉ်ရွာပေါ် သို့ ရောက်လာတယ်ဆိုရင်ပဲ မည်းမည်း မှောင်ကျလာတဲ့အချိန်မှာ လျှပ်စီးလျှပ် ပန်းနွယ်တွေက ဝင်းခနဲ၊ လက်ခနဲ ဖြိုး ဖြိုးဖြောက်ဖြောက် မိုးပေါက်ကလေးတွေ က စပြီး ကျလာချိန်မှာပဲ -

တအုံးအုံး၊ တဒိုင်းဒိုင်း မိုးခြိမ်း သံကြီးများနဲ့အတူ မိုးကြိုးပစ်သံကြီးများ က နားကွဲမတတ်၊ ကြောက်ခမန်းလိလိ၊ မြည်ဟီးပေါက်ကွဲနေသည်။ ထိုအချိန်က ညနေ (၄) နာရီခန့်ရှိနေသည်မို့ နှင်း အိဖြူ (၅) တန်းကျောင်းသူလေး ကျောင်းဆင်းလို့ အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ သူ့အခန်းထဲ ပြေးဝင် သွားပြီး လွယ်အိတ်ကို ခုတင်မှာချိတ်ပြီး အမေကြီး အိပ်ခန်းထဲသို့ ပြေးဝင်တယ် ဆိုရင်ပဲ -

တစ်ယောက်အိမ်ခုတင်ပေါ်တွင် နှစ်နံ့စပ်စောင်ပိုင်းလေးကို ခြုံလျက် နူး ကလေးကွေးကာ စောင်းလျက် အိပ်နေ သလို ရှိနေသော အမေအိုကြီးကို မြေး လေးဖြစ်တဲ့ နှင်းအိဖြူက အမေကြီး၊ အမေကြီး • •လို့ လေးငါးခြောက်ခွန်း နှိုးခဲ့သော်လည်း မရပါချေ။ အမေကြီး ဖြစ်တဲ့ ဒေါ်စိန်မေက ခုတင်ပေါ်တွင် မလှုပ်မယှက်။

နှင်းအိဖြူက -

အခါတိုင်း ငါခေါ်ရင် တစ်ခွန်းနှစ် ခွန်းနဲ့ အမေကြီးက ပြန်ထူးတယ်၊ စကားလည်း ပြောတယ်၊ အခု လေးငါး ခွန်းခေါ်တာ မထူးတော့ ဟုတ်ပါပြီ၊ အမေကြီး သေပြီထင်တယ်ဆိုပြီး အခန်း ထဲမှ အူယားဖားယားနဲ့ သူတို့နောက် အပြေးလိုက်လာကြပြီး အဘွားတို့၏ နေအိမ်သို့ ရောက်ခဲ့ကြတယ်။

ဒီတော့မှ အိပ်ခန်းထဲဝင်ကြည့် လိုက်ကြတယ်ဆိုရင်ပဲ အဘွားအိုဒေါ်စိန် မေမှာ ခုတင်ပေါ်တွင် ကွေးကွေးလေး ခေါင်းလှုပ်ကာ သေနေတာကို တွေ့ လိုက်တယ်ဆိုရင်ပဲ ငိုသူကငို၊ အော် ပြောသူကပြောနဲ့ ရုတ်ရုတ်သဲသဲ ဖြစ် နေကြတယ်။

အဘွားအိုရဲ့မောင်ဖြစ်တဲ့ ဦးဘ သာက ဒီလို နင်တို့ ငိုနေလို့မဖြစ်ဘူး၊ သူ့ကိစ္စ (ရှာပန)အတွက် ပြင်ဆင်ကြ ရမယ်လို့ အားလုံးကိုပြောလိုက်တော့ ဆွေမျိုးသားချင်းမိတ်ဆွေက အလျှိုလျှို အလျှိုလျှိုနဲ့ အိမ်အပြင်ထွက်လာကြပြီး သူတို့လုပ်ကိုင်စရာရှိတာတွေ ကိုယ်စီ ကိုယ်စီ တာဝန်တွေ အသီးသီးခွဲဝေယူ ကြပြီး (ရှာပန) ကိစ္စအတွက် လုပ် ကိုင်နေကြပါတော့တယ်။

အဘွားအို၏သင်္ဂြိုဟ်တဲ့ နောက် ဆုံးနေ့မှာတော့ ကျန်ရစ်တဲ့ မိသားစု ဆွေမျိုးသားချင်း၊ မိတ်ဆွေအရင်းအချာ တွေ အားလုံးတို့က မိခင်အိုကြီးတစ်ဦး ၏ သံယောဇဉ်ကြိုးနှစ်ပင်က သူ့ကိုယ် ကို ရစ်ပတ်ဖွဲ့နှောင် တုတ်ချည်ပြီး ဒုက္ခ ကြီး လှလှပေးကာ မပတ္တာမြေလူးတဲ့ အဖြစ် ဆိုးမျိုး ကင်းဝေးပါစေ။

သံသရာအထွေထွေမှာ ဤသို့ သော ဒုက္ခဆိုးတွေ မကြုံမတွေ့ပါစေနဲ့ လို့ ဘဝကူးကောင်းအောင် ဆုတောင်း အခါခါ ခြွေနေကြရပါတယ်လေ။

အုန်းကျော်သန်း (ဝိဥ္ဂ)



www.burmeseclassic.com

သံပယိုသီးသည် ရှေးယခင်ကပင် လူအများကပင် စားသုံးနေကြသော အသီးဖြစ်ပြီး ယင်းသည် သာမန် အသီးများနှင့် မတူဘဲ ထူးခြားသော သဘာဝစွမ်းအင်သတ္တိများ ရှိသည်ဟု လက်ခံယုံကြည်ခဲ့ကြပါသည်။ ရှေးအီဂျစ် လူမျိုးများကမူ သံပယိုသီးကို စားသုံး၍ အရည်ကိုသောက်သုံးပါက အဆိပ် အမျိုးမျိုး၊ အဆိပ်သင့်မှုမျိုးစုံကို ကာကွယ်ပေးနိုင်သည်ဟု စွဲမြဲစွာ ယုံကြည်ကြပါသည်။



# သံပယိုသီး၏ စွမ်းပကား

စုဝေနှင်း

သံပယိုသီး၏ နှစ်ပေါင်းများစွာ ကျော်ကြားလာခဲ့သော အကျိုးကျေးဇူးများအနက် အထင်ရှားဆုံးမှာ ယင်း၏ ပိုးသတ်နိုင်စွမ်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ကာ ပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်းနှင့် မြှင့်တင်နိုင်သည့်အပြင် အသည်းကိုလည်း သန့်စင်စေ၍ ကိုယ်အလေးချိန် လျှော့ကျရန် များစွာ အထောက်အကူပြုနိုင်ပါသည်။ သံပယိုသီးတွင် ဆစ်ထရစ်အက်စစ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်စီ၊ ဘိုင်အိုဖလေဗိုနွိုက်၊ ပက်တင်နှင့် လီမွန်နင်းဓာတ် စသည်တို့ ပါဝင်ပါသည်။

လူအများ သတိမပြုမိသော်လည်း လူ့ကျန်းမာရေးအတွက် အကျိုးပြုနိုင်သော သံပယို၏စွမ်းပကားတို့နှင့် ယင်း၏ နေ့ထိုင်မှုဘဝတွင် အဆင်ပြေစေနိုင်သော အံ့ဖွယ်အသုံးဝင်ပုံ အဖုံဖုံကို ရေးသားတင်ပြလိုက်ပါသည်။

## (၁) ဝက်ခြံကို ကုသနိုင်ခြင်း

သံပယိုသီးတွင် ပါဝင်သော ဆစ်ထရစ် အက်စစ်သည် ဝက်ခြံကိုကုသရာတွင် အထူးအစွမ်းထက်ပါသည်။ ယင်းတွင် ပါဝင်သော ဗီတာမင်စီသည် အယ်လ်ကာလီသတ္တိရှိ၍ ဝက်ခြံကို ဖြစ်စေနိုင်သော ဘက်တီးရီးယားတို့ကို ချေဖျက် သုတ်သင်ပေးသည့်အတွက် ကျန်းမာစိုပြည်သော အသားအရေကို ပေးစွမ်းနိုင်ပါသည်။ သံပယိုသီးဖြင့် ဝက်ခြံကိုကုသလိုလျှင် သန့်ရှင်းသော ဝါဂွမ်းစကို သံပယိုရည်ထွက်၍ ဝက်ခြံပေါ်တွင် ထိုဝါဂွမ်းဖြင့်တို့ကာ တစ်ညအိပ်ပါ။ မနက်မိုးလင်းလင်းချင်းတွင် ရိုးရိုးရေဖြင့် သန့်စင်ပေးပါ။ စစလုပ်ချင်းတွင် စပ်ဖျဉ်းဖျဉ်းအရသာကို ခံစားရပါလိမ့်မည်။ သို့ရာတွင် အလေ့အကျင့်များလာသောအခါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သံပယိုသီးစိတ်ကို ပျားရည် ဆ... ရောကာ ဝက်ခြံရှိသောနေရာတွင် လိမ်း... ထား၍ နာရီဝက်ခန့်ထားပါ။ ပြီးလျှင် ရိုးရိုးရေအေးဖြင့် သန့်စင်ပါ။ ဤနည်းကို အသုံးပြုပါက တစ်နေ့လျှင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် နှစ်ကြိမ် ပြုလုပ်ပေး... ရပါမည်။

ဤနည်းနှစ်သွယ်သည် သဘာဝ... နည်းဖြစ်၍ အန္တရာယ်ကင်းရှင်းပါသည်။ သို့ရာတွင် ဝက်ခြံများကို ဆိတ်ခွဲထား၍ အရေပြား ပေါက်ပြဲနေပါက အရေပြား ဆရာဝန်နှင့် ပြသကာ ခွင့်ပြုချက်ရမှ အသုံးပြုပေးပါ။

## (၂) စိတ်လှုပ်ရှားမှုကို သက်သာစေခြင်း

သံပယို၏ရနံ့သည် လူ့စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



အေးမြစေသည့်အတွက် စိတ်တင်းကျပ်ခြင်း၊ ကယောက်ကယက်ဖြစ်ခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်းတို့ကို သက်သာစေနိုင်ပါသည်။ သံသယိုရနံ့ဆီကို ရှူရှိုက်ပေးပါက အာရုံစူးစိုက်မှု ကောင်းလာသည့်အပြင် စိတ်ကို ဖျတ်လတ်နိုးကြားစေနိုင်ပါသည်။ ရုံးခန်းအတွင်းတွင် သံပယိုရနံ့ လေသန့်ဖျန်းဆေး (Air Fresher) ကို သုံးပေးပါက လုပ်သားများ၏ စွမ်းဆောင်ရည်တိုးမြင့်လာပါလိမ့်မည်။ ထို့ပြင် စိတ်တင်းကျပ်လာပါက သံပယိုဆီကို ရှူရှိုက်ပေးသင့်ပါသည်။

## (၃) ပါးစပ်တွင် အနာပေါက်ခြင်းကို သက်သာစေခြင်း

သံပယိုသီး၏ ပိုးမွှားနှင့် ဘက်တီးရီးယားများကို ခုခံနိုင်စွမ်းကြောင့် ပါးစပ်တွင် အနာပေါက်ခြင်းကို လျင်မြန်စွာ သက်သာစေနိုင်ပါသည်။ ရေနွေးနွေး တစ်ဖန်ခွက်ထဲသို့ သံပယိုသီး တစ်ခြမ်းကို ညှစ်ထည့်ပါ။ ထို့နောက် ထိုအရည်ဖြင့် တစ်နေ့လျှင် သုံးကြိမ်ခန့် ပလုတ်ကျင်းပေးပါ။ စပြုလုပ်ချင်းတွင် အနာနှင့် သံပရာရည်ထိတွေ့မှုကြောင့် စပ်ဖျဉ်းဖျဉ်းအရသာကို ခံစားရပါလိမ့်မည်။ နောက်ပိုင်းတွင်မှ သက်သာသွားပါလိမ့်မည်။

## (၄) အအေးမိခြင်းကို သက်သာစေခြင်း

အအေးမိရသည့်အကြောင်းအရင်းများစွာရှိသော်လည်း သက်သာစေရန် ရေနွေး တစ်ဖန်ခွက်ထဲသို့ သံပယိုသီး ညှစ်ထည့်ကာ ပျားရည်ရော၍ ဖျော်ပါ။ ပြီးလျှင် ချက်ချင်းသောက်ပေး ရပါမည်။

အအေးမမိမီ စတင်နှာစေးခြင်း၊ နှာယိုခြင်းဖြစ်စတွင် သံပယိုနှင့် ပျားရည်ဖျော်ရည်နွေးကို သောက်သုံးပေးပါက အအေးမိရောဂါကိုဖြစ်စေသည့် ပိုးမွှားများမှာ ဗီတာမင်စီ၏ ချေမှုန်းခြင်းကို ခံရပါလိမ့်မည်။

လည်ချောင်းနာပါက ရေနွေး ၂၅၀ မီလီလီတာထဲသို့ ဆားကြမ်းလက်ဖက်ရည် ဇွန်းတစ်ဇွန်းထည့်ပြီး ယင်းထဲသို့ သံပယိုသီးတစ်လုံး ညှစ်ထည့်ပေးပါ။ ယင်းရေကို ပလုတ်ကျင်းပါ။ တစ်ခါကျင်းလျှင် တစ်မိနစ်ခန့်ကြာအောင် ကျင်း၍ တစ်နေ့လျှင် သုံးကြိမ် ကျင်းပေးရပါမည်။ ပလုတ်ကျင်းရာတွင် လည်ချောင်းထဲထိ ရောက်အောင် ခေါင်းကို နောက်လှန်၍ ကျင်းပေးရပါမည်။

## (၅) နှင်းခူကို သက်သာစေခြင်း

ရေနွေး ၂၅၀ မီလီလီတာထဲသို့ သံပယိုဆီ ရှစ်စက်ချကာ ပျားရည် ထမင်းစား ဇွန်းတစ်ဇွန်းရောထည့်ပါ။ ပျားရည်သည် ရောင်ရမ်းမှုကို လျော့ကျစေပြီး သံပယိုသီး၏ ကုသနိုင်စွမ်းကိုလည်း တိုးမြှင့်ပေးနိုင်ပါသည်။ ထိုဖျော်ရည်ထဲသို့ ပိတ်စသန့်သန့်တစ်ခုကို စိမ်ပါ။ ပိတ်စကို ရေကျန်မရှိအောင် ညှစ်ပေးပါ။ ထိုအရည်စိမ်ထားသော အဝတ်စကို နှင်းခူဖြစ်ရာနေရာတွင် ဖုံးအုပ်ထားပါ။ တစ်ကြိမ်လျှင် ၁၅ မိနစ်ခန့်ကြာအောင် အုပ်၍ တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြုလုပ်ပေးနိုင်ပါသည်။ နှင်းခူကို သက်သာစေသည့်အပြင် ယားယံခြင်းပါ သက်သာလာသည်ကို တွေ့ရပါလိမ့်မည်။

## (၆) ပင်ပန်းမှုကို ပျောက်ကင်းစေခြင်း

အချိန်ကြာမြင့်စွာ ကိုယ်ကာယကို အသုံးချရသူ၊ ကမ္ဘာလှည့်ခရီးသည်များ။ စက်ဘီးစီး၍ (သို့မဟုတ်) လမ်းလျှောက်ပြီး ခရီးသွားကြသူများသည် မောပန်းမှုနှင့် ရေဆာမှုကို သက်သာစေရန် ရေဘူးထဲသို့ သံပယိုသီးညှစ်ထည့်ပြီး သောက်သုံးကြပါသည်။ ထိုရေသည် သာမန်ရေထက် ရေငတ်ပိုပြေသကဲ့သို့ အမောလည်း ပိုခံနိုင်သည်ဟု ဆိုကြပါသည်။

သံပယိုရနံ့သည် ဦးနှောက်၏ လုပ်ဆောင်ချက်ကိုလည်း မြှင့်တင်ပေးနိုင်ရာ အာရုံစူးစိုက်မှု ပိုကောင်းစေရန် ယင်းရနံ့ကို ရှူရှိုက်ပေးရပါမည်။ ထို့ပြင် သံပယိုရည်ကိုလည်း သောက်သုံးပေးနိုင်ပါသည်။

## (၇) သွေးတိုးကို ကျဆင်းစေခြင်း

ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့သည် သွေးတိုးကျစေရန် အထူးအသုံးဝင်ပါသည်။ ယင်းတို့ကို သံပယိုသီးနှင့် ပေါင်းစပ်လိုက်ပါက အစွမ်းထက် သဘာဝ သွေးတိုးကျဆေး ဖြစ်ပါတော့သည်။ ကြက်သွန်ဖြူဥ သုံးဥနှင့် ကြက်သွန်နီတစ်လုံးကို ထုထောင်းပြီး ပဲနို့ တစ်လီတာထဲသို့ ထောင်းထုထားသော ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို ထည့်ကာ နွေးပါ။ ဆူလာလျှင် ယင်းကို



www.burmeseclassic.com

ဆန်ခါဖြင့် စစ်ယူပါ။ ထိုအရည်ထဲသို့ သံပယိုသီး သုံးလုံးခန့် ညှစ်ထည့်ပြီး သောက်သုံးပေးပါ။ သံပယိုသီးတွင် ပါဝင်သော ပက်တင် (Pep- tin) နှင့် အခြား ဇီဝဖြစ်ပျက်မှုနှင့် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသော အာဟာရဓာတ်တို့သည်လည်း သွေးတွင်းအဆီဓာတ် (Cholestrol) ကို လျော့ကျစေနိုင်ပါသည်။

ထို့ပြင် ဤသံပယိုသီးသည် အခြားသောနေရာတို့တွင်လည်း အသုံးပြုပေးနိုင်ပါသည်။ အိမ်တွင်းတွင် သံပယိုသီး၏ အသုံးဝင်ပုံနှင့် အသုံးပြုနည်းတို့ကိုလည်း ဆက်လက် လေ့လာကြပါစို့။

(က) သင့်မီးဖိုနှင့် မီးဖိုအတွင်းတွင် စေးကပ်နေသော အညစ်အကြေးများ ရှိပါက သံပယိုသီးကို ထက်ခြမ်းခြမ်း၍ ယင်းပေါ်တွင် ဆားဖြူးကာ စေးကပ်၍ ချွတ်ရခက်သော နေရာကို ပွတ်တိုက်ပေးပါ။ ပြီးမှ ယင်းကို အဝတ်စဖြင့် သုတ်ပစ်လိုက်ပါ။ သို့ရာတွင် အညစ်အကြေးရှိသော မျက်နှာပြင်သည် သံပယိုသီးအသုံးပြုနိုင်၊ မနိုင်ကို ဦးစွာ စစ်ဆေးရပါမည်။

(ခ) အသုံးပြုချိန်ကြာမြင့်လာသည့် ကော်ဖီ၊ လက်ဖက်ရည်အိုးတွင် ကပ်နေသော ချေးကို တိုက်ချွတ်လိုပါက ယင်းအိုးထဲသို့ ရေဖြည့်ပြီး မီးဖိုပေါ်တွင် တင်ပါ။ ထို့နောက် သံပယိုသီးများကို ပါးပါးလှီးကာ ထိုအိုးထဲထပ်ဖြည့်၍ ဆူလာအောင်တည်ပါ။ ဆူလာလျှင် မီးဖိုမှ ချပြီး တစ်နာရီခန့် ထားထားပါ။ ထို့နောက်မှ ဆေးကြောပါ။ ကော်ဖီ၊ လက်ဖက်ရည်ခွက်ရှိ ချေးများကို တိုက်ချွတ်လိုပါက ရေခဲ ဆားနှင့် သံပယိုခွံတို့ဖြင့် ပွတ်တိုက်ပေးနိုင်ပါသည်။

(ဂ) ညှစ်ပြီးသား သံပယိုခွံများကို လွှင့်မပစ်ဘဲ ရေခဲသေတ္တာထဲတွင် ထည့်၍ အနံ့ဆိုးဖျောက်ရန် အသုံးပြုပေးနိုင်ပါသည်။ အမှိုက်ပုံးထဲမှ အမှိုက်ကို စွန့်ပစ်ပြီးလျှင်လည်း ထိုပုံးကို ဆေးကြောကာ ယင်းထဲသို့ အသုံးပြုပြီးသော သံပယိုခွံများထည့်ကာ အနံ့ဆိုး ဖျောက်စေနိုင်သည်။

(ဃ) သံပယိုသီးတစ်ခြမ်းကို မုန့်ဖုတ် ဆိုဒါဖြင့်ရောပြီး ကြေးနှင့် ကော့ပါးတို့ဖြင့် ပြုလုပ်ထားသော ခွက်ယောက်များကို အရောင်တောက်ပစေရန် ဆေးကြောရာတွင် အသုံးပြုပေးနိုင်ပါသည်။

(င) အင်းဆက်ပိုးများ ဝင်လာနိုင်သောနေရာတွင် သံပယိုခွံများကို ချထားပြီး ပုရွက်ဆိတ်နှင့် အခြားသော ပိုးမွှားများကို မောင်းထုတ်နိုင်ပါသည်။ ယင်းတို့သည် သံပယို၏ အက်စစ်ဓာတ်ကို ကြောက်လန့်သောကြောင့် ဖြစ်ပါသည်။

(စ) သံပယိုသီးသည် အယ်လ်ကာလီဓာတ်ဖြစ်၍ စဥ်းတီတုံးကို ပိုးသတ် သန့်စင်ရာတွင် အသုံးပြုပေးနိုင်ပါသည်။ စဥ်းတီတုံးကို ဆေးကြောပြီး ယင်းကို သံပယိုရည်ဖြင့် သုတ်လိမ်းကာ တစ်မိနစ်ခန့်ထားပါ။ ပြီးမှ သန့်စင်ပေးပါ။

(ဃ) သံပယိုသီးတစ်ခြမ်းကို မုန့်ဖုတ် ဆိုဒါဖြင့်ရောပြီး ကြေးနှင့် ကော့ပါးတို့ ဖြင့် ပြုလုပ်ထားသော ခွက်ယောက် များကို အရောင် တောက်ပစေရန် ဆေးကြောရာတွင် အသုံးပြုပေးနိုင်ပါသည်။

(င) အင်းဆက်ပိုးများ ဝင်လာ သော နေရာတွင် သံပယိုခွံများကို ချ ထားပြီး ပုရွက်ဆိတ်နှင့် အခြားသော ပိုးမွှားများကို မောင်းထုတ်နိုင်ပါသည် ယင်းတို့သည် သံပယို၏ အက် ဓာတ်ကို ကြောက်လန့်သောကြော ဖြစ်ပါသည်။

(စ) သံပယိုသီးသည် အယ်လ် လီဓာတ်ဖြစ်၍ စဥ်းတီတုံးကို ပိုးသတ် သန့်စင်ရာတွင် အသုံးပြုပေးနိုင်ပါသ စဥ်းတီတုံးကို ဆေးကြောပြီး ယင်း သံပယိုရည်ဖြင့် သုတ်လိမ်းကာ တစ် နစ်ခန့်ထားပါ။ ပြီးမှ သန့်စင်ပေးပါ

(ဆ) သံပယိုသီးတစ်ခြမ်းပေါ်တွ မုန့်ဖုတ်ဆိုဒါဖြူးကာ ယင်းကို တံတော ဆစ် အသားမာ တက်နေသောနေရာ ပွတ်တိုက်ပေးပါ။ ပွတ်တိုက်ရင်း သံပယိုသီးမှာ အရည်များ ထွက်လာ လိမ့်မယ်။ ၁၀ မိနစ်ခန့်ကြာပါက ရေ ဆေးချပြီး တဘက်ဖြင့် ရေသုတ် တံတောင်ဆစ်ကို လိုးရှင်း တစ်မျိုး လိမ်းပေးရပါမည်။

(ဈ) သကြားပန်းကန်လုံးတစ်လုံး သေချာစွာ လှီးထားသော သံပယိ နှင့်ရောပါ။ ယင်းထဲသို့ သံလွင်ဆီ ထည့်ပါ။ ရေချိုးပြီးသောအခါ ထိုပြုလု ထားသော အနှစ်ဖြင့် တိုက်ချွတ်ပေး အထူးသဖြင့် ဒူးခေါင်း၊ တံတောင်ဆစ် ခြေမျက် စိကဲ့သို့ အသားမာရှိသော နေရာတို့ကို တိုက်ပါ။ အားဖြင့် အထွေ အမင်းသုံး၍ မတိုက်သင့်ပါချေ။

*Ref:Internet*

ရွှေ



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဘဝသည် အလှည့်အပြောင်း ရှိသည်ဆိုသည့် စကားကို သူလက်ခံလိုက်သည်။ ငယ်ရွယ်စဉ်အခါကတော့ ဘာဆိုဘာမှ မသိခဲ့၊ ခေါ်လာသည့်နေရာကို လိုက်လာခဲ့သည်။ နေရမည့်နေရာသို့ ရောက်သော်လည်း ကျွဲတာကိုစားပြီး ထားသလိုနေခဲ့သည်။ သူ့ဘဝသည် ရေရေရာရာ မသိတတ်သေးသည့် သုံးနှစ်သားအရွယ်ကပင် ပြောင်းလဲခဲ့ရသည်။

"မြေးလေး‥လာ၊ အဘိုးနဲ့လိုက်ခဲ့‥"

ရေးရေးလောက်သာမြင်ခဲ့ဖူးသော အဘိုးဆိုသူ အဘခြံ၏နောက်သို့ သူလိုက်လာခဲ့သည်။ အဘခြံမလာခင်ရွာတွင် အဖေနှင့် အမေတို့နှင့် အတူနေခဲ့ရသည်။ ညနေစောင်းလျှင် အဖေနှင့် အမေပြန်လာလျှင် အမေ့နို့ပိန်ပိန်လုပ်လုပ်ကို သူမျက်နှာအပ်ပြီး အငမ်းမရစို့သည်။

"သားလေးကလေ၊ သုံးနှစ်ပဲ ပြည့်တော့မယ်၊ နို့က မပြတ်ချင်သေးဘူး"

နို့ကို အားပါးတရစို့နေသည့် သူ့ကို အမေက ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုပြီး စကားပြောသည်။ အမေ့နို့ရည်သည် သူစို့လေတိုင်း ချိုမြမြနှင့် အာသာပြေစေသည်။

"ကဲ‥တော်တော့သားလေးရယ်၊ အမေ့ကိုယ်က ငါးညှီနံ့တွေ နံနေတယ်၊ ရေချိုးလိုက်ဦးမယ်၊ ရေချိုး၊ ထမင်းစားပြီးမှ အိပ်ရာထဲမှာ အမေဆက်တိုက်မယ်နော်‥"

ငါးညှီနံ့သင်းနေသည့် အမေ့ခန္ဓာကိုယ်မှ နို့ရည်သည် သူ့အတွက် မဟာအာဟာရဆေးဖြစ်သည်။ ပြည့်ပြည့်တင်းတင်း မရှိတော့သည့် အမေ့နို့ပိန်လေးမှာ နွေးထွေးလှသော အမေ့ရင်ခွင်ဖြစ်သည်။ သည်အဖေ၊ သည်အမေနှင့် ကြမ္မာဆိုးက သူ့ကို ကွဲကွာစေသည်။ မှတ်မိသလိုလို၊ မမှတ်မိသလိုလို ရှိသော ပုံရိပ်တို့က ဝေဝေဝါးဝါး ထင်မိသည်။ လူတွေအများကြီး၊ စကားတွေလည်း ပြောကြသည်။

"မနေ့ညဦးပိုင်းကတည်းက လေနဲ့ လှိုင်းက အရမ်းဆိုးနေတာ အဲဒါကို နှင်းမှုန်တို့လင်မယားက အကြွေးဆပ်စရာရှိတယ်ဆိုပြီး လှေထွက်တာ‥"

"အလောင်းတွေကို ကွေ့ချောင်းအထက်ဘက်မှာ သွားတွေ့တယ်၊ ကလေးတော့ ဒုက္ခပဲ‥"

လူကြီးတွေ စကားပြောကြပြီးနောက် သူ့ကို အဘိုးကြီးတစ်ယောက် လာတွေ့သည်။ ပြောရလျှင် [...]

သည်ဟု ဆိုရမည်။ ဆီမရှိ၊ ခေ[...]

အတိနှင့် ရှိသည့် သူ့ခေါင်းကဆံ[...]

အဘိုးကြီး၏လက် ပိန်ခြောက်ခြော[...]

ပွတ်သပ်ပေးသည်။ အမေနှင့် အ[...]

မတွေ့ရလျှင် ငိုချင်လာသည်[...]

အားရပါးရ မငိုရတော့ဘဲ အဘ[...]

သည့်အဘိုးကြီးနှင့်အတူ တစ်နေ[...]

သင်္ဘောစီးသည်၊ ကားကြီးပေါ်တွင် [...]

ကျပ်သပ်သပ် တိုးတက်စီးလာပြီး [...]

ပေါ်မှ ဆင်းသည်နှင့် မောလောက်[...]

လမ်းလျှောက်လာရသည်။ အခါ[...]

တွေ ခြောက်လာသည်။ ရေဆာ[...]

သည်။ အဘခြံက သူ့ကိုချီသည့်[...]

ချီသည်။ လမ်းလျှောက်လည်း [...]

သည်။

"သား ရေဆာတယ်‥"

"အေး‥အေး‥အဘိုးနေတဲ့[...]

ကို ရောက်ရင် မြေးလေး ရေသော[...]

ရမယ်နော်‥"

မနက်စောစော သင်္ဘောစီးလာ[...]

အဘခြံ ဝယ်ကျွေးသည့် ကောက်[...]

ပေါင်းသာ စားခဲ့ရသည်။ ရေနွေးကြ[...]

တစ်ခွက်သောက်ရသည်။ ယခု[...]

အဘခြံနှင့် လိုက်လာရင်းက ရေ[...]

နေသည်။ အဘခြံကလည်း နေ[...]

လမ်းပူပူပေါ် လျှောက်လာရင်းက [...]

ကိုလည်း ချီလာခဲ့ရ၍ မောနေသည်[...]

"ကဲ‥မြေးလေးဖိုးယုန်၊ ဟို[...]

ခြံကျယ်ကျယ်နဲ့ တိုက်ဖြူဖြူကြီး [...]

လား‥"

အဘိုးပြ၍ သူလှမ်းကြည့်[...]

သည်။ သူတစ်ခါမှ မတွေ့ဖူး[...]

သော အဆောက်အအုံဖြူဖြူကြီး[...]



www.burmeseclassic.com

www.burmeseclassic.com


ဒီနေရာသို့ရောက်လျှင် ရေသောက်ရည်ဆို၍ ပျော်သွားသည်။ ထိုဖြူဖြူကြီးအဆောက်အအုံကြီး၏ ခြံဝတွင် အသားညိုမည်း၊ ဝဝတုတ်တုတ်၊ အရပ်မြင့်မြင့်လူကြီးတစ်ယောက်က ခြံကြီး၏ တံခါးကို ဖွင့်ပေးသည်။

"လာမြေး··လာလာ၊ သူ့ဌေးနဲ့ သွားတွေ့ရအောင်··"

အဘိုးပြောသည့်စကားလုံးတွေကို သူနားမလည်၊ လက်ဆွဲခေါ်၍ သူ ပါလာသည်။

"မြေးလေး··ဒီနေရာမှာ ဖိနပ်ချွတ်လိုက်··"

အဘိုးချွတ်ခိုင်းသည့်နေရာမှာပင် ဖိနပ်ချွတ်လိုက်သည်။ အဘိုးနှင့် လိုက်လာစဉ်၊ ဝယ်ပေးသော ခြေညှပ်ဖိနပ်အသစ်လေး ဖြစ်သည်။ ဖိနပ်ကို ချွတ်ပြီးသည်နှင့် ကောက်ယူလိုက်သည်။

"ဟဲ့··ဟဲ့··မြေးလေး၊ ဖိနပ်ကို ပြန်ချထားလိုက်··"

အဘိုးပြောသည့်စကားအတိုင်း သူမလုပ်ဘဲ သူ့ဖိနပ်နှစ်ဖက်ကိုသာ ရင်မှာ အပ်ထားလိုက်သည်။

"ရတယ် ဦးခြံ၊ လာလေ··ကလေးပဲ၊ ဘယ်သိပါ့မလဲ၊ သူ့ပစ္စည်းသူမက်တာပေါ့··"

အဘိုးထက် အသားဖြူဖြူ လူကြီးတစ်ယောက်က အခန်းထဲရှိ ကုလားထိုင် လှလှကြီးကြီးအပေါ်တွင် ထိုင်ပြီး ကောဆိုသည်။

"သူလေးက··"

"သူက ကျွန်တော့်တူမ လင်ယောက်ျားက မွေးတဲ့ မြေးလေးပါ၊ တူမရော သူ့ယောက်ျားပါ ပင်လယ်ထဲမှာ ငါးဖမ်း



လှေထွက်ရင်း မုန်တိုင်းမိပြီး နှစ်ဦးလုံး ဆုံးရှာတယ်၊ နီးစပ်ရာ ဆွေမျိုးသားချင်းက ကျွန်တော်ပဲရှိတယ်၊ ဒါကြောင့် ဒီကလေးကို ခေါ်လာခဲ့ရတာပါ··"

အဘခြံ၏စကားကို သနားညှာတာ အားနာစွာဖြင့် အိမ်ကြီးရှင်က လက်ခံလိုက်သည်။ အဘခြံ၏ အိမ်ကြီးရှင်မှာ ဦးမိုးကောင်း ဖြစ်သည်။ ဆွေစဉ်မျိုးဆက် ကြွယ်ဝချမ်းသာသူ ဖြစ်သည်။ အင်အားကြီးမားသော ဓနဂုဏ်ကို ပိုင်ဆိုင်ထားသည်။ ထို့အတူ မာနအဟုန်ကလည်း ထည်သည်။ အဘခြံကိုတော့ ခင်မင်ရင်းနှီးမှုထားသည်။ စေတနာလည်း ထားသည်။ ဦးမိုးကောင်းက စေတနာထားသလောက်၊ ဖိုးယုန်တို့ မြေးအဘိုးအား စေတနာမထားနိုင်သူမှာ အိမ်ကြီးတွင် နှစ်ယောက်ရှိသည်။ ထိုသူတို့မှာ ဒေါ်စံမိုးတို့ မောင်နှမဖြစ်သည်။

ဒေါ်စံမိုးဆိုသူမှာ ဦးမိုးကောင်း၏ ဇနီး ဖြစ်သည်။ ဒေါ်တပ်ခေါ်ရသော်လည်း အသက်မှာ သုံးဆယ်ဝန်းကျင်သာ ရှိသေးသည်။ လှသည်၊ ချောသည်၊ ဖြောင့်သည်၊ တောင့်သည်။ ကိုယ်နေဟန်အလှအပကြွယ်ဝသလို မာနကလည်း ဘဝင်ထိပ်ကပ်နေသည်။

ဒေါ်စံမိုး၏အစ်ကိုက ဦးစိတ္တ ဖြစ်သည်။ ဒေါ်စံမမိုး လှသလောက် သူ့အစ်ကိုက ရုပ်ဆိုးသည်၊ အသားအရေက ကြမ်းသည်၊ ရုပ်ရည်ကလည်း ဆိုးသွမ်းသည့်ပုံ၊ အသွင်သဏ္ဍာန်ကို မြင်ရသည်က ရက်စက်သည့်ပုံပင်။ ဦးမိုးကောင်းက အစဉ်အဆက် စီးပွားရေးကိုသာ အင်တိုက်အားတိုက် ရှာဖွေခဲ့ပြီ

**ငါးညှီနံ့သင်းနေသည့် အမေ့ခန္ဓာကိုယ်မှ နို့ရည်သည် သူ့အတွက် မဟာအာဟာရဆေးဖြစ်သည်။ ပြည့်ပြည့်တင်းတင်း မရှိတော့သည့် အမေ့နို့ပိန်လေးမှာ နွေးထွေးလှသော အမေ့ရင်ခွင်ဖြစ်သည်။ သည်အဖေ၊ သည်အမေနှင့် ကြမ္မာဆိုးက သူ့ကို ကွဲကွာစေသည်။ မှတ်မိသလိုလို၊ မမှတ်မိသလိုလို၊ ရှိသော ပုံရိပ်တို့က ဝေဝေဝါးဝါး ထင်မိသည်။**

၍ လူမှုရေးနှင့် ကင်းဝေးသလို၊ အချစ်ရေးနှင့်လည်း အလှမ်းဝေးခဲ့သည်။ မျက်စိထဲတွင် ချစ်ရမည့်သူကို ရှာမတွေ့သေး၍ ဖြစ်သည်။ အသက်အရွယ်ရလာသည့်အခါတွင် ရင်ခွင်နွေးထွေးစေရန် နုနုရွရွအတွေးလေးတွေ ဝင်လာသည်။ ဦးမိုးကောင်း ငွေကြေးချမ်းသာမှုကို သိကြ၍ အောင်သွယ်တော် တံတားခင်းကြသည်။ အရန်သင့် အခန်းသင့် အနေအထားကို ဦးမိုးကောင်းက မလိုလားပေ။ သူချစ်ရမည့်သူသည် သူ့ရင်ကို နွယ်ရစ်ပတ်နိုင်ပြီး သူ၏နှလုံးသားကို စိုးမိုးနိုင်သူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် အေးအတူ၊ ပူအမျှ ဖေးမနိုင်မည့် လက်တွဲဖော်လည်း ဖြစ်ရမည်ဟု ဆိုသည်။ ဥစ္စာစနေ ပေါ်ကြွယ်ဝစရာမလို၊ မနောချို သဘောဖြူ သိမ်မွေ့သူလေးလည်း ဖြစ်ရမည်။

ဒေါ်စံမိုသည် ရုပ်ရည်လှပသော်လည်း ဘဝမလှရှာသူဖြစ်သည်။ မိဘမရှိ၊ မိုခိုအားထားစရာ ဆွေမျိုးကလည်း ကင်း၍ မောင်နှမနှစ်ယောက်မှာ ချို့တဲ့စွာဖြင့် ဘဝကို ရပ်တည်နေရသူဖြစ်သည်။ ဦးမိုးကောင်း အလုပ်ကိစ္စနှင့် နယ်ဘက်သို့ ခရီးထွက်ခဲ့ရာတွင် ဒေါ်စံမိုတို့ မောင်နှမကို ပွဲရုံအလုပ်သမားအဖြစ် တွေ့ရသည်။ သူဌေးဦးမိုးကောင်းအပေါ်တွင် စေသည့်ကျွန်၊ ထွန်သည့် နွားပမာ ကျိုးနွံလှသည်။ ထိုသို့သွားရင်း မကြာခဏ တွေ့ရဖန်များလာသည့်အခါတွင် ဒေါ်စံမိုအပေါ် ဦးမိုးကောင်းသနားမိသည့် သဒ္ဒါလွန် အကြင်နာကျုံရာမှ မေတ္တာပါသွန်မိ၍ တင့်တင့်တယ်တယ် လက်ထပ်ယူလိုက်သည်။

"သူငယ်ချင်းမိုးကောင်း‥သူတို့က ဒီအရပ်က မဟုတ်ဘူး။ အရပ်တကာလှည့်ပြီး ပန်းပင်အမျိုးမျိုး၊ ဂမုန်းပင်အမျိုးမျိုးရောင်းကြရင်းက ဒီပွဲရုံမှာ ဝင်လုပ်ပါရစေဆိုပြီး ဝင်လုပ်ကြတာ၊ မောင်နှမတော်တယ်လို့တော့ ပြောတာပဲ၊ ရုပ်ရည်ချင်းကတော့ မတူတာ မင်းအမြင်ပဲ၊ နည်းနည်းတော့ မင်းစဉ်းစားသင့်တယ်‥"

ပွဲရုံပိုင်ရှင်၊ သူငယ်ချင်းက သတိပေး ဟန့်တားသော်လည်း ရင်မခုန်ဖူးသော လူပျိုရိုင်းကြီးမှာ စံမိုဆိုသည့် အလှနတ်သမီးလေးနှင့်ကျမှပင်။ ရွှေမေတ္တာ အနန္တ၊ မေချစ်တာအမုန်ပြု ဖြစ်ရတော့သည်။

"ကျုပ်မှာက ဒီညီမလေးတစ်ယောက်ပဲရှိတာ၊ တစ်မြို့တစ်ရွာကို တစ်ယောက်တည်း မထည့်နိုင်ဘူး၊ ကျုပ် ညီမလေးကို ကျုပ်ကစောင့်ရှောက်ရမယ်"

သို့နှင့်ပင် နမကောင်းစားတော့ မောင်အိမ်ဦးခန်းဆိုသည့်အတိုင်း ဦး… ကောင်းတို့အိမ်တွင် လူတွင်ကျယ် … လာသည်။

"မိုလေး‥ကလေး‥ဘာ… မိုလေး လိုချင်တာရှိရင် အစ်ကိုကြီး… ပြောနော်‥"

မိမိထက် အသက်များစွာငယ်သော… ဇနီးသည်လေးအပေါ်တွင် အလိုလိုက်… ကာ၊ အကြိုက်ဆောင်ပေးလေသည်… ယုယကြင်နာမှုဖြင့် ချစ်ကြင်နာပြလျ… ရှိသည်။

"ဒါပဲနော်‥အစ်ကိုကြီး။ မိုကလေး… ဟောဒီချစ်လင်ကြီးရဲ့ မျက်နှာကို တ… ရှာထင်ပြီး လိုက်လာတာ၊ အပြစ်တွေ… လည်း မို့အပေါ်မှာ နားလည်ခွင့်လွှ… ပေးနော်‥နော်‥"


ဖွဲ့ဖွဲ့ နွဲ့နွဲ့ ချွဲချွဲသံသာ အညှုအတ… အခရာတွေနှင့် သမုဒယအနေမှ မ… ရက်နိုင်အောင်ကို ဒေါ်စံမိုကလည်… ပြောတတ်သည်။ ဦးမိုးကောင်းနှင့် ဒေါ်… မိုတို့ လက်ထပ်သည့်အချိန်တွင် … ယုန်မှာ ဆယ့်ခြောက်နှစ်သား ရှိပြီ…

ယုန်သွားလေးသဖွယ် ရှေ့သွာ… လေး နှစ်ခုက အပေါ်လွှာ နှုတ်ခမ်း… အပြင်ဘက်သို့ လေညှင်းခံထွက်နေ… ဖုန်းယုန်ဟု ခေါ်သော်လည်း … အသက်အရွယ်ထက် ပိုပြီး ထွားနေ…


www.burmeseclassic.com

www.burmeseclassic.com





သည်။ မျက်နှာအနေအထားက တည်ကြည်သည်။ ယုန်လေးကဲ့သို့လည်း ဖျတ်လတ်သွက်လက်သည်။ အဘခြံ အသက်ကြီးလာ၍ အေးအေးချမ်းချမ်း အနားယူစေပြီး ဦးမိုးကောင်းလိုအပ်သမျှကို အစစအရာရာ ဖိုးယုန်ကပင် လုပ်ပေးသည်၊ နာမည်နှင့်လိုက်အောင်လည်း ယုန်လေးကဲ့သို့ ဖျတ်လတ်သည်။ ဦးမိုးကောင်းက ကျောင်းထားပေး၍ ဖိုးယုန် (၁၀) တန်း အောင်သည်။

"ဘဘရယ် · · ကျွန်တော် ရတဲ့ အလုပ် ဝင်လုပ်ပြီး အဝေးသင်တက်ပါ့မယ် · ·"

"မင်း အလုပ်မလုပ်ပါနဲ့ ကလေးရယ်· · မင်းအလုပ်လုပ်ရင် ဦးခြံအတွက်ရော၊ ဘဘအတွက်ပါ အဖော်မရှိဘဲ ဖြစ်မှာပေါ့၊ အဝေးသင်တက်တာတော့ ဘဘကြိုက်ပါတယ် · ·"

"အစ်ကိုကြီးကလည်းလေ ပညာလည်း သင်ပေးပြီးပြီ၊ သူ့ဘာသာ သူ့ဘဝ ဝမ်းရေးအတွက် လုပ်ပါစေတော့"

"ဒါပေါ့· · ကျွန်တော့်ညီမပြောတာ မှန်တယ်၊ အလကားလူပိုတွေကို အိမ်ပေါ်မှာ နေခိုင်းရတယ်လို့ · ·"

"သူတို့မြေးအဖိုးက အိမ်အတွက် သိပ်အဖော်ရတာ နောက်ပြီး ခမျာများမှာ မီးဖိုဆောင်ရဲ့ဘေးအခန်းက စုတိခန်းလေးမှာပဲ နေကြတာပါ · ·"

ဆက်ပြီး မပြောကြသော်လည်း ဖိုးယုန်တို့ မြေးအဖိုးကို ဆက်ဆံရာတွင် ဦးမိုးကောင်း၏ရေ့တွင်တစ်မျိုး၊ ကွယ်ရာတွင်တစ်မျိုး ဆက်ဆံကြလေသည်၊ ဦးမိုးကောင်း၏ကွယ်ရာတွင် နှိမ်ပြီး ဆက်ဆံကြသည်။

"အစ်ကိုကြီးရယ်· · အဘိုးကြီးက ခြံထဲမှာ ဘာတွေစိုက်ထားမှန်းလည်း မသိဘူး၊ မိုကြိုက်တာတွေ ပြောင်းစိုက်မယ်နော် · ·"

"ကောင်းပါပြီဗျာ· · မိုလေးရဲ့သဘောပါ · ·"

"ဟေး ဒါမှ မိုလေးရဲ့ချစ်လင်ပေါ့ · ·"

သို့နှင့်ပင် ခြံထဲရှိ အဘခြုံစိုက်ထားသည့် ပန်းပင်တွေအားလုံးကို ဖယ်ထုတ်လိုက်သည်။ ဒေါ်စိမို၏ စိတ်တိုင်းကျ ပန်းပင်၊ ဂမုန်းပင် စသည်တို့ကို ဝယ်ပြီး အိမ်သို့ ယူလာသည်။ သူဝယ်လာသည့် အပင်များကို အဘခြုံအား မစိုက်ခိုင်းဘဲ လူငှားပြီး တခြားသူကို ဒေါ်စိမိုက ညွှန်ပြပြီး စိုက်ခိုင်းသည်။ ဦးမိုးကောင်းအားလည်း သူက သူသိသမျှ ဂမုန်းပင်ရာဇဝင်ကို ခင်းပြသည်။

"ဂမုန်းဆိုတာ အမျိုးမျိုးရှိတယ်၊ မိုတို့မောင်နှမ နယ်မှာနေတုန်းကဆို ဂမုန်းပင်အမျိုးမျိုးကိုရှာဖွေပြီး လိုချင်တဲ့သူတွေဆီ ပို့ပေးပြီး ရောင်းခဲ့ရတာ"

"ဒါဆို မိုလေးက ဂမုန်းပင်တွေ အကြောင်း သေသေချာချာ သိမှာပေါ့၊ ပြောပြပါဦး · ·"

"ဂမုန်းဖြူတဲ့၊ သူ့ဥက ဖြူတယ်၊ အရွက်က နနွင်းရွက်နဲ့တူတယ်၊ ထူးခြားတာက တစ်နှစ်တစ်ခါ နေရာပြောင်းပြီး ပေါက်တတ်လို့ သူ့ကို ဂမုန်းရွှေလည်လို့လည်း ခေါ်တယ်၊ ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းခတ္တာတဲ့၊ တခြားဂမုန်းနာမည်တွေလည်း အများကြီး ရှိတယ်၊ ဂမုန်းဘီလူးတဲ့၊ အဲဒီဂမုန်းပင်ကို မကြာခဏ မြေကြီးနဲ့ အသားစိမ်းရောပြီး မြေစာကျွေးရသလို သွေး စသည်တို့ကိုလည်း လောင်းပေးရတယ်၊ အိမ်ကို စောင့်ရှောက်ပေးတယ်။ ဒေါင်းဂမုန်းက ညအချိန်ဆို အရွက်များ ယှက်ပြီး ဘုရားရှိခိုးတဲ့ပုံလို ပိတ်ပြီးနေတယ်၊ ဂမုန်းကြက္ကနွာကျတော့ ညဘက်မှာ လေမတိုက်တဲ့ ယိမ်းကသလို တက်ကြတယ်၊ အဲလူလာရင် ရယ်သွားကြရော"

"ဟာ· · အစ်ကိုကြီးရဲ့ ဇနီးလေးက ဗဟုသုတကြွယ်သားပဲ၊ မိုလေးကြိုက်တဲ့အပင် စိုက်ပါ · ·"

သို့နှင့်ပင် ဒေါ်စိမိုစိတ်တိုင်းကျ ဂမုန်းပင် စိုက်ဖို့ စီစဉ်တော့သည်။ သူယူလာသည့်အပင်များအား ဦးမိုးကောင်းကို မပြော၊ အဘခြုံတို့မြေးအဘိုးကိုလည်း



www.burmeseclassic.com

မယ်တော်ကြီး
ဂမုန်းလို့ခေါ်တယ်၊
သူ့ကိုစိုက်ထားတော့
အိမ်မှာလည်း
ကျက်သရေရှိတယ်၊
စီးပွားဥစ္စာလည်း
တိုးတယ်လေ၊
သူ့အရွက်တွေက
ဖားဖားကြီး
ထူထူအန်းအန်းနဲ့
နွားသရေလိုပဲ၊
ကျောက်စိမ်းရင့်ရောင်ရှိတော့
ကြည့်ရတာ
မျက်စိလည်းအေးတယ်၊
နောက်ပြီး
အိမ်တွင်းအိမ်ပြင်
အမြဲတမ်း
အေးချမ်းစိမ်းလန်း
စိုပြည်တော့....

မခိုင်။ သူတို့မောင်နှမသာ မြေဖွ၊ စိုက်ပျိုး၊ ရေလောင်းလုပ်ကြသည်။

"ကိုယ်တိုင်လုပ်တော့ လှုပ်လှုပ်ရှားရှား ဖြစ်တာပေါ့၊ ကျန်းမာရေးအတွက်လည်း ကောင်းတယ်လေ.."

"ဒီအပင်က သိပ်ရှားတယ်၊ အသိတစ်ယောက်က ရှားရှားပါးပါး ယူလာပေးတာ၊ ညှော်ခန်းထဲမှာ ကြွေပန်းအိုးနဲ့ အလှထားပြီး စိုက်မှာ.."

ဝယ်လာသောကြွေပန်းအိုးထဲတွင် မြေ သဲစာတို့ မထည့်ခင် ပတ္တမြား၊ ကျောက်စိမ်း စသော ကျောက်အဖြုန်းကလေးကို ခံပြီး ဂမုန်းပင်ကို စိုက်သည်။ သူတို့မောင်နှမကိုယ်တိုင် ပြုလုပ်သည်။ လက်နှစ်ဖက်ကို လက်အိတ်စွပ်ပြီးမှ အပင်ကိုကိုင်ကာ ပန်းအိုးတွင်စိုက်ပြီး ပန်းပင်အား ရွှေရည်၊ ငွေရည်လောင်းသည်။

"အဲဒါ·ဘာဂမုန်းလည်း မိုလေး"

"မယ်တော်ကြီးဂမုန်းလို့ခေါ်တယ်၊ သူ့ကိုစိုက်ထားတော့ အိမ်မှာလည်း ကျက်သရေရှိတယ်၊ စီးပွားဥစ္စာလည်း တိုးတယ်လေ၊ သူ့အရွက်တွေက ဖားဖားကြီး ထူထူအန်းအန်းနဲ့ နွားသရေလိုပဲ၊ ကျောက်စိမ်းရင့်ရောင်ရှိတော့ ကြည့်ရတာ မျက်စိလည်း အေးတယ်၊ နောက်ပြီး အိမ်တွင်းအိမ်ပြင် အမြဲတမ်း အေးချမ်းစိမ်းလန်း စိုပြည်တော့ အစ်ကိုကြီးနဲ့ မိုတို့နှစ်ယောက်အတွက် အမြဲတမ်း သာယာစိုပြည်တဲ့ဘဝရှိအောင် နိမိတ်ယူပြီး စိုက်လိုက်တာ.."

ထိုအပင်အား လက်အိတ်စွပ်ပြီးမှ အပင်ကို ကိုင်သည်။ ရေလောင်းခြင်း၊ အရွက်အပင်တို့ကို ထိတွေ့ခြင်း ပြုသည်။ ဦးမိုးကောင်းကလည်း ဒေါ်[illegible] မို လုပ်ကိုင်သမျှကို စိတ်တိုင်းကျ ပြု[illegible] လုပ်ခွင့်ပေးသည်။ ချိုသည်၊ ခါးသည်[illegible] တစ်ခုမှမပြော၊ အဘခြုံတို့ မြေးအ[illegible] ကလည်း သည်အတိုင်း လက်ပိုက်ကြည့်[illegible] နေလိုက်သည်။

"ဘဘ··အဲဒီအပင်က ဘာအပင်[illegible] လဲဟင်.."

"အဘလည်း မသိပါဘူး မြေ[illegible] ရယ်၊ အသက်ကြီးလာတော့ မျက်စိတွေ[illegible] ကလည်း ဝေဝါးတော့ သေသေချာချာ[illegible] မမြင်ရဘူးကွဲ့·၊ သူတို့အကျိုးရှိဖို့အတွက် စိုက်တာနေမှာပေါ့.."

ဒေါ်စိမိုတို့ မောင်နှမသည် ထို[illegible] ဂမုန်းပင်အား ကိုင်သည့်အခါတွင် လက်[illegible] နှစ်ဖက်ကို လက်အိတ်စွပ်ရုံမျှမက သ[illegible] ညှပ်နှင့် သေသေချာချာကောက်ယူပြီး ပလတ်စတစ်အိတ်ထဲ ထည့်သိမ်းထား[illegible] သည်။

ဒေါ်စိမိုတို့ မောင်နှမက စီးပွားရေ[illegible] ကို ဦးဆောင်ချင်ကြသည်။ ဦးမိုးကောင်[illegible] ကလည်း ယခုတလော စီးပွားရေးလုပ်[illegible] ငန်း၊ ပွဲရုံလုပ်ငန်းတွေအပေါ် သိပ်[illegible] စိတ်ဝင်စားမှုမရှိ၊ တစ်နေရာတည်းတွင် ထိုင်နေတတ်သည်။ စဉ်းစားသလိုလို[illegible] နှင့် အေးအေးဆေးဆေးနေချင်နေသည်။

"အစ်ကိုကြီးကိုကြည့်ရတာ [illegible] တလော လန်းလန်းဆန်းဆန်း မရှိဘူး[illegible] မိုဖျော်ပေးတဲ့ လိမ္မော်ရေရော မှန်မှန်[illegible] သောက်ရဲ့လား.."

မနက် အလုပ်ကိစ္စအတွက် မသွား[illegible] ခင် ဒေါ်စိမိုက ဦးမိုးကောင်းအတွက် လိမ္မော်ရည်ကို အသီးလတ်လတ်[illegible] ဆတ်မှ အရေညှစ်ပြီး သကြား[illegible] အနည်[illegible]



www.burmeseclassic.com

www.burmeseclassic.com





ယ် ထည့်ကာ အဆင်သင့်သောက်ရန် ပြုလုပ်ပေးခဲ့သည်။

"ညီမလေးကတော့လေ ယောက် ကြီးကို တော်တော်ဂရုစိုက်တာပဲ··"

အစ်ကိုလုပ်သူ ဦးစိတ္တာက သဘော ကျစွာ ရယ်မောရင်း ပြောတတ်သည်။ ထမင်းဟင်းအတွက်ကိုမူ အဘချိုက စီစဉ်ချက်ပြုတ်သည်ကို ဖိုးယုန်က ကူ ညီပေးသည်။

"ကုန်ပစ္စည်းတွေအတွက် နယ် ဘက်တွေကို အဝယ်ဆင်းဦးမှ အစ်ကို ကြီးရေ··"

ဦးမိုးကောင်းထုတ်ပေးထားသည့် ငွေအရင်းအနှီးကို လိုက်တွယ်သုံးပြီး ဒေါ်စံမှီတို့မောင်နှမနှစ်ယောက် ခရီး ထွက်တတ်သည်။ ခရီးထွက် လျှင်လည်း လေးငါးရက် မက တစ်ပတ်လောက်ကြာ သည်။ ခရီးထွက်ရာမှ ပြန် လာလျှင်လည်း ဒေါ်စံမှီ တို့အား လုပ်ငန်းကိစ္စနှင့် ဘာတစ်မျှ ဦးမိုးကောင်းလာ မမေး၊ လုံးဝ စိတ်ဝင်စားမှု ကင်းသည်။ အဘချိုတို့ ချက် ကျွေးသမျှကို စားသည်။ ဒေါ်စံမှီ တို့ မောင်နှမ ခရီး ထွက်နေလျှင် ဦးမိုးကောင်းက ခြံထဲ ဆင်းပြီး လမ်းလျှောက်သည်။ အသက် အရွယ်ရလာ၍လားမသိ ဦးမိုးကောင်း၏ ဟန်အမူအရာမှာ အေးဆေး၊ ဖြည်း လေး၊ နေးကွေးလာသည်။

"အစ်ကိုကြီးက ဘယ်လို ဖြစ်ပြီး အိပ်ရာထဲလဲရတာလဲ··"

ဒေါ်စံမှီတို့ ခရီး (၁၀) ရက်ထွက် သည်။ ပြန်လာသောအခါတွင် အိပ်ရာ ထက်တွင် အားအင်ဖျော့၊ နွမ်းနယ်သော အသွင်နှင့် နေနေသည်ကို တွေ့ရသည်။ ဒေါ်စံမှီမှာ ထိုမြင်ကွင်းကို မြင်သည်နှင့် စိုးရိမ်ပူပန်စိတ်က ယယ်ထိပ်သို့ တက် လာသည့်ပမာ မျက်နှာအမူအရာကအစ ပြောင်းလဲသွားပြီး အဘချိုအား အပြစ် တင်သောလေသံနှင့် မေးလာသည်။

"သူဌေးကတော်တို့မောင်နှမ ခရီး ထွက်ပြီး မကြာဘူး၊ ဆရာကြီးလည်း အစားအသောက်ပျက်လာတယ်၊ နောက် အားအင်ကုန်ခမ်းသလိုဖြစ်လာပြီး ခ တော့ အိပ်ရာထဲလဲတော့တာပဲ··"

"ဆရာဝန်ခေါ်မပြဘူးလား၊ ရှင်တို့ ဘာလုပ်နေကြတာလဲ··"

"ခေါ်ပြပါတယ်၊ ဆရာဝန်က နလုံး က အလုပ်သိပ်မလုပ်ချင်တော့ဘူးတဲ့၊ အသက်အရွယ်ရလာပြီ အတွက် စိုးရိမ်ရတယ် လို့ ပြောသွားတယ်··"

"ဆေးရုံတွေဘာတွေတင်ဖို့ မပြော ဘူးလား··"

"ပြောပါတယ်၊ ထူးခြားမှုရှိလာမှာ မဟုတ်ဘူးလို့ ပြောတယ်၊ နေ့တိုင်းတော့ လာလာကြည့်ပါတယ်··"

အဘချိုတို့မြေးအဘိုး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ သည်။ ထိုအတူ ဒေါ်စံမှီတို့ မောင်နှမ ကလည်း တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း ဆုံသွားသည်။

"အေးလေ··ဒါဆိုလည်း အစ်ကို ကြီးအတွက် ကောင်းမှုကုသိုလ်လေး ဘာလေး လုပ်ပေးရတော့မှာပေါ့··"

ဦးမိုးကောင်းရှိသည့်အခန်းထဲမှ ထွက်လာပြီး အစ်ကိုဖြစ်သူ ဦးစိတ္တာအား ဧည့်ခန်းသို့ ခေါ်ထုတ်လာခဲ့သည်။

"ဦးလေး··ကျွန်တော် ဘာဝိုင်းကူ ပေးရမလဲခင်ဗျာ··"

"နေ··နေ··မင်းနေရာ မင်းနေ၊ ဒီမှာ ဘာမှ လုပ်စရာမရှိဘူး··"

ဖိုးယုန်ဧည့်ခန်းဆီသို့ ထွက်လာ သည်ကို အတင်းပြန်လွှတ်လိုက်သည်။

မနက်မိုးလင်းသည့်အခါတွင် အိမ် ထဲ၌ ဒေါ်စံမှီတို့ မောင်နှမနှစ်ယောက် လှုပ်ရှားပုံက အဘချိုက တွေ့လိုက် သည်။ အမြင်က ဝေဝါးသော်လည်း ရိပ်များကို မျက်မှန်းတမ်းမိလျှင်ချင်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ဒေါ်စိမ့်မို၏အစ်ကို ဦးစိတ္တသည် ဧည့်ခန်းကို သန့်ရှင်းရေး လုပ်နေသည့်ဟန်ဖြင့် ဧည့်ခန်းရှိ ပရိဘောဂများကို ဟိုပြောင်းသည်ပြောင်း နေရာပြောင်းသည်၊ ဖုန်ခါသလိုလိုနှင့် တစ်ခုခုကို ရှာဖွေနေသလိုပင်။

အဘခြံက ဦးမိုးကောင်း၏ အခန်းထဲတွင် နေရစ်ခဲ့သည်။ အခန်းတံခါးကို ပိတ်လိုက်သည်။ နောက်ထပ် လူအဝင်မခံလိုခြင်း ဖြစ်သည်။ ဖိုးယုန်မှာ စာကျက်စရာလည်းမရှိ၊ အလုပ်လည်းမရှိသည့်အတွက် သူ့ဝါသနာအတိုင်း ကက်ဆက် အသေးစားလေးကိုယူကာ အေးအေးဆေးဆေး ခြံထဲရှိ တစ်နေရာတွင် သွားထိုင်နေလိုက်သည်။ ဒေါ်စိမ့်မိုတို့ မောင်နှမနှစ်ယောက်မှာ ဧည့်ခန်းထဲရှိ ဂမုန်းပင်အား နေရာအပြောင်းအရွှေ့ကိစ္စနှင့် အလုပ်ရှုပ်နေကြသည်။

"မမို··တို့ကိစ္စ၊ ဘယ်လိုစဉ်းစားမလဲ"

"ဘာကိုပြောတာလဲ၊ ရှင်ကလည်း ပွင့်ပွင့်လင်းလင်းပြောစမ်းပါ··"

"မင်းနဲ့ ဦးမိုးကောင်းနဲ့ လက်ထပ်စဉ်က စဉ်းစားစီစဉ်ထားတာလေ··"

ဖိုးယုန်မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားသံတွေဖြစ်သည်။ ဦးမိုးကောင်းနှင့် လက်ထပ်စဉ်က စီစဉ်ထားသည်ဆိုလျှင် ပိုပြီး စိတ်ဝင်စားသွားသည်။ တိုးတိုးလေး သီချင်းဆိုပြီး အသံဖမ်းယူနေစဉ် ဖိုးယုန်နေသည့်အနားသို့ ရောက်လာကြသည်။ ပုဏ္ဏားရိပ်ပင်အုပ်ကာ ကွယ်နေလျှင် ဖိုးယုန်သရက်ပင်အောက်တွင် ရှိနေသည်ကို သူတို့မသိကြ။ ဖိုးယုန်၏ ကက်ဆက်လေးမှာ ခပ်လှမ်းလှမ်းမှ အသံကိုလည်း ဖမ်းယူနိုင်သည်။

"သနားတော့ သနားပါတယ်၊ သူ့ခမျာ မို့ကို တကယ်ချစ်ရှာတာ၊ ရှင်နဲ့ ကျွန်မကို တကယ့် မောင်နှမအရင်း ထင်နေတာ··"

"ဒါကတော့ကွာ··"

"ဟုတ်တယ်လေ၊ မို့ကို ချစ်လွန်းတော့ ဘာမဆို လိုက်လျောရှာပါတယ်"

"ဒီမှာ မမို၊ ကျုပ်က မယားတစ်ယောက်လုံး မျက်နှာလွှဲခဲပစ်ပေးထားရတာ၊ ဒီလောက်တော့ အလျော်ပြန်ယူရမှာပဲ··"

ကြားရသည့်စကားတို့ကြောင့် ဖိုးယုန် အံ့အားသင့်သလို ဒေါသလည်း ထွက်မိသွားသည်။ ရက်စက်လိုက်သည့် ဖြစ်ချင်း။

"မင်းကို သူ ခြံနဲ့အိမ် မလွှဲသေးဘူးလား။ အတွင်းပစ္စည်းတွေရော ဘယ်လောက်ပေးထားသလဲ၊ ခု မင်းကိုယ်မှာ ဝတ်ဆင်ထားတဲ့ တစ်ဆင်စာပဲ ငါတွေ့တယ်၊ အမွေလွှဲစာချုပ်တွေရအောင် လုပ်ပါလို့ မင်းကို ငါအတန်တန်ပြောထားသားနဲ့··"

"အချိန်တန်တော့ ရမှာပေါ့ရှင်၊ ကျွန်မက သူ့ရဲ့ တရားဝင်ဇနီးမယားပဲလေ··"

"မထင်ပါနဲ့ ဒေါ်စိမ့်မို··"

အသံလာရာသို့ ကြည့်လိုက်သည်။ ဖိုးယုန် အဘခြံနှင့် ဦးမိုးကောင်း။ ထို့အပြင် ရဲအရာရှိယူနီဖောင်းနှင့် တစ်ယောက်။ ပုဏ္ဏားရိပ်ပင်နောက်မှ ထွက်လာကြသည်။

"ဒီမယ်တော်ကြီးဂမုန်းဟာ အခုပ်

သူတို့က
ဒီအရပ်က
မဟုတ်ဘူး၊
အရပ်တကာလှည့်ပြီး
ပန်းပင်အမျိုးမျိုး၊
ဂမုန်းပင်အမျိုးမျိုး
ရောင်းကြရင်းက
ဒီပွဲရုံမှာ
ဝင်လုပ်ပါရစေဆိုပြီး
ဝင်လုပ်ကြတာ၊
မောင်နုမ
တော်တယ်လို့တော့
ပြောတာပဲ၊
ရုပ်ရည်ချင်းကတော့
မတူတာ
မင်းအမြင်ပဲ...


www.burmeseclassic.com

www.burmeseclassic.com



> "မင်းကို သူ့ ခြံနဲ့အိမ် မလွှဲသေးဘူးလား။ အတွင်းပစ္စည်းတွေရော ဘယ်လောက်ပေးထားသလဲ၊ ခု မင်းကိုယ်မှာ ဝတ်ဆင်ထားတဲ့ တစ်ဆင်စာပဲ ငါတွေ့တယ်၊ အမွေလွှဲစာချုပ်တွေရအောင် လုပ်ပါလို့ မင်းကို ငါအတန်တန်ပြော ထားသားနဲ့.."

ဆိုတာ အဘချို့က သိပြီးသား၊ ဒီ ယ်တော်ကြီး ဂမုန်းကို လုတယ်၊ စီး ထက်တယ်ဆိုပြီးသာ လူတွေက ကြတာ၊ သူ့ရဲ့ အာနိသင်ကို လူတိုင်း သိကြဘူး၊ သိတဲ့သူက နည်းတယ်၊ မုန်းရဲ့အရွက်တွေက ထွက်လာတဲ့ အစေးဟာ လူရဲ့ အသားနဲ့ထိတွေ့ရင် လောင်စေပြီး ယားယံစေတယ်၊ ဒါ ကြောင့် ဂမုန်းပင်ကို ဖြတ်ရတဲ့အခါ အစေးမထိအောင် ကာကွယ်ရတယ်၊ မီးလိုပဲ ပူလောင်တယ်၊ အသားအရေ မှာ ဖုးရောင်လာတာပဲ၊ အရွက် အနည်း ယ်လောက် ကလေးတွေစားမိရင် ပြင်းထန်တဲ့ အဆိပ်မိသလို ခံစားရ တယ်။ ဒါကို မစံမှီကသိတော့ အရွက် ခြောက်ကို သိမ်းပြီး အဖတ်လေးတွေ အနည်းငယ်ထည့်ထည့်ပြီး ဦးမိုးကောင်း ကို လိမ္မော်ရည်နဲ့ ထည့်တိုက်တာကို အဘချို့က အပြောဦးလို့ ဦးမိုးကောင်း က သောက်ဟန်ဆောင်ပြီး သွန်ပစ်တာ၊ ခုတော့ ထင်သလို ဖြစ်မလာတော့ဘူး လေ။ ဒီတော့ -

"ဟင်..ခင်..ခင်ဗျားတို့.."

ဦးစိတ္တနှင့် ဒေါ်စံမှီပြေးရန် ခြေ လှမ်းပြင်သည်။

"ခင်ဗျားတို့ ပြေးလို့မလွတ်တော့ ဘူး၊ ကိုစိတ္တခေါ် ဓားပြလူဆိုးကြီး မြသီး၊ ခင်ဗျားတို့ ကျူးလွန်ခဲ့တဲ့ မှုခင်းတွေကို ကျုပ်တို့ ဖော်ထုတ်ပြီးပြီ၊ ခုလည်း ဦးမိုး ကောင်းကို ပညာပါပါ သတ်ဖြတ်ဖို့ ကြံစည်တာတွေကို သက်သေခံတွေနဲ့ အတူ မိထားပြီးပြီ.."

ဦးမိုးကောင်းကလည်း မီးထွက် မတတ် မျက်လုံးတွေနှင့် နှစ်ယောက် စလုံးကို ကြည့်လျက် -

"မင်းတို့က ငါ့စေတနာနဲ့ ငါ့မေတ္တာ ကို စော်ကားခဲ့ကြတယ်၊ ခုတော့ မင်း တို့ စေတနာ၊ မင်းတို့ကို အကျိုးပေး တော့မယ်၊ ငါလည်း မတတ်နိုင်တော့ ဘူး.."

ဦးစိတ္တခေါ် ဓားပြကြီး မြသီးက အံကြိတ်လျက် -

"ခင်ဗျားကြီး သေပေတော့.."

ခါးကြားထဲမှ ဓားမြောင်ကို ရုတ် တရက် ဆွဲထုတ်၍ ဦးမိုးကောင်းကို ပြေးထိုးသည်။ အနီးမှာရှိနေကြသည့် ဖိုးယုန်က ဦးမိုးကောင်းရှေ့မှ ဝင်၍ ကာကွယ်လိုက်သည်။

"ကဲကွာ..သေစမ်း.."

"အား..အ..အ.."

ဓားက ဖိုးယုန်၏ ရင်ဘတ်ထဲသို့ တစ်ဆုံး စူးနစ်ဝင်ရောက်သွားသည်။ ရဲအရာရှိနှင့် ဦးမိုးကောင်းက ဦးစိတ္တခေါ် ဓားပြကြီး မြသီးကို ဖမ်းချုပ်လိုက်ကြ၏။

ဒူးတွေ ညွတ်ကွေးကျသွားရှာသည့် ဖိုးယုန်ကလေးကတော့ သူ့ဘဝကို လူ တစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစု ပျိုးထောင်ပေးခဲ့ကြသော အဘိုးနှင့် ကျေးဇူးရှင် ဦးမိုးကောင်းကို ဝေဝါးနေ သည့် မျက်ဝန်းများဖြင့် ကြည့်ရင်း။

မြမြလှိုင်





www.burmeseclassic.com

www.burmeseclassic.com





# ဖိုးသဲအောင် (ပန်းမြေ)

## ချစ်သော စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



□

ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး ငယ်စဉ်ကတည်းက စာရေးဆရာဆိုသော ပုဂ္ဂိုလ်များကို အားကျခဲ့သည်။ သူနှင့် ကျွန်တော် အနာဂတ်အိပ်မက်တွင် စာရေးဆရာကို ချစ်ခင်လေးစားခြင်းထက် အထင်ကြီးမှုက ပိုပါသည်။ ရိုးသားစွာ ဝန်ခံရသော် သက်သက်သာသာဖြင့် ဝင်ငွေကောင်းသည်ဟု ထင်ခဲ့သောကြောင့် ဖြစ်သည်။

အချိန်အရွယ်ရောက် အတောင်ပေါက်ကြသည့်အခါ ဘဝပေးအခြေအနေအရ ကျွန်တော်က စာရေးဆရာကောင်းတစ်ယောက်ဖြစ်မလာပါ။ ရည်ရွယ်ချက်ကြီးသည့် ကျွန်တော့်သူငယ်ချင်းကတော့ (၁၀) တန်းတွင် (၄) ဘာသာ ဂုဏ်ထူးဖြင့် အောင်ခဲ့ပါလျက် ဘာအလုပ်မှ စိတ်မဝင်စားဘဲ စာရေးဆရာဘဝထဲ ခြေစုံပစ်ဝင်သွားပါတော့သည်။

သူ စာများ ကောင်းစွာရေးနေစဉ် ကျွန်တော်ကလည်း ကိုယ့်ဘဝအရေး လုံးပမ်းနေရသည်။ ဒုတိယအရွယ်ရောက်မှ ဝါသနာက ပြန်ပေါ်လာ၊ စာရေးရန် အခွင့်အရေးလေးက သာလာသည်မို့ စာတိုပေစလေးများ ဟိုတစ်စ ဒီတစ်စ ရေးမိလာပြီး လူချင်းပြန်ပေါင်းဖြစ်ပါသည်။ သူနှင့်ပတ်သက်၍ စာရေးဆရာ စစ်စစ်တချို့နှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေခဲ့မှ "ဩော်··စာရေး ဆရာဆိုတာ ဒီလိုပါလား" ဟု နားလည်ခွင့် ရခဲ့ပါတော့သည်။

ရင်းနှီးသွားသောအခါမှ သူတို့အကြောင်း ကျွန်တော် ပိုစိတ်ဝင်စားလာသည်။ စိတ်ဝင်စားလာသောအခါ ဒါတွေကို တွေးမိသည်။

စာရေးဆရာဟူသည်···။ အကြင်သူသည် တွေးနေသည်။ တွေးနေရင်းပင် ဒဿနကို တွေ့၏။ တစ်ခါတစ်ရံတွင် သုတကို တွေ့၏။ တစ်ကြိမ်တစ်ခါတွင် ရသဖြင့်ကြုံ၏။ တစ်ခါတစ်ခါတွင်မတော့ ဟာသနှင့်တိုး၏။ အကြင်သူသည် သွားလေရာ၊ ရောက်လေရာ အရပ်ဝယ် သာမန်လူနှင့်မတူ။ ထူးထူးခြားခြား ထိထိရှရှ ခံစားတတ်၏။ ထိုအခြေခံကျသော ရသလေးပါးအား တစ်ခုခုနှင့် အကြောင်းအရာသင့်တိုင်း အနလုံး ပင့်လုံ အထပ်ထပ်အခါခါခံစား၏။ ထိုခံစားချက်ကို အကြောင်းခံ၍ မျှဝေခံစားလိုသော စေတနာဆိုတာ ပေါ်လာ၏။

သူတတ်ထားသော ပညာရပ်နှင့် ထိုခံစားချက်အား ပေါင်းစပ်ကာ ဖြန့်ဝေ၏။ ထိုဖြန့်ဝေမှုသည် ဝီရဆိုသော သတ္တိကိုလည်း ဖြစ်စေသည်။ သံဝေဂဖြင့် ဆင်ခြင်မှုကိုလည်း ရနိုင်သည်။ ရယ်စရာဟာသဖြင့် လန်းဆန်းမှုကိုလည်း ပေးနိုင်သည်။ သူသည် အနုသယဆန်သော ခံစားချက်ပေး၍ ဘဝပြုပြင်သော ပြုပြင်ရေးသမား ဖြစ်သည်။

မသိ၊ မမြင်၊ မကြား၊ ဝိဇ္ဇာတံခါး ပိတ်နေသည့် လောကလူသားအားလုံးကို မိမိကဲ့သို့ သိစေ၊ မြင်စေ၊ ကြားစေဟူသော စာနာစိတ်ဖြင့် လောကကို ထွေးပိုက်ထားလိုသူ ဖြစ်သည်။ စာရေးဆရာစစ်စစ်သည် စာရိတ္တဗလနှင့် ဉာဏဗလမလွဲကာ ကျန်ဗလများ မွဲနေတတ်သည်။ သို့သော် လောကခံကို ဦးညွတ်လိုသူများ မဟုတ်။

အလွန်ခေါင်းမာကြသည်။ ယုံကြည်ချက်ဖြင့် အသက်ဆက်သူတို့ ဖြစ်သည်။ အမှန်တရားအတွက်ဆိုလျှင် ဘဝတင်မက အသက်ပါ စွန့်ဝံ့ကြသည်။ အကြောင်းအရာတစ်ခုအား မေတ္တာအခြေခံသည့် စိတ်တို့ဖြင့် မှန်းကာ ဆရာခေါ်ထိုက်သော စာရေးသည့် ပညာဖြင့် ပေါင်းစပ်ပြီး အမှန်တရားကို သက်သေထူ စာပေရေးသားသည့် ဘက်တော်သားကို စာရေးဆရာဟု ခေါ်ပါသည်။

မနှစ်က ရွာပြန်ရောက်စဉ် သူငယ်ချင်း ကျော်စွာအား ထူးထူးခြားခြား သတိရမိသည်။ သူ့မိသားစုအား မေးကြည့်သည်တွင် သူ့အမျိုးသမီး တာဝန်ကျရာ ဒုံမြို့သစ်သို့ ပြောင်းသွားကြောင်း



www.burmeseclassic.com

သိရသည်။ စာပေသမားအတွက် ရန်ကုန်ဆိုတာ ဘူမိနက်သန် နေရာမှန်ပင်။ စာပေဝါသနာကြီးသူ ကျော်စွာအဖို့ အိုက်တာနှင့် ရေတွင်းထဲကျခိုသလို သိကြားမသည့်ကိန်း ဆိုက်သွားပေတော့မည်။

သူနှင့်ကျွန်တော် ပြန်ဆုံပုံမှာ ဤသို့ ဖြစ်သည်။ တောင်ဒဂုံ စက်မှုဇုန်ဝယ် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံသွားဝယ်စဉ် ဖြစ်သည်။ ရန်ကုန်နွေ လယ်နေသည် ခြစ်ခြစ်တောက် ပူလှသည်။ အအေးသောက်ရန် သန့်ရှင်းသော အအေးဆိုင်တစ်ခုအတွင်း ဝင်ထိုင်လိုက်ရင်း လမ်းမသို့ တစ်ချက်ငေ့ကြည့်လိုက်သည်။ ပလက်ဖောင်းဘေး ဥဒဟို လူအများ သွားလာနေကြသည့်ကြားဝယ် လွယ်အိတ်လွယ်ထားသော လူတစ်ယောက်ကို သတိထားမိလိုက်၏။ "ကျော်စွာများလား" စိတ်ထဲဝယ် တွေး၍ မသေချာသော်လည်း…

"ဟေ့ ကျော်စွာ‥"

ထိုလူမှာ ဆတ်ခနဲ ပြန်လှည့်ကြည့်သည်။ ကျွန်တော့်ကိုမြင်သွားလျှင်-

"ဟာ‥မင်းဇင်‥"

သူ့ကိုတွေ့တွေ့ချင်း ကျွန်တော်က ဇဝေဇဝါ ဖြစ်နေသော်လည်း သူက ကျွန်တော့်ကို မြင်မြင်ချင်း အသေအချာမှတ်မိသည်။ အနားသို့လျှောက်လာစဉ် ကျွန်တော် နွေးနွေးထွေးထွေး ပွေ့ဖက်လိုက်၏။ အအေးသောက်ရင်း အတော်ကြာအောင် စကားပြောဖြစ်၏။

"သီတာရော နေကောင်းရဲ့လား။ ကလေးတွေရော ဘယ်နှယောက်‥"

သီတာလည်း နေကောင်းပါတယ်၊ သမီးတစ်ယောက်၊ သားတစ်ယောက်။

ကျော်စွာ၏ဇနီးမှာလည်း မိမိနှင့် သူငယ်ချင်းပင်။ တစ်ရပ်တည်းသားသဘောဖြူသည့်တောသူပင်။ တက္ကသိုလ် အတူတက်ကြရင်း ချစ်ကျွမ်းဝင်ကာ အကြင်လင်မယားဘဝရောက်ခဲ့၏။ ကြေးတိုင်နှင့် မြေစာရင်းဌာနတွင် အလုပ်လုပ်သည်။ ကျော်စွာကတော့ ဝါသနာရင်း စာစောက်ချ ရေးသူပင်။ ဒါက ကျွန်တော်ခွဲမလာခင် နောက်ဆုံးအခြေအနေ ဖြစ်သည်။

"ရန်ကုန်ရောက်တာ ဘယ်လောက် ကြာပြီလဲ‥"

"(၁၀) နှစ်ကျော်ပြီပေါ့ကွာ‥"

"ဟိုတလောက မင်းရဲ့ဝတ္ထု တစ်ပုဒ် ငါဖတ်လိုက်ရတယ်ကွ၊ မင်း လက်ရည်က အတော်မြန်လာတာပဲ၊ အခုငါလည်း အတိုအစလေးတွေ ရေးနေတယ်ကွ‥"

"ကောင်းတာပေါ့‥"

"တို့သူငယ်ချင်းတွေ တစ်မြို့တည်းနေပြီး ကျောချင်းကပ် ဝေးနေတာကွာ၊ မင်းလိပ်စာ ငါ့ကိုပေး‥"

သူက လွယ်အိတ်ထဲမှ စာရွက်အတိုလေးတစ်ခုဖြတ်၍ လိပ်စာရေးပေး၏။ သူ့အိမ်နားက ဖုန်းနံပါတ်လည်း ပေး၏။ ကျွန်တော်က အသင့်ပါလာသော လိပ်စာကတ် ထုတ်ပေးလိုက်သည်။

"ငါ‥အခုကတော့ မဝင်နိုင်တော့ဘူးကွာ၊ နောက်မှ လာမယ်၊ အလုပ်က အဓိပ်ကျင်းမှာ၊ ကွန်ဒိုမီယမ်တွေဆောက်နေတယ်"

"ဒါဆို ငါသွားတော့မယ်‥"

စာရေးဆရာဟူသည်‥။
အကြင်သူသည်
တွေးနေသည်။
တွေးနေရင်းပင်
ဒဿနကိုတွေ့၏။
တစ်ခါတစ်ရံတွင် သုတကို
တွေ့၏။
တစ်ကြိမ်တစ်ခါတွင်
ရသဖြင့်ကြုံ၏။
တစ်ခါတစ်ခါတွင်မတော့
ဗဟုသနှင့်တိုး၏။
အကြင်သူသည်
သွားလေရာ၊ ရောက်လေရာ
အရပ်ဝယ်
သာမန်လူနှင့်မတူ။
ထူးထူးခြားခြား
ထိထိရှရှ ခံစားတတ်၏။

ဝ၀ဝ


www.burmeseclassic.com

www.burmeseclassic.com



"အေး··အေး··"

သူထသွားသည့်အခါ ကျွန်တော့် အတွေးဖြင့် ကျန်သည်။

ငယ်စဉ်က ကျော်စွာနှင့် အခု ကျော်စွာ အတော်ကွာသည်။ စကား လိုရင်းတိုရှင်းသာပြောသည်။ စာရေးဆရာဘဝနှင့် ရင့်ကျက်သွားသည်ဟု ကျွန်တော်ထင်သည်။ လူပုံက နွမ်းလှ၏ ကျွန်တော့်ထက်စာလျှင် အတော်အိုတသွားသည်။ ခေါင်းတွင် ဆံပင်ဖြူများက ဖွေးနေပြီး မျက်နှာက ချောင်နေသည်။ လမ်းလျှောက်သည့်အခါ ခြေတစ်ချောင်းက ဆွတဆွတ ဖြစ်နေ၏။ မေးကြည့်ရာ တီလောက လေဖြန်းသွားသည်ဟု ဆိုသည်။ ငယ်စဉ်က ရွှင်လန်းလှသော မျက်နှာအေးနှင့် သူ့စကားများ ပြန်ကြား မြင်ယောင်ရင်း အတိတ်ကိုလွမ်းမိသည်။

ကျော်စွာသည် ငယ်စဉ်က လူရွှင်ဖြစ်သည်။ အမြဲတက်ကြွ လန်းဆန်းနေပြီး စလည်းဆော်၏။ မိတ်များကလည်း ပြည့်ပြည့်စုံစုံဖြစ်ပါသည်။ လယ်တွေပိုင်သည်။ ကိုင်းတွေပိုင်သည်။ တင်းကုပ်ကြီးတွေနှင့် နွားတွေ တစ်လှေကြီးမွေးသည်။ နွေရာသီကျောင်းပိတ်ရက်ဝယ် ကျော်စွာတို့ ခြံထဲရှိ နှစ်ချိုပိုတောက်ပင်ရိပ်မှာ ကျွန်တော်တို့ကွန်းခိုရာ ဖြစ်ခဲ့၏။ ငယ်စဉ်ဘဝ သက်တမ်း အတော်ကြာအောင် ဤပိတောက်ပင်ရိပ်မှာ ခွေးသိပ်ခဲ့ကြသည်။

ငယ်မူငယ်သွေးကြွစ (၉) တန်း၊ (၁၀) တန်း ရောက်သည့်အခါ စာရေးဆရာဘဝကို အားကျပြီး ကဗျာအတိုအစလေးတွေရေး ဟစ်ကြွေးခဲ့ဖူးသည်။ ကျော်စွာက ငယ်စဉ်ကတည်းက ကဗျာကို အသံထည့်ပြီး ဗွာန်ကရိုဏ်း ကျအောင် ရွတ်တတ်သည်။ ရွှေမန်းတင်မောင်၏ အောင်ပါစေသီချင်းအား အသံရော ဟန်ပါထည့်ပြီး ဗရုတ်ကျသည်။ သူ၏ငယ်စဉ်ဘဝမှာ လင်းလက်၍ ပန်းခင်းသောလမ်းမို့ ကျွန်တော် အားကျခဲ့မိသည်။

ဘယ်သွားသွား ဘယ်လာလာ ကျော်စွာနှင့် ကျွန်တော်မှာ နှစ်ကိုယ့်တစ်စိတ် ဖြစ်သည်။ ညအိပ်သည့်အချိန်မှ လွဲကာ ကျော်စွာတို့အိမ်မှာ ကျွန်တော် အမြဲရှိနေတတ်သည်။ ကျော်စွာအဖေက သူ့အား သီးခြားပေးထားသော တာဝန်ရှိသည်။ နွားစာရိတ်ရသည်။ နွားရေဖြည့်ရသည်။ နွားတင်းကုတ်တာဝန်ယူရသည်။ ကျော်စွာ အလုပ်သည် ကျွန်တော့်အလုပ်မို့ ဝိုင်းကူပါသည်။ တစ်ခါတစ်ရံတွင် ကျော်စွာနှင့် ကျွန်တော် တစ်ဖက်ရွာတွင် အလည်လွန်ကြပြီး အိမ်ပြန် နောက်ကျကာ အလုပ်တွေပဟာလျှင် ကျော်စွာ့ အဖေကြီးက ဤသို့ ဆူပါသည်။

"ကိုယ့်အလုပ်တာဝန်ကို မလေးစားဘူး။ ကြီးရင် ခွေးဖြစ်မယ့်အကောင်"

ဤအခါ ကျော်စွာက အဖေစိတ်ဆိုးပြေအောင် ပြောင်တောင်တောင်လုပ်ရင်း ကိုယ့်မျက်နှာကိုယ် လက်ညှိုးနဲ့ထိုးပြီး -

"အဖေသား ဒီရုပ်က ပညာရှိဥစ္စာပေါ့၊ ရုပ်ချော ဖြစ်မှာဗျ။ ဟား··ဟား··ဟား··"

ရုပ်ကလည်းချောသည်။ စာကလည်း တော်သည်။ ကျွန်တော့် အပေါ်ဝယ် အမြဲနားလည်၍ ညှာတာပါသည်။ သူ့အမေကြီးမှာလည်း ကျော်စွာနည်းတူ ကျွန်တော့်ကို ချစ်သည်။ တစ်ခါတွေးမိရင် ကျွန်တော် အမှတ်ရမိသည်။ ငယ်စဉ်က အဖြစ်အပျက်ဖြစ်သည်။ ရုပ်ခလေး၊ ရွာခလေးအရ ရွာကထိန်ပွဲနွဲ့ရန် အဝတ်အစားသစ် နှစ်စဉ် ဝယ်ချုပ်ကြသည်။ ကျွန်တော့်မိဘက ဆင်းရဲနွံချာ၍ ဝယ်မပေးနိုင်ပါ။

ထိုအခါ ကျော်စွာက သူ့အမေကို နားပူနားစာ လုပ်ပါသည်။ ကျွန်တော့်ကိုပါ ဝယ်ပေးရင် သူလည်း ဒါမဝတ်ဟု ဆိုသည်။ ထိုအခါကစ နှစ်စဉ်





www.burmeseclassic.com

တန်ဆောင်မုန်းလ ကထိန်အခါ ကျလေတိုင်း ကျော်စွာနည်းတူ ကျွန်တော် သစ်လွင်စွာ ဝတ်ဆင်ခဲ့ရပါသည်။ စိန်နားကပ်ရောင်နှင့် ပါးပြောင်ခဲ့ဘူးသည်။ နေ့စဉ် ကျောင်းသွားတိုင်း ကျွန်တော့်မှာ မုန့်ဖိုးမပါတတ်။ ကျော်စွာက သူဝယ်စားသည့် မုန့်တစ်ဝက် ကျွန်တော့်ကို အမြဲကျွေးသည်။ ဤသူငယ်ချင်း၏ ကျေးဇူးက မိမိအပေါ်များလေစွ။ ဒါနဲ့တောင် ကျွန်တော့်ဘဝသာယာလာချိန် ကျွန်တော် သူ့ကိုမရှာ။ ဥပက္ခာပြုထားမိသည်။ အစက အတွေးတွင် သူသည် ကျွန်တော့်ထက် အစစအရာရာ အရည်အချင်းသာသူမို့ ကျွန်တော့်ဘဝထက် သာယာနေမည်ဟု ထင်ခဲ့သည်။ သူ့ဘဝက ထင်သလိုဖြစ်မလာ။ ကျွန်တော် ကရုဏာသက်မိသည်။

မိုးဦးကျအရောက်တွင် မေးရင်း စမ်းရင်းပင် သူတို့အိမ် ကျွန်တော် အလည်ရောက်သွားသည်။ လမ်းအတော်ဆိုးသည်။ တချို့နေရာတွင် ခရောင်းထူ၍ တချို့နေရာတွင် ချိုင့်ကျသည်။ ကားအောက်ပိုင်းအယ်ဆယ်နှင့် မလွတ်သောကြောင့် ထိန်းမောင်းနေရသည်။ တနင်္ဂနွေရုံးပိတ်ရက်မို့ သီတာကိုလည်း



တွေ့ရသည်။ သူတို့အိမ်မှာပင် ထ... စားရင်း ငယ်ကအကြောင်း ရေး... နှောင်းဖြစ် စားမြုံ့ပြန် ရယ်မော ... ရှင်ခဲ့ရသည်။

ဓနိမိုး ထရံကာ သုံးပင်အိမ်... ဖြစ်သည်။ အိမ်လေးက သေး... လည်း ဖွဲ့စည်းပုံကောင်းသည်။ ... အိမ်ခန်း စနစ်တကျ ဖွဲ့စည်းထားသည်... ခြံဝန်းကတော့ မြို့အစွန်ကျသည်မို့ ... နိမ့်ပိုင်းကြီးပင်။ မိုးက တစ်ဖြိုက်... ဖြိုက် ရွာရသေးသည်။ ရေတွေက ... နေပြီ။ မိုးအခါ ရေကြီးပြီး ခြင်အတော်... ကိုက်မည့်နေရာ ဖြစ်သည်။

(၁၀) နှစ်ကျော်ကြာ ပျောက်... ခဲ့သည့် သူငယ်ချင်း။ ဤနေရာတွင်... ကွန်းခိုနေခဲ့သည်။ ဓနဂုဏ်မကြွယ်... သော်လည်း အချင်းချင်းနားလည်... တရားဖြင့် လွှမ်းခြုံ၍ မေတ္တာပြင်... နေသူများ။ သားနှင့် သမီးမှာလည်း... လူလိမ္မာသား ယဉ်ပါးဆိုသလို ယဉ်ယ... ကျေးကျေးဖြင့် ချစ်စရာကောင်းလှသည်။

ကျွန်တော် ပြန်ဖို့ရန်ပြင်သည့်အခါ... ကျော်စွာကလည်း သူ့ညီသည်နှင့်... ချိန်းထားတာရှိသည်။ မြို့ထဲလိုက်ဦးမည်... ဆိုကာ လွယ်အိတ်ကောက်ကိုင်လိုက်...

တစ်ဖက်သား အထင်ကြီးမှုကိုလည်း မခံယူလိုတော့။
ထိုစိတ်ရှိသူအား ပကတိရုပ်ပိုင်းဆိုင်ရာ ပကာသန မျက်စိနှင့်ကြည့်လျှင်
အမြင်ကောင်းချင်မှ ကောင်းမည်။ သို့သော် ထိုသူ၏ ဘဝသည်ကား ဝန်ထုပ်ဝန်ပိုး
ဖြစ်စေသော အလုပ်တစ်ဝက်ရှင်းပြီမို့ ပကတိအေးချမ်းနေတော့၏။
စာရေးဆရာတော်တော်များများမှာ ဤအမြင်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျက်ရည်ဖြိုင်ဖြိုင် ကျမိသည်။ စာပေအသိုင်းအဝိုင်း မိတ်ဆွေများမှာလည်း တဖွဲဖွဲ ရောက်လာကြ၏။ အလောင်းခြေရင်းဝယ် ကျုံ့ကျုံ့လေး ထိုင်နေကြသော သူ၏ သားနှင့်သမီးကို ကြည့်၍ ကျွန်တော် ဝမ်းနည်းသည်။ အဖမဲ့သား ရေနည်းငါး ဖြစ်လေပြီ။

၏။ ကျွန်တော်က -

"ဒါဆိုရင်တော့ အတော်ပဲကွာ၊ ငါလည်း ဒီလေထန်ကုန်းဆိုတာ စိတ်ဝင်စားနေတာ‥"

ကျွန်တော်ကားပေါ် တက်ခါနီးဝယ် -

"သီတာရေ‥ငါ့သူငယ်ချင်းကို ဂရုစိုက်နော်၊ ဒီကောင်ကြီးက တစ်နေ့ ရွှေဖြစ်မှာဟ‥"

"ရှင့်သူငယ်ချင်း ပညာရှိ၊ ရုပ်ချော၊ ဥစ္စာပေါကြီးကို ဂရုစိုက်လျက်ပါရှင့်" ဟု ထေ့လိုက်လျှင် ကျော်စွာက ရယ်ကျဲကျဲနှင့် တစ်ဖက်သို့ မျက်နှာလွှဲ၏။ ကားထွက်ခါနီးဝယ် သီတာက ခြံပြင်ထွက်လာရင်း -

"မောင်ရေ‥ဗလာစာအုပ် (၂) ဒါဇင်လောက် ဝယ်ခဲ့ဦးနော်၊ ကလေးတွေ ကျောင်းဖွင့်တော့မှာ‥"

သားတော်မောင်ကလည်း မှာတော်ပုံဖွင့်၏။

"အဖေ‥ဟိုဘက်ခြံက ပီတာကိုင်တဲ့ အိမ်ပုံချွန်စက်ကလေး။ သားမှာတာ (၁) နှစ်ကျော်နေပြီနော်‥"

"အေး‥အေး‥အေးကွာ‥"

ကျော်စွာက ပြုံးသနားငြိမ်းအေးရော။ စကားအဆုံးသတ်လိုက်၏။

လေထန်ကုန်းဆိုသည်ကား စာပေရတနာ ပညာရှင်များ စုဝေးရာ။ စာရေးဆရာများ သူ့အုပ်စုနှင့်သူ ဝိုင်းဖွဲ့နေကြသည်။ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းနှင့် သက်ကြီးစာရေးဆရာတချို့လည်း တွေ့ရသည်။ ကျော်စွာက ဝိုင်းတစ်ဝိုင်းထဲ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်အား သူ့ရေးဖော်ရေးဖက် တချို့နှင့် မိတ်ဆက်ပေး၏။

ထိုနေ့က စာပေအသိုင်းအဝိုင်းတွေ့ မြင်ခဲ့ရသည်မှာ သူလိုငါလိုပင် လူတန်းစားညီမျှ၍ ခပ်နွမ်းနွမ်းများသာ ဖြစ်၏။

လူသည် လောကအား မွေ့ပျော်ဖြန်ကျကျ အကာအနစ် ပိုင်းခြားဆန်းစစ်မိသွားလျှင် အပိုမဆလာ မလုပ်တော့။ ပကာသန မမက်တော့။ တစ်ဖက်သားအထင်ကြီးမှုကိုလည်း မခံယူလိုတော့။ ထိုစိတ်ရှိသူအား ပကတိရုပ်ပိုင်းဆိုင်ရာ ပကာသန မျက်စိနှင့်ကြည့်လျှင် အမြင်ကောင်းချင်မှ ကောင်းမည်။ သို့သော် ထိုသူ၏ ဘဝသည်ကား ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အလုပ်တစ်ဝက်ရှင်းပြီမို့ ပကတိအေးချမ်းနေတော့၏။ စာရေးဆရာတော်တော်များများမှာ ဤအမြင်ရှိကြသည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားကာ ယုံကြည်ချက်ဖြင့် ခရီးသွားများမို့ ဤအသိုင်းအဝိုင်းဝယ် ဤမြင်ကွင်းကား ဆန်းလှသည်တော့ မဟုတ်ပေ။

ကျော်စွာမှာ စကားဝိုင်းတွင် စကားပြောလျက်ပင် တစ်ချက်တစ်ချက် နာရီကိုငုံ့ကြည့်နေသည်။ အတန်ကြာသောအခါမှ တစ်စုံတစ်ရာကို မြင်လိုက်ရင်း မျက်နှာဝင်းသွား၏။ သူမြင်ကွင်းထဲ ကျွန်တော်ဝင်ကြည့်လိုက်၏။ ကားထိုးရပ်လိုက်ပြီး ဖိုင်ဖိုင်ချောချော လူတစ်ယောက်။ ထိုသူ၏ သွင်ပြင်အရ အဖက်ဖက်က ပြည့်စုံလှသည်။ မိုးကျရွှေကိုဟု ဆိုရမည်ပင်။ အတော်ချမ်းသာသည့် ရုပ်သွင်ရှိ၏။ စီးလာသော ကားသည်ပင် ယခုခေတ် ကျေးနှင့်ပင် သိန်းငါးရာ အထက်တန်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနှင့် ထိုပုဂ္ဂိုလ် စကား ပြောသည့်အချိန်တွင် ကျွန်တော်က လည်း စာရေးဆရာတစ်ယောက်နှင့် စကားကောင်းနေသည်။ စကားပြော လျက်ပင် သူတို့နှစ်ဦးအား ကျွန်တော် တစ်ချက်တစ်ချက် လှမ်းအကဲခတ်ကြည့် နေ၏။ ထိုပုဂ္ဂိုလ် ထသွားခါနီးမှ ပြော သော စကားက ကျယ်လာသည်မို့ ကျွန်တော်သဘောပေါက်သွားပြီး -

“ခုလောလောဆယ်တော့ မပါ သေးဘူးဗျာ၊ နောက်တစ်ပတ် ဒီအချိန် ဒီနေရာက စောင့်နေပါ..”

ထိုလူထသွားမှ ကျွန်တော်က ကျော်စွာအား -

“ဒီစာရေးဆရာကတော့ မင်းပြော ခဲ့သလို ပညာရှိ၊ ရုပ်ချော၊ ဥစ္စာပေါ ပါ လားကွ..”

“ရှူး..တိုးတိုး..၊ သူက ထုတ်ဝေ သူကွ၊ ရှဲဒိုးလည်း လုပ်တယ်၊ စာအုပ် လေး တစ်အုပ်ထုတ်ဖို့ ပြောထားလို့”

“ဪ..”

ကျွန်တော် ဪတစ်လုံးသာ တနိုင်သည်။ တစ်လှေတည်းစီး တစ်ခရီး တည်းသွားအချင်းချင်း စည်းဝိုင်းတစ်ခု တည်းအတွင်းမှာပင် အခြေအနေနှစ် ရပ်က ကွဲပြားလှ၏။ အနီးပုဂ္ဂိုလ်တို့သည် ပါရမီဓာတ်ခံ ကောင်းလှေစွ။

ထိုလူထွက်သွားမှပင် ကျွန်တော် တို့နှစ်ဦး စကားဆက်ပြောကြ၏။ ... ပြောနေရင်းပင် သူ့အိတ်ကပ်ကို ... ချက်တစ်ချက် စမ်းနေသည်။ ... သူ့စိတ်တွင်း တစ်စုံတစ်ရာ ခံစား... မသိစိတ်က ပြနေခြင်း ဖြစ်သည်။ ကျွန် တော်က သူ့ထက် အရပ်မြင့်သူမို့ ... လျက်ပင် သူ့အိတ်ကပ်ထဲ မသိ... လှမ်းကြည့်မိသည်။ နှစ်ရာတန် သုံး... ရွက်သာ။ ကျွန်တော်တို့ ထွက်လာ... နီး သူ့သား အငယ်ကောင်မှာတာ ကျွန် တော် ပြေးမြင်ယောင်မိသည်။

“အိမ်ပုံ ချွန်စက်သားမှာတာ ... နှစ်ကျော် ကြာပြီနော်..”

ထိုခဲတံချွန်စက်မျိုးမှ တရုတ်... လာ၏။ ကျွန်တော့်သမီးအား ဝယ်ပေး... သည်။ (၃၀၀၀) ကျော် ပေးရသည်... ဇနီးသည်မှာလည်း စာအုပ်ကလည်း... ဝယ်ရဦးမည်။ ဟိုလူဆီက ငွေမရလို့... တော့ သူ့ဘာနှင့်ဝယ်တော့မည်နည်း... မပြည့်စုံလှသော သူ့ဘဝမှာ ဒါမျိုး... က အကြိမ်ရေများစွာ ထပ်နေမည်... ဆိုင်အတွင်း လူအနည်းငယ်ရှိ... သွားမှ ကျွန်တော် အိတ်အတွင်း... (၅၀၀၀) တန် (၁၀) ရွက်ထုတ်... 

“ရော့..သူငယ်ချင်း..မင်းကလေး... တွေ လိုအပ်တာ ဝယ်ပေးလိုက်ကွာ”

ပြုံးရွှင်နေသော မျက်နှာမှ ချက်... ချင်း တင်းမာသွားပြီး -

“ဒါ ဘာလုပ်တာလဲ မင်း... မင်းငါ့ကို ဒီလိုမြင်ရင်တော့ နောက်... ငါ့ဆီမလာနဲ့တော့ကွာ..”

ကျွန်တော်သိလိုက်ပြီ။ ဒီကော... က အကြောမာသည်။

“မဟုတ်ဘူး၊ ဒါချေးတာပါ၊ ...





www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြေရင် ပြန်ပေးပါ‥"

"အေး‥ဒါဆိုရင်တော့ ယူမယ်၊ ၁၀၀၀၀) မလိုပါဘူး။ (၂၀၀၀၀) ပဲ း‥ရော့‥"

လေးရွက်ယူထားပြီး ခြောက်ရွက် ပေး၏။

ကေသရာဇာခြသေ့်မျိုး မြက်မစား ည့်ထုံး ဖြစ်သည်။ သူ့ဂါသာ ပေး င်သည်၊ ကမ်းချင်သည်။ သူများဆီ အခွင့်အရေးယူဖို့ ဆိုမထားနှင့်။ ယ့်ကို သနားသောမျက်လုံးဖြင့် ကြည့် ည်ကိုပင် မလိုလားသော လူစားမျိုး သည်။

နောက်ပိုင်းတွင် အလုပ်ချိန်မှအပ းလပ်သည့်အချိန်တိုင်းဝယ် ကျော်စွာ ကျွန်တော်အတူ ရှိနေတတ်သည်။ ူက အားလျှင် ကျွန်တော်၏ ကုမ္ပဏီ န်းရောက်လာတတ်သလို၊ သူမလာ င်လည်း သူ့အိမ်သို့ ကျွန်တော်က က်သွားတတ်သည်။ အလုပ်အား က်များတွင် လေထန်ကုန်းမှာ စာပေ ပေါင်းအသင်းများစွာနှင့် တစ်နေကုန် ချိန်ဖြုန်းတတ်သည်။ သူနှင့်ပတ်သက် ကျွန်တော်လည်း စာပေအသိုင်းအဝိုင်း အတော်လေးကျယ်ပြန့်ခဲ့ပြီ။

သူ့အား အနေအစား ပိုမိုချောင် ည်လာစေရန်အတွက် ကျွန်တော် ကြံပေးဖူးသည်။ ကျွန်တော်လုပ်သော ကုမ္ပဏီတွင် အလုပ်လုပ်ရန်ဖြစ်သည်။ ကုမ္ပဏီတွင် ကုမ္ပဏီသူဌေးကလည်း ကျွန်တော်တင်ပြလျှင် ငြင်းသည်မရှိ။ န်းသေ သူတစ်နေရာတော့ ရနိုင် ည်။

"ငါ စာပဲ ရေးချင်တယ်ကွာ‥" ဆက်မတွန်းရဲတော့ပေ။

ထို့နောက်တွင် ကျွန်တော်တို့ ကုမ္ပဏီဆောက်လုပ်ရေးတစ်ဖွဲ့လုံး ပြည်သို့ ပြောင်းရွှေ့ကြရသည်။ စီမံကိန်း ပရောဂျက်မှာ တစ်နှာတာ ကြာမည် ဖြစ်သည်။ ထို့နောက်တွင်တော့ သူနှင့် ကျွန်တော် ဝေးသွားရပြန်သည်။ မကြာခဏ ဖုန်းကတော့ အဆက်အသွယ်ရှိသည်။

တစ်ည ခုနစ်နာရီအချိန်တွင် ကျွန်တော့်ဆီ ဖုန်းဝင်လာပါသည်။ ကျော်စွာ့ ဇနီး သီတာ့အသံဖြစ်သည်။

"ကျော်စွာ အစာအိမ်သွေးကြောပေါက်လို့ ဆေးရုံတင်ထားရသည်တဲ့"

ကျွန်တော် အချိန်မဆွဲပါ။ သူဌေးအား ချက်ချင်း အကြောင်းကြားခွင့်တောင်းလိုက်ပြီး ညတွင်းခြင်းပင် ရန်ကုန်သို့ ပြန်ဆင်း၏။ လမ်းတွင် ဖုန်းထပ်ဝင်ပြန်သည်။ သီတာ၏ ဆို့နင့်သော အသံဖြင့် -

"ကျော်စွာ ဆုံးသွားပြီ" တဲ့။ ကျွန်တော် ကားစီယာတိုင်တွေ ကိုင်ရင်း တုန်တုန်ယင်ယင်ဖြစ်လာ၍ တပည့်လေးအား ပေးမောင်းခိုင်းလိုက်၏။ သူ့အိမ်သို့ တန်းသွား၏။

အပြစ်ကင်းစင်လှသော သူ့ရုပ်အလောင်းကိုမြင်သောအခါ ကျွန်တော့်ရင်မှာ ဆို့တက်လာ၏။ ကျွန်တော် မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။ စာပေအသိုင်းအဝိုင်း မိတ်ဆွေများမှာလည်း တဖွဲဖွဲ ရောက်လာကြ၏။ အလောင်းခြေရင်းဝယ် ကျုံ့ကျုံ့လေးထိုင်နေကြသော သူ၏ သားနှင့် သမီးကို ကြည့်၍ ကျွန်တော် ဝမ်းနည်းသည်။ အဖမဲ့သား ရေနည်းငါး ဖြစ်လေပြီ။

ကျွန်တော် ပြန်ခါနီးတွင် သီတာက ကျော်စွာ၏ စာရေးစားပွဲအံဆွဲအတွင်းမှ စက္ကူဖြင့် ပတ်ထားသော အထုပ်တစ်ထုပ် လှမ်းပေး၏။ ကျွန်တော် ယူ၍ ကြည့်လိုက်လေလျှင် 20000 K မင်းဇင်ပေးရန် သူ့ကျွန်တော့်ဆီက ချေးထားသောငွေ ပြန်ပေးရန် သပ်သပ်ခွဲသိမ်းထားခြင်းဖြစ်၏။ (၁၀၀၀) တန် အသေး အရွက် (၂၀) ဖြစ်၏။ ဒုတိယအကြိမ် ကျွန်တော် မျက်ရည်ရပြန်သည်။

"ကျွန်တော် အစကတည်းက"

သီတာက ကျွန်တော့်စကား ကြားဖြတ်၏။

"ဒါ သူ့ဆန္ဒမို့ ပြန်ယူလိုက်ပါ၊ မင်းဇင်ရယ်‥"

သီတာ တစ်ခါငိုပြန်သည်။ ဤမျှပင် သစ္စာတရားကြီးလေသူ။ ဖြူစင်သော စိတ်ဓာတ်ဖြင့် ပကာတိ ရိုးရှင်းသူ။ ဒီလိုသူငယ်ချင်းမျိုး ကျွန်တော့်တစ်သက်တာ ဘယ်မှာ အစားထိုးနိုင်တော့မည်နည်း။

သူသေဆုံးရခြင်းအကြောင်းအား ကျွန်တော် လေ့လာသုံးသပ်မိသည်။ သူဖြစ်ချင်ခဲ့သောဆန္ဒ (၃) ခုအနက် (၂) ခု ကတော့ ဖြစ်ခွင့်ရခဲ့သည်။ သူဖြစ်ခွင့်မရသော ချို့တဲ့မှုကပင် သူ့ကို သေရွာဆွဲခေါ်သွားသည်။ ချို့တဲ့မှုကို အကြောင်းပြု၍ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၏။ ကြာတော့ ကျန်းမာရေး ထိပါးလာ၏။ ဆရာဝန်၏သုံးသပ်ချက်အရ အချိန်မီသာ ကြိုတင်ကုသမှုခံယူခဲ့လျှင် သေစရာအကြောင်းမရှိပာ ဆိုသည်။



www.burmeseclassic.com

**ကျွန်တော့် ခြေဖမိုးဝယ် မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုလေပြီ။ ကျွန်တော့်ရင်ဝယ် လှိုက်၍ လှိုက်၍လာပြီ။ တစ်မဟုတ်ချင်း ဝမ်းနည်းမှုသည် ကူးစက်လာကာ မျက်ရည်ကြည်ပုလဲဥတို့ ရစ်ခဲ စီးဆင်းလာကြ၏။ ဝမ်းနည်းမှုနှင့်အတူ ပီတိလှိုင်းတို့ကား တဖျတ်ဖျတ်ရိုက်ခတ် လာ၍ ကျွန်တော် မျက်ရည်မသုတ်ပါ။**

ငွေအသပြာချို့တဲ့မှုနှင့် သူ၏ သူမတူသော မာနသည်ပင် လက်သည်တရားခံ ဖြစ်တော့၏။

ရွေးချယ်ခဲ့သောဆန္ဒ၏ နောက်ကွယ်တွင် ကာလ၊ ဒေသ၊ ပယောဂအရ သင်းသတ်ခံရသော တန်ဖိုးကြီး ကျွန်းပင်ကဲ့သို့ ဖြစ်ခဲ့ရသည်။ ထိုက်တန်သော ပြုစုပျိုးထောင်မှုမရှိလျှင် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ကြာလျှင် နွမ်းခြောက်သွားမြဲဖြစ်သည်။ တန်ဖိုးရှိပါလျက် တန်ဖိုးမသိသော အသိုင်းအဝိုင်း ကြားဝယ် တန်ဖိုးလည်း ရှိနိုင်တော့မည် မဟုတ်ပေ။ သတ္တလောကကြီးတစ်ခုလုံးတွင် လူသားသည် အသိဉာဏ် အမြင့်မားဆုံး ဖြစ်သည်။ လူသားတိုင်း ပညာတတ်ဖြစ်ခွင့် ရှိသည်။ ပညာတတ်တိုင်းသည် ပညာရှိဖြစ်လာသည်မဟုတ်၊ ပညာရှိနှင့် ပညာတတ် အတော်ကွာပါသည်။ လူသား အရင်းအမြစ် အသုံးချ ဘာသာရပ်တွင် -

"အတတ်ပညာဟူသည် ဦးနှောက်က ယိုစီးပြီး အသိပညာဆိုသည်ကား နှလုံးသားမှ စီးဆင်း၏" တဲ့။

ကျွန်တော်အလွန်ကြိုက်သော နိတိစကားဖြစ်သည်။

အတတ်ပညာဟူသည်မှာ ပြဋ္ဌာန်းထားသော သတ်မှတ်ထားသောအရာကို လေ့လာကျက်မှတ်၊ မှတ်သားပွားများ၍ ဦးနှောက်ဝယ် ပုံတူကူးယူ ထားလိုက်ခြင်း ဖြစ်သည်။ ပြဋ္ဌာန်းချက်ဆိုသည်ကား စာပေကျမ်းဂန် ဖြစ်ချင်ဖြစ်မည်။ ကိုင်တွယ်စမ်းသပ်ရနိုင်သည့် ရုပ်ဝတ္ထုပစ္စည်း ဖြစ်ချင်ဖြစ်မည်။ သက်ရှိ၊ သက်မဲ့ ဒြပ်ရှိ၊ ဒြပ်မဲ့အမျိုးမျိုး ဖြစ်နိုင်သည်။ ဥပမာဆိုရသော် ကွန်ပျူတာ တစ်လုံးဝယ် မန်မိုရီလိုလှောင်ထားသကဲ့သို့ ဦးနှောက်ဝယ် မှတ်သားထားပြီး လိုအပ်သည့်အချိန်တွင် ပြန်လည်ထုတ်ယူ သုံးစွဲခြင်းမျိုးဖြစ်သည်။ ထိုစံနှုန်းဖြင့် သတ်မှတ်ချက်ကို အတတ်ပညာဟု ခေါ်ပါသည်။

အသိပညာဆိုသည်ကား ဤသို့မဟုတ်။ ပိုမိုလေးနက်သော သဘောကို ဆောင်ပေသည်။ အတတ်ပညာနှင့် ပတ်သက်သည့် ဒီပလိုမာ လက်မှတ်အထပ်ထပ်အား ကျောပိုးအိတ်တွင် ထည့်လွယ်ထားသည့်တိုင် နှလုံးသားနှင့် ယှဉ်သော ဆင်ခြင်ဉာဏ်မရှိလျှင် အသိပညာရှင် ဖြစ်နိုင်မည် မဟုတ်ပေ။ အသိပညာရှင်သည် အကြောင်းအရာတစ်ခုကို ဦးနှောက်ဖြင့် စဉ်းစား၍ နှလုံးသားဖြင့် ခံစား၏။ ဦးနှောက်မှ နှလုံးသား၊ နှလုံးသားမှ ဦးနှောက် အပြန်ပြန်အလှန်လှန် အနှလုံး၊ ပဋိလုံ အသွားအပြန် စီးဆင်းလျက် ဆင်ခြင်၏။ ပရမတ်ဆို… အောင် တွေး၏။ ပရမတ်ဆိုသည်… တကယ်ရှိသော အမှန်တရားကို ဆို… ရင်း ဖြစ်သည်။ အမှန်တရားကို ဒ… ဟု ခေါ်သည်။ ဒဿနဆိုသည်… ပညာရှိ အတွေးအမြင် အဆိုအမိန့်… ပင် ဖြစ်သည်။ ကာလမည်မျှ ခြား… ဖြစ်စေ မှန်နေမြဲ မှန်နေဆဲ၊ နောင်လ… ဆက်လက်မှန်နေဦးမည်သာ။

မြတ်စွာဘုရားသခင်နှင့် အရိ… သူတော်စင်တို့မှအပ လောကီနယ်… ခွင် ကျွန်တော်အတွေးဖြင့် ပညာရှိ… ပုံတော် ဖွင့်မိသည်။ ထိုအခါ လူတ… စားတစ်ရပ် သွားတွေ့ပါသည်။ ထို… တန်စားမှာ စာရေးဆရာပင်ဖြစ်သ… ဤဂုဏ်ထိုက်မှ စာရေးဆရာဖြစ်… သည်။ တကယ်တော်သော စာရေးဆ… သည့်လည်း ဤဂုဏ်ထိုက်ပါသည်… ထို့ကြောင့် စာရေးဆရာကို ကျွန်တော်… ချစ်သည်။

ကျော်စွာသည် ကျွန်တော့်ဘဝ… ထာဝရအကြီးကျယ်ဆုံး အခမ်းနား… စာရေးဆရာဖြစ်သည်။ သူသေဆုံးသွား… သော်လည်း။ သူဖန်ဆင်းခဲ့သော အ… ပညာတို့သည် လန်းဆန်းစွာ ဖွင့်… ဆဲ၊ ရွှေအကြောင်း ဖယောင်းသက်သေ… ဟု ဆိုပါလျှင် ကျော်စွာအကြောင်…



www.burmeseclassic.com

www.burmeseclassic.com



…တော် သမိုင်းသက်သေထူပါမည်။

ငွေအသပြာ လက်မှာကင်းလည်း …ကော်ပန်းခင်း ပျော်လေသူ။ နွမ်းပါး …အကြောင်းရှာ လူတချို့က မဖွယ်မရာ …ဆဲလည်း စေတနာမပျက် တုံ့ပြန် …အမြင်မတူသူတွေက မေတ္တာပျက် …သူကတော့ မေတ္တာလက်ဖြင့် …ပွေ့သူ။ ဟာသပေး၍ လန်းစေသူ။ …ပန်းနဲ့ မွှေးစေသူ။ ပီရပေး၍ နွေး …သူ။ သံဝေဂပေး၍ အေးစေသူ။ သူ …သူ•• သူ•••။

အဝင်တိုက်၊ အထွက်တိုက် တဲ …တ်မှာ ဘဝမြုပ်သွားတဲ့ သူငယ် …။

နေ့စဉ် အမဲသားငါးမပါ သင့်ရာ …ပြီး ရှင်သန်ခဲ့တဲ့ သူငယ်ချင်း။

ခါးလုံရုံ အဝတ်နွမ်းနဲ့ အမြဲရွှင် …နေတတ်တဲ့ သူငယ်ချင်း။

ကမ္ဘာကုန်ကျယ်သရွေ့ ကျွန်တော် …နိုင်တော့မည် မဟုတ်ပါ။ ဤသို့ဖြင့် …ပေကြယ်တစ်ပွင့် ကြွေလွင့်ခဲ့သည် …နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ ကျော် …နှင့်ပတ်သက်၍ ကျွန်တော်ကူညီနိုင် …သည်မှာ သူ၏သားနှင့် သမီး ပညာ …တာဝန်ယူနိုင်ခဲ့ရုံသာ။ အကြီးမှာ …လုပ်ခွင်ဝင်နေပြီ။

နံနက်ခင်း နေရောင်ခြည်သည် …စ်လွင်စွာ တောက်ပနေ၏။ မြစိမ်း …ဆောင် မြရွက်ဖားတို့ကြား မိုးစွေငှက် …လေးများက တီတီတာတာ။ မှတ် …၏ ရေ့ပြေးတမန် လေပြေလေညင်း …တသိတ်သိတ် တအီအီ စီးဆင်း …။ ဝာနက်နွေ့ရုံးပိတ်ရက်မို့ ကျွန်တော် …ယ်မှ မထွက်ဖြစ်။ အိမ်မှာပင် စာရေး ဖြစ်၏။ ကျွန်တော့်သမီးအငယ်၏ အသံ ဖြစ်သည်။

"ဖေဖေရေ••ညှိသည်တွေလာ တယ်••"

*"အေးအေး••ခေါ်လာခဲ့••"*

ဧည့်သည် ကလေးနှစ်ယောက်မှာ ကျွန်တော်ရှိရာ ဧည့်ခန်းအတွင်း ဝင် လာ၏။

"ဩော်••သားနဲ့သမီးပါလား။ လာ လာ••"

ကျွန်တော်ချစ်သော သူငယ်ချင်း ၏ သားနှင့်သမီး။ ထွားလိုက်သမှ အပျို လူပျိုကြီးတွေ ဖြစ်နေပြီ။

"ကြည့်စမ်း••ကျော်စွာသား ကျော် စွာရုပ်နဲ့ တစ်ထေရာတည်းပါလား"

အကြီးမမှ -

"ဒီနေ့ အောင်စာရင်းထွက်တယ် လေ၊ မောင်လေး (၅) ဘာသာဂုဏ် ထူးနဲ့ အောင်လို့ အန်ကယ် ဝမ်းသာ အောင် ပြောရင်း ကန်တော့မလို့ပါ"

ကျွန်တော် ဝမ်းသာလွန်း၍ မျက် ရည်ပင် လည်လာမိသည်။

"ဦး သိပ်ဝမ်းသာတယ်ကွာ၊ ဒါ မှ အဖေတူသား••ဒီတော့ သား ဘာ လုပ်ဖို့ စိတ်ကူးထားလဲ ပြော••"

"သားအဖေလိုပဲ စာရေးဆရာ ဖြစ်ချင်တယ်••"

ကျွန်တော် ကြက်သီးဖြန်းဖြန်းထ သွားသည်။ သူ့ပြောသည့်ဟန်ပန်နှင့် လေသံမှာ ကျော်စွာငယ်စဉ်က ပုံ သဏ္ဌာန်အတိုင်းပင်။ မိမိကိုယ်မိမိ ယုံ ကြည်ချက် အပြည့်ရှိနေပုံရ၏။

"အန်ကယ့်ကျေးဇူးတွေ သားတို့ မောင်နှမအပေါ် ကြီးမားလှပါတယ်၊ အဖေ့ကိုယ်စား ကန်တော့ပါရစေ••"

ပြောပြောဆိုဆို ကျွန်တော့်ခြေဖမိုး ပေါ် မျက်နှာအပ်၍ ကန်တော့လေ၏။ ကန်တော့နေရင်းပင် တအင့်အင့် ရှိုက် သံကြားလိုက်ရပြီး ပြန်မထတော့။ ကျွန် တော့် ခြေသလုံး တင်းတင်းကျပ်ကျပ် ဖက်၍ ငိုကြ၏။ ကျွန်တော့် ခြေဖမိုးဝယ် မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုလေပြီ၊ ကျွန်တော့် ရင်ဝယ် လှိုက်၍ လှိုက်၍လာပြီ၊ တစ်မှ ဟုတ်ချင်း ဝမ်းနည်းမှုသည် ကူးစက် လာကာ မျက်ရည်ကြည်ပုလဲဥတို့ ရစ်နှိ စီးဆင်းလာကြ၏။ ဝမ်းနည်းမှုနှင့်အတူ ပီတိလှိုင်းတို့ကား တဖျတ်ဖျတ်ရိုက်ခတ် လာ၍ ကျွန်တော် မျက်ရည်မသုတ်ပါ။ ဤတန်ဖိုးရှိသော မျက်ရည် ကျွန်တော် မသုတ်ရက်ပါ။

အမှတ်တရချိတ်ဆွဲထားသော နံရံက ကျော်စွာဓာတ်ပုံအား ငေးကြည့် ရင်း ကျော်စွာမသေ၊ ကျွန်တော်ချစ် သော ကျော်စွာမသေ။ ကျော်စွာ သေ သော်လည်း နောက်ထပ် ကျော်စွာလေး တွေ ထပ်၍ထပ်၍ ပေါ်နေဦးမည်သာ။

မိုးသဲအောင် (ပန်းမြေ)





www.burmeseclassic.com


ကွန် ၊ဝတ္ထု၊
အလင်းတစ်စက်
အမှောင်တစ်ဝက်

ကျုပ်နေသည့်ရွာကလေးက ပဲခူးတိုင်းထဲမှာ။ တိတိပပဆိုရရင် သာယာဝတီမြို့နယ်ထဲက ဂရုံသာယာအေးဆိုတဲ့ ရွာကလေးမှာ နေထိုင်သူ။

ကျုပ်လူလားမမြောက်ခင်အရွယ်ထိ အဖေနှင့်အမေ ရှိသေးသည်။ သူငယ်တန်းကြီးဖတ်စာ စဖတ်ရတဲ့အချိန်တွင်တော့ အဖေနှင့်အမေသည် ကျုပ်ကို ရှေ့ဆင့်နောက်ဆင့် ခွဲခွာသွားကြသည်။ ကျုပ်မှာ မွေးချင်းပေါက်ဖော်ဆိုတာကလည်း နတ္ထိ။ အဖေနှင့်အမေမရှိတော့သည့်နောက်ပိုင်း ကျုပ်လည်း သင်ပုန်းကြီးဖတ်စာနှင့် ဝေးခဲ့ရပြီ။ အမိ၊ အဖတို့နှင့်အတူ ခိုလှုံခဲ့တဲ့အိမ်ဝိုင်းကလေးကနေလည်း ထွက်ခွာခဲ့ရလေပြီ။ ဖျာတစ်လိပ်၊ ခေါင်းအုံးနှစ်လုံး၊ စောင်အစုတ်အပြတ်လေးတွေနှင့် ရင်ခွင်မဲ့နေသည့် ကျုပ်ဘဝအတွက် ရှေ့ကနေလေးလေးမှန်မှန် လျှောက်လှမ်းနေသည့် ဘုန်းတော်ကြီးကျောင်းပြင်ကိုသာ ငေးရီရီကြည့်ရင်း··

* * * * *

"တုံ··တုံ··တုံ···"

ဆေးကဗ္ဗလာသည့် ရွာကလေးကို လွှမ်းခြုံထား၏။ နှင်းမှုန်တို့ ခေါ်ဆောင်လာသည့် အအေးဓာတ်သည် ထရံကြား၊ ကြမ်းကြားတို့မှ တိုးဝှေ့ဝင်ရောက်ကာ ကလူကျီစယ်လျက်ရှိသည်။ ထမင်းအိုးထဲတွင် မုန့်လက်ဆောင်းရှက်ထည့်ကာ နှပ်ထားသည့် ရနံ့သင်းသင်းလေးက သန်းတန်သော အကျင့်မြတ်တို့ကို ကျင့်ကြံနေသည့် သံဃာတော်အရှင်သူမြတ်တို့ ဘုန်းပေးနိုင်ရန် နှိုးဆော်လျက်ရှိသည်။

တုံးမောင်းခေါက်သံသည် တဖြည်းဖြည်း လေးလေးမှန်မှန်ထွက်ပေါ်နေရင်းမှ စိပ်၍စိပ်၍ လာလေ၏။ နားရည်ဝနေပြီဖြစ်သည့် ကပ္ပိယကြီးဦးထွေး၏ တုံးမောင်းခေါက်သံနှင့်အတူ နိုးထခဲ့သည်မှာ (၅) နှစ်ပင် ကျော်ခဲ့ပြီ။ ဘုန်းကြီးကျောင်းမှာ ခိုလှုံရင်း ကျုပ်အသက်ပင် (၁၂) နှစ်ကျော်၊ (၁၃) နှစ်နားသို့ ရောက်လုလု။ သည်နေ့မနက်တော့ ဆရာတော်မေးထားသည့်မေးခွန်းကို ဖြေရတော့မည်။

တစ်နေ့က မနက်ပိုင်း ဦးရွှေသီးနှင့် ဒေါ်ခွေးလုတို့လင်မယား ကျောင်းကို ဆွမ်းအုပ်ပို့ရင်း ဆရာတော်ဘုရားကို လျှောက်ထားသံကြားရ၏။ ဆရာတော်ကတော့ ကျုပ်ကို သေသေချာချာ စဉ်းစားခိုင်းလေသည်။

"ဟိုးအရင်ကတည်းက မင်းကို ဘုန်းကြီးပြောခဲ့တယ်၊ သင်္ကန်းဝတ်မလား၊ သင်္ကန်းဝတ်မယ်ဆိုရင်လည်း မင်းမှာ ဘာအတွယ်အတာ၊ အနှောင်အငင်မှ မရှိဘူး။ ဗုဒ္ဓရဲ့သာသနာတော်မှာပဲ ပျော်မွေ့ဖို့ကောင်းတယ်··၊

အင်း··မောင်ထွေးကတော့ မင်းဒီမှာနေရတာ မပျော်ပိုက်ဘူးလို့ နှစ်ခါ၊ သုံးခါ လျှောက်ထားဖူးတယ်၊ အေးလေ၊ မင်းစိတ်မပါတာကို ငါ အတင်းမတိုက်တွန်းလိုဘူး၊ ဒီနေ့ တစ်ရက်လုံးနဲ့ နောက်နေ့ မနက်အထိ သေသေချာချာ စဉ်းစားထား" ဟု မိန့်လေ၏။

ကျုပ်ကဖြင့် ဦးရွှေသီးတို့စကား ကြားစဉ်ကတည်းကပင် အဖြေက ရှိနှင့်လို့နေပြီ။

* * * * *

နေလုံးနီနီသည် လတ်ဆတ်နီးကြားစွာဖြင့် အလင်းဓာတ်ကို ဖြန့်ခင်းလျက်ရှိသည်။ အိပ်တန်းနိုးထနေသည့် ငှက်ကလေးတို့သည် တကျီကျီ တကျစ်ကျစ်ဖြင့် နှုတ်ဆက်လို့နေကြသည်။ လယ်ကွင်းတစ်လျှောက်ဖြတ်သန်းရင်း တိုက်ခတ်လာသည့် လေနုအေးတို့ကလည်း အိပ်မှုန်စုံဖွား မျက်လုံးတို့ကို လန်းဆန်းကြည်လင်အောင် တသုန်သုန်ဖြင့် တိုးဝှေ့လို့နေသည်။ ကန်သင်းပေါ်မှ ပြူးကြောင်ကြောင် ကြည့်နေသည့် ပုစွန်လုံးသည် သူ့အနားနီးလာသည်နှင့် တစ်ပြိုင်နက် တွင်းထဲသို့ ကသုတ်ကရက်ဝင်ကာ ပြေးလေသည်။ နံနက်ခင်းသည် စိမ်းမြသော စပါးခင်းနှင့်အတူ လှပလျက် ရှိနေလေ၏။

ကျုပ်ပျော်သည်။ နွားတင်းကုပ်ထဲတွင် ကျုပ်အတွက် ကျောခင်းစရာရှိသည်။ ဘုန်းကြီးကျောင်းသားဆိုက



www.burmeseclassic.com

www.burmeseclassic.com



စနောက်ကြသည့်စကားသံတွေကို မကြားရ၍ စိတ်ချမ်းသာမိသည်။

နံနက်ဝေလီဝေလင်းကတည်းက ရာသီအလိုက် ပျိုးနုတ်၊ လယ်ထွန်၊ ကောက်ရိတ်၊ နွားကျောင်း၊ နွားစာစဉ်းဖြင့် မရပ်မနား လည်ပတ်နေသည့် စက်ဝန်းထဲမှာ ကျုပ်လည်း မျောပါစီးဆင်းလို့နေပြီ။ တစ်ရာသီကုန်သည့်အခါ ကျုပ်အတွက်ရတဲ့ သူရင်းငှားခကလည်း မက်မောလောက်စရာ ဖြစ်လို့ နေပြန်တော့သည်။ သည့်အပြင် မက်မောစရာနောက်တစ်ခုကလည်း ရှိလို့နေပြန်သေး။

ကျုပ်နာမည်က "ညိုမောင်" လို့ သာခေါ်တာ အသားက ခပ်ဖြူဖြူ၊ လူပျို ပေါက်စင်လာကတည်းက ထွက်လာသည့်အရပ်ကလည်း ထောင်ထောင်မောင်းမောင်း၊ လေးထောင့်မကျတကျ မျက်နှာနှင့် ခပ်ထွေးထွေး နှုတ်ခမ်း၊ အထူးခြားဆုံးက မျက်လုံးနဲ့ မျက်ခုံးတွေ။ မဲနက်ထင်ရှားနေသည့် မျက်ခုံးတွေက ကျုပ်သာ သူဌေးသားဖြစ်ခဲ့မည်ဆိုရင်ဖြင့် မိန်းကလေးတွေ ထွေးခနဲပါလာမှာ မလွဲပေ။

အခုလည်း မထူးပေ။ ကျုပ်အနီးအနားက ထွေးရီတို့၊ ခင်စိန်တို့ အပျိုမတစ်သိုက်ဆို မထီတရီ ထီတရီ စလိုစရဲ့ ကျုပ်က မလှုပ်တလှုပ်ဆိုတော့ သူတို့က ပြောပြန်ရော။

"တို့ကို လူဘယ်ထင်မလဲ၊ သူမှာက ရှိတာကိုး" တဲ့။ သူတို့ဖြင့် တွေးပဲတွေးတတ်လေ၏။ ကျုပ်ကဖြင့် ဘယ်သူ့ကိုမှ ဖွင့်မပြောပြဖြစ်ခဲ့ပါဘူး။ ကျုပ်ရင်ဘတ်ထဲက ပန်းတွေက သူ့ဘာသာသူ လန်းနေပါစေပေါ့။

* * * * *

ကျုပ်ဖြင့် နှစ်ရက်လုံးလုံးကို မနားခဲ့ရပေ။ တွင်းတူးရတာနဲ့၊ တိုင်စိုက်ရတာနဲ့၊ ဟိုဟာဝယ်၊ သည်ဟာဝယ်၊ ဟိုအရွက်ပြေးခူး၊ သည်အညွန့်ပြေးခူးနဲ့ ဖတ်ဖတ်ကိုမောရော၊ နတ်ရုပ်တွေ ရွှေ့ရ၊ နေရာတွေ ချပေးရနဲ့ ဒေါင်ချာကို စိုင်းနေတော့သည်။ သည်နေ့မှပဲ နားရတော့၏။ သည်နေ့တော့ သူတို့လည်း ရွာတော်ရှင်၊ မြို့တော်ရှင်တွေနဲ့ လုံးလည်လိုက်နေ၍ အေးအေးဆေးဆေး နားနေနိုင်၏။

ကျုပ်နားနေတုန်း ကျုပ်သူငယ်ချင်း သာဒွန်းတစ်ယောက် ဘယ်ချောင်ကလာရမှန်းမသိ၊ အရက်ပုလင်းတစ်လုံးနှင့် ကြက်ကြော်တွေ။ သူလည်းသောက်၊ ကျုပ်လည်း အတင်းတိုက်နှင့် ကျုပ်က ဦးရွှေသီးသိရင် ဆူလိမ့်မယ်လို့ ပြော... မဲ့ "သူတို့လည်း သူတို့ဘာသာ ...နေတာကွ၊ မသိပါဘူးကွာ" ဆို၍ ကျု... လည်း မော့ခဲ့မိသည်။ အဲသည့် နေ့လယ်ခင်းကြီးကတည်းက မူးပြီး နေထိုင်... ဘုံဗိမ္မာန်ဖြစ်သည့် နွားတင်းကုတ်ထဲ... ကွပ်ပျစ်ပေါ်မှာ ချာလပတ်ရမ်းနေတော့သည်။ သာဒွန်းပင် ဘယ်အချိန်... ပြန်သွားမှန်းမသိလိုက်။

ကျုပ်လက်မောင်းကိုလှုပ်နှိုး... မျက်လုံးဖွင့်ကြည့်တော့ နေပင်စောင်း... မှောင်လှပြီ။ ကျုပ် အိပ်ရာဘေးမှာ ထမင်းဇလုံကိုင်ပြီး ရပ်နေတာက အိမ်... ကြီးရှင် ဦးရွှေသီးနှင့် အရီးဒွေးလှတို့ရဲ့ တစ်ဦးတည်းသော ရင်နှစ်သည်းခြာ ရွှေရုပ်လွှာမလေး မြလေး။ မြလေးက ကိုးတန်းအောင်ပြီးလို့ (၁၀) တန်းတက်ဖို့ စောင့်နေဆဲ ကျောင်းသူ။

တစ်နေ့တခြားလှလာသည့် မြလေးကို မလျှော့ပ်ထဲမှ တိုးထွက်လာသည့် အလင်းရောင်ပျပျနှင့်အတူ မြင်နေရသည်။ ကျုပ် ငေးရီရီကြည့်နေတော့ မြလေးက -

"သောက်သောက်‥သေအောင်

"နင့်အမှန်းတော့မခံဘူး၊ ငါ့ကိုယ် ငါပဲ" ဆိုပြီး ကျုပ်ကိုယ်ကျုပ် ထိုးစိုက်ပစ်ဖို့ လုပ်သည်။ သည်တော့လည်း ဆွဲထုတ်လိုက်သည့်ဓားကို မြလေး ဝင်လုပြန်သည်။ ကျုပ်ကိုဖက်ထားရင်း ဓားကို လုယူပြီး အဝေးကိုလွှင့်ပစ်လိုက်၏။ ကျုပ်လည်း မြလေးကို တင်းတင်း ကျပ်ကျပ် ပြန်လည်ဖက်တွယ်ထားမိရင်း "ချစ်တယ်‥သိပ်ချစ်တယ်" လို့သာ‥



www.burmeseclassic.com

www.burmeseclassic.com



ောက်၊ ထမင်းမစား၊ ဟင်းမစားနိုင်
ောက်အောင် တစ်ခါတည်း နံ့စော်နေ
ာပဲ" ဆိုပြီး ဇလုံကို ကျုပ်ဘေးနား
ထိုက်သည်။ ကျုပ် ဘယ်လိုဖြစ်သွား
မှန်းမသိ၊ ဘယ်ကဘယ်လို ရဲစိတ်တွေ
ပေါ်လာမှန်းလည်းမသိ၊ နှုတ်က စကား
လုံးတွေ အလိုလိုထွက်ကျလာသည်။

"မြလေး‥ နင်ကျောင်းက ပြန်
လာရင် တစ်ခါတလေ ပါလာတတ်တဲ့
သကြားလုံးလေးတွေ၊ အချဉ်ထုတ်လေး
တွေကို ငါ့အိပ်ရာဘေးနားမှာ ဘာလို့
ထားသွားတာလဲ၊ နင်‥ နင်ငါ့ကို ချစ်
လို့လား၊ သနားလို့လား ဟင်‥" လို့
မေးမိသည်။

"မုန့်လို့‥အရက်သမားကို မုန့်
လို့" တဲ့။ ကျုပ်ရင်ဘတ်ထဲမှာ တင်း
ကျပ်သွား၏။ ငိုချင်သလိုလိုကြီးလည်း
ဖြစ်လာ၏။ ကျုပ်အိပ်သည့် ဖျာကြမ်း
အောက်မှာ မြလေးပေးထားသည့် မုန့်
ထုပ်လေးတွေကို စားပြီး ပလတ်စတစ်
အိတ်နှင့် စုသိမ်းထုတ်ထားသည့် အိတ်
ခွံလေးတွေကို ထုတ်ယူလိုက်သည်။
တစ်ဆက်တည်း အိပ်ရာအောက်က
ဓားမြှောင်ကိုပါ ဆွဲထုတ်လိုက်သည်။

"နင့်အမုန်းတော့မခံဘူး၊ ငါ့ကိုယ်
ငါပဲ" ဆိုပြီး ကျုပ်ကိုယ်ကျုပ် ထိုးစိုက်
ပစ်ဖို့ လုပ်သည်။ သည့်တော့လည်း
ဆွဲထုတ်လိုက်သည့်ဓားကို မြလေး ဝင်
လုပြန်သည်။ ကျုပ်ကိုဖက်ထားရင်း
ဓားကို လုယူပြီး အဝေးကိုလွှင့်ပစ်လိုက်
၏။ ကျုပ်လည်း မြလေးကို တင်းတင်း
ကျပ်ကျပ် ပြန်လည်ဖက်တွယ်ထားမိရင်း
"ချစ်တယ်‥‥သိပ်ချစ်တယ်" လို့သာ
ပါးစပ်က တတွတ်တွတ် ပြောနေမိတော့



သည်။ ကျုပ်တို့နှစ်ဦးရဲ့ ဝင်သက်ထွက်
သက်တွေကလည်း တစ်ဦးနှင့်တစ်ဦး
တိုးဝှေ့ကျီစယ်လို့နေပေသည်။

အိမ်ရှေ့မဏ္ဍပ်ထဲမှာတော့ "ဦးရွှေ
သီးနဲ့ ဒေါ်ခွေးလှတို့ကို အဖေကြီးတို့က
မမယ်ဟေ့၊ စမယ်ဟေ့ ‥" ဆိုပြီး
တစီန်းစီန်းဖြင့် တီးလို့၊ ဆိုလို့၊ ကခုန်
လို့ ကောင်းနေကြတုန်းပင်။

* * * * *

ကောင်းကင်သည် တိမ်မြူကင်းစင်
လျက်ရှိ၏။ လပြည့်ဝန်းကြီးပင် ကြယ်
ပျံတစ်သင်း ခြံရံရင်းအစွမ်းကုန် ထွန်း
လင်းတောက်ပလျက်ရှိသည်။ ဟိုသည်
တစ်စ ဆွဲယူကာ စုပုံဖိထားသော မီးပုံ
မှ အလင်းရောင်သည် ဝန်းကျင်တစ်ဝိုက်
လင်းဖြာလို့နေသည်။ ထင်းအစိတို့ကို
လောင်ကျွမ်းသည့်အသံသည် ကျုပ်နှင့်မြ
လေးရဲ့ သူငယ်ချင်းတို့၏ ဆုတောင်းသံ
နှင့် ပျော်ရွှင်ယစ်မူးစွာသီဆိုနေသည့်
သီချင်းသံကြားမှာ တစ်ချက်တစ်ချက်
ထွက်ပေါ်လို့လာသည်။ မျက်ဝန်းနှင့်
စိတ်အစဉ်တို့တွင် လိမ်းကျံထားသော
ပီတိသည် တည်ခင်းထားရာ အရာရာ
တိုင်းဝေါ်သို့ ဖိတ်စင်လွှင့်ကျလျက်ရှိ
သည်။ ကျုပ်လက်မောင်းကို ဆုပ်ကိုင်
ထားသည့် မြလေး၏ လက်ဖဝါးတို့က
တော့ဖြင့် ချမ်းခြင်းမေ့တွာဖြင့် နွေးထွေး
လျက်ရှိနေပေ၏။

ကျုပ်တို့နှစ်ဦးသားရဲ့ ဘဝအစ
ကလည်း ကဗျာမဆန်ခဲ့။ "အခါတော်
ပေးတာက နတ်ရေးတဲ့ ရွှေနဖူးစာ"
တို့ "ဆုတောင်းသွန်းပတ္တနာ" တို့တွေ
နှင့် စာဖွဲ့လို့မနေနိုင်ပေ။ မြလေးတို့
အဖေနှင့် အမေလက်က မနည်းလု



www.burmeseclassic.com

အောင်ပြေးနေရတာနဲ့ပဲ အပျော်တွေတောင် ကျိုးလန့်စာစားသလို နိုးကြောင်နိုးဝက် ချစ်ခွန်းဖွဲ့သီခဲ့ရသည်။

"မွဲချင်တဲ့ခွေးပြာပုံတိုး" "အနူလက်နဲ့ရွှေခွက်နိုက်" "သားရည်ပေါ်အိပ်သားရည်နားစား" ဆိုသည့် ပစ်ပေါက်နေသည့် ပါးစပ်သေနတ်သံကြားမှာ အားနာနာနှင့် မြလေးကိုကြည့်မိတော့ ဘာမှမသိသလို၊ ဘာကိုမှ မခံစားရသလို မြလေးနေတတ်ခဲ့ပေသည်။ ကျုပ်နှင့်နေရင်မြလေးဆင်းရဲမှာလို့ တွေးမိပြန်တော့ အားလုံးက ပြင်မရတော့ပေ။ ပြင်လို့ရသည့်တိုင်အောင် မြလေးကို စွန့်လွှတ်နိုင်ဖို့ခွန်အားက မရှိပြန်။

ဦးရွှေသီးနှင့် အရီးဒွေးလုတို့က တော့ "ရှက်လွန်းလှချေရဲ့" ဆိုကာ လယ်တွေချောင်းတွေရောင်းပြီး စွန့်ခွာလို့သွားတာက ဘယ်ဆီတယ်ဝယ်ရောက်မှန်း မသိအောင်ပင်။ ကျုပ်တို့ လင်မယားလည်း မြလေးမိဘတွေထွက်သွားပြီး နှစ်လကျော်ကျော်ကြာမှ ရွာကိုပြန်လာနေရဲ့တော့သည်။ အပေါင်းအသင်းတွေ၏ အကူအညီနှင့် ရွာအစွန်ဘက်မှာ တဲကလေးထိုးပြီး ချစ်မဏ္ဍိုင်ပန္နက်စိုက်ကြလေ၏။

သူငယ်ချင်းတွေ ပြန်သွားကြသည့်အချိန်မှာတော့ မီးတောက်တို့သည် ပြာပုံပေါ်၌ ငွေ့ငွေ့ပျပျလေးသာ ကျန်ရစ်ခဲ့တော့သည်။

* * * * *

ညက တစ်စထက်တစ်စ မဲမှောင်လို့နေလေ၏။ နေ့ခင်းကတည်းက တဖျောက်ဖျောက်ဖြင့် ရွာနေသည့် မိုးကြောင့် အိပ်ရာထက်တွင် စောင်ခြုံလို့သာကွေးနေချင်တော့သည်။ ဒါပေသိကွေးနေလို့က မဖြစ်ပြန်ပေ။ အပြင်က အမှောင်ထုကို လှမ်းကြည့်ရင်း ဓာတ်မီးနှင့် မီးခွက်တို့ကို စစ်ဆေးလိုက်သည်။ ပလိုင်းကို လွယ်လိုက်ရင်း ခမောက်ကို ပါ တစ်သက်စတည်း ဆောင်းလိုက်သည်။ ကျုပ်လုပ်ရှားနေသမျှကို မြလေးက မမိုတ်မသုန်သော မျက်ဝန်းများဖြင့် လိုက်ကြည့်နေလေ၏။

"ကျုပ်တို့စားရဖို့ သူများအသက်တွေ စတေးရတာ စိတ်မကောင်းဘူး" ညနေထမင်းဝိုင်းတွင် မြလေးပြောခဲ့သည့် စကားကို ပြန်ကြားနေရသည်။ ညှိုးမှိန်ဖျော့သက်နေသည့် မြလေးမျက်ဝန်းတွေကို အရင်လိုပြန်လည် တောက်ပလာအောင် လုပ်ပေးချင်မိသည်။ ထမင်းဝိုင်းတွင် ကန်စွန်းရွက်ကြော်နှင့် ရိုးချောင်းထဲက ရသည့် ငါးလေးတစ်ကောင် ခပ်ဖျော့ထားသည့် ငါးပိဖျော်ရည်ခွက်ဘေးမှာ မြိန်မြိန်ယှက်ယှက် စားနေကြသည့် သမီးကြီးနှင့် သားငယ်ကို ဟင်းကောင်းကောင်းဖြင့် ကျွေးချင်မိ၏။

အရင်ကဆို သည့်လိုမှမဟုတ် မြလေးက သာယာဝတီဈေးထဲမှာ ဟင်း ရွက် ဟင်းသီးရောင်း။ ကျုပ်က သ ခုတ်၊ လှတိုက်၊ လယ်ထွန်၊ ဆိုက်ကာ နင်း သမ္မာအာဇီဝကျသည့် အလုပ် သမျှကို အကုန်လုပ်၊ အိမ်မှာလည်း ကြက်ကလေး ဝက်ကလေးက အစ ထားနိုင်သေး။ ကျုပ်ကဖြင့် မြလေး မခိုင်းရက်ပေ၊ မြလေးပြောတာတော့ ရှေ့ရေးဆိုတာ ရှိသေးတယ်ဆို တွက်ပြလို့ လက်ခံလိုက်ရ၏။ လင် ယား နှစ်ယောက် တက်ညီလက် လုပ်ကိုင်တော့ စားလောက်သော လောက် ယုံတင်မဟုတ်ပဲ ပိုလျှံ စာတောင်စုနိုင်သေးသည်။ ကျုပ်တို့ လူတွေကို မပြောနှင့် အိမ်မှာမွေးထား သည့် ခွေးနက်မတောင် ဝလို့ လုံး စိုပြည်လို့နေ၏။

အခုဆို အကြီးမ ပိုးပိုးဝ နှစ်တန်းအောင်ပြီးလို့ သုံးတန်းတက် တော့မည်။ အငယ်ကောင်မောင်ထွေး က လေးနှစ်ကျော် ငါးနှစ်နားသို့ပင် ရောက်နေပြီ။ အငယ်ကောင်မောင်ထွေး မွေးပြီး မြလေးလေးဘက်နာစဖြစ်တော့ သည်။ နို့လည်းမထွက်တော့ဘဲ နို့ပါက် သွားတော့၏။ မောင်ထွေးတစ်ယော လည်း နို့မှုန့်ဖြင့်သာ အသက်ရှင်ခဲ့ တော့၏။ မြလေးရဲ့ အခြေအနေက ဟိုဟာကိုင်မမြဲ ဒီဟာကိုင်မမြဲ တော်လေး ဆိုးလာပြီ။ ပထမပိုင်





www.burmeseclassic.com

www.burmeseclassic.com



ခြကြီးလေး ရှိနေတုန်းမို့ ဆေးဝါး ကောင်းကောင်း ကုသပေးနိုင်ပေမဲ့ တော့ဖြင့် ဆေးမြီးတိုပင် အနိုင်နိုင်။

ပင့်သက်မောကို လေးတွဲစွာချရင်း လေးကို နှုတ်ဆက်ကာ အိမ်အောက် ဆင်းလိုက်သည်။ "ကိုညီမောင် ကောင် မှားကောင်တွေ သတိထား ော်" လို့ ဆိုလာတဲ့ မြလေးစကားကို င်းညိတ်ပြလိုက်ပြီး ညပိုးကောင်တွေ စီစီအော်မြည်နေသည့် အမှောင်ထုထဲ တိုးဝင်လိုက်၏။ ကျုပ်ရဲ့ ဓာတ်မီး ောင် ပျောက်ကွယ်သွားသည့်အထိ အိမ်ပေါက်ဝတိုင်ကိုမှီထိုင်ရင်း မြလေး ကြည့်နေမယ်ဆိုတာကို သိနေခဲ့ပြန် သည်။

မိုးကလည်း တဖျောက်ဖျောက်ဖြင့် ာလို့ကောင်းနေတုန်းပင်။ ပေါ်ဦးပေါ်ဖျား ကောင်းရနိုင်သည့်မို့ ကြိုးစားရမည်။ ျုပ်ရဲ့ ဓာတ်မီးရောင်ညှို့ချက်အောက် တစ်ကောင်စတွေ့ပြီ၊ အသေထက် ရှင်က ဈေးကောင်းပိုရပေမဲ့ လာဘ် လာဘ်ဖျားမို့ လွတ်လို့မဖြစ်ပေ။ လက် ထဲက ဝါးကိုင်းတုတ်ကလေးက ကျုပ် အလိုကျ မြောက်တက်သွားသည်။

"ဖျန်း…ဖျန်း"

* * * * *

သုံးရက်ဆက်တိုက် ရှာလိုက်သည့် ကြောင့် တော်တော်လေး အဆင်ပြေ သွားသည်။ ဈေးကောင်းရလိုက်သည့် အတွက် မောင်ထွေးဖို့ဘောလုံးလေး တစ်လုံးနှင့် သမီးကြီးဖို့ အင်္ကျီစလေး တစ်စ ဝယ်လာနိုင်သည်။ မြလေး အတွက်က ဆေးဝါး။ သားနှင့်သမီးကြီး ပျော်နေတာကိုကြည့်ပြီး ပီတိဖြစ်ရသည်။

သည်နေ့ဖြင့် မိုးကမရွာပြန်။ နေ့ ခင်းကတည်းက ကြွပ်ကြွပ်ထနေသည့် သူ့ရိန်နေမင်းအပူရှိန်က အလင်းပျော့ သွားသည့်တိုင် မလျော့နိုင်သေး။ ညနေ ပိုင်း ထမင်းစားတော့ သားနှင့်သမီးက ဖားအကြွပ်ကြော်ဖြင့် ခေါင်းပင်မဖော် တော့။ ကိုင်းထောက်ထားသည့်ထဲက ရသည့်ငါးခူကို မြလေးအတွက် ဆီပြန် လေး ချက်ပေးလိုက်၏။

မနက်ဖြန်ဆိုရင် သားနှင့်သမီးတို့ ဝက်သားစားရပေဦးမည်။ သည်ည ခင် စိန်တို့အိမ်မှာ နတ်စားမှာမို့ လုပ်ဖို့ကိုင် ဖို့ ခေါ်ထားသည်။ အရင်တုန်းကဆို သည်အလုပ်မျိုးကို စိတ်ကူးနှင့်တောင် မလုပ်ဖူးခဲ့။ ယခုတော့ဖြင့် မုဆိုးစိုင်သင် ဆိုသလိုပင် သာဒွန်းနှင့် အဖော်လိုက် သွားရင်း လုပ်တတ်ကိုင်တတ်နှင့် အတော်ကျွမ်းကျင်လာခဲ့သည်။ ဝက်ပေါ် မယ်ပော့ဆိုလည်း သွားလိုက်၊ နွားဖျက် ပေးပါဆိုရင်လည်း လိုက်လုပ်လိုက်နှင့် အကြိမ်ပေါင်းတောင် မနည်းများလာပေ ပြီ။ ကျုပ်ကို လက်လုပ်လက်စား တစ် ယောက်အနေနှင့် သူများမလုပ်ချင် မကိုင်ချင်သည့် အလုပ်တွေလုပ်မှလည်း ဝမ်းဝ၊ ဝမ်းစိုရလေ၏။ သုံးဆယ်မြို့က သားသတ်လိုင်စင် (စီ) ရထားသည့် ကိုဇော်မင်းကပင် ကျုပ်လုပ်ပုံကိုင်ပုံ ကို ကြည့်ပြီး သဘောကျ၍ သူ့ဆီမှာ လာပြီး အလုပ်ဆင်းဖို့ ခေါ်နေသေးသည်။ အဲဒါကိုတော့ အသေအချာ စဉ်းစားရ၏။ အခု လုပ်နေကိုင်နေတာက တစ်ခါတစ် ရံသာ၊ သားသတ်ရုံမှာလုပ်ရင် နေ့တိုင်း ကြုံတွေ့ရတော့မည်။ မြလေးကလည်း မပြောသာလို့သာ မပြောဘဲနေခြင်းသာ၊

အတွေးလွန်နေတာနှင့်
နေဝင်သွားမှန်းပင် မသိလိုက်။
ညရောက်မှ
မိသားစုလေးယောက်
လက်ဖက်ရည်ကြမ်းသောက်ရင်း
စားဖို့မုန့်တစ်ထုပ်ကို
ဈေးကဝယ်လာတာကို
သတိရမိသည်။
မြလေးဘုရားရှိခိုးပြီးမှ
မိသားစုဝိုင်းထိုင်ရင်း
စားကြဖို့ပင်။
မောင်ထွေးက
မြလေး ဘုရားရှိခိုးနေတုန်း
ဘောလုံးကစားနေလို့
ဟန့်ရသေး၏။
ခါတိုင်းလည်း
မြလေးတစ်ယောက် နေ့ညမပြတ်
ဘုရားဝတ်တက်နေကြ၊
သည်နေ့တော့
မြလေး ဘုရားရှိခိုးနေသည်ကို
ကြည်နူးစွာ
နားထောင်နေမိသည်



www.burmeseclassic.com

ကျုပ်လုပ်ကိုင်နေတာတွေကို သိပ်ပြီး သဘောတွေ့လို့ရယ်ဖြင့် မဟုတ်ပေ။

အတွေးလွန်နေတာနှင့် နေဝင်သွားမှန်းပင် မသိလိုက်။ ညရောက်မှ မိသားစုလေးယောက် လက်ဖက်ရည်ကြမ်းသောက်ရင်း စားဖို့မုန့်တစ်ထုပ်ကို ဈေးကဝယ်လာတာကို သတိရမိသည်။ မြလေးဘုရားရှိခိုးပြီးမှ မိသားစု ဝိုင်းထိုင်ရင်း စားကြဖို့ပင်။ မောင်ထွေးက မြလေး ဘုရားရှိခိုးနေတုန်း ဘောလုံးကစားနေလို့ ဟန့်ရသေး၏။ ခါတိုင်းလည်း မြလေးတစ်ယောက် နေ့ညမပြတ် ဘုရားဝတ်တက်နေကြ သည့်နေ့တော့ မြလေး ဘုရားရှိခိုးနေသည်ကို ကြည်နူးစွာ နားထောင်နေမိသည်။

မောင်ထွေးက ဘောလုံးကစားတာ ရပ်နိုင်းထား၍ သူ့အမေ ဘုရားရှိခိုးတာကို နားထောင်ရင်း တီးတိုးလိုက်ဆိုနေ၏။ နောက် ဘာစိတ်ကူးပေါက်သွားတယ် မသိ၊ ကောက်ခါငင်ကာ ထမေးလေသည်။

"ဖေဖေ‥ပါဏာတိပါတာဆိုတာ ဘာလဲဟင်" တဲ့။ ကျုပ်စိတ်ထဲ တစ်မျိုးဖြစ်သွား၏။

"ပြောလေ ဖေဖေရဲ့" တဲ့။ သက်ပြင်းချလိုက်ရင်း "သူတစ်ပါးအသက်ကို သတ်တာကိုပြောတာ" ဆိုတော့ မောင်ထွေး ကျုပ်ကို ခပ်ငေးငေးကြည့်ပြီး

'သူ့အသက်ကိုသတ်ရင် ငရဲကြီးတတ်တယ်ဆို" တဲ့။ သမီးကြီးကလည်း ဖတ်လက်စ စာအုပ်ကို ပိတ်ကာ ကျုပ်မျက်နှာကိုစိုက်ကြည့်ပြီး နားစွင့်လို့နေသည်။

မြန်ဖြေဖို့ ခွန်အားတို့ ကင်းမဲ့လေပြီ။ ဦးခေါင်းတစ်ခုလုံးသည် အိုးထိန်း စက်ကဲ့သို့ ချာချာလည်သွားသည်။ တစ် ကိုယ်လုံးသည်လည်း ပုရွက်ဆိတ်တို့ အကောင်ပေါင်းများစွာ ပိုင်းအုံကိုက်နေသလိုလို၊ လေထဲမှာလွင့်မျောသွားသလိုလို ပွယောင်းယောင်းစူးရှရှကြီးဖြစ်ကာ ရင်အစုံသည် လှိုက်ဖိုမောလာသည်။ နားထဲ၌ ဘုန်းကြီးကျောင်းသားဘဝက ဆရာတော်ဟောသည့် တရားတော်ထဲမှ "သူတစ်ပါးအသက်ကို သတ်မိတဲ့ ပါဏာတိပါတကံကို ကျူးလွန်ရင် ကိုယ်လက်အင်္ဂါ ချို့တဲ့မယ်၊ ရုပ်ရည်မွဲပြာ ကြမ်းတမ်းမယ်၊ ခွန်အား ယုတ်လျော့မယ်၊ လျင်မြန်မှုမရှိဖြစ်မယ်၊ ပေါ်ပေါက်လာသော သေဘေးကို ကြောက်လန့်တွေ ဝေရခြင်းဘေးကလွတ်အောင် မရှောင်နိုင်ဖြစ်မယ်၊ တစ်ပါးသူရဲ့ လက်နက်ပယောဂနဲ့ သေရမယ်၊ အနာရောဂါထူပြောစွာ စွဲကပ်တာခံရမယ်၊ အခြွေအရံ မိတ်ဆွေ ရှားပါးပြီး ရှိပြီးအခြွေအရံ မိတ်ဆွေလည်း ပျက်ရမယ်၊ သက်တမ်း အတိုင်းမနေရဘဲ အသက်တိုရမယ်လို့ (၉) ပါးရှိတယ်" ဆိုတဲ့ အသံတွေသည် နီးလာလိုက်၊ ဝေးသွားလိုက်ဖြင့်။



စိတ်နှင့်ကိုယ်ကို ဖမ်းဆုပ်မိလိုက်သည့် အချိန်မှာတော့ မြလေး၏ ကြေးစည်ထုပြီး အမျှဝေသံသည် လေထုထဲတွင် အကြိမ်ကြိမ်မြည်စွာ ပဲ့တင်ထပ်ကာဖြင့် အရှိန်အဟုန်ပြင်းပြင်း လွင့်ပျံလို့နေသည်။

မျက်ဝန်းအိမ်တို့သည် ထွန်းညှိထားသည့် ရေနံဆီမီးခွက်၏ အလင်းရောင် ဖြာထွက်ရာ မီးတောက်မီးညွန့်တို့ကို ညပိုးကောင်ဖလံမျိုးတွေက ဝင်ရောက် တိုးဝှေ့နေကြတာကိုသာ ငေးငေးရီရီဖြင့် စိုက်လိုက်မတ်တတ် ကြည့်လို့နေမိတော့သည်။

အဝေးလယ်တောတစ်ခွင်တွင်မူကား ညပိုးကောင်တို့၏အော်သံမှအပ အမှောင်ထုသည် သိပ်သည်းပိန်းပိတ်လျက် ရှိလို့နေပေ၏။

ပွင့်နု (ဝတီ)

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



■

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ ဇေဒင်ကုန်းရပ်ကွက်၊ ကန်သာယာလမ်းတွင် ကျွန်တော်နေထိုင်ပါသည်။ တစ်နေ့တွင် ကျွန်တော့်ဇနီးအား ကျောက်နဂါးနှင့် ကျောက်ကလေးရိုကို သွားကြမယ်လို့ ပြောသည်။ ၆-၉-၂၀၁၃ ရက်နေ့တွင် အိမ်မှ ရန်ကုန်အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ မျိုးဆက်သစ်ကားဖြင့် ခရီးထွက်ခဲ့သည်။

၆-၉-၂၀၁၃ ရက်နေ့ ညနေတွင် အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ရောက်သည်။ ရန်ကုန်-မန္တလေး ပြေးဆွဲနေသော တောင်ပေါ်သားကားဂိတ်သို့ သွားပြီး လက်မှတ်ဖြတ်သည်။ ည (၈) နာရီထွက်မည့်ကားဖြစ်သည်။ အချိန်စောနေသည့်အတွက် ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်သို့ သွားပြီး ကားထွက်မည့်အချိန်ကို လက်ဖက်ရည်သောက်ရင်း စောင့်နေသည်။

ကျွန်တော့်ခါးမှ ဟန်းဖုန်းကို ယူ၍ သမီးဆီသို့ ဖုန်းဆက်လိုက်သည်။ အဖေကြီးတို့ ည (၈) နာရီကားနဲ့ ထွက်မည့်အကြောင်း ပြောလိုက်သည်။ သမီး အမေ ပါပါလာတယ်။ သမီးတို့ ကျွဲဇာကန် ကားဂိတ်က စောင့်နေလို့ မှာလိုက်သည်။

ည (၈) နာရီထိုးရန် မိနစ် (၂၀) အလိုတွင် စပယ်ယာမှ မန္တလေးလိုက်မည့် ခရီးသည်များ ကားပေါ်သို့ တက်နိုင်သည်ဟု ပြောလိုက်သည်။ ကျွန်တော်တို့နှစ်ယောက် အဝတ်အစားအိတ်ကို ဆွဲပြီး ကားပေါ်သို့ တက်၍ ထိုင်ခုံတွင် ထိုင်လိုက်သည်။ သွားမည့်ခရီးသည်များပါ ကားပေါ်သို့ တက်လာကြသည်။ ထိုင်ခုံနှင့် ခရီးသည်များအား လိုအပ်သည့်အချက်အလက်ကို ရေးသားပြီး (၈) နာရီထိုးသည့်အတွက် ရန်ကုန်မှ မန္တလေးသို့ စတင်ခရီးထွက်တော့သည်။

၁၀၅ မိုင်တွင် ထမင်းသုံးဆောင်ရန် နာရီဝက် နားပေးပါသည်။ ကားပေါ်မှ ခရီးသည်များ ကားအောက်သို့ ဆင်းပေးရသည်။ ထမင်းစားမည့်သူများ ဆိုင်ထဲသို့ ဝင်သွားကြသည်။ ထမင်းမစားတဲ့သူတွေက ကားဘေးတွင် ကျန်းမာရေးသွားပြီး အညောင်းဖြေ၍ ကားဘေးတွင် စောင့်နေကြသည်။ ကျွန်တော်တို့နှစ်ယောက်ထမင်းသွားစားသည်။ နာရီဝက်အကြာတွင် စပယ်ယာမှ ကားတံခါးဖွင့်ပြီး ခရီးသည်များအား ကားပေါ်တက်ရန် ပြောလိုက်သည်။ ခရီးသည်အားလုံး ကားပေါ်တက်၍ နေရာယူလိုက်ကြ... စပယ်ယာမှ လူစစ်ဆေးပြီး မန္တလေး... ဆက်လက်ထွက်ခွာလာသည်။

မနက် (၅) နာရီလောက်... စပယ်ယာ၏အော်သံကို ကြားလို... သည်။ ခရီးသည်အားလုံးကား ... (၂၀) ခန့် ရပ်နားမည်ဖြစ်သဖြင့် ... မာရေး၊ မျက်နှာသစ်၊ အဆာခံစား... ရန်အတွက် ကားပေါ်မှ အောက်... ဆင်းပေးပါရန် ပြောလိုက်သည်။

မိတ္ထီလာစားသောက်ဆိုင်... ကားရပ်နားလိုက်သည်။ ခရီးသည်... မျက်နှာသစ်၊ ကျန်းမာရေး အဆာခံ... ပြီး ကားပေါ်သို့ အမြန်ပြန်တက်ကြသည်... ခရီးသည်စုံသည်နှင့် မန္တလေးသို့ ဆ... လက်ထွက်ခွာလာသည်။ မနက် ... နာရီ၊ (၁၀) မိနစ်တွင် မန္တလေးမြို့ ... ဇာကန်ကားကြီးဝန်းသို့ ဆိုက်ရောက်... စပယ်ယာမှ ဂိတ်ဆုံးကြောင်း ပြော... မိမိပစ္စည်းများယူ၍ လိုရာခရီးသို့ သွား... နိုင်ကြောင်း ပြောသည်။

ခရီးသည်များ ကိုယ့်ပစ္စည်းကို... ယူ၍ မိမိတို့လိုရာခရီးသို့သွားကြသည်... ကျွန်တော်တို့နှစ်ယောက် ကားပေါ်... ဆင်းပြီး အသင့်စောင့်ကြိုနေသော သမီး... ၏ ဆိုင်ကယ်ဖြင့် အိမ်သို့ သွားကြသည်... ကျွန်တော်တို့ အလည်လာသည့်အတွက် သမီး ဝမ်းသာအားရ ဖြစ်နေသည်။

"အဖေနဲ့အမေ အလည်သက်သက်... ပဲလား..."

"အေး.. အဖေကြီးတို့ ကျောက်နဂါးနဲ့ ကျောက်ကလေးရိုတဲ့နေရာ... သွားမှာ" လို့ ပြောလိုက်သည်။

"ဒီနေ့တော့ အဖေနဲ့အမေ ပင်...



www.burmeseclassic.com

ခန်းလာတယ်၊ နားလိုက်ဦး၊ နောက်နေ့ကျမှ သမီး ကားငှားပြီးလိုက်ပို့ပေးမယ်" ဟု ပြောသည်။ ကျွန်တော်တို့နှစ်ယောက်လည်း အေးအေးဆေးဆေး အနားယူလိုက်သည်။

၈-၉-၂၀၁၃ ရက်နေ့တွင် ကျွန်တော်တို့မိသားစုအားလုံး ကားငှား၍ ကျောက်နဂါးနှင့် ကျောက်ကလေးရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မြောင်မြို့ မုံရွာလမ်းခွဲမှ (၈) မိုင်ခန့်ဝေးသည်။ မြောင်ဆင်ခေါင်းတောင် ကျောက်နဂါး၊ မြောင်ဆင်ခေါင်းတောင် ကျောက်ကလေးရှိရာသို့ ကားဖြင့်ထွက်လာသည်။ မနက် (၁၀) နာရီလောက်တွင် မြောင်ရွာသို့ ရောက်ရှိသည်။

ကျောက်ကလေးရှိရာ၌ လူများ ကျိတ်ကျိတ်တိုးနေသည်။ ကျွန်တော်တို့မိသားစု ကျောက်ကလေးရှိရာသို့ အရင်သွားလိုက်သည်။ ကျောက်ကလေးကို အနီးဖြင့်ပတ်၍ မျက်နှာလေးဖော်ပြီး ပုခက်ထဲတွင်ထည့်၍ လွှဲပေးနေကြသည်။ နောက်တစ်ယောက်က ပွေ့ချီလိုက်သည်။ နမ်းတဲ့သူကနမ်း၊ ပါးနဲ့ကပ်တဲ့သူကပ်၊ တစ်ယောက်ပြီးတစ်ယောက် ချီနေကြသည်။ ကျွန်တော်တို့မိသားစု လူမတိုးနိုင်သည့်အတွက် အဝေးမှရပ်ကြည့်နေရသည်။ တချို့ကလည် ဆုတောင်းနေကြသည်။ ရည်မှန်းထားတာ အောင်မြင်လျှင် ကျောက်ကလေးအတွက် ဆော့စရာဝယ်ပြီး လာလှူမယ်လို့ ပြောနေသည့်အသံကို ကြားနေရသည်။

ကျောက်ကလေးအတွက် လှူထားတဲ့ ဆော့စရာပစ္စည်းတွေက အခန်းပြည့်နေသည်။ အရုပ်မျိုးစုံ၊ ကားမျိုးစုံ၊ ကလေးအသုံးဆောင်ပစ္စည်း မှန်သမျှ ပြည့်ကျပ်နေသည်။

အမျိုးသမီးတချို့ကလည်း သားဆုပန် နေကြသည်။ စီးပွားရေး အလုပ်အကိုင် စသည်တို့ကို ဆုတောင်းကြသည်။ ကျွန်တော်တို့မိသားစု အချိန်ကြာကြာ ရပ်ကြည့်နေပြီးမှ ကျောက်ကလေးရှိရာသို့ တိုးဝင်ပြီး ကလေးအား မ,ချီလိုက်သည်။ ကလေးခေါင်းနှင့် အောက်ဘက်မှ ကျောက်တုံးသဏ္ဌာန်ရှိသည်။ ခြေလက် လုံးဝမပါဘူး။ ကလေးမျက်နှာလေးကို ရွှေချထားသည်။ မျက်နှာဝိုင်းပဲ ရှိသည်။ ဆုတောင်းပြည့်သည့်အတွက် ကျောက်ကလေးဟု နာမည်ကြီးနေသည်။

ကျောက်ကလေးအား ကျွန်တော်



အေး..အဘာသိသမျှ အကုန် ပြောပြမယ်၊ မြောင်ကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးရှိတယ်၊ ညတိုင်း ဆရာတော်က တရားထိုင်တယ်၊ တစ်နေ့မှာ ဆရာတော် တရားထိုင်နေချိန်မှာ ကလေးငိုသံ သဲသဲမဲမဲ ကြားလိုက်ရတယ်။ လေးငါးရက်လောက် ဆက်တိုက်ကြားနေရလို့ ဆရာတော် စဉ်းစားတယ်။ ဤကလေးငိုသံကို သွားကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

ကျောက်နဂါးအကြောင်းက
ဟိုးတောင်စောင်းမှာ
နှစ်ပေါင်းများစွာက
အင်ကြင်းပင်ကြီးလဲနေတာ၊
တဖြည်းဖြည်း
နှစ်ကြာလာတော့
နဂါးနှင့် တူလာတယ်၊
အဲဒါကို
သစ်ခုတ်၊
ဝါးခုတ်သမားတွေ
မြင်တွေ့လာခဲ့တယ်၊
လူစုပြီး
သွားရှာတော့
မတွေ့ရတော့ဘူး။
ပြန်လာရတယ်။
တွေ့ခဲ့တဲ့လူကတော့
တကယ့်နဂါးနဲ့တူတယ်လို့
ပြောတယ်။
အဲဒီအကြောင်းကို ...

ညီ ညီ


တို့ မိသားစုတစ်ယောက်ပြီးတစ်ယောက် ပွေ့ချီ၍ လိုရာဆုတွေ တောင်းနေသည်။ ပြီးမှ ကလေးအား ပုခက်ထဲသို့ ထည့်လိုက်သည်။ အနားတွင် အဘိုးကြီး တစ်ယောက်ကို ကျွန်တော်တွေ့လိုက်ရသည်။ ဦးလေးကြီး ကျောက်ကလေး အကြောင်း သိသလောက် ပြောပြပါ။

"အေး··အဘာသိသမျှ အကုန် ပြောပြမယ်၊ မြောင်ကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးရှိတယ်၊ ညတိုင်း ဆရာတော်က တရားထိုင်တယ်၊ တစ်နေ့မှာ ဆရာတော် တရားထိုင်နေချိန်မှာ ကလေးငိုသံ သဲသဲမဲမဲ ကြားလိုက်ရတယ်။ လေးငါးရက်လောက် ဆက်တိုက်ကြားနေရလို့ ဆရာတော် စဉ်းစားတယ်။ ဤကလေးငိုသံကို သွားကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ နောက်နေ့ ဆရာတော် တရားထိုင်နေ ချိန်မှာပဲ ကလေးငိုသံကြားရတဲ့အတွက် တရားဖြုတ်ပြီး ကျောင်းသားလေးတွေ ခေါ်လို့ ဓာတ်မီးနဲ့ထိုးပြီး ကလေးငိုသံ ရှိသည့်နေရာသို့ သွားကြည့်လိုက်တယ်၊ ကလေးမျက်နှာကို ကျောက်တုံးထော တွေ့လို့ ယူပြီး ကျောင်းကို ပြန်လာ တယ်"

ကျောက်ကလေးမှာ ခြေလက်မပါ ဘဲ မျက်နှာလေးနဲ့ အောက်ပိုင်းက ကျောက်တုံးရှည်ရှည်လေးရှိသည်။ ဆရာ တော်လည်း ခေါင်းအုံးလေးနဲ့ သိပ်ထား လိုက်သည်။ နောက်ညမှာတော့ ကလေး ငိုသံလုံးဝမကြားရတော့ဘူး။ တစ်စ တစ်စနဲ့ လူသိများလာပြီး ကျောက် ကလေးလို့ နာမည်ကြီးလာတယ်။ လာ ကြည့်တဲ့ လူတွေများလာတော့ အဆောက် အဦ ခပ်သေးသေးဆောက်ပြီး ပုခက် လေးနဲ့ထည့်ပြီး သိမ်းသန့်ထားလိုက်သည်။

"တဖြည်းဖြည်း လူသိများလာပြီး ကျောက်ကလေးလို့ နာမည်တွင်လာ တယ်။ ဆုတောင်းပြည့်လာတယ်။ အကြံ အစည် အောင်မြင်လာကြတယ်၊ ကျောက် ကလေးအတွက်ဆို ခော့စရာတွေ။

ကလေး အသုံးအဆောင်ပစ္စည်း တွေ အများကြီး ဖြစ်လာတယ်။ အဆောက်အဦတွေပါ ဆောက် ပေးကြတယ်၊ ကလေးရဲ့မျက်နှာ တွေ ရွှေချတယ်။ ဘာမဆို အကုန်ပြည့်စုံနေတာပဲ ငါ့တူ ရာ၊ ကဲ··ဦးလေးလည်း ဒီလောက်ပဲ သိတယ်" ဟု ပြောပြသည်။ ကျောက်ကလေး ၏အကြောင်း ယခုလို ရှင်းပြ





www.burmeseclassic.com

www.burmeseclassic.com





သည့်အတွက် အလှူငွေထည့်ပြီး ကျေးဇူးတင်ကြောင်း ပြောသည်။

(၁၂) နာရီထိုးသည့်အတွက် ထမင်းစားရန် ကျွန်တော်တို့မိသားစု နားနေဆောင်သို့ သွားပြီး ထမင်းစားကြသည်။ ထမင်းစားပြီး ကျောက်နဂါးရှိရာသို့ ကားဖြင့် ခရီးဆက်ထွက်ခဲ့သည်။ (၁) နာရီလောက်မောင်းလျှင် ကျောက်နဂါးသို့ ရောက်သည်။ အဝင်တွင် "မီးအိမ်ရှင် အဘအောင်မင်းခေါင်" ၏ ရုပ်တုကို စတင်တွေ့ရသည်။ ပြီးမှ ကျောက်နဂါးရှိရာသို့ သွားလိုက်သည်။

ကျောက်နဂါးမှာ အကြေးခွံနှင့် ကျောရိုးအကြေးခွံ ခြေလက်တွေ အစုံပါသည်။ ရွှေချလို့ရသည်။ ကျောက်နဂါးအတွက် နွားနို့နှင့် ပေါက်ပေါက်ဆုပ် လှူလို့ရသည်။ တကယ့်အသက်ဝင်နေသည့် သဏ္ဍာန်ရှိသည်။ အထဲတွင် စောင့်ကျပ်နေသော ဦးလေးကြီးကို ကျွန်တော် စပ်စုလိုက်သည်။ ကျောက်နဂါးရဲ့အကြောင်း ပြောပြပါလို့ တောင်းဆိုလိုက်သည်။

"ကျောက်နဂါးအကြောင်းက ဟိုးတောင်စောင်းမှာ နှစ်ပေါင်းများစွာက အင်ကြင်းပင်ကြီးလဲနေတာ၊ တဖြည်းဖြည်း နှစ်ကြာလာတော့ နဂါးနှင့် တူလာတယ်၊ အဲဒါကို သစ်ခုတ်၊ ဝါးခုတ် သမားတွေ မြင်တွေ့လာခဲ့တယ်၊ လူစုပြီး သွားရှာတော့ မတွေ့ရတော့ဘူး။ ပြန်လာရတယ်။ တွေ့ခဲ့တဲ့လူကတော့ တကယ့်နဂါးနဲ့တူတယ်လို့ ပြောတယ်။ အဲဒီအကြောင်းကို မီးအိမ်ရှင်အဘ အောင်မင်းခေါင်ကို ပြောပြတယ်။

အေး‥ မင်းတို့ လူစုပြီး အဘဆီကိုလာခဲ့၊ အဘနဲ့ သွားရှာမယ်လို့ပြောတယ်၊ လူစုပြီးတာနဲ့ အဘက ရှေ့ဆုံးကနေ မီးအိမ်ကို ယူပြီး လိုက်ပြပေးပြီး ကျောက်နဂါးကြီးကို တွေ့ရတယ်၊ အဘရဲ့ အဓိဋ္ဌာန်ကြောင့် ကျောက်နဂါးကြီးကို "မြောင်" ဆင်ခေါင်းတောင်သို့ သယ်လာလို့ရတယ်"

ဟု ပြောပြသည်။

သမိုင်းကြောင်းအရ အဘကို "မီးအိမ်ရှင်အဘ အောင်မင်းခေါင်" လို့ ခေါ်တွင်စေခဲ့သည်။ "မြောင် ဆင်ခေါင်းတောင် ကျောက်နဂါး" လို့ ခေါ်တွင်စေခဲ့တယ်။ တကယ်အံ့ဩဖို့ကောင်းပါသည်။ ဦးလေး ယခုလို ကျောက်နဂါးအကြောင်းကို စိတ်ရှည်စွာ ရှင်းပြပေးသည့်အတွက် အထူးကျေးဇူးတင်ကြောင်း ပြောပြီး ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါလို့ ပြောလိုက်သည်။ ကျွန်တော်တို့မိသားစုလည်း မန္တလေးပြန်ရန် ကားပေါ်သို့ တက်လိုက်သည်။ လူစုံသည့်အတွက် ဦးလေးကို နှုတ်ဆက်ပြီး ပြန်လာကြသည်။

"တကယ်ထူးဆန်းသည့် ကျောက်ကလေးနှင့် ကျောက်နဂါးကို သွားရောက်လေ့လာနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

စလောင်သောင်း (သုံးဆယ်)



www.burmeseclassic.com

# ဘာနှင်း

## ရာဇဝင်တွင်စေသော

## မှုခင်းများ



www.burmeseclassic.com

www.burmeseclassic.com



■

၁၉၈၁ ခု နွေနှောင်းရာသီပိုင်း ကာလဖြစ်သည်။ အတ္တလန္တာမြို့ရှိ ဌာနခေါင်းစုံတွင် "ကလေးပျောက်မှု သေမှု" ဆင်တွဲ၍ မဖြေရှင်းနိုင်သော အမှုချည်း ၂၆ မှုတိတိ ပေါ်ပေါက်နေသည်။ ထိုအမှုများ စတင်ပေါ်ပေါက်လာချိန်မှာ လွန်လေပြီးသည့် (၂) နှစ်ကာလမှ အစပြုသည်။ တောင်ပိုင်းအမေရိကားမှ အတွင်းကျကျပိုင်းတွင် နေထိုင်ကြသော အသားမည်း နီဂရိုးကလေးများအား လမ်းတွင်းမှ ပျောက်ဆုံးသွားသလိုမျိုးဖြင့် ကြံစည်ခြင်းမျိုး ဖြစ်သည်။ ပျောက်သည့် ကလေးသည် လပေါင်းများစွာ ကြာပြီးမှ အလောင်းအဖြစ် မြစ်ရေပြင်ထက်မှာ ပေါ်လောမျောလာသလိုမျိုး၊ မြှုပ်ထားသည့် မြေကြီးအောက်က ရှာတွေ့သလိုမျိုးဖြင့် ရင်မအေးလောက်ဖွယ် အသွင်ဖြင့် ပြန်တွေ့လေ့ရှိသည်။

ဤနယ်အခင်းဖြစ်ရပ်သတင်းဆိုးများသည် အတ္တလန္တာမြို့တစ်ရပ်လုံးဆီသို့ လျင်မြန်စွာ ပျံ့လွင့်သွားခြင်း ဖြစ်သည်။ ထိုကလေးသူငယ်များမှာ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်မစွမ်းနိုင်သော အရွယ်ပိုင်းလေးတွေသာ ဖြစ်နေသလို၊ အားလုံးမှာလည်း အသားမည်းလေးတွေ ဖြစ်နေကြသည်။ သေဆုံးပုံများအထဲတွင် များသောအားဖြင့် လည်မျိုအညှစ်ခံရ၍ ဇီဝိန်ချုပ်ငြိမ်းသွားကြရပုံများသာ ဖြစ်ကြသည်။ မှုခင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အဆိုပြုချက်အရ အဖြစ်ဆိုးရရှာသည့် သားကောင်လေးများသည် အသက် (၇) နှစ်အရွယ်ထက် မကျော်ဘဲ၊ လုပ်ကြံသူက ကလေးတွေကို အနောက်ဘက်မှ အလစ်ဝင်ရောက်လျက် လည်မျိုဖမ်းညှစ်ခဲ့ခြင်းဖြင့် ကြံစည်ခဲ့ခြင်းပင် ဖြစ်နိုင်ကြောင်း အဖြေထွက်သည်။

ထိုသို့ ရရှိလာသော အဖြေတစ်ခုကပင် အနီးအရပ်များ၌ နေထိုင်ကြသော လမ်းနေ သားသမီးရှင်များအဖို့ ရတက်မအေး စိုးရိမ်ကြောက်မက်ဖွယ် ကိစ္စတစ်ခုဖြစ်သွားရသည်။ ညကလေးမှောင်ရိပ်သန်းလာပြီ ဆိုသည်နှင့်ပင် လမ်းတိုင်းလိုလို သုသာန်တစ်စပြင်ပမာ လူသူကင်းမဲ့သွားခဲ့သည်။ လမ်းသွားလမ်းလာပင် မတွေ့နိုင်သည်အထိ လူပ်ရှားမှုကင်းမဲ့သည်။ မိဘများသည် မဖြစ်လောက်သည့်အကြောင်းရှိမှသာလျှင် အိမ်ပြင်ပေးထွက်သည်။ ထိုမှအပ စက္ကန့်မလပ်ပင် သူတို့တွေ၏ ရင်သွေးငယ်များကို မျက်စိမြင်ကွင်းအောက်မှာသာ ရှိစေသည်။ ပို၍ လုံခြုံအောင် အိမ်ရှေ့ဘက်က တံခါးကိုပါ ပိတ်ထားချင် ပိတ်ထားတတ်သည့် အဖြစ်ပါ။ ထို့ထက်မှာမူ အစိုးရိမ်အပိုကဲကြသော အချို့မိဘများသည် တုတ်တစ်ချောင်း ပခုံးထမ်းပြီး လမ်းတစ်ခိုကို ကင်းစောင့်ချင်စောင့်တတ်သည်။ ထိုပြယုဂ်များသည် သူတို့၏ နှလုံးသား၌ သားသမီးအတွက် ရတက်မအေးခြင်းကို ဖော်ဆောင်နေသည့် သဖွယ်ပါ။

ကလေးသူငယ်များအပေါ် ထိုကဲ့သို့နှယ် ကြံစည်နေသူသည် အသားမည်း မုန်းတီးရေးသမား အမေရိကန် တစ်ယောက်ပင်ပဲလား၊ သို့မှမဟုတ် နီဂရိုး ဆန့်ကျင်ရေးသမားတစ်ယောက်ပင်ပဲလား၊ သူတို့တစ်တွေ မသိပါလေ။

သို့မှမဟုတ်ဘဲ လွတ်မြောက်နေသော စိတ္တဇဝေဒနာသည် တစ်ယောက်များလား။

မည်သို့ဆိုစေ ကျူးလွန်သူတရားခံ၏ သက်တမ်းသည် (၂) နှစ် ကာလသို့ပင် ဝင်ရောက်သည်။ သို့နှင့်အမှုအထက်အရာရှိတို့၏ နေ့မအား ညမအား ခေါင်းစားနေရသည့် ကိစ္စက ကျန်းမာရေးကိုပါ ထိခိုက်စေသလိုပါပေ။ အမှုမှန်၏ လက်သည်တရားခံ ဖမ်းမိလာနိုင်ဖို့အရေးအတွက် မှုခင်းတပ်ဖွဲ့ဘက်မှလည်း ပုံသဏ္ဍာန်အမျိုးမျိုး တိုးမြှင့်ဖွဲ့စည်းလျက် သားကောင်ကို လက်ရမိအောင် ကြိုးပမ်းကြသည်။ နိုင်ငံတော်တရားရေးရာ ခုံသမာဓိရုံးကိုပါ အထူးခုံရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းသည်။

သည်နယ် တင်းတင်းကျပ်ကျပ် အသွင်ဖြင့် ဆောင်ရွက်ထားသည့်ကြားမှပင် ထပ်မံပျောက်ဆုံးမှု သတင်းတစ်ရပ် ပေါ်ပေါက်လာပြန်၏။ မှုခင်းတပ်ဖွဲ့ဝင်း



www.burmeseclassic.com

www.burmeseclassic.com



မှလည်း တရားခံဖမ်းမိနိုင်ရေးအတွက် ဒေါ်လာငွေပေါင်းမြောက်မြားစွာ သုံးစွဲထားခဲ့ပြီးလင့်ကစား လူသတ်သည့်ဖြစ်ရပ်ကတော့ ဆက်လက်ပေါ်ပေါက်နေစမြဲ။

နောက်ဆုံးတွင် မှုခင်းတပ်ဖွဲ့မှူးကြီး လဲဘရောင်းတို့၏ အဖွဲ့အား နိုင်ငံတော် အက်ဖ်ဘီအိုင်စုံထောက်တပ်ဖွဲ့ ရုံးဘက်မှ ဝန်ထမ်းများစေလွှတ်၍ အကူအညီပေးရသည့်အခြေအနေသို့ ဆိုက်ရောက်သွားဖြစ်သည်။ သို့နှင့်မခြား တရားခံအား ဖော်ဆောင်မပေးနိုင်သူအား ဆုငွေအဖြစ် ဒေါ်လာတစ်သိန်း ချီးမြှင့်မည်ဟူ၍ပါ အတိအလင်းကြေညာရသည့်အဖြစ်သို့ ရောက်သည်၊ ထိုအခြေအနေအထိ ဆိုက်ရောက်ရသည်ကို ထောက်ရှုကြည့်ကာ မှုခင်းတပ်ဖွဲ့ပိုင်းအနေဖြင့် ကလေး လူသတ်မှုနှင့် စပ်လျဉ်း၍ အဘယ်မျှ ချောက်ချားသွားရသည်ကို ခန့်မှန်းနိုင်မည် ဖြစ်သည်။

ထိုအမှု၏ အစအခြေအနေ ၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလအကျော် ရက်များတွင် ခြောက်ရက်တစ်ကြိမ် ကလေးသုံးယောက်မျှ ထူးထူးဆန်းဆန်းပျောက်ဆုံးနေသည်။ ထို့နောက် (၁၁) ယောက်တိတိ အသတ်ခံထားရသည့် အခြေအနေနှင့်အတူ ပြန်လည်ရှာတွေ့သည်။ အချို့ကလေးများမှာ မြေတွင်ပင် မမြှုပ်ခဲ့ဘဲ သည်အတိုင်း လမ်းပေါ်တွင် အခလောင်းအဖြစ် သက်ရောက်နေသည်ကော။ မိဘပြည်သူများ သဲကြီးမဲကြီး ဂရုစိုက်နေသည့်ကြားမှပင် ပျောက်ဆုံးမှုခင်းများ တစ်မှုပြီးတစ်မှု ဆက်လက်ဖြစ်ပွားလျက်ရှိ၏။ သွေးဆာနေသော ထိုလူသားကား ရက်စက်လွန်းလှပါဘိတောင်။

ဆင်ထားသော ဂယ်ပေါက်ထဲသို့ ထိုလူသား တစ်နေ့မဟုတ်တစ်နေ့ ခြေလှမ်းမှား၍ ဝင်ရောက်လာချေမည်သာ။ သို့သော် ထိုကာလသို့ မဆိုက်ရောက်မီမှာတော့ အသက် (၇) နှစ်အရွယ်နှင့် (၁၄) နှစ်အရွယ် မရှိတရှိကလေးတို့မှာ မသေသင့်ဘဲ သေရရှာ၏။ (၉) ယောက်မှာ မိန်းကလေး၊ ယောက်ျားလေးက (၂) နှစ်ယောက်မျှသာ ပါ၏။ ထိုကလေးများ၏ ကိုယ်ပေါ်တွင်မူ ကာမရာဂ ဓားပြတိုက်ထားခဲ့ဟန် ရှိသည့် လက္ခဏာတော့ တစ်ခုတလေပင် ရှာမတွေ့ခဲ့ပါ။

တစ်ယောက်တည်းသာ ကျူးလွန်နေပုံရ၏။ ရဲများအဖို့ ထိုသော တရားခံ တစ်ယောက်··လက်လွတ်ခံနေရခြင်းအား ကြိတ်မနိုင်ခဲမရဖြင့် ခေါင်းစားနေရသောကြောင့် ကြာသော် အသည်းထဲ စူးဝင်နေသလို ဝေဒနာတစ်မျိုး တွယ်ငြိလာရသည်။

မကြုံစဖူး ကြိုးစား မြေလှန် ရှာဖွေနေသော အဖြစ်မျိုးသည် အမေရိကန် သမိုင်းစာမျက်နှာတွင် တစ်ခါဖူးမျှ မပေါ်ပေါက်ခဲ့ဖူးသော အားထုတ်မှုတစ်ခုအဖြစ်သို့ ဆိုက်သည်။ စစ်မျက်နှာဖွင့်နေရသော အော်ပရေးရှင်းတိုက်ပွဲတစ်ခုပမာအလားပင် လူ (၂) သန်းရှိသော အတ္တလန္တာမှ လူဦးရေတို့ကို လူတွေ့စစ်ဆေးခြင်း၊ (၁) သန်းခွဲထံသို့ နေ့စဉ်ဖုန်းဆက်မေးမြန်းခြင်း စသည်တို့အပြင် ကဆေးများ အယောက် (၁) သန်းမျှကိုပင် နေထိုင်သွားလာရမည့်သင်တန်းများ ပို့ချပေးရသေးသည်။ ဥပဒေမျက်[...] အောက်မှ သွားလာလှုပ်ရှားဖို့ ဖြစ်သည်[...] ရဲစခန်းတိုင်း၌ အက်ဖ်ဘီအိုင် စုံထော[...] (၂၅) ယောက်ခန့်သည် အမှုမှန် [...] ပေါက်မချင်း အဆင်သင့်ရှိနေကြသည်[...]

၁၉၈၁ ခုနှစ်၊ မေလ၏ ညတစ်[...] အတ္တလန္တာရဲအရာရှိချုပ် (၂) ဦး[...] အက်ဖ်ဘီအိုင်စုံထောက် (၂) ဦး ခေ[...] ဆောင်လျက် မော်တော်ကားသွားလ[...] (၄) ခုရှိသည့် ဆော့က်ဒရိုက်ဖ် တံတား[...] ကြီးအောက်သို့ လူစုခွဲပုန်းခိုစောင့်ဆိုင်း[...] သည်။ တံတားပေါ်မှ မသင်္ကာစ[...] ကောင်းသောယာဉ်များကို တားဆီး၍[...] စစ်ဆေးခြင်းမျိုး ပြုသည်။ ထိုည[...] နှင်းမြူများ ကျဆင်းဖုံးလွှမ်းနေ၍ သူ[...] အား ရုတ်တရက်မမြင်နိုင်၊ ထိုအ[...] ကောင်းကိုယူ၍ ရှောင်တစ်ခင်စစ်ဆေး[...] ခြင်းများ ပြုလုပ်ခြင်းပါတည်း။ သို့[...] ကာမူ သူတို့မျှော်လင့်မထားသော[...] အဖြစ် တစ်ခုကား ထိုအခိုက်အတ[...] လေးမှာပင် ပေါ်ပေါက်လာရသည် ဆို[...] မည်။ သူတို့တစ်တွေ စောင့်ဆိုင်းချော[...] မြောင်း နေလျက်ရှိသော မလှမ်းမ[...] တံတားအောက်မှ မြစ်ရေပြင်တွင်[...] တစ်စုံတစ်ရာ ပစ်ချခံလိုက်ရသကဲ့[...] ဗွမ်းခနဲ မြည်ဟီးသွားခဲ့လေသည်။ လူ[...] တစ်ဦးတစ်ယောက် ကျသွားခြင်းပင်[...] ဖြစ်လိမ့်မည်ဟု ယူဆ၍ စုံထောက်နှစ်[...] ယောက် ရေအနီးအစပ်သို့ ခုန်ဆင်း[...] ကြည့်သည်။ ဆယ်ဖို့ ကြိုးစားသည်[...] အောက်တက်မှ ရေဒီယိုဖြင့် အပေါ်ဘက်[...] သို့ ထိုသတင်းကို လှမ်းပို့လိုက်သည်[...] နှင့် ပတ္တရောင်တပ်ဖွဲ့ကလည်း ဝင်[...] ရောက်လာသည့် ကားနှင့်သရှေ့ကို[...]

www.burmeseclassic.com





တင်းတင်းကျပ်ကျပ် အသွင်ဖြင့်
ဆောင်ရွက်ထားသည့်ကြားမှပင်
ထပ်မံပျောက်ဆုံးမှု သတင်းတစ်ရပ်များ
ပေါ်ပေါက်လာပြန်၏။
မှုခင်းတပ်ဖွဲ့ပိုင်းမှလည်း တရားခံ
ဖမ်းမိနိုင်ရေးအတွက် ဒေါ်လာငွေပေါင်း
မြောက်မြားစွာ သုံးစွဲထားခဲ့ပြီးလင့်ကစား . . .

တားဆီးစစ်ဆေးသည်။ ယာဉ်မောင်းဟူသရွေ့ကို အသေအချာ စစ်ဆေးမေးမြန်းပြီးမှ ခရီးဆက်ခွင့်ပေးသည်။

ထိုကဲ့သို့ မြစ်ရေထဲသို့ ကျရောက်သံကြားပြီး နှစ်ရက်အကြာ ဖားကူးချန်ပီယံ ရေငုတ်သမားတို့၏ ခုန်ဆင်းရှာဖွေမှုနှင့်အတူ အသက် (၂၇) နှစ်ရှိ နီဂရိုးအမျိုးသား နာသန်နီယယ်ကာတာအား အလောင်းအဖြစ်နှင့် ရေထဲက ဆယ်ယူနိုင်ဖြစ်သည်။ လည်မျိုအညှစ်ခံထားပြီး သေဆုံးခဲ့ကြောင်း စစ်ဆေးတွေ့ရှိ၏။

ကလေးတွေအား သတ်ဖြတ်ခဲ့စဉ်က လက်စလက်နနှင့် တစ်ထေရာတည်း။ လူသတ်သမားသည် ပိုမိုအတင့်ရဲလာဟန်ရှိသည်။ လူကြီးအရွယ်ဘက်သို့ သူ့ခြေလှမ်းကို ပြောင်းလဲလှုပ်ရှားလာခဲ့ပြီ။ မကြာပါ။ အဲလားတူ သတ်ဖြတ်ထားမှုတစ်ရပ်အား ထပ်မံတွေ့လာရပြန်၏။ ထိုသူသည် အသားမည်းတစ်ယောက်ပင် ဖြစ်သည်။ အရွယ်ရောက်လူငယ်တစ်ယောက်ဖြစ်သည်။ နီဂရိုးအမျိုးသား နာသန်နီယယ်ကာတာ အသတ်ခံထားရပုံနှင့် တစ်ပုံစံတည်း။ လူသတ်တရားခံမှာ တစ်ဦးတည်းဖြစ်ရမည်ဟု ကွင်းဆက်ရသည်။ သို့မို့ကြောင့် ရဲတို့ဘက်မှ မူလကထားရှိသော ဖိုင်တွဲခေါင်းစဉ်ကို ပြောင်းလဲရသည့်အဖြစ်သို့ ရောက်သွားသည်။ မူလ ကလေးပျောက်မှု သေမှု ဖိုင်တွဲအစား လူပျောက်မှု၊ သေမှု ခေါင်းစဉ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သည်။

ထိုသို့ဖွဲ့စည်းလိုက်ပြီး ရက်အတန်လေးအကြာ အသက် (၂၁) နှစ်အရွယ် ရေးပိန်းဆိုသူ အသားမည်းတစ်ဦးအား မြစ်ရေထဲကပင် ဆယ်ယူ၍ ရရှိခဲ့ပြန်ပါ၏။ ယင်းသူလည်း နာသန်နီယယ် လုပ်ကြံ သတ်ဖြတ်ခံလိုက်ရစဉ်ကနှင့် တစ်ချိန်တည်း။ တစ်ပြိုင်တည်းမှာ လည်မျိုအညှစ်ခံရပြီး ရေထဲသို့ ကျရောက်သည့်အဖြစ်ကို ရောက်သွားခြင်းဖြစ်မည်ဟု ယူဆနိုင်ခဲ့သည်။ လွန်လေပြီးသည့် ရက်အတန်ငယ်တုန်းက ဤမြေကြီးထဲမှပင် ကလေးအလောင်း (၄) လောင်း ဆယ်ယူရရှိထားပြီးဖြစ်သည်။ ထိုကတည်းက တံတားအောက်မှောင်ရိပ်သို့ ရောက်ရှိခဲ့ပြီဖြစ်သော စုံထောက်အဖွဲ့တို့သည် ယခုအခါ လာသမျှ ကားတို့ကို တံတားထက်မှ တားဆီးရပ်တန့်၍ ပိုက်စိပ်တိုက် ရှာဖွေစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေး မေးမြန်းသည့်အနက်မှ ဝိန်းဘာထရမ်ဝီလီယန်ဆိုသူ အသက် (၂၃) နှစ်အရွယ် နီဂရိုးသည် မိဘအငြိမ်းစား ကျောင်းဆရာတို့နှင့်အတူ အတ္တလန္တာမြို့၏ အနောက်မြောက်ဘက်မှ သာမန်တစ်ထပ်တိုက်တွင် နေထိုင်ကြောင်း သိလာခဲ့၏။ ထိုသူ့အားသံသယထားမိ၍ ရဲစခန်းသို့ တစ်ညခေါ်ထားခြင်း ပြုသည်။ သို့စေကာမူ ထိုလူရွယ်သည် သူ့ကိုယ်သူ သိပ္ပံဘက်ဆိုင်ရာ ပညာရှင်အဖြစ် အားတုတ်ကျင့်ခြ

ခြောက်ရက်တစ်ကြိမ် ကလေးသုံးယောက်မျှ ထူးထူးဆန်းဆန်း ပျောက်ဆုံးနေသည်။ ထို့နောက် (၁၁) ယောက်တိတိ အသတ်ခံထားရသည့် အခြေအနေနှင့်အတူ ပြန်လည်ရှာတွေ့သည်။ အချို့ကလေးများမှာ မြေတွင်ပင် မမြှုပ်ခဲ့ဘဲ သည်အတိုင်း လမ်းပေါ်တွင် အလောင်းအဖြစ် သက်ရောက်နေသည်ကော။

နေသူ သက်သက်သာဖြစ်နေမှန်း လေ့လာနိုင်ခဲ့၍ မသင်္ကာသူအဖြစ်မှ ပြန်လွှတ်ပေးလိုက်သည်။ ဝီလီယန်သည် သူ့ကားထဲ၌ ရဲတို့၏ ဝိုင်ယာလက် အဆက်အသွယ်များကို ဖမ်းယူ နားထောင်ခြင်းပြုနိုင်သည့် ရေဒီယိုစက်ကို တီတွင်တပ်ဆင်ထားသည်။ အမှုအခင်းနှင့်ပတ်သက်သည့် သတင်းဟူသရွေ့နှင့် တိုက်ပွဲသတင်းများကို အသံဖမ်းပြီး နားထောင်လေ့ရှိသူမျိုး။ ထို့ပြင် သူက သတင်းထောက်များ ရုပ်မြင်သံကြားအဖွဲ့များထက် ဦးဆောင်ရှေ့ထွက်လျက် သူ့ကင်မရာနှင့် ဓာတ်ပုံများရိုက်ယူ၍ ဈေးကြီးကြီးနှင့် လိုချင်သူများထံ ပြန်ရောင်း၏။ အသက် (၁၄) နှစ်အရွယ်ကတည်းက အတ္တလန္တာ၏ အသံလွှင့်ရုံကလေးတစ်ခုကို သူ့ကိုယ်ပိုင်အရည်အချင်းလေးဖြင့် တည်ထောင်ခဲ့ဖူးပါသေးသည်။ အသက် (၁၈) နှစ်အရွယ်တုန်းကတော့ မှု ရဲအရာရှိတစ်ယောက်အား လိမ်လည်မှုဖြင့် ပြစ်ဒဏ် တစ်ကြိမ်အကျခံရဖူး၏။ ထိုသတင်းအခင်းရပ်ကို ကြားရလေသော မိတ်ဆွေအပေါင်းအသင်းတို့ပင် ဝီလီယန်နှင့်ပတ်သက်၍ ညြချုပ်ယူလောက်အောင် အံ့အားသင့်ခဲ့ရဖူး၏။

ဇွန် (၃) ရက်၊ ရဲဌာနမှ ဝီလီယန်အား ထပ်မံခေါ်ယူကာ (၁၂) နာရီတိုင်တိုင် စစ်ဆေးမေးမြန်းကြသည်။ နောက်တစ်နေ့ သူကိုယ်တိုင် သတင်းဌာနနှင့် ရုပ်မြင်သံကြားဌာနများဆီသို့ ဖုန်းနှင့်လှမ်းဆက်သွယ်ကာ ကွန်ဖရင့်ဖွင့်ပေးဖို့ တောင်းခံခဲ့သည်။

အပြစ်မဲ့သည့် သူလို လူတစ်ယောက်အပေါ် အုတ်အုတ်သဲသဲရှိနေသည့် လူသတ်ကောင်အဖြစ်နှင့် မသင်္ကာ... နေသည့်အဖြစ်ကို ဖြေရှင်းပြပေး... တင်ပြသည်။ သူက ထိုကွန်ဖရင့်... ခုလိုပြောသည်။ "ရဲတစ်ယောက်... ကျုပ်ကို "မင်းနာသန်နီယယ်ကာ... ကို သတ်ခဲ့တယ်မဟုတ်လား။ တို့မင်း... ခုလို မခံဆည်းရခင်က ဒီလိုကိစ္စ... တွေ မင်းကျူးလွန်နေတယ် မဟုတ်... လား" လို့ စွပ်စွဲနေပါတယ်။ ကျုပ်... ကျုပ် ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး ... တားအောက်ကိုလည်း ပစ်မချခဲ့ဘူး... ငြင်းပါတယ်"

ထိုမှ နောက်ထပ် ခြောက်ရက်... ဝီလီယန်အား ရဲစုံထောက်များဘက်... စောင့်ကြည့်ရမည့် မသင်္ကာသူအဖြစ်... ကင်းပုန်းချစောင့်ကြည့်သည်။ ဝီလီယ... ၏ ကားပေါ်က တွေ့ရသည့် အခင်း... ဖိုင်ဘာခြေနှင်းကို ဓာတ်ခွဲခန်းဆီသို့... ဓာတ်ခွဲကြည့်ခိုင်းသည်။ ဖိုင်ဘာခင်း... မှ သေဆုံးသူ နာသန်နီယယ်ကာတာနှင့်... ဝိန်းတို့၏ အဝတ်အစားမှ အမျှင်အ... သေးသေးလေးများကို ဓာတ်ခွဲကိရိယာ... များဖြင့် ဖော်ထုတ်နိုင်ဖြစ်သည်။ သို့ဖြ... ထိုသဲလွန်စဖြင့်ပင် ဝီလီယန်အား ဖမ်း... ချုပ်လိုက်ကြသည်။

သို့သော် စုံထောက်များဘက်... ဝီလီယန်ကို တိတိပပစွပ်စွဲဖို့နှင့် ရုံးတွင်... တရားစွဲဆိုဖို့ဆိုသည်မှာ အခက်အခဲတစ်... ရပ် ဖြစ်နေသည်။ သူတို့ရရှိသည့် သဲ... လွန်စသည် ပီပြင်ခိုင်မာခြင်းရှိသည်ဟု... မဆိုသာပါ။ အခင်းကျူးလွန်ချိန်က... တွေမြင်လိုက်သည့် မျက်မြင်သက်သေ... မပြနိုင်ခြင်းသည် အားနည်းချက်တစ်... သာပါပင်။ ယခုရရှိသည့် သက်သေ...



www.burmeseclassic.com

www.burmeseclassic.com


အထောက်အထား ဆိုသည်ကလည်း ဓာတ်ခွဲခန်းက ကိရိယာနှင့် ကြည့်မှသာ တွေ့လို့ရနိုင်သည့် အခြေအနေ။

သူတို့ ကြိုတင်စိုးရိမ် ပူပန်သကဲ့သို့ ပါပင်တည်း။ ဝီလီယန်၏ အမှုသည် တရားရုံးတွင် စစ်ရင်းဆေးရင်း ရက်သတ္တပတ် (၉) ပတ်သို့ပင် တိုင်လာ၏။ တရားလိုများဘက်မှ စွဲချက်တင်သည့် ရှေ့နေရှေ့ရပ်များဘက်မှ မည်သို့မှုမတတ်နိုင်သလို ရှိနေသည်။ ဝီလီယန်ဘက်မှ လိုက်ပါသည့် တရားခံရှေ့နေကိုလည်း ကြည့်ဦးလေ။ မစ္စစ္စပီမြို့တွင် အကျော်အေးယဖြစ်နေသော အယ်လ်ဗင်ဘင်းဒါး ဖြစ်သည်။ သူက တရားလိုဘက်မှ တင်ပြခဲ့သမျှကို တစ်ခုချင်းအမှတ်သာသည်အထိ ချေဖျက်သွားနိုင်သည်။ သို့သော် တရားသူကြီးများဘက်မှ ဆုံးဖြတ်ချက်ချလိုက်ပုံမှာ မယုံနိုင်အောင် ပြတ်သားလှသည်။ အထောက်အထားခိုင်မာနေသည့်အတွက် ဝီလီယန်အား တရားခံအဖြစ် ဆုံးဖြတ်လိုက်ခြင်းပါပင်။ သည်မှာပင် လက်ထောက်ရှေ့နေက ဝီလီယန်ဘက်မှ တင်ပြပြန်သည်။ "သူဟာ ဒီအမှုတွေကို ကျူးလွန်ခဲ့တယ်ဆိုတာ မှန်ကောင်း မှန်ပါလိမ့်မယ်။ သို့သော် သူဟာ စိတ်အခြေအနေ ယိုယွင်းနေသူမျိုးလို သူကျူးလွန်တာကို မိမိကိုယ်တိုင်မသိတဲ့ ကျူးလွန်မိတာသာ ဖြစ်နိုင်ပါတယ်။ တရားသူကြီးမင်းခင်ဗျား..."

မည်သို့ဆိုစေ ဓာတ်ခွဲခန်းထက်က သဲလွန်စသက်သေမှုသည် လူသတ်သက်သေအဖြစ် ရရှိလာပြန်သည်။ (၁၅) နှစ် အရွယ် ချာတိတ်ကလေးတစ်ဦးက (၁၄) နှစ်အရွယ် လူဘီဂီတာ၏ ဘောင်းဘီအောက်မှ ပြည့်ရှိနေသော ဖထ်ရာအနာများကို ရုံးတွင်တင်ပြလာရင်း ထိုအနာများမှာ ဝီလီယန်၏ ရိုက်ပုတ်ချက်ကြောင့် ဖြစ်သည်ကို သူတွေ့လိုက်ရကြောင်း သက်သေထွက်လာသည်။ ထိုလိုမျိုးပင် အခြားစားစာခံများကပါ သူတို့ ခံစားခဲ့ရသည့် ဝီလီယန်၏ လက်ချက်များကို ရုံးတွင် တင်ပြကြပြန်၏။ ဝီလီယန်နှင့် လုပ်ငန်းပိုင်းဆက်သွယ်နေသူ တစ်ဦးဆီမှပါ ဝီလီယန်ရေးသားသော ရင်ဖွင့်စာလေးတစ်ခုကို ရရှိ၏။ ထိုစာ၏ တစ်နေရာတွင် ဤသို့ ဤနှယ်ပါရှိသည်။

"ကျုပ်က မြို့တော်ဝန်တစ်ယောက် ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် လူသတ်သမား တစ်ယောက် ဖြစ်ရမှာတော့ သေချာတယ်"

ဝီလီယန်သည် ထိုပြစ်မှုများ သူနှင့် မသက်ဆိုင်ဟုသာ ရုံးဝယ် တွင်တွင်သာ ငြင်းနေချေသည်။ သူတံတားပေါ် မောင်းလေတိုင်း ကားအရှိန်မနေးခဲ့ကြောင်း၊ တစ်ခါဖူးမျှပင် မရပ်ခဲ့ကြောင်း ပြောသည်။ သူ့တွင် နာသန်နီယယ်ကာတာ၏ ကိုယ်ထည်ကို မနိုင်သည်အထိ အင်အားမရှိကြောင်းဖြင့် အကြောင်းပြသည်။ ထို့ပြင် သူသည် လိင်တူဆက်ဆံခြင်းကို နှစ်မြို့သူတစ်ယောက်လည်း မဟုတ်ခဲ့ကြောင်း။

ထိုငြင်းဆန်အထောက်အထားများကား ဘယ်သို့မျှ အရာမထင်ခဲ့ပါ။ ကြည့်ပါ၊ သူက ဆိုပြန်ချည်သေးရဲ့။

အဲဒီလို ခံစားသွားရတဲ့ စားစာခံအားလုံးကို ကျုပ် တစ်ကြိမ်မှတောင် မျက်နှာချင်းမဆိုင်ဖူးတာ အမှန်တကယ်ပါ။ သူတို့ ခုလို ဖြစ်ကြတာကို ကျုပ်ကိုယ်တိုင်ကလည်းပဲ အများနဲ့အတူ ဝမ်းနည်းမိပါသေးရဲ့။ အသက် (၂၃) နှစ်သာ ရှိသေးတဲ့ ကျုပ်ဟာ တစ်နေ့နေ့ အဲဒီစားစာခံတွေရဲ့ဘဝကို ရောက်နိုင်တာပဲ မဟုတ်လား..."

ဝီလီယန်အား ဖြတ်မေးခွန်းများဖြင့် အမျိုးမျိုးစစ်မေးကြသည်။ သူက ရဲနှင့် အက်ဖ်ဘီအိုင် စုံထောက်များအား ခင်ဗျားတို့ဟာ အရူးတွေပါလားဟု ပြန်အော်ဟစ်ခဲ့သည်။

အသားမည်း (၈) ယောက် အသားဖြူ (၄) ယောက်ပါဝင်သော ဂျူရီအဖွဲ့ ခေတ္တရုံးနားပြီးမှ နောက်ထပ် (၁၂) နာရီအကြာအထိ ဝီလီယန်အား ပုဒ်မ တတ်ဖို့ ဆွေးနွေးတိုင်ပင်နေသည်။

ရုံးထဲသို့ ပြန်ခေါ်လာသောအချိန်တွင် ဝီလီယန့်မျက်နှာတစ်ခုလုံး မျက်ရည်လည်ရွှဲရှိနေသည်ကော ဝီလီယန်၏ ဖခင် ဟိုမာဝီလီယန်က တရားသူကြီးများ ရှေ့မှောက်တွင် ဤသို့နှယ် ဟစ်ကြွေးသည်။ "အခုမှ တက်ကြွကာစ အရွယ်ရောက်ရှိနေသေးတဲ့ ကျုပ်သားကို ခုလို တရားခံမျိုးအဖြစ်နဲ့ စွဲချက်တင်တာတော့ မကောင်းပါဘူးဗျာတို့"

မည်သို့ဆိုစေ အဆုံးမှာတော့ -

ဝိန်းဝီလီယန်ကား အလုပ်ကြမ်းဖြင့် (၁၄) နှစ် ကျခံစေဆိုသော စီရင်ချက်ကိုသာ ထိုက်တန်စွာ ခံစားဖြစ်ခဲ့ပါတော့သတည်း။

Atlanta's Streets of Fear

by Wayne Williams

ဘနင်း

www.burmeseclassic.com

www.burmeseclassic.com



၇ ရက်သားသမီးများအတွက်

၂၀၁၄ ခု၊ နိုဝင်ဘာလ

**တနင်္ဂနွေသားသမီးများ**

ဒီရက်တွေအတွင်းမှာ **မအိပ်မနေ အသက်ရှည်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်များလွှမ်းတာ သတိပြုပါ။ အစစအရာရာ သတိဟာ အရေးအကြီးဆုံးပါပဲ။ ရန်ပတ်လည်ဝိုင်းနေတဲ့ကြားကပဲ အလုပ်အခွင့်အလမ်းကောင်း တွေလည်း ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။ အရဟံဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွား

– အနီရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ အုန်းညွှန့် ၁ ညွှ ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် မိမိရဲ့အဝတ်ဟောင်းတစ်ထည်ပေါ်မှာ (ဉ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ ရွှေပန်း ၉ ပွင့်လှူပြီး ဆုတောင်း

– ထီထိုးချင်ရင် ၆ အစ၊ ၁ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီပန်း ၃ ပွင့်နဲ့ ၇ ချက် ရိုက်ပါ။

**တနင်္လာသားသမီးများ**

ဒီရက်တွေအတွင်းမှာ **ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်** ဆိုတဲ့ကိန်းမျိုး ကြုံနေရတတ်ပါတယ်။ မလုပ်သင့်တာ တွေလုပ်မိ၊ မပြောသင့်တာတွေပြောမိ၊ မဝယ်သင့်တာတွေ ဝယ်မိ၊ မရောင်းသင့်တာတွေ ရောင်းမိဆိုတာမျိုးတွေ ကြုံတတ်တာ သတိပြုပါ။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ အုန်းနို့ခေါက်ဆွဲကပ်လှူပြီး ဆုတောင်းပါ။ အနုတ္တရောပုရိသ ဓမ္မသာရထိဂုဏ်တော်ကို ၁၀ ခေါက်ရွတ်သွား

– အနီရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ အုန်းညွှန့် ၆ ညွှန့် ဆောင်သွား

– အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် ပေါင်မုန့်တစ်ချပ်ပေါ်မှာ (မ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ ယပ် ၈ လက်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၁ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဗာဒံရွက် ၅ ရွက်နဲ့ ယပ်ခတ်ရင်း ဆုတောင်း

www.burmeseclassic.com



**သားသမီးများ**

ဒီရက်တွေအတွင်းမှာ **ထင်ပေါ်လို့ စင်တော်ကကောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ကိုယ်ကြိုးစား အား ခဲ့သမျှရဲ့ အသီးအပွင့်အောင်မြင်မှုတွေကို ခံစားရမယ့်အချိန်၊ ပင်ပမ်းရကြိုးနပ်မယ့်အချိန် ဖြစ်ပါတယ်။ အရေးကြီးကိစ္စ သောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

တ်စွာဘုရားမှာ ကြာဖံကြော်ကပ်လှူပြီး ဆုတောင်းပါ။ ဝိဇ္ဇာစရဏ သမ္ပန္နောဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။

ဖြူရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ငွေပန်း ၂ ပွင့် ဆောင်သွားပါ။

ခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် သပြေရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

ချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့အင်္ဂါထောင့်မှာ ယပ် ၈ လက်လှူပြီး ဆုတောင်းပါ။

ထီထိုးချင်ရင် ၂ အစ၊ ၈ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**ဟူးသားသမီးများ**

ဒီရက်တွေအတွင်းမှာ **သိကြားမကိန်း ဆိုက်ချိန်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မိတ်ဆွေကောင်း ဆရာကောင်းတို့ရဲ့ အညီကောင်းတွေ ပေါ်လာတတ်ပါတယ်။ ထီပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ တာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ပေါင်မုန့်ကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
- အဝါရောင်၊ ရွှေရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ မေမြို့ပန်း ၅ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွှက်လှရွက်တစ်ရွက်ပေါ်မှာ (ဝ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ တနင်္ဂနွေထောင့်မှာ အုန်းညွန့် ၆ ညွန့်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၅ အစ၊ ၂ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၁၀ ပွင့်နဲ့ ၁၀ ချက် ရိုက်ပါ။

BURMESE CLASSIC

**ကြာသပတေးသားသမီးများ**

ဒီရက်တွေအတွင်းမှာ **တစ်ရွာမပြောင်း သူကောင်းမဖြစ်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ခရီး၊ အပြောင်းအရွှေ့ စီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ သံပုရာရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။
- အပြာရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သပြေ ၆ ညွန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ပ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ အုန်းရေလှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၆ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့် ၆ ညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**သောကြာသားသမီးများ**

ဒီရက်တွေအတွင်းမှာ **မိုးရွာတုန်းရေခံ** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ငွေ၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း ား၊ နိုင်ငံခြား ... စတာတွေမှာ အခွင့်အရေးကောင်းတွေ ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –



www.burmeseclassic.com

www.burmeseclassic.com



– မြတ်စွာဘုရားမှာ ကျောက်ကျောကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို အခေါက် ၂၀ ရွတ်သွားပါ။
– အဖြူရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ကံ့ကော် ၂ ညွန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် အိတ်အပေါင်းတစ်လုံးမှာ (ဩ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ဗုဒ္ဓဟူးထောင့်မှာ သောက်တော်ရေ ၄ ခွက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၂ အစ၊ ၅ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှညွန့် ၄ ညွန့်နဲ့ ၁၇ ချက် ရိုက်ပါ။

**စနေသားသမီးများ**

ဒီရက်တွေအတွင်းမှာ ဆန်မရှိ အစားကြီး ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ အရောင်းမှား အဝယ်မှား၊ အဆုံးဖြတ်မှားတာတွေ၊ တဇွတ်ထိုးလုပ်မိတာတွေကို သတိပြုရမယ့်အချိန်ပါပဲ။ ငွေပြတ်–ကြွေးတင်တာမျိုးတွေလည်း ကြုံလာတတ်ပါတယ်။ အခက်အခဲကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ပေါင်မုန့်နို့ဆမ်းကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
– *အဖြူရောင်များများ၊ အဝါရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ပျဉ်းတော်သိမ်* ၅ ညွန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ခွက်အပေါင်းတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၅ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ၂၁ ညွန့်နဲ့ ၂၁ ချက် ရိုက်ပါ။

သဗ္ဗေမမွာ ဇင်ယော်နီ

BURMESE CLASSIC


**ဒီလအတွက် ယတြာလက်ဆောင်**

**မြုပ်နေသောငွေများ ပြန်ပေါ်လိုပါသလား။**

**ဒီလိုလုပ်လိုက်ပါလား...**

သင်၏အသက်ကို (၇)ဖြင့်စားပါ။ (၁)ကြွင်းသော် တနင်္ဂနွေနေ့၊ (၂)ကြွင်းသော် တနင်္လာနေ့၊ (၃)ကြွင်းသော် အင်္ဂါနေ့၊ (၄)ကြွင်းသော် ဗုဒ္ဓဟူးနေ့၊ (၅)ကြွင်းသော် ကြာသပတေးနေ့၊ (၆)ကြွင်းသော် သောကြာနေ့၊ (၀)ကြွင်းသော် စနေနေ့ ... စသဖြင့် ယတြာပြုလုပ်မည့်နေ့ကို ရွေးရပါမည်။ တစ်ဖန် ... သင်၏အသက်ကို (၄)ဖြင့်မြှောက်ပါ။ ရသောအရေအတွက်ကို မုန့်လုံးရေပေါ်လုံးပါ။ သို့မဟုတ် ဝယ်ပါ။ အထက်ကဆိုခဲ့သော ယတြာပြုရမည့်နေ့ မနက် ၁၀ နာရီတိတိမှာ (၁၀)လုံး ဘုရားကိုလှူပြီး မြုပ်နေတာတွေ ပြန်ပေါ်ဖို့ ဆုတောင်းပါ။ ကျန်တာ အိမ်နီးချင်းတွေကို ဝေလိုက်ပါ။ ငွေတွေ ပြန်ပေါ်စေတဲ့နည်းပါပဲ။ ငွေမှမဟုတ်ပါဘူး၊ ပစ္စည်းတွေ၊ အလုပ်တွေ၊ အဆက်အသွယ်ပြတ်နေတာတွေ၊ အခွင့်အရေးဟောင်းတွေ ပြန်ပေါ်ချင်ရင်လည်း ပြုလုပ်နိုင်ပါတယ်။ ။

သဗ္ဗေမမွာ

ဇင်ယော်နီ